ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားစီရင်ထုံးများ

## ၂၀၁၈ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

၂၀၁၉ ခုနှစ်၊ လ

အုပ်ရေ -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ပြည်ထောင်စုတရားသူကြီးချုပ် နှင့်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A.(Law).,LL.B. | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဋ္ဌေး | LL.B.(Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးမြသိမ်း (၇-၁၀-၂၀၁၈ ရက်နေ့အထိ) | B.A. | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးမြင့်အောင် | B.A. | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးအောင်ဇော်သိန်း | B.A.(Law).,LL.B. | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၆။ | ဦးမြဟန် | B.A.(Law).,LL.B. D.B.L, D.M.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးမျိုးတင့် | LL.B. | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၈။ | ဦးစိုးနိုင် | B.A.(Law).,LL.B. (Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၉။ | ဦးခင်မောင်ကြည် | LL.B.(Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၀။ | ဦးမျိုးဝင်း | LL.B, C.B.L (Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးမြင့်အောင် | B.A. | ဥက္ကဋ္ဌ |
| | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | | |
| | တရားသူကြီး | | |
| ၂။ | ဦးအောင်ဇော်သိန်း | B.A.(Law).,LL.B | အဖွဲ့ဝင် |
| | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | | |
| | တရားသူကြီး | | |
| ၃။ | ဦးမြဟန် | B.A.(Law).,LL.B | အဖွဲ့ဝင် |
| | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | D.B.L, D.M.L | |
| | တရားသူကြီး | | |
| ၄။ | ဦးဝင်းမြင့် | B.A.(Law).,LL.B | အဖွဲ့ဝင် |
| | ဒုတိယရှေ့နေချုပ် | | |
| | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | |
| ၅။ | ဦးစိုးသိန်း | B.Com, M.P.A,R.L, | အဖွဲ့ဝင် |
| | တရားလွှတ်တော်ရှေ့နေ | D.M.L | |
| ၆။ | ဒေါ်တင်နွယ်စိုး | LL.B,LL.M, | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူးချုပ် | M.A. Asian Law | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |

| | | | |
|---|---|---|---|
| ၇။ | ဒေါ်ခင်ချိုအုန်း | LL.B, M.P.A, | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူးချုပ် | Dip, in English, | |
| | တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန | German | |
| | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | |
| ၈။ | ဒေါ်ခင်မေရီ | LL.B. | အဖွဲ့ဝင် |
| | ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး) | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| ၉။ | ဒေါ်ချိုမာလာ | LL.B. | အဖွဲ့ဝင် |
| | ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး) | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| ၁၀။ | ဒေါ်သီမာနွယ် | LL.B. | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူး | | |
| | ပြစ်မှုတရားစီရင်ရေးဌာန | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| ၁၁။ | ဒေါ်နှင်းသီတာ | LL.B. | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူး | | |
| | တရားမတရားစီရင်ရေးဌာန | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| | (၁၁-၅-၂၀၁၇ ရက်နေ့မှ ၁၄-၁၂-၂၀၁၈ ရက်နေ့အထိ) | | |

၁၂။ ဒေါ်ကြည်ကြည်စိန်း LL.B, D.B.L အဖွဲ့ဝင်
ညွှန်ကြားရေးမှူး Dip in English
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၁၇-၁၂-၂၀၁၈ ရက်နေ့မှ ယနေ့အထိ)

၁၃။ ဒေါ်ချိုမာမြင့် LL.B. အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စာချုပ်တော်ဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

၁၄။ ဒေါ်ထားထား LL.B, LL.M အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဥပဒေလုပ်ထုံးလုပ်နည်းဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

“တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည်”

(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ ၂ ) [၁]

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသောရာဇဝတ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ဇ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | စိုင်းကျော်ထွန်း | ၁ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဖိုးလုံး (ခ) သန့်ဇင်ဦး | ၁၁ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | မင်းသူ (ခ) နိုင်းဖိုး ပါ ၂ | ၂၂ |
| သိန်းထွန်းအောင် | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | ၃၅ |
| အမောင်(ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဌေး | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂ | ၄၈ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | ကက-ကစ |
| ကျော်ဇော် (ဦး) | နှင့် | ဒေါ်မိုလ်မ (ခ) ဒေါ်ဖွေးဖွေး ပါ ၄ | ၁ |
| ခင်မာချို (ဒေါ်) | နှင့် | ဦးညွှန့်အောင် | ၁၆ |
| စိုးနိုင် (ဦး) | နှင့် | Myanmar Pongpipat Co., Ltd ပါ ၂ | ၃၀ |
| Seasons Oversea Pte., Ltd ပါ ၉ | နှင့် | ဒေါ်လွဲ့လွဲ့မြင့် ပါ ၂ | ၄၃ |

# မာတိကာ

## စီရင်ထုံးပြုသောစာချွန်တော်မှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | ခက-ခဍ |
| ကျော်စိုးမိုး (ဦး) | နှင့် | ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး | ၁ |
| တင်တင်ဝင်း (ဒေါ်) (ခ) တင်တင်အေး<br>စိန်သင်း (ဦး) | နှင့် | ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပါ ၃<br>ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပါ ၃ | ၁၉ |

| ညွှန်းချက် | | | ၁က-၁ဌ |
|---|---|---|---|
| ဖြူနှင်းလွင် (ဒေါ်)<br>(၎င်း၏အခွင့်ရ<br>ကိုယ်စားလှယ်<br>ဦးကျော်သူ) | နှင့် | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန ပါ ၂ | ၃၇ |
| အောင်ဝင်း (ဦး) | နှင့် | လုံခြုံရေးနှင့်နယ်စပ်<br>ရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီး ပါ ၈ | ၅၈ |

# ၂၀၁၈ ခုနှစ်

# ရာဇဝတ်ဆိုင်ရာအမှုများ

ညွှန်းချက် (က)

ရာဇဝတ်ဆိုင်ရာမှုခင်းများ စာမျက်နှာ

ဥပဒေများ -

- မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ
- ရာဇသတ်ကြီး
- သက်သေခံအက်ဥပဒေ
- သစ်တောဥပဒေ

**တရားခံတစ်ဦးချင်းစီထံမှတွေ့ရှိသော ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများအားလုံး စုပေါင်းချိန်တွယ်သည့် အလေးချိန်အရ တရားခံများအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်ဒဏ်ချမှတ်ခြင်းမှာ မှန်ကန်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ သက်သေခံမူးယစ်ဆေးဝါးများကို တွေ့ရှိရခြင်းနှင့်စပ်လျဉ်း၍ စိစစ်ကြည့်လျှင် တရားခံတစ်ဦးစီထံမှ ရှာဖွေတွေ့ရှိသည့် မူးယစ်ဆေးဝါးများကိုစုပေါင်း၍ ရှာဖွေပုံစံတစ်စောင်တည်းတွင်ဖော်ပြပြီး တရားခံ ၃ ဦးအား လက်မှတ်ရေးထိုးအပ်ပေးစေခဲ့ခြင်းဖြစ်သည်။

(ခ) ညွှန်းချက်

သတင်းပေးတိုင်ချက်၊ ရှာဖွေပုံစံပါ သိမ်းဆည်းတွေ့ရှိသည့် အခြေအနေဖော်ပြချက်နှင့် တရားလိုဘက် သက်သေခံချက်အရ အခန်းတစ်ခုတွင် လူ (၃) ဦးရှိနေသော်လည်း တစ်ဦးစီလက်ဝယ် ရှိ မရှိ ကို ၃ ဦး စလုံးအတူတကွ လက်ဝယ်ထားသည်ဟုကောက်ယူခြင်းထက် တစ်ဦးစီသီးခြားလက်ဝယ်ထားသည်ဟု ကောက်ယူခြင်းက မှန်ကန်နိုင်မည် ဖြစ်သည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ရှာဖွေပုံစံ (သက်သေခံ - ဂ) တွင် ဆေးပြားစုစုပေါင်း ၃၇ ပြား၊ အလေးချိန် ၃.၇ ဂရမ်ကို လက်မှတ်ရေးထိုးအပ်ပေးသူ တရားခံတစ်ဦးချင်းစီမှရောင်းချရန် အလို့ငှာ လက်ဝယ်ထားကြောင်း ကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။



**ယာဉ်မောင်းတစ်ဦးအနေဖြင့် ယာဉ်မမောင်းခင် ယာဉ်ကိုသေချာစွာစစ်ဆေးမှုမရှိဘဲ မောင်းနှင်ခဲ့ခြင်းမှာ ပေါ့လျော့သော**

ညွှန်းချက် (ဂ)

ပြုလုပ်မှုဖြစ်ခြင်း။ စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။**ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ဘိုကြည် ပါ ၂ အမှု** တွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခြင်း ဆိုသည်မှာ ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသောသူ၏ ပြုလုပ်မှုမျိုးမဟုတ်ဘဲ ပျက်ကွက်ခြင်း သို့တည်းမဟုတ် တစ်ခုခုကိုလုပ်ကိုင်ဆောင်ရွက်ရာ၌ ထိုကဲ့သို့သောသူမျိုး ပြုလုပ်လိမ့်မည်မဟုတ်သည့်ပြုမူမှုများကို ပြုလုပ်ခြင်းကိုဆိုလိုကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။ တရားခံမောင်းနှင်သောယာဉ်သည် တိုင်းရှော့ပြုတ်၍ သစ်ပင်အားဝင်တိုက်မိပြီး ကားပေါ်ပါခရီးသည် ၄ ဦး သေဆုံးကာ ၂ ဦးမှာ အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ပေါ်ပေါက်နေသည်။ ယာဉ်မောင်းတစ်ဦးအနေဖြင့် ယာဉ်မမောင်းခင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ သေချာစွာစစ်ဆေးရန် တာဝန်ရှိမည်ဖြစ်သည်။ အခင်းဖြစ်နေ့က ယာဉ်မမောင်းခင် ယာဉ်ကိုသေချာစွာ စစ်ဆေးခြင်းမရှိဆိုလျှင်မှန်ကြောင်း ပြန်လှန်မေးရာ၌ တရားခံက ဝန်ခံထွက်ဆိုထားရာ တရားခံသည် ၎င်း၏ပေါ့လျော့သောပြုမူချက်ကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်သေဆုံးရသည်မှာ ထင်ရှားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် ဖိုးလုံး (ခ) ၁၁
သန့်ဇင်ဦး

(ဃ) ညွှန်းချက်

**နာကျင်စေမှုများကို အမျိုးအစားခွဲခြားရန်မှာ ဆေးဘက်ဆိုင်ရာ သက်သေ၏တာဝန်မဟုတ်ဘဲ ရာဇဝတ်တရားသူကြီး ၏ တာဝန်ဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ သက်သေခံဆေးစာအရ ဒဏ်ရာ (၄) ယာဒူးထိုးသွင်းဒဏ်ရာကို သာမန်ဒဏ်ရာဟုထင်မြင်ချက်ပေးထားသော်လည်း ထိုယာဒူးအတွင်းမှ ၁ လက်မခန့်ရှည် (၁.၅) လက်မခန့်နက်သော ဓားဦးဟုယူဆရသော သတ္တုအစတစ်ခုကို ထုတ်ယူရရှိခဲ့သည်။ ဦးသန်းဆွေ (လိုပြ - ၁) ၏ ထွက်ဆိုချက်တွင်လည်း ၎င်း၏ယာဒူးကို ဓားဖြင့်ထိုးစိုက်ခံရပြီး ဒူးရိုးထဲတွင် ဓား၏ အသွားထိပ်ဖျား ကျိုး၍ကျန်ခဲ့ကြောင်း ပေါ်ပေါက်သည်။

တရားရုံးများလက်စွဲအပိုဒ် ၆၂၅ အရ ရာဇသတ်ကြီး ပုဒ်မ ၃၂၀ နှင့်သက်ဆိုင်သမျှ အကြောင်းအချက်အားလုံးကို ဆေးဘက်ဆိုင်ရာသက်သေထံမှ သိရှိရအောင် ရာဇဝတ်တရားသူကြီးက စစ်ဆေးပြီးနောက် နာကျင်စေမှုသည် အပြင်းအထန်နာကျင်စေမှု ဟုတ် မဟုတ် ကို ရာဇဝတ်တရားသူကြီးကိုယ်တိုင် ဆုံးဖြတ်ရမည်ဖြစ်သည်။

ဘေးဖြစ်စေတတ်သော လက်နက်ဖြစ်သည့် အသွားချွန်ထက်သည့်ဓားဖြင့် အလိုအလျောက် အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်သည်ဟု ညွှန်ပြသည့်သက်သေခံချက်များ ငြိစွန်း

နေ၍ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် စွဲချက်တင်ဖြေရှင်းစေ စာမျက်နှာ ခြင်းဖြစ်သည်။

အမောင် (ခ) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၄၈
ခင်မောင်ဝင်း(ခ)
ခင်မောင်ငွေး

**အချင်းဖြစ်ချိန်က အချင်းဖြစ်နေရာတွင် တရားခံများရှိနေကြောင်း မျက်မြင်သက်သေများက တိကျစွာထွက်ဆိုထားသည့် အခြေအနေတွင်အခြားနေရာတွင်ရှိနေကြောင်း တရားခံများ၏ထုချေချက်ကို လက်ခံရန်မသင့်ခြင်း။**

ဆုံးဖြတ်ချက်။ ။ **ဦးဘရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** တွင် ရုံးရှေ့ထွက်ဆိုချက်တွင် ပါရှိသောအချက်များ ပထမသတင်းပေးတိုင်ချက်တွင်မပါယုံမျှဖြင့် ရုံးရှေ့ထွက်ဆိုချက်ကို လက်မခံထိုက်ဟု ကောက်ယူရန်မသင့်ကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။ ယခုအမှုတွင် ရဲအုပ် ကျော်နိုင်စိုး (လိုပြ - ၄) က တရားလိုပြုလုပ် ပထမသတင်းပေးတိုင်ချက် ဖွင့်လှစ်ခြင်းဖြစ်သည်။ ဓော်မင်းဦးက တိုင်ချက် သက်သေခံ (ခ) တွင် သေသူ

ကို တစ်ဦးကဓားနှင့်ထိုးပြီး နှစ်ဦးကလက်သီးနှင့်ထိုးကြောင်း စာမျက်နှာ
သိရှိရပါသည်ဟု ဖော်ပြတိုင်တန်းထားခြင်းကြောင့် ဇော်မင်းဦး
၏ ရုံးရှေ့ထွက်ချက်နှင့် တိုင်ချက်ပါအကြောင်းအရာတို့ ကွဲလွဲ
သည်ဟုမဆိုနိုင်ပေ။

သက်သေခံအက်ဥပဒေပုဒ်မ ၁၃၄ တွင် မည်သည့်အမှုတွင်
မဆို အကြောင်းခြင်းရာတစ်ခု ထင်ရှားစေရန်အတွက် သက်သေ
အရေအတွက် မည်မျှလိုသည်ဟု သတ်မှတ်ခြင်းမရှိကြောင်း
ပြဋ္ဌာန်းထားပြီး **မောင်စံသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ
တော်အမှု** တွင် သက်သေခံချက်မှာ သက်သေအရေအတွက်
ထက် အရည်အချင်းပို၍ အရေးကြီးကြောင်း ညွှန်ပြထားသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြစ်မှုကျူးလွန်ချိန်က ပြစ်မှုကျူးလွန်
သည့်နေရာတွင်မရှိဘဲ အခြားတစ်နေရာတွင်ရှိနေကြောင်း ထု
ချေ တင်ပြချက်မျိုးကို တရားခံများက ထုချေတင်ပြလေ့ရှိသည်။
ယင်းသို့ထုချေချက်မျိုးသည် သက်သေပြရန် လွယ်ကူသဖြင့်
အခိုင်မာတင်ပြနိုင်မှသာ လက်ခံနိုင်သည့် ထုချေချက်မျိုးဖြစ်
သည်။ အချင်းဖြစ်ချိန်က ၎င်းတရားခံ ၂ ဦးရှိနေပြီး သေသူကို
ငမော့ (ခ) ပြည့်ဖြိုးအောင်က ဓားဖြင့်ထိုးရာတွင် သေသူကို
၎င်းတို့လည်းဝင်ထိုးပြီး လက်ကိုကိုင်ပေးကြောင်း မျက်မြင်

သက်သေများက အတိအကျထွက်ဆိုထားသည့် အခြေအနေတွင် စာမျက်နှာ
အချင်းဖြစ်နေရာတွင်မရှိကြောင်း အခြားနေရာတွင်ရှိနေကြောင်း
ထုချေချက်ကို လက်ခံရန်အကြောင်းမရှိပေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် မင်းသူ (ခ) ၂၂
နိုင်းဖိုး ပါ ၂

**တရားခံအပေါ် ပြစ်ဒဏ်ချမှတ်ရာ၌ ကျူးလွန်သည့် အကြောင်းရင်း၊ ရည်ရွယ်ချက်၊ အပြုအမူတို့အပေါ်တည်မှီ၍ ပြစ်မှုနှင့် ပြစ်ဒဏ် လျော်ညီအောင်ချမှတ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ သက်ညှာသောပြစ်ဒဏ်ချမှတ်ရုံမျှဖြင့် **ပြစ်ဒဏ်** တိုးမြှင့်ပေးရန် လုံလောက်သောအကြောင်းပြချက်မဟုတ်။ ကျူးလွန်သောပြစ်မှုအတွက် ချမှတ်သည့်ပြစ်ဒဏ်သည် သိသိသာသာ ထင်ထင်ရှားရှား နည်းလွန်းနေသည့်အပြင် တရားစီရင်ရေးကိုပါ တိမ်းစောင်းစေသည်ဟု ပေါ်လွင်မှသာ ပြစ်ဒဏ်တိုးမြှင့်သင့်ပေလိမ့်မည်။ တရားရုံးများသည် ကျူးလွန်သည့်တရားခံတိုင်းကို ထောင်ဒဏ်ချမှတ်ရန် သင့်မည်မဟုတ်။ ထောင်ဒဏ်ချမှတ်ရန်

လည်းလိုအပ်မည်မဟုတ်။ ကျူးလွန်**သည့်အကြောင်းရင်း၊ ရည်ရွယ်** စာချက်နှာ **ချက်၊ အပြုအမူတို့အပေါ်တည်မှီ**၍ ပြစ်မှုနှင့်ပြစ်ဒဏ်လျော်ညီအောင် ချမှတ်ခြင်းဖြင့်သာ တရားမျှတမှုကို ဦးတည်ရမည်ဖြစ်သည်။

၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် စိုင်းကျော်ထွန်း

+၂၀၁၈ ခုနှစ်

ဖေဖော်ဝါရီလ ၂၀ ရက်

ရာဇဝတ်ပြင်ဆင်မှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

ဦးမြဟန်ရှေ့တွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နှင့်

စိုင်းကျော်ထွန်း *

တရားခံအပေါ် ပြစ်ဒဏ်ချမှတ်ရာ၌ ကျူးလွန်သည့် အကြောင်းရင်း၊ ရည်ရွယ်ချက်၊ အပြုအမူတို့အပေါ်တည်မှီ၍ ပြစ်မှုနှင့် ပြစ်ဒဏ် လျော်ညီအောင်ချမှတ်ရခြင်း။

**ဆုံးဖြတ်ချက်။** ။ သက်ညှာသောပြစ်ဒဏ်ချမှတ်ရုံမျှဖြင့် ပြစ်ဒဏ်တိုးမြှင့်ပေးရန် လုံလောက်သောအကြောင်းပြချက်မဟုတ်။ ကျူးလွန်သောပြစ်မှုအတွက် ချမှတ်သည့်ပြစ်ဒဏ်သည် သိသိသာသာ ထင်ထင်ရှားရှား နည်းလွန်းနေသည့်အပြင် တရားစီရင်ရေးကိုပါ

---

* ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅၀ (ခ)

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁၆ (ခ) တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်အပေါ် တင်သွင်းသောပြင်ဆင်မှု

တိမ်းစောင်းစေသည်ဟု ပေါ်လွင်မှသာ ပြစ်ဒဏ်တိုးမြှင့်သင့်ပေလိမ့်မည်။ တရားရုံးများသည် ကျူးလွန်သည့်တရားခံတိုင်းကို ထောင်ဒဏ်ချမှတ်ရန် သင့်မည်မဟုတ်။ ထောင်ဒဏ်ချမှတ်ရန်လည်းလိုအပ်မည်မဟုတ်။ ကျူးလွန်သည့်အကြောင်းရင်း၊ ရည်ရွယ်ချက်၊ အပြုအမူတို့အပေါ်တည်မှီ၍ ပြစ်မှုနှင့်ပြစ်ဒဏ်လျော်ညီအောင် ချမှတ်ခြင်းဖြင့်သာ တရားမျှတမှုကို ဦးတည်ရမည်ဖြစ်သည်။

လျှောက်ထားသူအတွက် - ဒေါ်မီမီအောင်၊
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် - ဦးစန်းအောင်၊
တရားလွှတ်တော်ရှေ့နေ

ရေဦးမြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၇၈ တွင် တရားခံစိုင်းကျော်ထွန်းအား သစ်တောဥပဒေပုဒ်မ ၄၁ (က) အရ ငွေဒဏ် ၁၀၀၀၀ိ/- ပေးဆောင်စေ၊ ပျက်ကွက်က ထောင်ဒဏ် (၃) လ ကျခံစေရန် ချမှတ်သည့်အမိန့်ကို ရွှေဘိုခရိုင်ဥပဒေရုံးက ရွှေဘိုခရိုင်တရားရုံးသို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁ ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံးက စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သို့

၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁၆ (ခ) ဖြင့် လည်းကောင်း၊ ပြစ်ဒဏ်တိုးမြှင့်ပေးရန် အဆင့်ဆင့်လျှောက်ထားသော်လည်း အောင်မြင်မှုမရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ် သည်။

၂၀၁၈ ခုနှစ်

ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် နှင့် စိုင်းကျော်ထွန်း

အမှုမှာ ၇-၇-၂၀၁၆ ရက်နေ့ ၁၃:၀၀ အချိန်တွင် ရေဦးမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးတင်မောင်ထွန်း ခေါင်းဆောင်သောအဖွဲ့ နှင့် ရဲအုပ်နိုင်လင်းဦး ခေါင်းဆောင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရေဦးမြို့နယ်၊ အောင်ကဲ့ဇင်ကျေးရွာနေ ဦးစိုင်းကျော်ထွန်း နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ တရားမဝင် အင်သစ်ခွဲသား ၂၂ ချောင်း (၃.၉၂၆၈ တန်) အား ဖမ်းဆီးရမိသဖြင့် သစ်တောဥပဒေပုဒ်မ ၄၁ (က) ဖြင့် အရေးယူပေးရန် ဦးတိုက်လျှောက်ထားတိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက အမှုတွဲ ပေါ်ပေါက်ချက်များအရ တရားလိုနှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ တရားခံ စိုင်းကျော်ထွန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်း အတွင်းမှ တရားမဝင်အင်သစ်ခွဲသား ၂၂

ချောင်း (၃.၉၂၆၈ တန်) ကို ရှာဖွေ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်မှာ အထင်အရှားပေါ်ပေါက်ကြောင်း၊ တရားခံ စိုင်းကျော်ထွန်းက လေဘေးကြောင့်ပျက်စီးသွားသည့် ၎င်း၏နေအိမ်ပြုပြင်ရန် ဝယ်ယူထားသည့် သစ်များဖြစ်သည်ဟု ထုချေသော်လည်း ယင်းသက်သေခံသစ်များအား တရားဝင်လက်ဝယ်ထားရှိခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသဖြင့် သစ်တောဥပဒေပုဒ်မ ၄၁ (က) ပါပြဋ္ဌာန်းချက်ကို ကျူးလွန်ဖောက်ဖျက်ကြောင်း ပေါ်ပေါက်နေ၍ တရားခံအပေါ် ချမှတ်ထားသော ပြစ်ဒဏ်မှာ သက်ညှာလွန်းရာရောက်ကြောင်း၊ သိမ်းဆည်းရမိသည့် အင်ခွဲသားများသည် (၃.၉၂၆၈ တန်) ဖြစ်ခြင်းကြောင့် ပမာဏအားဖြင့်များကြောင်း၊ ငွေဒဏ် ၁၀၀၀၀ိ/- သာ ပေးဆောင်စေရန် ပြစ်ဒဏ်ကို သက်ညှာစွာချမှတ်ခဲ့သည့်အမိန့်သည် ပြစ်မှုနှင့်ပြစ်ဒဏ်မျှတသည်ဟုမဆိုနိုင်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုပြီး ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်တိုးမြှင့်ချမှတ်ပေးရန် **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးတင်မြင့်အောင် အမှု** [၁] **နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ပု (ခ) မောင်မြင့်ပါ ၂**

---

၁။ ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉၅။

၂၀၁၈ ခုနှစ်

ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် နှင့် စိုင်းကျော်ထွန်း

အမှု [၂] တို့ကို ကိုးကား၍ လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ရှေ့နေက တရားခံသည် ပြစ်ချက်ဟောင်းမရှိခြင်း၊ လေမုန်တိုင်းကြောင့် နေအိမ်ပျက်စီးခြင်းအား ပြင်ဆင်ရန်လိုအပ်သည့်သစ်များကို တဆင့်ဝယ်ယူထားခြင်း၊ ဖမ်းဆီးရမိသည့် သစ် (၃.၉၂၆၈ တန်) မှာ များပြားခြင်းမရှိ၍ သစ်တောဥပဒေပုဒ်မ ၄၁(က) အရ ငွေဒဏ် ၁၀၀၀၀ိ/- ပေးဆောင် စေရန်၊ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် (၃) လ ကျခံစေရန်နှင့် သက်သေခံသစ်များအား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ လည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှန်ကန် ကြောင်း၊ သစ်တောဥပဒေပုဒ်မ ၄၁(က) အရ ငွေဒဏ်အမြင့်ဆုံး ချမှတ်ခဲ့သည့်အပြင် သက်သေခံသစ်များကိုလည်း နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း၊ လျှောက်ထားသူ ကိုးကား ခဲ့သော စီရင်ထုံးများသည် ယခုအမှုအတွက် ထပ်တူကျသည့် သက်ဆိုင်သော စီရင်ထုံးမဟုတ်သကဲ့သို့ အဖြေလည်း မဟုတ် ကြောင်း၊ လျှောက်ထားခံရသူသည် အမြဲတစေသစ်ခွဲခြင်းနှင့်

---

၂။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၁၅။

အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ကြောင်း၊ ပြစ်ချက်ဟောင်းမရှိသည့်အပြင် ရုံးတော်အဆင့်ဆင့်က ချမှတ်ခဲ့သည့် ပြစ်ဒဏ်ကိုလည်း ကျေနပ်စွာခံယူထားပြီးဖြစ်ကြောင်း၊ ပြစ်ဒဏ်သတ်မှတ်ခြင်းသည် ကလဲ့စားချေခြင်းမဟုတ်ဘဲ တရားရုံး၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ဆုံးဖြတ်ရသော ကိစ္စဖြစ်ကြောင်း **မစ္စစ်ချန္ဒာရာမာယာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု** [၃] တွင်လမ်းညွှန်ထားကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကျယ်ဝန်းများပြားသောအာဏာဖြင့် ဤပြင်ဆင်မှုအားပလပ်ပေးစေလိုကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် စိုင်းကျော်ထွန်း၏ နေအိမ်ခြံဝင်းအတွင်းမှတွေ့ရှိသည့် အင်ခွဲသား ၂၂ ချောင်း (၃.၉၂၆၈ တန်) သည် ခွင့်ပြုအမိန့်မရှိဘဲ တရားမဝင် လယ်ဝယ်ထားခြင်းဖြစ်၍ သစ်တောဥပဒေပုဒ်မ ၄၁ (က) အရ စိုင်းကျော်ထွန်းအပေါ် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ နှစ်ဖက်အငြင်းမပွားပေ။

ပြစ်ဒဏ်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ထုံးဖွဲ့ထားသော မူတစ်ရပ်မှာ ပြင်ဆင်မှုကို ကြားနာသောတရားရုံးအနေဖြင့် မူလ

---

၃။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၄၄၈။

ရုံးကချမှတ်သောပြစ်ဒဏ်ကို မိမိ၏ထင်မြင်ချက်နှင့် ကွာခြားရုံမျှဖြင့် ဝင်ရောက်စွက်ဖက်အပ်သည် မဟုတ်ပေ။ တရားမျှတမှုကင်းမဲ့လောက်အောင် အလွန်အမင်း လျော့နည်းလွန်းသည်ဟု သိသာထင်ရှားစွာ ပေါ်ပေါက်သော အမှုမျိုး၌သာ ပြင်ဆင်မှုကြားနာသောတရားရုံးက ဝင်ရောက်စွက်ဖက်၍ ပြင်ဆင်တိုးမြှင့်လေ့ရှိခြင်းဖြစ်သည်။ **ဦးမြဟန် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ - ၂ အမှု** [၄] ကို ရည်ညွှန်းသည်။

တနည်းဆိုသော် သက်ညှာသောပြစ်ဒဏ်ချမှတ်ရုံမျှဖြင့် ပြစ်ဒဏ်တိုးမြှင့်ပေးရန် လုံလောက်သော အကြောင်းပြချက်မဟုတ်။ ကျူးလွန်သောပြစ်မှုအတွက် ချမှတ်သည့်ပြစ်ဒဏ်သည် သိသိသာသာထင်ထင်ရှားရှား နည်းလွန်းနေသည့်အပြင် တရားစီရင်ရေးကိုပါ တိမ်းစောင်းစေသည်ဟု ပေါ်လွင်မှသာ ပြစ်ဒဏ်တိုးမြှင့်သင့်ပေ လိမ့်မည်။

ယခုအမှုတွင် ဖမ်းဆီးရမိသောသစ်ပမာဏမှာ အင်ခွဲသား ၂၂ ချောင်း (၃.၉၂၆၈ တန်) ဖြစ်သည်။ အကယ်၍ ထိုအင်ခွဲသားမှာ (၃) တန်အောက်ပမာဏဖြစ်မည်ဆိုပါက

၄။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၈။

တရားရုံးသို့ စွဲဆိုခြင်းမရပြုဘဲ သစ်တောဥပဒေ ပုဒ်မ ၃၃ (က) အရ သစ်တောအရာရှိကပင် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်မည်ဆိုက ချမှတ်နိုင်သည့် ပမာဏဖြစ်ပေလိမ့်မည်။ ထိုသို့ သစ်တောအရာရှိ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည့် ပမာဏထက် ၀.၉ တန်ကျော်သာပိုမိုနေသည့်ပမာဏမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်ပြသကဲ့သို့ များပြားသည့် ပမာဏဟု ကောက်ယူရန် သင့်မည်မဟုတ်ပေ။

ဖမ်းဆီးစဉ် စိုင်းကျော်ထွန်းမှာ နေအိမ်ဆောက်လုပ်ဆဲဖြစ်ပြီး အချင်းဖြစ်ကာလမတိုင်မီ တိုက်ခတ်သည့် မုန်တိုင်းဒဏ်ကြောင့် နေအိမ်ပျက်စီးသွား၍ ပြင်ဆင်ရန် ဝယ်ယူထားခြင်းတို့မှာလည်း အမှုတွင် နှစ်ဖက်သက်သေ ထွက်ဆိုချက်များအရ ပေါ်ပေါက်သည်။

ထိုအခြေအနေတွင် မူလရှေဦးမြို့နယ်တရားရုံးက တရားခံ စိုင်းကျော်ထွန်းအပေါ် သစ်တောဥပဒေ ပုဒ်မ ၄၁ (က) အရ ငွေဒဏ်၊ ထောင်ဒဏ် (၂) ရပ်အနက်မှ အမြင့်ဆုံးငွေဒဏ်ပမာဏဖြစ်သည့် ငွေကျပ် ၁၀၀၀၀၀/- တပ်ရိုက်ခဲ့ခြင်းသည် တရားမျှတမှု ကင်းမဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သစ်တောဥပဒေပုဒ်မ

၄၇ (က) အရ ပြစ်မှုနှင့်သက်ဆိုင်သည့်သစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အမိန့် ချမှတ်ထားခြင်းသည်လည်း ပြစ်ဒဏ် တစ်ရပ်ဟုပင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

မူလရှေ့ဦးမြို့နယ်တရားရုံးက သစ်တောဥပဒေပုဒ်မ ၄၁ (က) အရ ပြစ်ဒဏ်အနေဖြင့် အမြင့်ဆုံးငွေဒဏ်ချမှတ်ထားသည့်အမိန့်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားခြင်းသည် တနည်းအားဖြင့် တရားခံကို ပြစ်ဒဏ်အဖြစ်ထောင်ဒဏ်ချမှတ်စေလိုခြင်းဖြစ်သည်။ တရားရုံးများသည် ကျူးလွန်သည့် တရားခံတိုင်းကို ထောင်ဒဏ်ချမှတ်ရန် သင့်မည်မဟုတ်။ ထောင်ဒဏ်ချမှတ်ရန်လည်း လိုအပ်မည်မဟုတ်။ ကျူးလွန်သည့် အကြောင်းရင်း၊ ရည်ရွယ်ချက်၊ အပြုအမူတို့အပေါ်တည်မှီ၍ ပြစ်မှုနှင့်ပြစ်ဒဏ် လျော်ညီအောင် ချမှတ်ခြင်းဖြင့်သာ တရားမျှတမှုကို ဦးတည်ရမည်ဖြစ်သည်။

ထို့ကြောင့် မူလရှေ့ဦးမြို့နယ်တရားရုံးက ပြစ်မှုနှင့် ပြစ်ဒဏ်မျှတအောင် နှိုင်းနှိုင်းယှဉ်ယှဉ်ချင့်ချင့်ချိန်ချိန် ချမှတ်ထားသည့်ပြစ်ဒဏ်အပေါ် မဖြစ်မနေတိုးမြှင့်ပေးရန် အကြောင်းပေါ်မှသာ တိုးမြှင့်ရပေလိမ့်မည်။ သစ်တောအရာရှိက စီမံခန့်ခွဲ

ရန်အခွင့်အာဏာရှိသည့်ပမာဏထက် အနည်းငယ်မျှကျော်လွန်သည့် သစ်ပမာဏသာဖြစ်ပြီး ထိုသို့ထားရှိရသည့် အကြောင်းရင်း၊ တရားခံ၏အပြုအမူတို့အရ ယခုပြစ်ဒဏ်သည် တရားစီရင်ရေးမဏ္ဍိုင်ကို ယိမ်းယိုင်စေသည်အထိ သက်ညှာလွန်းရာရောက်သည်ဟု မဆိုနိုင်ဘဲ မူလမြို့နယ်တရားရုံးက ၎င်း၏ဆင်ခြင်တုံတရားအရ မျှတမှုအပေါ်အခြေပြုပြီး ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိပေ။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်သည်။

+၂၀၁၈ ခုနှစ်
ဇန်နဝါရီလ ၃ ရက်

ရာဇဝတ်အယူခံမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးမြဟန်ရှေ့တွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နှင့်

ဖိုးလုံး (ခ) သန့်ဇင်ဦး *

ယာဉ်မောင်းတစ်ဦးအနေဖြင့် ယာဉ်မမောင်းခင် ယာဉ်ကိုသေချာစွာစစ်ဆေးမှုမရှိဘဲ မောင်းနှင်ခဲ့ခြင်းမှာ ပေါ့လျော့သောပြုလုပ်မှုဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ဘိုကြည် ပါ ၂ အမှု တွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခြင်း ဆိုသည်မှာ ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသော သူ၏ ပြုလုပ်မှုမျိုးမဟုတ်ဘဲ ပျက်ကွက်ခြင်း သို့တည်းမဟုတ်

* ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၀

\+ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၂ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်စွဲပါ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့် အပေါ် အယူခံမှု

၂၀၁၈ ခုနှစ်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဖိုးလုံး (ခ)
သန့်ဇင်ဦး

တစ်ခုခုကိုလုပ်ကိုင်ဆောင်ရွက်ရာ၌ ထိုကဲ့သို့သောသူမျိုး ပြုလုပ်လိမ့်မည်မဟုတ်သည့်ပြုမူမှုများကို ပြုလုပ်ခြင်းကိုဆိုလိုကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။ တရားခံမောင်းနှင်သောယာဉ်သည် တိုင်းရှေ့ပြုတ်၍ သစ်ပင်အားဝင်တိုက်မိပြီး ကားပေါ်ပါခရီးသည် ၄ ဦး သေဆုံးကာ ၂ ဦးမှာ အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ပေါ်ပေါက်နေသည်။ ယာဉ်မောင်းတစ်ဦးအနေဖြင့် ယာဉ်မမောင်းခင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ သေချာစွာစစ်ဆေးရန် တာဝန်ရှိမည်ဖြစ်သည်။ အခင်းဖြစ်နေ့က ယာဉ်မမောင်းခင် ယာဉ်ကိုသေချာစွာ စစ်ဆေးခြင်းမရှိဆိုလျှင် မှန်ကြောင်း ပြန်လှန်မေးရာ၌ တရားခံက ဝန်ခံထွက်ဆိုထားရာ တရားခံသည် ၎င်း၏ပေါ့လျော့သောပြုမူချက်ကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်သေဆုံးရသည်မှာ ထင်ရှားသည်။

အယူခံတရားလိုအတွက် - ဒေါ်တင်နီလာဦး၊
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် - ဦးအောင်ဇော်ထွန်း၊
တရားလွှတ်တော်ရှေ့နေ

ဘုတလင်မြို့နယ်တရားရုံး၏ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၄ တွင် တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦးအား ရာဇဝတ်

၂၀၁၈ ခုနှစ်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဖိုးလုံး (ခ)
သန့်ဇင်ဦး

ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ အမှုမှ အပြီးအပြတ်လွှတ်သည့် အမိန့်ချခဲ့သည်။ အဆိုပါအမိန့်ကို စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၂ ဖြင့်အယူခံရာ အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ၁၃-၁၁-၂၀၁၅ ရက်နေ့ ၂၀:၃၀ အချိန်ခန့်တွင် မုံရွာ - ရေဦးကားလမ်း မိုင်တိုင်အမှတ် ၉၈/၁ နှင့် ၉၈/၂ အကြား တောင်မှမြောက်သို့ ဖိုးလုံး (ခ) သန့်ဇင်ဦး မောင်းနှင်လာသော 6G/8460 ခရီးသည်တင် အဖြူရောင်အံစာတုံးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ထိုးကျကာ လမ်းဘေးရှိသစ်ပင်ကိုတိုက်မိ၍ ယာဉ်ပေါ်ပါလာသူ ဒေါ်မူမူကြည်မှာ အခင်းဖြစ်နေရာတွင်ပင်သေဆုံးခဲ့ပြီး ဦးကိုဦး၊ ဦးချစ်ဦး၊ မငြိမ်းငြိမ်းစိုး၊ လှိုင်ဝင်းထွဋ်နှင့် တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦးတို့တွင် ပြင်းထန်ဒဏ်ရာများ ရရှိသောကြောင့် ယာဉ်မောင်း ဖိုးလုံး (ခ) သန့်ဇင်ဦး အပေါ် ဥပဒေအရအရေးယူပေးရန် ရဲအုပ်မျိုးကျော်က တိုင်တန်းသော အမှုဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက မုံရွာမြို့မှ ပင်လယ်ဘူးမြို့သို့ တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦး

မောင်းနှင်သော 6G/8460 အံ့စာတုံးအဖြူရောင် ခရီးသည်တင် ယာဉ်သည် ဘုတလင်မြို့နယ်၊ ကံသစ်ရွာအနီးအရောက် လမ်းကွေ့ ဂငယ်ကွေ့နေရာတွင်ကွေ့ရမည်ဖြစ်သော်လည်း ယာဉ်ကိုမကွေ့ နိုင်ဘဲ တဖြောင့်တည်းမောင်းနှင်လာသောကြောင့် လမ်းဘေး တွင်ရှိသော ကုက္ကိုပင်ကိုတိုက်မိခဲ့သဖြင့် ကား၏ဦးခေါင်း ပိုင်းကြေမွပျက်စီးခဲ့သည့်ပြင် ယာဉ်ပေါ်ပါသော ဒေါ်မူမူကြည်၊ မငြိမ်းငြိမ်းစိုး၊ ဦးချစ်ဦး နှင့် ကိုလှိုင်ဝင်းထွဋ်တို့ လေးဦးသေဆုံး ခဲ့ကြောင်း၊ ဦးကိုဦးတွင် ယာလက်ကောက်ဝတ်ကျိုး၊ ဂုတ်ရိုးကျိုး ကာ ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း၊ တရားခံဖိုးလုံး(ခ)သန့်ဇင်ဦး ဘယ်လက်မောင်းကျိုး၊ ယာပေါင်ကျိုးသည့် ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်းပေါ်ပေါက်သဖြင့် တရားခံသည် ယာဉ်ကို ထိုက်သင့် သည့် သတိပြုမှုမရှိဘဲ အရှိန်ပြင်းမောင်းနှင်ခဲ့ခြင်း၊ ပေါ့လျော့စွာ မောင်းနှင်ခဲ့ခြင်းကြောင့် ဖြစ်ပွားရသည်ဟု ပေါ်ပေါက်ကြောင်း၊ တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦးက ယာဉ်ကို ပုံမှန်ကီလိုမီတာ ၄၀ ခန့်သာမောင်းနှင်ခဲ့ရာ တိုင်းရေ့ပြုတ်၍ စတီယာရင်ထိန်းမရ ချိန်တွင် ၎င်းအနေဖြင့် ခုန်ထွက်၍ရနိုင်ပါလျက် ခုန်မထွက်ဘဲ ခရီးသည်များ၏ အသက်အန္တရာယ်ကိုစောင့်ရှောက်ရန် စတီယာ ရင်ကိုဆက်လက် ထိန်းထားကြောင်း ထုချေတင်ပြသော်လည်း နောက်မှအကြံရ၍ ထုချေချက်သာဖြစ်ကြောင်း၊ ကားတိုင်းရေ့ ပြုတ်၍ထိန်းမရဘဲ သစ်ပင်ဝင်တိုက်ခြင်းဖြစ်ကြောင်း ထုချေ

တင်ပြသော်လည်း ယာဉ်မောင်းသူတစ်ဦးအနေဖြင့် ယာဉ်မထွက်ခွာမီ ယာဉ်ကြွခိုင်မှုအတွက် စစ်ဆေးရန်တာဝန်ရှိပါလျက် စစ်ဆေးမှုမပေါ်ပေါက်ကြောင်း၊ ဦးကိုဦး၏ထွက်ချက်အရပင် အချင်းမဖြစ်မီက ကားမှာရမ်းခါနေ၍ အရှိန်လျော့ရန်ပြောခဲ့ရကြောင်း တွေ့ရှိရသဖြင့် ကားမှာအရှိန်ဖြင့် မောင်းနှင်ခဲ့ကြောင်း၊ ထိုက်သင့်သည့်သတိဖြင့် မောင်းနှင်ခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်နေလျက် တရားခံဖိုးလုံး(ခ)သန့်ဇင်ဦးကို အမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်မှာ ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း၊ မှန်ကန်မှုမရှိသဖြင့် ပြင်ဆင်တည့်မတ်ပေးရန် စီရင်ထုံးအကိုးအကားဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားခံ၏ရှေ့နေက မူလရုံးတရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦး၏ အရမ်း (သို့မဟုတ်) ပေါ့လျော့စွာ ပြုလုပ်မှုကြောင့် ယာဉ်ပေါ်ပါသူ ၄ ဦးသေဆုံးပြီး ကျန်သူမှာ ပြင်းထန်ဒဏ်ရာများရရှိခြင်းဖြစ်ကြောင်း၊ ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသောသူ၏ ပြုလုပ်မှုမျိုးမဟုတ်ဘဲ ပျက်ကွက်ကြောင်း၊ တရားခံမှာ ကားအားပုံမှန်ကီလိုမီတာ ၄၀ ခန့်သာမောင်းနှင်ရာမှ တိုင်းရှေ့ပြုတ်၍ စတီယာရင်ထိန်းမရကာ လမ်းဘေးရှိ သစ်ငုတ်တိုအား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်စဉ်တရားခံမှာ ခုန်ထွက်လျှင်ရပါလျက် ခုန်မထွက်ဘဲ ခရီးသည်များ၏ အသက်အန္တရာယ်အား စောင့်ရှောက်ပေးရန်အတွက်

စတီယာရင်အား ဆက်လက်ထိန်းထားခဲ့သေးကြောင်း၊ အရက်သေစာသောက်စားခြင်းလည်းမရှိကြောင်း၊ ကားပေါ်ပါ သေဆုံးသည့်ခရီး ၄ ဦး၏ ဆေးကုသမှုကိစ္စအဝဝအား တာဝန်ယူခဲ့ကြောင်း၊ ၎င်းတို့ဂိုတ်မှ IKBZ ဘဏ်သို့ အသက်အာမခံပေးသွင်းခဲ့သည့်အတွက် တစ်ဦးလျှင် ကျပ်သိန်း ၃၀ စီကို အသက်အာမခံကြေးပေးခဲ့ကြောင်း၊ တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦးသည် သေဆုံးသူများနှင့် ဒဏ်ရာရသူများအပေါ် သေစေရန် အရမ်းသို့မဟုတ် ပေါ့လျော့သောပြုလုပ်မှုမျိုးပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ ကံဆိုး၍သာဖြစ်ခဲ့ရကြောင်းနှင့် ဖြစ်မှုမကင်းသောအကြံနှင့် ပြုလုပ်ခြင်းမဟုတ်သဖြင့် ဤအယူခံမှုအား ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အမှုတွဲအား စိစစ်ကြည့်ရှုရာတွင် အချင်းဖြစ်သည့်နေ့ ၁၂:၃၀ အချိန်တွင် မုံရွာမြို့၊ အာကာမန်း ခရီးသည်ပို့ဆောင်ရေးကားအသင်းဝင် 6G/8460 ခရီးသည်တင် အံစာတုံးအဖြူရောင်ယာဉ်ကို တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦး က ခရီးသည် ဦးကိုကိုဦး၊ ဦးချစ်ဦး၊ ဒေါ်မူမူကြည်၊ မငြိမ်းငြိမ်းစိုး နှင့် ကိုလှိုင်ဝင်းထွန်းတို့ကိုတင်ဆောင်လျက် မုံရွာ - ရေဦးကားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် ဘုတလင်မြို့နယ်၊ ကံသစ်ကျေးရွာအနီးအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရှိသော ကုက္ကိုပင်ကို တိုက်မိခဲ့သဖြင့် ကားဦးခေါင်းပိုင်း ကြေမွ

၂၀၁၈ ခုနှစ်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဖိုးလုံး (ခ)
သန့်ဇင်ဦး

ပျက်စီးခဲ့ပြီး ကားပေါ်တွင်ပါလာသော ဒေါ်မူမူကြည်၊ မငြိမ်းငြိမ်းစိုး၊ ဦးချစ်စိုး နှင့် ကိုလှိုင်ဝင်းထွဋ်တို့ လေးဦးသေဆုံးကာ ဦးကိုကိုဦး (လိုပြ - ၆) တွင် ယာလက်ကောက်ဝတ်ကျိုး၊ ဂုတ်ကျိုးသည့် ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း၊ တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦး တွင် ဘယ်လက်မောင်းကျိုး၊ ယာပေါင်ကျိုးသည့် ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်းမှာ အငြင်းမပွားပေါ်ပေါက်နေသည်။

တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦးက ကားကိုပုံမှန် ၄၀ ကီလိုမီတာခန့်သာ မောင်းနှင်ခဲ့ခြင်းဖြစ်ကြောင်း၊ မောင်းနှင်လာစဉ် ကားတိုင်းရော့ပြုတ်၍ စတီယာရင်ထိန်းမရသောကြောင့် လမ်းဘေးရှိသစ်ငုတ်အား ဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ၎င်းမှာ သစ်ပင်ကိုဝင်တိုက်စဉ် ကားအပြင်သို့ ခုန်ထွက်ရန်အချိန်ရသော်လည်း ထိုသို့မပြုလုပ်ဘဲ ကား၏စတီယာရင်ကို ကြိုးစားထိန်းသော်လည်း မရဘဲ ဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ယာဉ်ကို မဆင်မခြင်ပေါ့ဆစွာဖြင့် အရှိန်ပြင်းစွာမောင်းနှင်ခဲ့ခြင်းမရှိသဖြင့် အပြစ်မရှိကြောင်း ထုချေတင်ပြသည်ကိုတွေ့ရသည်။

လူသတ်မှုအရသော်လည်းကောင်း၊ လူသေမှုအရသော်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းမခံထိုက်သော အရမ်းပြုလုပ်မှု သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုကိုပြု၍ လူကိုသေစေ

လျှင် ရာဇသတ်ကြီးပုဒ်မ ၃၀၄ - က အရ အပြစ်ပေးနိုင်မည်ဖြစ်သောကြောင့် တရားခံ၏ပြုမူချက်သည် အရမ်းပြုလုပ်မှု ဟုတ်မဟုတ် သို့မဟုတ် ပေါ့လျော့သောပြုလုပ်မှု ဟုတ် မဟုတ် စီစစ်ရန်ဖြစ်သည်။

တရားခံ၏ပြုမူချက်မှာ အရမ်းပြုလုပ်မှု (သို့မဟုတ်) ပေါ့လျော့သောပြုလုပ်မှုဖြစ်ကြောင်းပေါ်ပေါက်လျှင် ရာဇသတ်ကြီးပုဒ်မ ၃၀၄ - က အရ အပြစ်ပေးနိုင်ပြီး ယင်းသို့ပြုလုပ်မှုကြောင့် ယာဉ်ပေါ်ပါသူများ အပြင်းအထန်နာကျင်စေမှုဖြစ်ကြောင်းပေါ်ပေါက်လျှင် ယင်းဥပဒေပုဒ်မ ၃၃၈ အရ အပြစ်ပေးနိုင်မည်ဖြစ်သည်။

အမှုမှ ဝပ်ရှော့လုပ်ငန်းလုပ်ကိုင်သူ ကိုဖိုးချမ်း (ခံပြ - ၆) က ၎င်း၏ စစ်ဆေးတွေ့ရှိချက်အရ ကားတိုင်းရော့ပြုတ်သည်ကိုသာတွေ့ရပြီး ကျန်စက်ပစ္စည်းအင်္ဂါရပ်များ လုံးဝပျက်စီးခြင်းမရှိကြောင်း၊ ကားတိုင်းရော့မှာ ယာဉ်ကိုမောင်းနှင်စဉ် အများဆုံးဖြစ်တတ်ပြီး တိုင်းရော့ကိုဆွဲထားသည့် ဝက်အူမကောင်းလျှင် သို့မဟုတ် လျော့နေလျှင် ပြုတ်ထွက်တတ်ကြောင်း ထွက်ဆိုထားသည်။

ကိုဖိုးချမ်း (လိုပြ - ၆) ၏ထွက်ဆိုချက်အရ တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦး မောင်းနှင်သောယာဉ်သည် တိုင်းရော့

ပြုတ်၍ သစ်ပင်အားဝင်တိုက်မိပြီး ကားပေါ်ပါခရီးသည် ၄ ဦး သေဆုံးကာ ၂ ဦးမှာ အပြင်းအထန်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်။

ယာဉ်မောင်းတစ်ဦးအနေဖြင့် ယာဉ်မမောင်းမီ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ သေချာစွာ စစ်ဆေးရန်တာဝန်ရှိမည်ဖြစ်သည်။ တရားခံဖိုးလုံး(ခ)သန့်ဇင်ဦးသည် မုံရွာမှပင်လယ်ဘူးသို့ ခရီးဝေးသွားရမည့်ယာဉ်ဖြစ်ပေရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ကိုသေချာစွာစစ်ဆေးပြီးမှ မောင်းနှင်ရန် လိုအပ်မည်ဖြစ်သည်။

တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦးက ယာဉ်မောင်းတစ်ဦးအနေဖြင့် ယာဉ်မမောင်းခင် ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် ယာဉ်ကိုသေချာစွာစစ်ဆေးပြီးမှ မောင်းနှင်ရန်တာဝန်ရှိသည် ဆိုလျှင်မှန်ကြောင်း၊ အခင်းဖြစ်နေ့က ယာဉ်မမောင်းခင် ယာဉ်ကို သေချာစွာစစ်ဆေးခြင်းမရှိဆိုလျှင် မှန်ကြောင်း ပြန်လှန်မေးရာ၌ ဝန်ခံထွက်ဆိုထားရာ တရားခံသည် ၎င်း၏ပေါ့လျော့သောပြုမူချက်ကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်သေဆုံးရသည်မှာ ထင်ရှားသည်။

ဦးကိုကိုဦး (လိုပြ - ၆) ၏ ထွက်ချက်အရပင် အချင်းမဖြစ်မီကပင် ကားမှာရမ်းခါနေ၍ အရှိန်လျော့ရန်ပင် ပြောခဲ့ရ

ကြောင်းတွေ့ရှိရသဖြင့် တရားခံသည် ထိုက်သင့်သော သတိဖြင့်မောင်းနှင်ခြင်းမရှိသည်ကို တွေ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ဘိုကြည် ပါ ၂ အမှု [၁] တွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်းဆိုသည်မှာ ဆင်ခြင်တုံတရားရှိသည့်သာမန်အသိဉာဏ်ရှိသောသူ၏ ပြုလုပ်မှုမျိုးမဟုတ်ဘဲ ပျက်ကွက်ခြင်း သို့တည်းမဟုတ် တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရာ၌ ထိုကဲ့သို့သောသူမျိုး ပြုလုပ်လိမ့်မည် မဟုတ်သည့် ပြုမူမှုများကို ပြုလုပ်ခြင်းကိုဆိုလိုကြောင်း လမ်းညွှန်ထုံးဖွဲ့ထားရာ ယခုအမှုတွင် တရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦး သည် ယာဉ်၏ကြခိုင်ရေးကို စစ်ဆေးခဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ထိုက်သင့်သည့်သတိဖြင့် မောင်းနှင်ခဲ့ခြင်းပြုရန်ပျက်ကွက်ခဲ့ပြီး ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့ဆစွာမောင်းနှင်ခဲ့၍ လမ်းဘေးသစ်ပင်ဝင်တိုက်မိပြီး ယာဉ်ပေါ်ပါသူများ အသက်ဆုံးရှုံးကာ အပြင်းအထန်နာကျင်ဒဏ်ရာရရှိစေခဲ့ရကြောင်း ထင်ရှားပေါ်ပေါက်ပါလျက် ဘုတလင်မြို့နယ်တရားရုံးက တရားခံအား အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီး ယင်းအမိန့်ကို ဆက်လက်အတည်ပြုသည့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တို့မှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရသည်။

---

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၆၅။

၂၀၁၈ ခုနှစ်

ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်

နှင့်

ဖိုးလုံး (ခ)
သန့်ဇင်ဦး

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ အယူခံတရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၈ (၁) အရ အမှုမှအပြီးအပြတ်လွှတ်သော ဘုတလင်မြို့နယ် တရားရုံး၏အမိန့်နှင့်ယင်းအမိန့်ကို ဆက်လက်အတည်ပြုသည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ အယူခံတရားခံ ဖိုးလုံး (ခ) သန့်ဇင်ဦး အား ရာဇသတ်ကြီးပုဒ်မ ၃၀၄ - က အရ အလုပ်နှင့်ထောင်ဒဏ် ၄ နှစ်၊ ယင်းဥပဒေပုဒ်မ ၃၃၈ အရ အလုပ်နှင့်ထောင်ဒဏ် ၁ နှစ် ကျခံစေရန်နှင့် ထောင်ဒဏ်နှစ်ရပ်အား တစ်ပေါင်းတည်း ကျခံစေရန်၊ ချုပ်ရက်ရှိပါက ထောင်ဒဏ်မှ ထုတ်နုတ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

+၂၀၁၈ ခုနှစ်
ဖေဖော်ဝါရီလ ၂၂ ရက်

ရာဇဝတ်အယူခံမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးမြသိမ်းရှေ့တွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နှင့်

မင်းသူ (ခ) နိုင်းဖိုး ပါ ၂ *

အချင်းဖြစ်ချိန်က အချင်းဖြစ်နေရာတွင် တရားခံများရှိနေကြောင်း မျက်မြင်သက်သေများက တိကျစွာထွက်ဆိုထားသည့် အခြေအနေတွင် အခြားနေရာတွင်ရှိနေကြောင်း တရားခံများ၏ထုချေချက်ကို လက်ခံရန်မသင့်ခြင်း။

ဆုံးဖြတ်ချက် ။ ။ **ဦးဘရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** တွင် ရုံးရှေ့ထွက်ဆိုချက်တွင် ပါရှိသောအချက်များ ပထမသတင်းပေးတိုင်ချက်တွင်မပါယုံမျှဖြင့် ရုံးရှေ့ထွက်ဆိုချက်

* ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၉၃

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄ နှင့် ၁၀ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ပေါ် အယူခံမှု

ကို လက်မခံထိုက်ဟု ကောက်ယူရန်မသင့်ကြောင်း လမ်းညွှန် ထုံးဖွဲ့ထားသည်။ ယခုအမှုတွင် ရဲအုပ် ကျော်နိုင်စိုး (လိုပြ - ၄) က တရားလိုပြုလုပ် ပထမသတင်းပေးတိုင်ချက် ဖွင့်လှစ်ခြင်း ဖြစ်သည်။ ဇော်မင်းဦးက တိုင်ချက် သက်သေခံ (ခ) တွင် သေသူကို တစ်ဦးကဓားနှင့်ထိုးပြီး နှစ်ဦးကလက်သီးနှင့်ထိုးကြောင်း သိရှိရပါသည်ဟု ဖော်ပြတိုင်တန်းထားခြင်းကြောင့် ဇော်မင်းဦး၏ ရုံးရှေ့ထွက်ချက်နှင့် တိုင်ချက်ပါအကြောင်းအရာတို့ ကွဲလွဲသည်ဟုမဆိုနိုင်ပေ။

ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် နှင့် မင်းသူ (ခ) နိုင်းဖိုး ပါ ၂

သက်သေခံအက်ဥပဒေပုဒ်မ ၁၃၄ တွင် မည်သည့်အမှုတွင်မဆို အကြောင်းခြင်းရာတစ်ခု ထင်ရှားစေရန်အတွက် သက်သေအရေအတွက် မည်မျှလိုသည်ဟု သတ်မှတ်ခြင်းမရှိကြောင်း ပြဋ္ဌာန်းထားပြီး **မောင်စံသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** တွင် သက်သေခံချက်မှာ သက်သေအရေအတွက်ထက် အရည်အချင်းပို၍ အရေးကြီးကြောင်း ညွှန်ပြထားသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြစ်မှုကျူးလွန်ချိန်က ပြစ်မှုကျူးလွန်သည့်နေရာတွင်မရှိဘဲအခြားတစ်နေရာတွင်ရှိနေကြောင်း ထုချေတင်ပြချက်မျိုးကို တရားခံများက ထုချေတင်ပြလေ့ရှိသည်။ ယင်းသို့ထုချေချက်မျိုးသည် သက်သေပြရန် လွယ်ကူသဖြင့် အခိုင်အမာတင်ပြနိုင်မှသာ လက်ခံနိုင်သည့် ထုချေချက်မျိုးဖြစ်

သည်။ အချင်းဖြစ်ချိန်က ၎င်းတရားခံ ၂ ဦးရှိနေပြီး သေသူကို ငမော့ (ခ) ပြည့်ဖြိုးအောင်က ဓားဖြင့်ထိုးရာတွင် သေသူကို ၎င်းတို့လည်းဝင်ထိုးပြီး လက်ကိုကိုင်ပေးကြောင်း မျက်မြင်သက်သေများက အတိအကျထွက်ဆိုထားသည့်အခြေအနေတွင် အချင်းဖြစ်နေရာတွင်မရှိကြောင်းအခြားနေရာတွင်ရှိနေကြောင်း ထုချေချက်ကို လက်ခံရန်အကြောင်းမရှိပေ။

အယူခံတရားလိုအတွက် - ဒေါ်တင်နီလာဦး၊
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက် - ဦးဝင်းမောင်
တရားလွှတ်တော်ရှေ့နေ

မိတ္ထီလာခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၁၅ တွင် တရားခံ မင်းသူ (ခ) နိုင်းဖိုး နှင့် ဇေယျာမင်း (ခ) ကြေးစည် (ခ) မီးငယ် တို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မန္တလေးတိုင်းတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄ နှင့် ၁၀ တို့ဖြင့် အယူခံတင်သွင်းရာ မင်းသူ (ခ) နိုင်းဖိုး နှင့် ဇေယျာမင်း (ခ) ကြေးစည် (ခ) မီးငယ် တို့ကို အပြီးအပြတ်လွှတ်သည့်

အမိန့်ချမှတ်ခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကိုတင်သွင်းလျှောက်ထားလာခြင်းဖြစ်သည်။

အမှုမှာ မိတ္ထီလာမြို့ အမှတ် (၂) နယ်မြေရဲစခန်းမှ ရဲအုပ်ကျော်နိုင်စိုးက ၃-၄-၂၀၁၇ ရက်နေ့ ၀၃:၃၀ အချိန်တွင် မိတ္ထီလာမြို့၊ တောမကျေးရွာ၊ ဂိုဏ်းထောက်ဘုန်းကြီးကျောင်းဝင်းပွဲခင်းနှင့် ကိုက် ၄၀၀ အကွာတွင် လူငယ်တစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသတင်းအရ သွားရောက်ခဲ့ရာ သေဆုံးသူသည် ဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန် ဖြစ်ကြောင်းသိရပြီး အခင်းဖြစ်စဉ် အနီးအနားရှိနေသူ ဇော်မင်းဦး၏ပြောကြားချက်အရ ဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန် နှင့် တပ်သား အောင်ကျော်သူတို့ စကားပြောနေစဉ် အမည်မသိလူငယ်နှစ်ဦးက ဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန်အား လက်သီးဖြင့်ထိုးကြောင်း၊ ကျန်လူငယ်တစ်ဦးက ''မင်းလားကွလူမိုက်၊ ငါက ပေါက်ချောင်းက လူမိုက်မော်ကြီး'' ဟုဆိုပြီး အသင့်ပါလာသောဓားဖြင့်ထိုး၍ အောင်ကျော်သူ ထွက်ပြေးပြီး ဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန်တွင် မေးစေ့ပြတ်ရှဒဏ်ရာ၊ ရင်ဘက်ထိုးသွင်းဒဏ်ရာ၊ ဝမ်းဗိုက်ချက်အနီး အူထွက်ပြီး လဲကျနေစဉ် လူငယ်သုံးဦးမှာ ထွက်ပြေးသွားကြောင်းသိရ၍ ငမော့ (ခ) ပြည့်ဖြိုးအောင်၊ ဇေယျာမင်း (ခ) ကြေးစည် (ခ) မီးငယ် နှင့် နိုင်းဖိုးတို့အား ဥပဒေအရအရေးယူပေးရန်

အမှုဖွင့်တိုင်ကြားရာမှာ ပေါ်ပေါက်လာ သည့်အမှုဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အခင်းဖြစ်နေ့ နံနက် ၂ နာရီခန့်က ဂိုဏ်းထောက်ဘုန်းကြီးကျောင်းဝင်းအတွင်းပွဲခင်းရှိ ဂေါက်ဂက်လောင်းကစားဝိုင်းတွင် ဇော်မင်းဦး၊ တပ်သား အောင်ကျော်သူ၊ သေဆုံးသူ ဖွဲဝင့်ထယ် (ခ) ဖွဲဝင့်ထိန်တို့ရှိနေကြစဉ် ငမော့ (ခ) ပြည့်ဖြိုးအောင်တို့အဖွဲ့ ရောက်ရှိလာကြောင်း၊ လောင်းကစားဝိုင်း၌ မီးအလင်းရောင်ရှိပြီး ငမော့ (ခ) ပြည့်ဖြိုးအောင်က ဖွဲဝင့်ထယ် (ခ) ဖွဲဝင့်ထိန်ကို ဓားဖြင့်ထိုး၍ ဒဏ်ရာများရရှိသေဆုံးသည်မှာ အငြင်းမပွားပေါ်ပေါက်ကြောင်း၊ ရဲမင်းသန့် (ခ) ဝက်ကြီး၏ထွက်ဆိုချက်အရ ငမော့ (ခ) ပြည့်ဖြိုးအောင် နှင့် ဇေယျာ (ခ) ကြေးစည် (ခ) မီးငယ်၊ မင်းသူ (ခ) နိုင်းဖိုးတို့မှာ တစ်ဖွဲ့တည်းဖြစ်ကြောင်း ပေါ်ပေါက်ပြီး ဇော်မင်းဦး၏ထွက်ချက်အရ ဇေယျာမင်းနှင့် မင်းသူတို့ကချုပ်ပေး၍သာ သက်သေခံ - ဇ ဆေးစာပါ ဒဏ်ရာအမြောက်အများရရှိကာ နှလုံးထိခိုက်ပြီး နှလုံးသွေးထွက်လွန်ကာသေဆုံးရကြောင်း၊ ဇေယျာမင်း နှင့် မင်းသူတို့က သေသူအား တစ်ဖက်စီချုပ်ကိုင်ပေးပြီး ဓားနှင့်ထိုးပါသည်ဟူသည့် မျက်မြင်သက်သေ ဇော်မင်းဦး ထွက်ချက်တစ်ခုတည်းသာ ရှိသော်လည်း အခြားပတ်ဝန်းကျင်အထောက်အထား သက်သေခံချက်များအရ မူလရုံးက အယူခံတရားလိုတို့အပေါ် ရာဇသတ်

ကြီးပုဒ်မ ၃၀၂ (၂)/၁၁၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း၊ မိတ္ထီလာခရိုင်တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုပေးရန်ဖြစ်ကြောင်း လျှောက်ထား တင်ပြသည်။

အယူခံတရားခံများ၏ရှေ့နေက အမှုတွင် ဇော်မင်းဦး၏ ထွက်ဆိုချက်တစ်ခုတည်းသာရှိကြောင်း၊ ဇော်မင်းဦးက ပထမ သတင်းပေးတိုင်ချက် တိုင်ကြားရန်ပြောစဉ်က အယူခံတရားခံ များက သေဆုံးသူအား ကိုင်ပေးပါသည်ဟု ပြောဆိုခြင်းမရှိ ကြောင်း၊ တစ်ရွာတည်းသားများမဟုတ်ဘဲ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသူများက သေသူ၏လက်နှစ်ဖက်ကိုချုပ်ကိုင်ပြီး လက်သီး ဖြင့်ထိုးပါသည်ဟု ထွက်ဆိုချက်ကိုထောက်ခံချက်ဖြစ်သည့် သေ သူ၏ခန္ဓာကိုယ်တွင် လက်သီးဖြင့်ထိုးသည့်ဒဏ်ရာများ မရှိ ကြောင်း ဆရာဝန်၏ထွက်ချက်နှင့်ဆေးစာအရပေါ်လွင်ကြောင်း၊ ဇော်မင်းဦး လိုပြ - ၁ ၏ ထွက်ချက်မှန်ပါသည်ဟု တစ်ထစ်ချ မှတ်ယူနိုင်ခြင်း မရှိကြောင်း၊ ယခင်က မြင်တွေ့သိရှိဘူးခြင်း မရှိသူတစ်ဦးက ရုတ်ရုတ်သဲသဲဖြစ်ပွားနေသည့်အချိန်မျိုးတွင် ပါဝင်ပြုလုပ်သူများအား မှတ်မိသိရှိပါသည်ဆိုသည့် ထွက်ဆို ချက်ကို ထောက်ခံထွက်ဆိုချက်မရှိသဖြင့် သဘာဝယုတ္တိကင်းမဲ့ နေသည့် ထွက်ချက်သာဖြစ်ကြောင်း၊ တရားလိုဘက်မှ တိကျ ခိုင်မာစွာ သက်သေထင်ရှား ပြသနိုင်ခြင်းမရှိကြောင်း၊

တရားခံများကို အပြစ်ပေးရန်မသင့်ကြောင်း၊ မောင်ဇေယျာမင်းသည် အချင်းဖြစ်ပွားစဉ်က ပျော်ဘွယ်မြို့၊ လျှပ်စစ်မန်နေဂျာရုံးတွင် ညတာဝန်ထမ်းဆောင်နေကြောင်းကို ပျော်ဘွယ်မြို့နယ် လျှပ်စစ်မန်နေဂျာ၏ထောက်ခံစာ၊ အလုပ်ခန့်သည့်စာများ တင်ပြထားကြောင်း၊ အခင်းဖြစ်နေ့က မင်းသူ (ခ) နိုင်းဖိုးသည် တောင်ဥက္ကလာပရှိ အစ်မဖြစ်သူ နန်းစောထွေးထံ အလုပ်ရှာရင်း အလည်အပတ်သွားခဲ့ကြောင်း၊ မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ရန် သက်ဆိုင်ရာကုမ္ပဏီသို့ လျှောက်ထားသည့် အထောက်အထားတင်ပြထားကြောင်း၊ ဇော်မင်းဦး၏ မမှန်မကန်ထွက်ဆိုချက်တစ်ခုတည်းဖြင့် အပြစ်ပေးခြင်းသည် ဥပဒေအရ မှားယွင်းနေကြောင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို အတည်ပြုပေးပါရန် လျှောက်ထားတင်ပြသည်။

အမှုကိုစိစစ်ကြည့်ရှုရာ အခင်းဖြစ်သည့် ၃-၄-၂၀၁၆ ရက်နေ့ည ၂ နာရီခန့် မိတ္ထီလာမြို့၊ တောမကျေးရွာ၊ ဂိုဏ်းထောက်ဘုန်းကြီးကျောင်းဝင်း၌ ကျင်းပသောပွဲခင်းအတွင်း ဂေါက်ဂက် လောင်းကစားဝိုင်းတွင် သေသူ ဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန်သည် ဓားထိုးဒဏ်ရာများကြောင့်နှလုံးပေါက်ကာ သွေးထွက်လွန်ပြီး သေဆုံးသွားကြောင်း အငြင်းမပွား ပေါ်ပေါက်ပြီး သက်သေခံ - ဇ ဆေးစာနှင့် ဒေါက်တာချစ်ချစ်မော် (လိုပြ - ၁၁)

၏ ထွက်ဆိုချက်အရ သေသူရရှိသည့်ဒဏ်ရာသည် မုချသေဆုံးနိုင်သည့်ဒဏ်ရာဖြစ်ကြောင်း ပေါ်ပေါက် သည်။

ဇော်မင်းဦး (လိုပြ - ၁) နှင့် တပ်သားအောင်ကျော်သူ (လိုပြ - ၉) တို့က သေသူဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန်ကို ဓားဖြင့်ထိုးသူမှာ ငမော့ (ခ) ပြည့်ဖြိုးအောင် ဖြစ်ကြောင်းထွက်ဆိုသည်။

အမှုမှ အဓိကမျက်မြင်သက်သေမှာ ဇော်မင်းဦး (လိုပြ - ၁) ဖြစ်သည်။ ဇော်မင်းဦး (လိုပြ - ၁) က လောင်းကစားဝိုင်းတွင် သေသူ ဖွဲ့ဝင့်ထယ်၊ အောင်ကျော်သူ (လိုပြ - ၉) တို့နှင့် ၂ နာရီအချိန်ထိ ဆော့ကစားနေကြောင်း၊ ည ၂ နာရီအချိန်တွင် ငမော့ (ခ) ပြည့်ဖြိုးအောင်ဆိုသူရောက်လာကြောင်း၊ ငမော့ (ခ) ပြည့်ဖြိုးအောင်က ဖွဲ့ဝင့်ထယ်၏ပုခုံးကိုပုတ်လိုက်ရာ မပုတ်ရန်သေသူကပြောကြောင်း၊ လောင်းကစား ဝိုင်းတွင်ရှိသော အခြားသူတစ်ဦးမှလည်း ငမော့ (ခ) ပြည့်ဖြိုးအောင်အား ဖွဲ့ဝင့်ထယ်၏ပုခုံးကိုမပုတ်ရန် ဝင်ပြောခဲ့ကြောင်း၊ ထိုစဉ် ငမော့ (ခ) ပြည့်ဖြိုးအောင်က ဘာမှပြောဆိုခြင်းမရှိဘဲ ဖွဲ့ဝင့်ထယ်၏ ညာဘက်ခါးကို ဓားဖြင့်ထိုးလိုက်သည်ကိုတွေ့ရကြောင်း၊ အောင်ကျော်သူက ငမော့ (ခ) ပြည့်ဖြိုးအောင် အားတွန်းလိုက်ရာ ပက်လက်လန်လဲကျသွားပြီး ဝါးလုံးနှင့်သွားဆောင့်ကြောင်း၊ အောင်ကျော်သူ

ထွက်ပြေးရာ ငမော့ (ခ) ပြည့်ဖြိုးအောင်၏ သူငယ်ချင်း ၄၊ ၅ ဦး နောက်မှပြေးလိုက်ကြကြောင်း၊ ဖွဲ့ဝင့်ထယ်သည် လောင်းကစားဝိုင်းနှင့် ၆ ပေအကွာတွင် သွားရပ်နေကြောင်း၊ ၎င်းသည် လောင်းကစားဝိုင်း၏မြောက်ဘက် ၄၊ ၅ ပေအကွာတွင် သွားရပ်နေကြောင်း၊ ငမော့၊ ဇေယျာမင်းနှင့် မင်းသူတို့ကျန်ရှိနေပြီး ဇေယျာမင်းနှင့်မင်းသူတို့နှစ်ဦးက ဖွဲ့ဝင့်ထယ်အား တစ်ဖက်တစ်ချက်စီချုပ်ကိုင်ပေးကာ လက်သီးနှင့်ထိုးကြကြောင်း၊ ငမော့က ဖွဲ့ဝင့်ထယ်အား ဓားဖြင့် ၃ ချက်ထပ်ထိုးကြောင်း၊ ဝမ်းဗိုက် ၁ ချက်၊ ရင်ဘက် ၁ ချက်နှင့် ညာဘက်မေးတစ်ချက်ထိုးမိသည်ကို တွေ့ရကြောင်း၊ ၎င်းက ပွဲခင်းတောင်ဘက်ရှိ လုံခြုံရေးသို့ သွားရောက်အကြောင်းကြားခဲ့ကြောင်း၊ မီးကင်းသမားများနှင့် အတူ အချင်းဖြစ်နေရာသို့ပြန်လာရာ ဖွဲ့ဝင့်ထယ် သေဆုံးနေသည်ကို တွေ့ရကြောင်း ထွက်ဆို ထားသည်။

ကိုရဲမင်းသန်း (ခ) ဝက်ကြီး (လိုပြ - ၂)၊ ကိုဖြိုး (ခ) ပြည့်ဖြိုးအောင် (လိုပြ - ၃) တို့က အခင်းဖြစ်ည က ဇေယျာမင်းနှင့် မင်းသူတို့ကို ပွဲခင်း၌တွေ့ကြောင်းထွက်ဆိုသည်။ တရားခံ ဇေယျာမင်း နှင့် မင်းသူတို့မှ အဆိုပါထွက်ဆိုချက် ငြင်းဆို ဖြေရှင်းခဲ့ကြောင်းမတွေ့ရပေ။ အဆိုပါသက်သေများသည် တရားခံ ဇေယျာမင်း နှင့် မင်းသူတို့သည် တစ်ရွာတည်းသားများဖြစ်ကြပြီး ခင်မင်ရင်းနှီးသူများဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် မဟုတ်

မမှန်ထွက်ဆိုကြမည်မဟုတ်ပေ။ ယင်းသို့ မဟုတ်မမှန်ထွက်ဆို ကြောင်းကောက်ယူရန် သက်သေခံချက် တစ်စုံတစ်ရာရှိ ကြောင်း မပေါ်ပေါက် ပေ။

အစိကမျက်မြင်သက်သေဖြစ်သော ဇော်မင်းဦးက ငမော့ (ခ) ပြည့်ဖြိုးအောင်မှ သေသူအား ဓားနှင့်ထိုးစဉ် ဖေယျာမင်း နှင့်မင်းသူတို့က လက်သီးဖြင့်ထိုးပြီး တစ်ဖက်တစ်ချက်စီချုပ်ကိုင် ပေးထားကြောင်း ထွက်ဆိုသည်။ တရားခံများက အချင်းဖြစ်စဉ် က အချင်းဖြစ်နေရာတွင် ၎င်းတို့မရှိကြောင်း သက်သေအား ပြန်လှန်မေးမြန်းခဲ့ခြင်းမရှိသဖြင့် တရားခံများ၏ ထုချေချက် သည် နောက်မှအကြံရထုချေချက်ဖြစ်သည်ဟု ကောက်ယူရ မည်ဖြစ်သည်။ တရားခံများ၏ရှေ့နေက ပထမသတင်းပေး တိုင်ချက် သက်သေခံ - ခ နှင့် ဇော်မင်းဦး၏ ရုံးရှေ့ထွက်ဆို ချက်တို့ ကွဲလွဲနေသဖြင့် ဇော်မင်းဦး ၏ထွက်ဆိုချက်ကို သံသယ ကင်းစွာ လက်ခံရန်မသင့်ကြောင်းတင်ပြသည်။

**ဦးဘရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** (၁) တွင် ရုံးရှေ့ထွက်ဆိုချက်တွင် မပါရှိသောအချက်များ ပထမ သတင်းပေးတိုင်ချက်တွင်မပါယုံမျှဖြင့် ရုံးရှေ့ထွက်ဆိုချက်ကို လက်မခံ ထိုက်ဟုကောက်ယူရန်မသင့်ကြောင်း လမ်းညွှန်ထုံးဖွဲ့

(၁)။ ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၇။

ထားသည်။ ယခုအမှုတွင် ရဲအုပ်ကျော်နိုင်စိုး (လိုပြ - ၄) က တရားလိုပြုလုပ် ပထမသတင်းပေးတိုင်ချက် ဖွင့်လှစ်ခြင်းဖြစ်သည်။ ဇော်မင်းဦးက တိုင်ချက်သက်သေခံ (ခ) တွင် သေသူကို တစ်ဦးကဓားနှင့်ထိုးပြီး နှစ်ဦးက လက်သီးနှင့်ထိုးကြောင်း သိရှိရပါသည်ဟု ဖော်ပြတိုင်တန်းထားခြင်းကြောင့် ဇော်မင်းဦး၏ ရုံးရှေ့ထွက်ချက်နှင့် တိုင်ချက်ပါအကြောင်းအရာတို့ ကွဲလွဲသည်ဟုမဆိုနိုင်သဖြင့် ယင်းတင်ပြချက်ကို လက်ခံရန်အကြောင်းမရှိပေ။

သက်သေခံအက်ဥပဒေပုဒ်မ ၁၃၄ တွင် မည်သည့်အမှုတွင်မဆို အကြောင်းခြင်းရာတစ်ခု ထင်ရှားစေရန်အတွက် သက်သေအရေအတွက်မည်မျှလိုသည်ဟု သတ်မှတ်ခြင်းမရှိကြောင်း ပြဋ္ဌာန်းထားပြီး **မောင်စံသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** [၂] တွင် သက်သေခံချက်မှာ သက်သေအရေအတွက်ထက် အရည်အချင်းပို၍ အရေးကြီးကြောင်းညွှန်ပြထားသည်။

အမှုတွင် မျက်မြင်သက်သေ ဇော်မင်းဦး (လိုပြ - ၁) သည် အချင်းဖြစ်စဉ်၌ မီးအလင်းရောင်ရှိ၍ ကောင်းစွာမြင်တွေ့နိုင်သည့် အခြေအနေဖြစ်ခြင်းကြောင့် အချင်းဖြစ်ပွားချိန်တွင် ရဲမင်းသန့်၊ ဇေယျာမင်း (ခ) ကြေးစည် (ခ) မီးငယ်နှင့် မင်းသူ

၂။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ၊ ၂၉၅။

(ခ) နိုင်းဖိုးတို့က ဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန်အား တစ်ဖက်တစ်ချက်စီချုပ်ကိုင်ပေးပြီး လက်သီးဖြင့်ထိုးသည်ကို မြင်တွေ့သိခဲ့ရသည် ဆိုသည့်ထွက်ဆိုချက် အထင်အရှားပေါ်ပေါက်မှုရှိပြီး၊ အချင်းဖြစ်နေရာတွင်ရှိနေသူ ဝက်ကြီး (လိုပြ - ၃) ၏ ထွက်ဆိုချက်အရ တရားခံ ၂ ဦးကို အချင်းဖြစ်ညက ပွဲခင်းတွင် တွေ့မြင်ခဲ့သည်ဆိုသည့် ထွက်ချက်များအရ တရားခံနှစ်ဦးက ပြစ်မှုကျူးလွန်ရာ၌ရှိနေပြီး ငမော့ (ခ) ပြည့်ဖြိုးအောင် က ဖွဲ့ဝင့်ထယ် (ခ) ဖွဲ့ဝင့်ထိန်ကို ဓားဖြင့်ထိုး၍သေစေရာတွင် အားပေးကူညီခဲ့ကြောင်း ကောက်ယူနိုင် သည်။

တရားခံ ဖေယျာမင်း နှင့် မင်းသူတို့က အခင်းဖြစ်ပွားရာတွင် ငမော့နှင့် အတူရှိနေသူများ မဟုတ်ကြောင်း၊ အခင်းဖြစ်ပွားသောအချိန်၌ အခြားနေရာသို့ရောက်နေပြီး ပွဲခင်းတွင် မရှိကြောင်း ထုချေတင်ပြခဲ့သည်။ ပြစ်မှုကျူးလွန်ချိန်က ပြစ်မှုကျူးလွန်သည့်နေရာတွင်မရှိဘဲ အခြားတစ်နေရာတွင်ရှိနေကြောင်း ထုချေတင်ပြချက်မျိုးကို တရားခံများက ထုချေတင်ပြလေ့ရှိသည်။ ယင်းသို့ထုချေချက်မျိုးသည် သက်သေပြရန်လွယ်ကူသဖြင့် အခိုင်အမာတင်ပြနိုင်မှသာ လက်ခံနိုင်သည့် ထုချေချက်မျိုးဖြစ်သည်။ အချင်းဖြစ်ချိန်က ၎င်းတရားခံ ၂ ဦးရှိနေပြီး သေသူကို ငမော့ (ခ) ပြည့်ဖြိုးအောင်က ဓားဖြင့်ထိုးရာတွင် သေသူကို ၎င်းတို့လည်းဝင်ထိုးပြီး လက်ကိုကိုင်ပေးထားကြောင်း မျက်မြင်

သက်သေများက အတိအကျထွက်ဆိုထားသည့် အခြေအနေတွင် အချင်းဖြစ်နေရာတွင်မရှိကြောင်း အခြားနေရာတွင်ရှိနေကြောင်း ထုချေချက်ကို လက်ခံရန်အကြောင်းမရှိပေ။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က အယူခံတရားခံများဖြစ်သော မင်းသူ (ခ) နိုင်းဖိုး နှင့် ဇေယျာမင်း (ခ) ကြေးစည်(ခ)မီးငယ်တို့ကို အမှုမှအပြီးအပြတ်လွှတ်သော အမိန့်သည် မှန်ကန်သည်ဟုမဆိုနိုင်သဖြင့် ယင်းအမိန့်ကိုပယ်ဖျက်ပြီး မင်းသူ (ခ) နိုင်းဖိုး နှင့် ဇေယျာမင်း (ခ) ကြေးစည် (ခ) မီးငယ်တို့အား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန်ချမှတ်သည့် မိတ္ထီလာခရိုင်တရားရုံး၏အမိန့် ကို ပြန်လည်အတည်ပြုရမည်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြုသည်။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က မင်းသူ (ခ) နိုင်းဖိုး နှင့် ဇေယျာမင်း (ခ) ကြေးစည် (ခ) မီးငယ်တို့ကို အမှုမှအပြီးအပြတ် လွှတ်သော အမိန့်ကိုပယ်ဖျက်ပြီး မိတ္ထီလာခရိုင်တရားရုံးက အယူခံတရားလို မင်းသူ (ခ) နိုင်းဖိုး နှင့် ဇေယျာမင်း (ခ) ကြေးစည် (ခ) မီးငယ်တို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/၁၁၄ အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် ပြစ်ဒဏ်စီရင်သည့်အမိန့်ကို ပြန်လည်အတည်ပြုသည်။

+၂၀၁၈ ခုနှစ်
ဇူလိုင်လ ၁၆ ရက်

ရာဇဝတ်အထူးအယူခံမှု

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးသာဌေး၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊
ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည် တို့ရှေ့တွင်

သိန်းထွန်းအောင်

နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် *

တရားခံတစ်ဦးချင်းစီထံမှတွေ့ရှိသော ပန်းရောင်စိတ်ကြွရူးသွပ်
ဆေးပြားများအားလုံး စုပေါင်းချိန်တွယ်သည့် အလေး
ချိန်အရ တရားခံများအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို
ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)

---

* ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၇

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၅ (ခ) တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို အထူးအယူခံမှု

၂၀၁၈ ခုနှစ်

သိန်းထွန်းအောင်
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော်

## အရ ပြစ်ဒဏ်ချမှတ်ခြင်းမှာ မှန်ကန်ခြင်း ရှိ မရှိ။

**ဆုံးဖြတ်ချက်**။ ။ သက်သေခံမူးယစ်ဆေးဝါးများကို တွေ့ရှိရခြင်းနှင့်စပ်လျဉ်း၍ စိစစ်ကြည့်လျှင် တရားခံတစ်ဦးစီထံမှ ရှာဖွေတွေ့ရှိသည့် မူးယစ်ဆေးဝါးများကိုစုပေါင်း၍ ရှာဖွေပုံစံတစ်စောင်တည်းတွင်ဖော်ပြပြီး တရားခံ ၃ ဦးအား လက်မှတ်ရေးထိုးအပ်ပေးစေခဲ့ခြင်းဖြစ်သည်။

သတင်းပေးတိုင်ချက်၊ ရှာဖွေပုံစံပါ သိမ်းဆည်းတွေ့ရှိသည့် အခြေအနေဖော်ပြချက်နှင့် တရားလိုဘက် သက်သေခံချက်အရ အခန်းတစ်ခုတွင် လူ (၃) ဦးရှိနေသော်လည်း တစ်ဦးစီလက်ဝယ် ရှိ မရှိ ကို ၃ ဦး စလုံးအတူတကွ လက်ဝယ်ထားသည်ဟုကောက်ယူခြင်းထက် တစ်ဦးစီသီးခြားလက်ဝယ်ထားသည်ဟု ကောက်ယူခြင်းက မှန်ကန်နိုင်မည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရှာဖွေပုံစံ (သက်သေခံ - ဂ) တွင် ဆေးပြားစုစုပေါင်း ၃၇ ပြား၊ အလေးချိန် ၃.၇ ဂရမ် လက်မှတ်ရေးထိုးအပ်ပေးသူ တရားခံတစ်ဦးချင်းစီမှရောင်းချရန် အလို့ငှာ လက်ဝယ်ထားကြောင်း ကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် - ဒေါ်ရီနွယ်လွင်၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သီသီရွှေ၊
ဉွန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၆ တွင် တရားခံများဖြစ်သည့် အိအိခိုင် (ခ) မေချစ်ဝိုင်း၊ သိန်းထွန်းအောင်၊ ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်းတို့အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ထောင်ဒဏ် ၁၁ နှစ်၊ ယင်းဥပဒေပုဒ်မ ၁၅ အရ ထောင်ဒဏ် ၄ နှစ် (သီးခြားစီ) ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် တရားခံ သိန်းထွန်းအောင်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၆၅ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၅ (ခ) ဖြင့်လည်းကောင်း တင်သွင်းလျှောက်ထားရာ ပလပ်ခံရသဖြင့် ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၁၁ ကို ဆက်လက်တင်သွင်းလျှောက်ထားရာ အောက်ပါပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံ

ဝင်ခွင့်ပြုခဲ့သည် -

" တရားခံတစ်ဦးချင်းစီထံမှတွေ့ရှိသော ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြားများအားလုံး စုပေါင်းချိန်တွယ် သည့်အလေးချိန်အရ တရားခံသိန်းထွန်းအောင်အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေး ဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန် မှု ရှိ မရှိ"

အမှုမှာ ၈-၇-၂၀၁၅ ရက်နေ့ ၁၄:၀၀ နာရီအချိန် မူးယစ်သတင်းအရ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ယမုံနာလမ်းရှိ Royal Boss Hotel အခန်းအမှတ် (၂၀၃) သို့ ဝင်ရောက် ရှာဖွေရာ အိအိခိုင် (ခ) မေချစ်ဝိုင်း၊ သိန်းထွန်းအောင်၊ ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်း တို့အားတွေ့ရှိပြီး အိအိခိုင် (ခ)မေချစ်ဝိုင်း ထိုင်နေသောကုတင်ပေါ်ရှိ မိန်းမကိုင်အနက်ရောင် သားရေ ပိုက်ဆံအိတ်အတွင်း ပန်းရောင်စိတ်ကြွဆေးပြားနှင့် အစိမ်းရောင် ဆေးပြားစုစုပေါင်း ၃ ထုပ်၊ ၂၇ ပြား ၂.၇ ဂရမ်ခန့် နှင့် ထွန်းနိုင်လင်းအောင်ကိုင်ထားသည့် အညိုရောင်သားရေ ခေါက်ပိုက်ဆံအိတ်အတွင်းမှ ခဲပြားပိုင်းဖြင့်ပတ်ထုပ်လျက် ပန်းရောင်စိတ်ကြွဆေးပြား ၂ ပြားပါ ၁ ထုပ်၊ သိန်းထွန်းအောင်

ထိုင်နေသည့် ထိုင်ခုံဘေးစားပွဲပေါ်ရှိ ဖန်ခွက်အတွင်း ပလပ်စတစ် အကြည်ပိုင်းဖြင့်ထုပ်လျက် ပန်းရောင်စိတ်ကြွ ဆေးပြား ၈ ပြား ပါ ၁ ထုပ်၊ စိတ်ကြွဆေးပြားရှုရာတွင်အသုံးပြုသည့် အာနိသင် ကပ်ငြိလျက်ရှိသော အသုံးပြုလက်စခဲပြားပိုင်း ၂ ခုကိုတွေ့ရှိသဖြင့် အိအိခိုင် (ခ) မေချစ်ဝိုင်း၊ သိန်းထွန်းအောင်၊ ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်းတို့အား အရေးယူပေးရန် သတင်းပေးတိုင်ချက် ရေးဖွင့်ရာမှ ပေါ်ပေါက် လာသည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ပူးတွဲတရားခံ အိအိခိုင် (ခ) မေချစ်ဝိုင်း၏ ပိုက်ဆံအိတ်အတွင်း မှ စိတ်ကြွဆေးပြား ၂၇ ပြား၊ အလေးချိန် ၂.၇ ဂရမ်၊ တရားခံ ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်း၏ ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွဆေးပြား ၂ ပြား၊ အလေးချိန် ၀.၂ ဂရမ်၊ တရားခံ သိန်းထွန်းအောင် ထိုင်နေသည့် ထိုင်ခုံနှင့်လေးပေအကွာရှိ စားပွဲပေါ်မှတွေ့ရှိရသော စိတ်ကြွ ဆေးပြား ၈ ပြား အလေးချိန် ၀.၈ ဂရမ်တို့မှာ သိန်းထွန်းအောင် ၏ ပစ္စည်းဖြစ်ကြောင်း မထင်ရှားဘဲ ရှာဖွေပုံစံတစ်ခုတည်းတွင် လက်မှတ်ရေးထိုးသဖြင့် သိန်းထွန်းအောင်၏ပစ္စည်းဟု ထင် ကြေးဖြင့်ယူဆပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ သိန်းထွန်းအောင်သည် အချင်းဖြစ် Royal Boss Hotel အခန်းအမှတ် (၂၀၃) သို့

အချင်းမဖြစ်မီ နာရီဝက်ခန့်အလိုတွင် ပခုက္ကူမှရောက်ရှိလာပြီး ဖမ်းဆီးရေးအဖွဲ့ ရောက်ရှိရှာဖွေဖမ်းဆီးစဉ် အခန်းအတွင်းရှိ ထိုင်ခုံတွင် ထိုင်လျက်အနေအထား တွေ့ရခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်အခန်းတွင် တွေ့ရှိရသော မူးယစ်ဆေးဝါးများမှာ သိန်းထွန်းအောင်၏ အစီအမံဖြင့်ထားရှိသည့်ပစ္စည်းဖြစ်ကြောင်း တထစ်ချယူဆရန် ခဲယဉ်းပါလျက် ၎င်း၏အစီအမံဖြင့်ထားရှိသော ပစ္စည်းဖြစ်ကြောင်း ကောက်ယူသုံးသပ် ပြစ်ဒဏ်ချမှတ်ခြင်းသည် မှားယွင်းကြောင်း၊ သိန်းထွန်းအောင်၏ နံဘေးရှိ သစ်သားစားပွဲပေါ်မှ တွေ့ရှိရသော မူးယစ်ဆေးဝါး ၈ ပြား၏ အလေးချိန်သည် ၀.၈ ဂရမ်ဖြစ်သဖြင့် ၃ ဂရမ်အောက် လျော့နည်းခြင်းကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်ဒဏ်ပေးသင့်ကြောင်း လျှောက်ထား တင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အခန်းအမှတ် (၂၀၃) တွင် တရားခံ (၃) ဦး အတူတကွရှိနေပြီး (၃) ဦးစလုံးသည် မူးယစ်ဆေးဝါးသုံးစွဲသူများဖြစ်ကြောင်း သက်သေခံပစ္စည်း စိတ်ကြွဆေးပြားများကို တရားခံတစ်ဦးချင်းစီထံမှ ၎င်းတို့၏သက်သေခံကတ်ပြား၊ လက်ကိုင်ဖုန်းတို့နှင့်အတူ သိမ်းဆည်းရမိခြင်းဖြစ်ရာ သက်သေခံ - ဂ ရှာဖွေပုံစံတွင် တစ်ဦးချင်းထံမှ သိမ်းဆည်းရမိသည့်ပစ္စည်းများကိုဖော်ပြ၍ သိမ်းဆည်း

ထားကြောင်း တရားခံသိန်းထွန်းအောင်သည် စိတ်ကြွဆေးပြား ၈ ပြား ၀.၈ ဂရမ်ကို လက်ဝယ်ထားရှိသည်ဟုသာ မှတ်ယူရမည် ဖြစ်ကြောင်း၊ အိအိခိုင်ရှိနေသော ကုတင်ပေါ်ရှိ မိန်းမကိုင် လက်ကိုင်အိတ်အတွင်းမှတွေ့ရှိသော စိတ်ကြွဆေးပြား ၂၇ ပြား သည်လည်းကောင်း၊ ထွန်းနိုင်လင်းအောင် လက်အတွင်းကိုင် ထားသော သားရေခေါက်ပိုက်ဆံအိတ်အတွင်းမှ သိမ်းဆည်းရမိ သည့် စိတ်ကြွဆေးပြား ၂ ပြားသည်လည်းကောင်း၊ တရားခံ သိန်းထွန်းအောင် အစီအမံဖြင့်ထားရှိသည်ဟု ပေါ်ပေါက်ခြင်း မရှိကြောင်း၊ တရားခံ အိအိခိုင်၏ လက်ကိုင်အိတ်အတွင်းနှင့် တရားခံ ထွန်းနိုင်လင်းအောင်၏ ပိုက်ဆံအိတ်အတွင်းမှ သီးခြား စီသိမ်းဆည်းရမိခြင်းအပေါ် စုပေါင်းချိန်တွယ်သည့် အလေးချိန် အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သဖြင့် ပြန်လည်စိစစ်သင့်ပါ ကြောင်း လျှောက်ထားတင်ပြသည်။

တရားလိုဘက်သက်သေခံချက်များအရ မအိအိခိုင် (ခ) မေချစ်ဝိုင်း ထိုင်နေသည့် ကုတင်ပေါ်ရှိ မိန်းမကိုင်အနက်ရောင် သားရေပိုက်ဆံအိတ်အတွင်းမှ ၂၈-၇-၂၀၁၅ ရက်စွဲဖြင့် အိအိခိုင် အမည်ပါ ရွှေစကြာ၊ ရန်ကုန်-ပခုက္ကူ ကားလက်မှတ် ၁ စောင်၊ အနုပညာအမည် မေချစ်ဝိုင်းအမည်ဖြင့် မြန်မာနိုင်ငံဂီတအစည်း အရုံးမှ ထုတ်ပေးထားသော အိအိခိုင်၏ ကတ်ပြားမှုရင်းတို့ကို 88 နှင့် I စာတမ်းပါဆေးပြား ၂၇ ပြားနှင့်အတူတွေ့ရှိပြီး၊

ထွန်းနိုင်လင်းအောင်၏ ညာဘက်လက်အတွင်း ကိုင်ထားသော အိုင်အယ်စာတမ်းပါ အညိုရောင်ခေါက်ပိုက်ဆံအိတ် အတွင်းမှ ခဲပြားဝိုင်းဖြင့် ပတ်ထုပ်ထားသော 88 နှင့် I စာတမ်းပါ ပန်းရောင်ဆေးပြား ၂ ပြား တွေ့ရှိခြင်းဖြစ်သည်။ အလားတူ သိန်းထွန်းအောင်နံဘေး သစ်သားစားပွဲပေါ်ရှိ ဖန်ခွက်အတွင်းမှ 88 နှင့် I စာတမ်းပါ ပန်းရောင်စိတ်ကွဲဆေးပြား ၈ ပြား၊ ဆေးသုံးစွဲရာတွင် အသုံးပြုသည့်ခဲပြားပိုင်း ၂ ခု၊ ပြုပြင်ထားသော မီးခြစ် ၂ လုံးတို့ကိုလည်း တွေ့ရှိကြောင်းပေါ်ပေါက်သည်။

ရှာဖွေပုံစံ သက်သေခံ - ဂ တွင်လည်း တွေ့ရှိရသည့် ပစ္စည်းများကိုတွေ့ရှိရပုံ အထက်ပါအတိုင်းဖော်ပြပြီး ပေးအပ်သူအဖြစ် တရားခံ ၃ ဦးဖြစ်သည့် အိအိခိုင် (ခ) မေချစ်ဝိုင်း၊ ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်း နှင့် သိန်းထွန်းအောင်တို့က လက်မှတ်ရေးထိုးပေးအပ်ကြသည်။

သက်သေခံမူးယစ်ဆေးဝါးများကို တွေ့ရှိရခြင်းနှင့်စပ်လျဉ်း၍ စိစစ်ကြည့်လျှင် တရားခံတစ်ဦးစီထံမှ ရှာဖွေတွေ့ရှိသည့် မူးယစ်ဆေးဝါးများကိုစုပေါင်း၍ ရှာဖွေပုံစံတစ်စောင်တည်းတွင် ဖော်ပြပြီး တရားခံ ၃ ဦးအား လက်မှတ်ရေးထိုး အပ်ပေးစေခဲ့ခြင်းဖြစ်သည်။

မူလခရိုင်တရားရုံးက ပစ္စည်းများကို တရားခံ ၃ ဦးစလုံး

မှ သက်သေခံ - ဂ ရှာဖွေပုံစံတွင် သက်သေများရှေ့၌ အပ်ပေးသူများအဖြစ် အသီးသီးလက်မှတ်ရေးထိုးအပ်နှံခဲ့ကြောင်း ထင်ရှားသည့် အခြေအနေတွင် ပန်းရောင် နှင့် အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိပုံအနေအထားအရ တရားခံ ၃ ဦး၏ အစီအမံဖြင့်ထားရှိသော ၎င်းတို့ ၃ ဦး လက်ဝယ်ရှိ ၎င်းတို့ ၃ ဦးစလုံး၏ ပစ္စည်းများဖြစ်ကြောင်း မှတ်ယူရန်သာရှိသည်ဟု သုံးသပ်ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ (ဃ) တွင် လက်ဝယ်ထားခြင်း ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လူတစ်ဦးဦး၏ ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်၊ ပစ္စည်းတစ်ခုခု၌ ထားရှိခြင်းကိုဆိုလို၍ ယင်းစကားရပ်တွင် ထိုသူ၏အစီအမံဖြင့်ထားရှိခြင်း၊ ထားရှိစေခြင်းလည်း ပါဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မိန်းမကိုင်အနက်ရောင်သားရေပိုက်ဆံအိတ်တွင် တရားခံ မအိအိခိုင် (ခ) မေချစ်ဝိုင်း အမည်ဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတံဆိပ်ပါ ကတ်ပြားနှင့် ရန်ကုန်-ပခုက္ကူ ကားလက်မှတ်ပါဝင်ခြင်းကြောင့် မအိအိခိုင် (ခ) မေချစ်ဝိုင်း၏ ပစ္စည်းဖြစ်သည်ဟုလည်းကောင်း၊ ထွန်းနိုင်လင်းအောင်

(ခ) ထွန်းထွန်း၏ညာဘက်လက်ရှိ အညိုရောင်ခေါက်ပိုက်ဆံအိတ်သည် ထွန်းနိုင်လင်းအောင် ပစ္စည်းဖြစ်သည်ဟု လည်းကောင်း၊ သာမန်အားဖြင့် ကောက်ယူရမည်ဖြစ်သည်။ အဆိုပါတရားခံ အိအိခိုင် (ခ) မေချစ်ဝိုင်း နှင့် ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်း၏ ပစ္စည်းများအတွင်းရှိ စိတ်ကြွဆေးပြားများသည် ၎င်းတို့နှစ်ဦး၏အစီအမံဖြင့်ထားရှိခြင်းသာဖြစ်ကြောင်း ကောက်ယူရမည်ဖြစ်ရာ ၎င်းတို့တစ်ဦးချင်းစီ၏အစီအမံဖြင့် ထားရှိခြင်းမဟုတ်ဘဲ သိန်းထွန်းအောင် ၏အစီအမံဖြင့် ယင်းသို့ထားရှိကြောင်း သက်သေထင်ရှားပြသနိုင်မှသာ သိန်းထွန်းအောင် အနေဖြင့် ကျန်ပူးတွဲတရားခံတစ်ဦးစီ၏လက်ဝယ်ရှိ မူးယစ်ဆေးဝါးများအတွက်ပါ ပူးတွဲတာဝန်ရှိမည်ဖြစ်သည်။ သတင်းပေးတိုင်ချက်၊ ရှာဖွေပုံစံပါ သိမ်းဆည်းတွေ့ရှိရသည့် အခြေအနေဖော်ပြချက်နှင့် တရားလိုဘက်သက်သေခံချက်အရ အခန်းတစ်ခုတွင် လူ ၃ ဦးရှိနေသော်လည်း တစ်ဦးစီလက်ဝယ် ရှိ မရှိကို ၃ ဦးလုံးအတူတကွ လက်ဝယ်ထားသည်ဟု ကောက်ယူခြင်းထက် တစ်ဦးစီ သီးခြားလက်ဝယ်ထားသည်ဟု ကောက်ယူခြင်းက မှန်ကန်နိုင်မည်ဖြစ်သည်။ တရားခံ အိအိခိုင် (ခ) မေချစ်ဝိုင်း၊ ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်း နှင့် သိန်းထွန်းအောင်၏ လက်ဝယ်ပစ္စည်းဖြစ်ကြောင်း ၎င်းတို့ ၃ ဦးစလုံး၏ အစီအမံဖြင့်ထားရှိကြောင်း မူလခရိုင်တရားရုံး၏ သုံးသပ်ချက်သည်

လည်းကောင်း၊ အဆိုပါသုံးသပ်ချက်အပေါ် တစ်သဘော တည်းကောက်ယူပြီး အတည်ပြုခဲ့သည့် တိုင်းဒေသကြီးတရား လွှတ်တော် နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့် သည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရ လည်းကောင်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ရှာဖွေပုံစံ သက်သေခံ - ဂ တွင် ဆေးပြားစုစုပေါင်း ၃၇ ပြား၊ အလေးချိန် ၃.၇ ဂရမ်ကို လက်မှတ်ရေးထိုးအပ်ပေးသူ တရားခံတစ်ဦးချင်းစီမှ ရောင်းချရန်အလို့ငှာ လက်ဝယ်ထား ကြောင်းကောက်ယူ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှု ထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ အောက်ဖော်ပြပါ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်သည် -

" တရားခံတစ်ဦးချင်းစီထံမှ တွေ့ရှိသော ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြားများအားလုံး စုပေါင်းချိန် တွယ်သည့်အလေးချိန်အရ တရားခံသိန်းထွန်းအောင် အပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခဲ့ခြင်းသည် ညီညွတ်

မှန်ကန်မှုမရှိကြောင်း။''

ဤအထူးအယူခံမှုတွင် တရားခံအိအိခိုင် (ခ) မေချစ်ဝိုင်း နှင့် ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်း တို့သည် အယူခံဝင်ရောက်ခြင်းမရှိပေ။ ၎င်းတို့သည် ရာဇဝတ်ကြီးတစ်မှုတည်းတွင် အတူပူးတွဲစွဲဆိုခံရသူများဖြစ်သဖြင့် ၎င်းတို့အပေါ် ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကို ဝင်ရောက်စွက်ဖက်ပြီး ၎င်းတို့နှစ်ဦးနှင့်စပ်လျဉ်း၍ ဤအမှု၌ အမိန့်ချမှတ်သင့်ကြောင်းတွေ့ရှိရသည်။ **မနာခူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** [(၁)] ကို ရည်ညွှန်းသည်။

ထို့ကြောင့် ဤအထူးအယူခံမှုကိုခွင့်ပြုပြီး သိန်းထွန်းအောင်နှင့် အယူခံဝင်ရောက်ခြင်းမရှိသူ တရားခံ အိအိခိုင် (ခ) မေချစ်ဝိုင်း၊ ထွန်းနိုင်လင်းအောင် (ခ) ထွန်းထွန်း တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး ၎င်းတို့တစ်ဦးချင်းအပေါ် မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြောင်းလဲ၍ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ် (ငါး) နှစ်စီကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းဥပဒေ

---

၁။ ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၉။

ပုဒ်မ ၁၅ အရ ထောင်ဒဏ် ၄ နှစ်စီကျခံစေရန်ချမှတ်သည့် တရားရုံးအဆင့်ဆင့်၏အမိန့်ကို အတည်ပြုပြီး ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

+၂၀၁၈ ခုနှစ်
မတ်လ ၉ ရက်

ရာဇဝတ်ပြင်ဆင်မှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

ဦးသာဋ္ဌေး ရှေ့တွင်

အမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဋ္ဌေး

နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ *

နာကျင်စေမှုများကို အမျိုးအစားခွဲခြားရန်မှာ ဆေးဘက်ဆိုင်ရာသက်သေ၏တာဝန်မဟုတ်ဘဲ ရာဇဝတ်တရားသူကြီး၏ တာဝန်ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်** ။ ။ သက်သေခံဆေးစာအရ ဒဏ်ရာ (၄) ယာဒူးထိုးသွင်းဒဏ်ရာကို သာမန်ဒဏ်ရာဟုထင်မြင်ချက်ပေးထားသော်လည်း ထိုယာဒူးအတွင်းမှ ၁ လက်မခန့်ရှည် (၁.၅)

---

* ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၅၀ (ခ)

\+ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၉၅ (ခ) တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်အပေါ် ပြင်ဆင်မှု

လက်မခန့်နက်သော ဓားဦးဟုယူဆရသော သတ္တုအစတစ်ခုကို ထုတ်ယူရရှိခဲ့သည်။ ဦးသန်းဆွေ (လိုပြ - ၁) ၏ ထွက်ဆိုချက်တွင်လည်း ၎င်း၏ယာဒူးကို ဓားဖြင့်ထိုးစိုက်ခံရပြီး ဒူးရိုးထဲတွင် ဓား၏ အသွားထိပ်ဖျား ကျိုး၍ကျန်ခဲ့ကြောင်း ပေါ်ပေါက်သည်။

တရားရုံးများလက်စွဲအပိုဒ် ၆၂၅ အရ ရာဇသတ်ကြီးပုဒ်မ ၃၂၀ နှင့်သက်ဆိုင်သမျှ အကြောင်းအချက်အားလုံးကို ဆေးဘက်ဆိုင်ရာသက်သေထံမှ သိရှိရအောင် ရာဇဝတ်တရားသူကြီးက စစ်ဆေးပြီးနောက် နာကျင်စေမှုသည် အပြင်းအထန်နာကျင်စေမှု ဟုတ် မဟုတ် ကို ရာဇဝတ်တရားသူကြီးကိုယ်တိုင် ဆုံးဖြတ်ရမည်ဖြစ်သည်။

ဘေးဖြစ်စေတတ်သော လက်နက်ဖြစ်သည့် အသွားချွန်ထက်သည့်ဓားဖြင့် အလိုအလျောက် အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်သည်ဟု ညွှန်ပြသည့်သက်သေခံချက်များ ငြိစွန်းနေ၍ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် စွဲချက်တင်ဖြေရှင်းစေခြင်းဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးမြင့်ဌေး၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက်- (၁) ဒေါ်တင်နီလာဦး၊
လက်ထောက်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၂၀၁၈ ခုနှစ်

အမောင် (ခ)
ခင်မောင်ဝင်း (ခ)
ခင်မောင်ဌေး
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ ၂

(၂) ဦးအောင်ဝင်း၊
တရားလွှတ်တော်ရှေ့နေ

သာစည်မြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၉၃ တွင် တရားခံအမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဌေးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ စွဲချက်တင်သည့်အမိန့်ကို မိတ္ထီလာခရိုင်တရားရုံးက ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၄ တွင် ပယ်ဖျက်၍ ရာဇသတ်ကြီးပုဒ်မ ၃၂၄ အရ စွဲချက်တင်ပြီး အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို တရားလို ဦးခင်မောင်ရွှေက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၉၅ (ခ) ဖြင့် တင်သွင်းလျှောက်ထားရာ ပြင်ဆင်မှုကိုခွင့်ပြုပြီး ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ တရားခံအပေါ် စွဲချက်တင်သည့် သာစည်မြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုလိုက်သဖြင့် တရားခံ အမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဌေး က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၂၁-၉-၂၀၁၅ ရက်နေ့တွင် သာစည်မြို့နယ်၊ သမင်ဇာကုန်းကျေးရွာ၊ ဦးခင်မောင်ရင်၏နေအိမ်၌ အမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဌေးက ဓားဖြင့်ထိုးသောကြောင့်

ဦးသန်းဆွေတွင်ဒဏ်ရာများရရှိသဖြင့် ဦးသန်းဆွေ၏ယောက်ဖ တော်သူ ဦးခင်မောင်ရွှေက သာစည်ရဲစခန်း၌ တိုင်ချက်ရေး ဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ် သည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက သာစည် ဆေးရုံ၏ဆေးစာ သက်သေခံ (က) နှင့် မိတ္ထီလာ ဆေးရုံ၏ ဆေးစာ သက်သေခံ (ဂ) နှင့် ဒဏ်ရာရရှိသူ ဦးသန်းဆွေ ရုံးရှေ့ ထွက်ဆိုချက်တို့အရ ဦးသန်းဆွေတွင် ရရှိသောဒဏ်ရာနှင့် ပတ်သက်၍ ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ သွေးသွင်း ကုသရမှုမရှိကြောင်း ပေါ်ပေါက်သည့်အပြင် မည်သည့် အသက် အန္တရာယ်ရှိစေနိုင်သော ခန္ဓာကိုယ်အစိတ်အပိုင်းအား ထိခိုက်မိ ၍ ပြင်းထန်ဒဏ်ရာဖြစ်သည်ဟုလည်းကောင်း၊ မည်သည့်ဒဏ်ရာ ကြောင့် အသက်အန္တရာယ်ရှိသည်ဟုလည်းကောင်း ဖော်ပြခဲ့ ခြင်းမရှိဘဲ ဒဏ်ရာ (၁) နှင့် (၂) သည် ပြင်းထန်ဒဏ်ရာ (အသက်အန္တရာယ်ရှိ) ဟု ထင်မြင်ယူဆချက်ပေးရုံမျှဖြင့် ၎င်း ထင်မြင်ချက်အပေါ်မူတည်၍ ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ စွဲချက်တင်သည့်အမိန့်သည် ဥပဒေအရ မှားယွင်းနေကြောင်း၊ နာကျင်စေမှုသည် အပြင်းအထန်နာကျင်စေမှု ဟုတ် မဟုတ်ကို ရာဇဝတ်တရားသူကြီးက မည်ကဲ့သို့ ဆုံးဖြတ်ရမည်ကို **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်အေးလွင် အမှု** [၁] တွင်

၂၀၁၈ ခုနှစ်

အမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဌေး

နှင့်

ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် ပါ ၂

၁။ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၄၇။

တရားရုံးတို့မည်သည် ဆရာဝန်၏ထင်မြင်မှုဖြင့်သာ ထွက်ဆိုသော ထွက်ချက်နောက်သို့လိုက်ပါ၍ ဒဏ်ရာအမျိုးအစားကို သတ်မှတ်ရန်မဟုတ်၊ ယင်းထွက်ချက်ကို အခြားသောသက်သေခံချက်များနှင့်ဆက်စပ်၍ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နာကျင်မှုအမျိုးအစားခွဲခြားသတ်မှတ်ရန်မှာ တရားရုံးများလက်စွဲအပိုဒ် ၆၂၅ အရ တရားရုံးများ၏တာဝန်ဖြစ်သည်ဟု စီရင်ထုံးဖွဲ့ခဲ့ကြောင်း၊ ဆေးစာများနှင့်ပတ်သက်၍ သက်သေခံဥပဒေပုဒ်မ ၃၂ တွင် ဖော်ပြထားသည့် အကြောင်းတစ်ခုခုကြောင့် ဆေးဘက်ဆိုင်ရာအရာရှိကိုယ်တိုင် မလာရောက်နိုင်ခြင်းမှလွဲ၍ လူနာကိုမှချကြည့်ရှုစစ်ဆေးကုသရသူ ဆေးဘက်ဆိုင်ရာအရာရှိအားစစ်ဆေးရမည်ဟု တရားရုံးများလက်စွဲအပိုဒ် ၆၂၆ တွင် ပြဋ္ဌာန်းထားကြောင်း၊ သက်သေခံ (ဂ) ဆေးစာရေးသား ပေးခဲ့သည့် မိတ္ထီလာဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဟန်စိုးသည် သက်သေအဖြစ်အစစ်ခံရန်သမ္မန်စာထုတ်ဆင့်ခဲ့သော်လည်း လာရောက်ခြင်းမရှိကြောင်း၊ ဒေါက်တာ ဟန်စိုးသည် သက်သေခံဥပဒေပုဒ်မ ၃၂ အရ သေဆုံးခြင်း သို့မဟုတ် ဆင့်ခေါ်ရန်ခက်ခဲသောဒေသသို့ ပြောင်းရွှေ့သွားခြင်းကြောင့် သမ္မန်စာဆင့်ခေါ်၍ မရလျှင် ၎င်းကိုယ်စား ၎င်း၏လက်ရေးလက်သားသိသူ အခြားဆရာဝန်တစ်ဦးက ဒေါက်တာဟန်စိုး၏ ဆေးကုသမှုမှတ်တမ်းများကိုကြည့်ရှု၍ ထွက်ဆိုရမည်ဖြစ်ကြောင်း၊ မိတ္ထီလာဆေးရုံ၏

၂၀၁၈ ခုနှစ်

အမောင် (ခ)
ခင်မောင်ဝင်း (ခ)
ခင်မောင်ဌေး
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ ၂

ဆေးစာသက်သေခံ (ဂ) အား ကြည့်ရှုထွက်ဆိုချက်ပေးသူ ဒေါက်တာ ထူးအိမ်ဇင်သည် ဒေါက်တာဟန်စိုး၏ လက်ရေးလက်သားကိုမသိဘဲ ဒေါက်တာဟန်စိုး၏ ဆေးမှတ်တမ်းမပါဘဲ ဆေးစာသက်သေခံသွင်းနိုင်ရုံအတွက်သာ ဖတ်ရှုအစစ်ဆေးခံခြင်းသည် ဥပဒေအရ ညီညွတ်မှုမရှိသည့်အပြင် တရားရုံးများလက်စွဲအပိုဒ် ၆၂၆ ပါ ပြဋ္ဌာန်းချက်အရ တစ်ဆင့်ကြား သက်သေခံချက်ဖြစ်၍ သက်သေခံမဝင်ကြောင်း၊ သာစည်မြို့နယ်တရားရုံး၏အမိန့်နှင့် ၎င်းအမိန့်အားအတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်များသည် ဥပဒေအရမှားယွင်းနေ၍ မိတ္ထီလာခရိုင်တရားရုံးက ရာဇသတ်ကြီး ပုဒ်မ ၃၂၄ အရ စွဲချက်တင်ရန် ချမှတ်ခဲ့သည့်အမိန့်ကို အတည်ပြုပေးပါရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွင် ဒဏ်ရာအခြေအနေကြောင့် သာစည်ဆေးရုံမှ မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံသို့ လွှဲပို့ခဲ့သောလူနာ၏ဆေးစာအတွက် မိတ္ထီလာခရိုင်ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဟန်စိုးနှင့် ဆေးရုံအုပ်ကြီးတို့ လက်မှတ်ရေးထိုးထားသည့် ဆေးစာမှတ်တမ်းဖြစ်ခြင်း၊ အခြားသက်သေခံချက်များအရလည်း တရားခံ အမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဌေးက ဓားနှင့်ထိုးကြောင်း ပေါ်ပေါက်ပြီးဖြစ်ခြင်းတို့

ကြောင့် သာစည်မြို့နယ်ဆေးရုံအုပ်ကြီး၏ ညွှန်ကြားချက်အရ လက်ထောက်ဆရာဝန် ဒေါက်တာ ထူးအိမ်ဇင် (လိုပြ - ၁၁) က သက်သေခံ (ဂ) ဆေးစာကို သက်သေခံအဖြစ် တင်ပြထွက်ဆိုခြင်းသည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သောကြောင့် မူလမြို့နယ်တရားရုံးက တရားခံကို ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ စွဲချက်တင်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ အမိန့်များသည် မှားယွင်းခြင်းမရှိကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်အေးလွင် အမှု**၊ တရားရုံးများလက်စွဲ အပိုဒ် ၆၂၅ သက်သေခံဥပဒေပုဒ်မ ၃၂ နှင့် ၃၅ တို့ကိုကိုးကား၍ လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ၏ တရားလွှတ်တော်ရှေ့နေ က သက်သေခံ (ဂ) ဆေးစာ၏တွေ့ရှိချက် အမှတ်စဉ် (၂) တွင် ခါးဆစ်ရိုး (L4, L5) ပေါ်တွင် (၁ x ၁.၅) လက်မခန့်ရှိ ထိုးသွင်းဒဏ်ရာ၊ အမှတ်စဉ် (၄) တွင် ယာဒူးတွင် ၂ လက်မခန့်အရှည် (၁.၅) လက်မခန့်နက်သော ထိုးသွင်း ဒဏ်ရာ၊ အမှတ်စဉ် (၅) တွင် ၎င်းယာဒူးအတွင်း ၁ လက်မ ခန့်အရှည် (၁.၅) လက်မခန့်ထူနက်သော ဓားဦးဟုယူဆရသော သတ္တုအစတစ်ခု ထုတ်ယူရရှိကြောင်း၊ အတွင်းလူနာအဖြစ် SW (အထူးကြပ်မတ်ဆောင်) တွင် ကုသမှုခံယူခဲ့ရကြောင်းနှင့် ထင်မြင်ယူဆချက်

ဒဏ်ရာ (၁) (၂) ပြင်းထန်ဒဏ်ရာ (အသက်အန္တရာယ်ရှိ)၊ လက်နက်မှာ၍ ချွန်ထက်သောလက်နက် (ဓားဦးပိုင်း) ကျိုးပဲ့၍ ကျန်ခဲ့သည်ဟုလည်းကောင်း ဖော်ပြထားသည့်အပြင် ဒဏ်ရာ ရရှိသူ ဦးသန်းဆွေ (လိုပြ - ၁) ၏ ရုံးရှေ့ထွက်ဆိုချက်တွင် တရားခံမှ ၎င်းအား ထိုး၍ထိုးမိခဲ့သော ဒဏ်ရာများအနက် ၎င်း၏ညာဘက်ဒူး ကို ထိုးစိုက်မိသည့်အခါ ဒုတ်ကနဲအသံမည်၍ ဓားမှာ ၎င်း၏အရိုးထဲဝင်ရောက်သွားပြီးနောက် ၎င်း၏ဒူးရိုး ထဲတွင် ဓားအသွားထိပ်ဖျားမှာ ကျိုးကျန်ခဲ့ကြောင်း ထွက်ဆို ချက်များနှင့် အချင်းဖြစ်စဉ်က တရားခံအသုံးပြုသည့် အရိုး အသွား ၉ လက်မခန့်ရှိ ဓားဦးကျိုးပိုင်းနှင့် ဦးသန်းဆွေ၏ ယာဘက်ဒူးအတွင်းမှ (၁.၃) လက်မခန့်ရှိ ဓားဦးပိုင်းတို့ကို သိမ်းဆည်းခဲ့သည့် သက်သေခံ (ဃ)၊ (ဃ-၁) ရှာဖွေပုံစံများ အရ ရာဇသတ်ကြီးပုဒ်မ ၃၂၀ ၏ ပဉ္စမအပိုဒ်ပါ ကိုယ်လက်အင်္ဂါ အဆစ်အမြစ် တစ်ခုခု၏အင်အားကို ဖျက်ဆီးခြင်းဟူသော အချက်အရ အပြင်းအထန်နာကျင်စေမှုဖြစ်အောင် ဓား (သေး ဖြစ်စေသည့်လက်နက်) ဖြင့် ပြုလုပ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက် နေသဖြင့် မူလရုံးက တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ စွဲချက်တင်သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တို့မှာ ဥပဒေ အရ မှားယွင်းသည်ဟု မဆိုသာကြောင်း လျှောက်လဲတင်ပြ

၂၀၁၈ ခုနှစ်

အမောင် (ခ)
ခင်မောင်ဝင်း (ခ)
ခင်မောင်ဒွေး
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ ၂

သည်။

မူလသာစည်မြို့နယ်တရားရုံးက တရားခံ အမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဒွေး အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရ စွဲချက်တင်သည့်အမိန့်ကို ပြန်လည် အတည်ပြုသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် ဥပဒေအရ မှားယွင်းခြင်း ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

အမှုတွင် ၂၁-၉-၂၀၁၅ ရက်နေ့ မနက် ၁၁ နာရီကျော်ခန့်အချိန် သာစည်မြို့နယ်၊ ရွာမွန်သာကျေးရွာနေ ဦးသန်းဆွေ (လိုပြ-၁) သည် သိုးကျောင်းရင်း သမင်ဇာကုန်း ကျေးရွာရှိ ဦးခင်မောင်ရင်၏နေအိမ်တွင် ရောက်နေစဉ် အမောင် (ခ) ခင်မောင်ဝင်း (ခ) ခင်မောင်ဒွေးနှင့် ၎င်း၏ယောက်ဖတို့ ရောက်လာပြီး အမောင်က ၎င်းထံတွင် အသင့်ပါလာသောဓားဖြင့် ဦးသန်းဆွေ (လိုပြ -၁) ကို ၁၅ ချက်ခန့် ဆက်တိုက်ထိုးရာ ဦးသန်းဆွေ (လိုပြ -၁) က ရှောင်ရင်းတိမ်းရင်း ၄ ချက်ခန့်သာ အထိုးခံရပြီး ဒဏ်ရာများရရှိခဲ့ကြောင်း ဦးသန်းဆွေ (လိုပြ - ၁) ၏ ထွက်ဆိုချက်အရ ပေါ်ပေါက်သည်။

ဦးသန်းဆွေ (လိုပြ - ၁) ၏ဒဏ်ရာများကို သာစည်မြို့နယ်ဆေးရုံတွင် ရှေးဦးစွာ ပြသခဲ့ပြီးမှ မိတ္ထီလာပြည်သူ့ဆေးရုံသို့ ဆက်လက်ပြသခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

သာစည်မြို့နယ်ပြည်သူ့ဆေးရုံ၏ သက်သေခံ (က) ဆေးစာနှင့် သာစည်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင် (လိုပြ-၆) ၏ ထွက်ဆိုချက်တို့အရ ဦးသန်းဆွေတွင် ဝဲဘက်နောက်ကျော၊ ခါး၊ ဝဲဘက်လက်ဖျံ၊ ယာဘက်လက်မောင်းတို့တွင် ထိုးသွင်းဒဏ်ရာ ၁ ခုစီ၊ ယာဘက်ဒူးတွင် ပြတ်ရှဒဏ်ရာ ၁ ချက်ရရှိခဲ့ကြောင်း၊ သာစည်မြို့နယ်ဆေးရုံသို့ ၁၁:၄၅ နာရီအချိန်တွင် လွှဲပြောင်းပေးခဲ့ကြောင်းပေါ်ပေါက်သည်။ ဦးသန်းဆွေ (လိုပြ-၁) မှာ သာစည်မြို့နယ်ဆေးရုံတွင် မိနစ် ၃၀ ခန့်သာ ကြာမြင့်ပြီး ဒေါက်တာဇော်ဝင်းနိုင် (လိုပြ-၆) ကလည်း ဦးသန်းဆွေ (လိုပြ-၁) ၏ ဒဏ်ရာအခြေအနေအရ သွားလိုသည်ဖြစ်စေ၊ မသွားလိုသည်ဖြစ်စေ၊ မဖြစ်မနေလွှဲပြောင်းပေးရမည့် ဒဏ်ရာအခြေအနေဖြစ်ကြောင်း ၎င်းအား ပြန်လှန်မေးမြန်းရာတွင် ထွက်ဆိုထားသည်။

မိတ္ထီလာမြို့၊ ပြည်သူ့ဆေးရုံကြီး၏ သက်သေခံ (ဂ) ဆေးစာအရ ဦးသန်းဆွေ (လိုပြ-၁) တွင်ရရှိသော ဒဏ်ရာများမှာ ဒဏ်ရာ (၁) ဝဲဘက်နောက်ကျောအပေါ်ပိုင်းတွင် ၁ လက်မခန့်ရှည်အရိုးထိနက်သော (ကန့်လန့်ဖြတ်) အတွင်းပိုင်းသို့ ထိုးသွင်းဒဏ်ရာ ၁ ခု၊ ဒဏ်ရာ (၂) ခါးဆစ်ရိုး (L4, L5) ပေါ်တွင် (၁ x ၁.၅) လက်မခန့်ရှိ ထိုးသွင်းဒဏ်ရာ ၁ ခု၊

၂၀၁၈ ခုနှစ်

အမောင် (ခ)
ခင်မောင်ဝင်း (ခ)
ခင်မောင်ဌေး
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာ
နိုင်ငံတော် ပါ ၂

(၎င်းဒဏ်ရာအဝတွင် သွေးခဲများရှိနေသည်)၊ ဒဏ်ရာ (၃) ယာလက်မောင်းပေါ်တွင် ၂ လက်မခန့်အရှည် (၁.၅) လက်မ (ကြွက်သားအထိနက်) ခန့် ထိုးသွင်းဒဏ်ရာ ၁ ခု၊ ဒဏ်ရာ (၄) ယာဒူးတွင် ၂ လက်မခန့်ရှည် (၁.၅) လက်မ ခန့်နက်သော ထိုးသွင်းဒဏ်ရာ ၁ ခုတို့ဖြစ်ပြီး အတွင်းလူနာအဖြစ် ၂၁-၉-၂၀၁၅ ရက်နေ့မှ ၂၉-၉-၂၀၁၅ ရက်နေ့အထိ ကုသမှုခံယူခဲ့ရသည်။ ဆေးစာတွင် ထင်မြင်ယူဆချက်မှ ဒဏ်ရာ (၁) နှင့် (၂) ကို ပြင်းထန်ဒဏ်ရာ (အသက် အန္တရာယ်ရှိ) ဒဏ်ရာ (၃) နှင့် (၄) ကို သာမန်ဒဏ်ရာ ဖြစ်သည်။

ဒဏ်ရာ (၄) ယာဒူးထိုးသွင်းဒဏ်ရာကို သာမန်ဒဏ်ရာဟု ထင်မြင်ချက်ပေးထားသော်လည်း ထိုယာဒူးအတွင်း မှ ၁ လက်မခန့်ရှည် (၁.၅) လက်မခန့်နက်သော ဓားဦးဟု ယူဆရသော သတ္တုအစတစ်ခုကို ထုတ်ယူရရှိခဲ့သည်။ ဦးသန်းဆွေ (လိုပြ-၁) ၏ထွက်ဆိုချက်တွင်လည်း ၎င်း၏ယာဒူးတွင် ဓားဖြင့်ထိုးစိုက်ခံရပြီး ဒူးရိုးထဲတွင် ဓား၏အသွားထိပ်ဖျား ကျိုး၍ကျန်ခဲ့ကြောင်း ပေါ်ပေါက်သည်။

တရားရုံးများလက်စွဲအပိုဒ် ၆၂၅ အရ ရာဇသတ်ကြီးပုဒ်မ ၃၂၀ နှင့်သက်ဆိုင်သမျှ အကြောင်းအချက်အားလုံးကို ဆေးဘက်ဆိုင်ရာ သက်သေထံမှ သိရှိရအောင် ရာဇဝတ်တရား

သူကြီးက စစ်ဆေးပြီးနောက် နာကျင်စေမှုသည် အပြင်းအထန် နာကျင်စေမှု ဟုတ် မဟုတ် ကို ရာဇဝတ်တရားသူကြီးကိုယ်တိုင် ဆုံးဖြတ်ရမည်ဖြစ်သည်။

သက်သေခံ (ဂ) ဆေးစာပါ ထင်မြင်ချက်နှင့် ရှေးဦး ကုသခဲ့သည့် သာစည်မြို့နယ်၊ ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဇော်ဝင်းနိုင် (လိုပြ - ၆) ၏ ထွက်ဆိုချက်တို့အရ ဦးသန်းဆွေ (လိုပြ - ၁) သည် ရာဇသတ်ကြီးပုဒ်မ ၃၂၀၊ အဋ္ဌမအပိုဒ်အရ အသက်အန္တရာယ်ဖြစ်စေအောင် ထိခိုက်ခြင်းရှိခဲ့သည်ဟု ယူဆ နိုင်သည့်အခြေအနေ ပေါ်ပေါက်နေသည်။

သို့ဖြစ်၍ အမှုတွင်ပေါ်ပေါက်ချက်အရ မူလသာစည် မြို့နယ်တရားရုံးက တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ စွဲချက်တင်ခဲ့သည့်အမိန့်ကို ပြန်လည်အတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် ဥပဒေ အရမှားယွင်းသည်ဟု မဆိုနိုင်ပေ။

အမှုတွင် မိတ္ထီလာဆေးရုံမှ သက်သေခံ (ဂ) ဆေးစာ ကို သာစည်ဆေးရုံမှ ဒေါက်တာထူးအိမ်ဇင် (လိုပြ - ၁၁) နှင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။ ဒေါက်တာထူးအိမ်ဇင် (လိုပြ - ၁၁) ကို ပြန်လှန်စစ်မေးရာတွင် သက်သေခံ (ဂ) ဆေးစာပေါ်မှ ဒေါက်တာဟန်စိုး၏လက်မှတ်ကို မသိရှိကြောင်း ထွက်ဆို

ထားသည်ကို တွေ့ရသော်လည်း တရားခံဘက်က ဒေါက်တာထူးအိမ်ဇင် (လိုပြ - ၁၁) အား ဆေးစာပါအကြောင်း အရာများပြန်လှန် မေးမြန်းခဲ့သည်ကိုလည်း တွေ့ရသည်။

ဘေးဖြစ်စေတတ်သော လက်နက်ဖြစ်သည့် အသွားချွန်ထက်သည့်ဓားဖြင့် အလိုအလျောက် အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်သည်ဟုညွှန်ပြသည့် သက်သေခံချက်များငြိစွန်းနေ၍ သက်ဆိုင်ရာဥပဒေပုဒ်မဖြင့် စွဲချက်တင် ဖြေရှင်းစေခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးအနေဖြင့် တရားမျှတစွာစီရင်ဆုံးဖြတ်နိုင်ရန် လိုအပ်မည်ဟု ထင်မြင်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ အမှု၏မည်သည့်အဆင့်၌မဆို တစ်ဦးတစ်ယောက်ကိုသက်သေအဖြစ် ထပ်မံခေါ်ယူစစ်ဆေးနိုင်သည့်ကျယ်ပြန့်သောအာဏာရှိသည့်နည်းတူ တရားခံဘက်မှလည်းဖြေရှင်းနိုင်သည်။ လိုအပ်လျှင် လျှောက်ထားဆောင်ရွက်နိုင်သည့် အခွင့်အရေးများလည်း ရှိနေသည်ဖြစ်၍ ဝင်ရောက်ပြင်ဆင်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကိုပလပ်သည်။

# ၂၀၁၈ ခုနှစ်

# တရားမဆိုင်ရာအမှုများ

ဥပဒေများ - စာမျက်နှာ

- ကာလစည်းကမ်းသတ်အက်ဥပဒေ
- မြန်မာခလေ့ထုံးတမ်းဥပဒေ
- သက်သေခံအက်ဥပဒေ
- အစ္စလာမ်တရားဥပဒေ

**နှစ်စဉ်ဖြစ်သော ထိခိုက်နစ်နာစေမှုအတွက် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၂၂ အရ ထိခိုက်နစ်နာစေမှုကျူးလွန်သည့်နေ့ရက်ကို ရေတွက်ရာတွင် နောက်ဆုံးနစ်နာမှုကို ဖြစ်စေသည့်နေ့ရက်မှ စတင်ရေတွက်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အမှုတွင် တရားလိုများ၏နစ်နာဆုံးရှုံးမှုသည် ၂၀၀၈ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့ရာ ထိုစဉ်က တရားစွဲဆိုပိုင်ခွင့်ရရှိသကဲ့သို့ နှစ်စဉ်နစ်နာစေမှုကိုဖြစ်ပေါ်စေခဲ့သဖြင့် နောက်ဆုံးနစ်နာမှုကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ထပ်မံ၍တရားစွဲဆိုခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ ကာလစည်းကမ်းသတ်ကိုစတင်ရေတွက်ပါက ၁၄-၅-၂၀၁၄ ရက်နေ့တွင်တရားလိုများ စွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား အမှတ်စဉ် ၂၂ အရ စည်းကမ်းသတ်ကာလ ၁ နှစ်

ထက်ကျော်လွှန်နေကြောင်း မှာ ပေါ်လွင်ထင်ရှားသည်။ စာမျက်နှာ

ဦးစိုးနိုင် ပါ ၉ နှင့် Myanmar Pongpipat Co.,Ltd ပါ ၂ ၃၀

**ဖခင်တစ်ဦးတည်းကိုတွဲမစာချုပ်ဖြင့် မွေးစားခြင်းခံရသူ သည် မွေးစားဖခင် နောက်အိမ်ထောင်ပြုချိန်တွင် ဖခင်ထံမှ အမွေတောင်းခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘတစ်ဦးဦးကွယ်လွန်ပြီးနောက်ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုလျှင် ကျန်ရစ်သူမိဘထံမှ အမွေတောင်းခွင့် ရှိပေသည်။ အကယ်၍ ထိုကဲ့သို့တောင်းခံခဲ့ခြင်းမရှိလျှင် မိရင်းဖရင်းသေဆုံးသောအခါ မိထွေးပထွေးထံမှ အမွေတောင်းခွင့်ရှိပေသည်။ အကြောင်းမူကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြုပြီး သားသမီးတို့က ထိုမိဘထံမှ အမွေတောင်းခံခြင်းမှာ ကွယ်လွန်သူ အမိ သို့မဟုတ် အဖ၏ အမွေစားအမွေခံအဖြစ်ဖြင့် တောင်းခံခြင်းဖြစ်သည်။ မိရင်းဖရင်းသေဆုံးသွား၍ မိထွေး၊ ပထွေးထံမှ အမွေတောင်းခံခြင်းမှာမူ ကွယ်လွန်သွားသည့် မိရင်းဖရင်း၏ အမွေစားအမွေခံအဖြစ်ဖြင့် တောင်းခံခြင်းဖြစ်ပေသည်။

ဤအမှုတွင် တရားလို ဒေါ်ခင်မာချိုအား တရားပြိုင် စာမျက်နှာ
ဦးညွှန့်အောင်တစ်ဦးတည်းကသာ မွေးစားခြင်းဖြစ်သဖြင့် ဦးညွှန့်အောင် နောက်အိမ်ထောင်ပြုချိန်တွင် ဇနီးဒေါ်ခင်နိုင်၏ ဝေစုကို တရားလိုဒေါ်ခင်မာချိုကရရန် အကြောင်းမရှိပေ။ တရားလိုသည် မွေးစားဖခင်ထံမှ ၎င်း၏မိခင်မဟုတ်သော ဒေါ်ခင်နိုင်၏ဝေစုကို အမွေစီမံခန့်ခွဲပေးရန် တောင်းဆိုခွင့်ရှိမည် မဟုတ်သည်မှာ မြင်သာသည်။ တစ်နည်းအားဖြင့် ဒေါ်ခင်နိုင်သည် တရားလို၏ မွေးစားမိခင်မဟုတ်သဖြင့် ဒေါ်ခင်နိုင်၏ အမွေကို တရားလိုကဆက်ခံခွင့်ရှိမည် မဟုတ်သည်မှာ ထင်ရှားသည်။

ဒေါ်ခင်မာချို နှင့် ဦးညွှန့်အောင် ၁၆

နိုင်ငံခြားတိုင်းပြည်တွင် ပြုလုပ်သည့် ကိုယ်စားလှယ်လွှဲစာကို
ဖြစ်စေ၊ အခြားစာမှတ်စာတမ်းတစ်စုံတစ်ရာကိုဖြစ်စေ၊ သက်သေခံတင်သွင်းရာတွင် သက်ဆိုင်ရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်သည် အဆိုပါကိုယ်စားလှယ်လွှဲစာကိုဖြစ်စေ၊ အခြားစာမှတ်စာတမ်းကိုဖြစ်စေ ၎င်းရှေ့တွင်ပြုလုပ်

ခြင်းမှန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်းလက်မှတ် စာမျက်နှာ
ရေးထိုးသူ နိုတြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံက
ဥပဒေအရခန့်ထားသည့် နိုတြီပဗ္ဗလစ်ဖြစ်ကြောင်း၊
အဆိုပါနိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံး
အရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့်လက်မှတ်
ရေးထိုးအတည်ပြုရန် လိုအပ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ နိုင်ငံခြားတိုင်းပြည်တွင် ပြုလုပ်သည့် ကိုယ်စားလှယ်လွှဲစာကိုဖြစ်စေ၊ အခြားစာမှတ်စာတမ်းတစ်စုံ တစ်ရာကိုဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်သည် ၎င်း ရှေ့တွင်ပြုလုပ်ခြင်းမှန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်း လက်မှတ်ရေးထိုးသူ နိုတြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံက ဥပဒေအရခန့်ထားသည့် နိုတြီပဗ္ဗလစ်ဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့်လက်မှတ်ရေးထိုး အတည် ပြုမှသာ ယင်းကိုယ်စားလှယ်လွှဲစာကို မြန်မာနိုင်ငံတရားရုံးက သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရမှတ်ယူခွင့်ရှိမည်ဖြစ်သည်။ အခြားစာမှတ်စာတမ်းဖြစ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကြောင်း လက်မှတ်ထိုးပြီး သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က အတည်ပြုလုပ် လက်မှတ်ထိုးမှသာ သက်သေခံအက်ဥပဒေပုဒ်မ ၇၈ ပုဒ်ခွဲ ၆

အရ သက်သေထင်ရှားပြနိုင်မည် ဖြစ်သည်။ စာမျက်နှာ

တရားလိုများက သက်သေခံတင်ပြသည့် အမှတ် ၇ တရားလိုကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်းကို အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းလေယာဉ်ကွင်းအာဏာပိုင်က သက်သေခံ လက်မှတ်ထိုးထားသော်လည်း သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ လိုအပ်သည့်အတိုင်း အဆိုပါနိုင်ငံ၏ နိုတြီပဗ္ဗလစ်က မှန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားခြင်းမရှိသဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ တရားရုံးက မှန်သည်ဟု မှတ်ယူခြင်းပြုနိုင်မည်မဟုတ်ပေ။ အကယ်၍ အဆိုပါအစည်း အဝေးမှတ်တမ်းသည် ကိုယ်စားလှယ်လွှဲအပ်စာမဟုတ်ဟု ဆို လျှင်လည်း သက်သေခံအက်ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ ၆ အရ နိုတြီပဗ္ဗလစ်ကမှန်ကြောင်း လက်မှတ်ရေးထိုးခြင်းမရှိသဖြင့် တရားရုံးတွင် သက်သေထင်ရှားပြခွင့်မရှိပေ။

Seasons Overseas Pte.,Ltd ပါ ၉ နှင့် Great Light Co.,Ltd ပါ ၇ ၄၃

(ကစ)　　　　　　　　　　ညွှန်းချက်

**အစ္စလာမ်တရားဥပဒေအရ ဟိဘာ (Hiba) ပေးကမ်းခြင်းတွင် စာမျက်နှာ မိမိပိုင်ပစ္စည်းအားလုံးကို ပေးကမ်းခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မှတ်ပုံတင်စာချုပ်အမှတ် ၂၆၂၂/ ၁၉၉၈ သက်သေခံ (၃) မှာ ဒေါ်ကြည်က ဦးဝင်းကျော်သို့ အချင်းဖြစ် အဆောက်အအုံအား အဆုံးအပိုင်လွှဲပြောင်းပေးသည့် အပေးစာချုပ် ဖြစ်ပြီး သေတမ်းစာမဟုတ်ပေ။ အစ္စလာမ်တရားဥပဒေအရ ဟိဘာ (Hiba) ခေါ် ပေးကမ်းခြင်းဖြစ်သည်။ မွတ်စလင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မိမိပိုင်ဆိုင်သော ပစ္စည်း အားလုံးကို တစ်ခုမကျန်ပေးကမ်းပိုင်ခွင့်ရှိသည်။ သေတမ်းစာ အရ ပစ္စည်း၏ ၃ ပုံ ၁ ပုံသာ ပေးကမ်းခွင့်ရှိသည်ဟူသော ကန့်သတ်ချက်မျိုး ပေးကမ်းခြင်းတွင်မရှိချေ။

ဦးကျော်ဇော်　　နှင့်　　ဒေါ်မိုလ်မ (ခ) ဒေါ်ဌေးဌေး ပါ ၄　　　　၁

+၂၀၁၈ ခုနှစ်

ဖေဖော်ဝါရီလ ၇ ရက်

တရားမအယူခံမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

ဦးသာဌေး ရှေ့တွင်

ဦးကျော်ဇော

နှင့်

ဒေါ်ဗိုလ်မ (ခ) ဒေါ်ဌေးဌေး ပါ ၄ *

**အစ္စလာမ်တရားဥပဒေအရ ဟိဘာ (Hiba) ပေးကမ်းခြင်းတွင် မိမိပိုင်ပစ္စည်းအားလုံးကို ပေးကမ်းခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မှတ်ပုံတင်စာချုပ်အမှတ် ၂၆၂၂/ ၁၉၉၈ သက်သေခံ (၃) မှာ ဒေါ်ကြည်က ဦးဝင်းကျော်သို့ အချင်းဖြစ် အဆောက်အအုံအား အဆုံးအပိုင်လွှဲပြောင်းပေးသည့် အပေးစာချုပ် ဖြစ်ပြီး သေတမ်းစာမဟုတ်ပေ။ အစ္စလာမ်တရားဥပဒေအရ

---

* ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၀၆

\+ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၆ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက် နှင့်ဒီကရီအပေါ် အယူခံမှု

၂၀၁၈ ခုနှစ်
ဦးကျော်ဇော
နှင့်
ဒေါ်ဗိုလ်မ (ခ)
ဒေါ်ဌေးဌေး ပါ ၄

ဟိဘာ (Hiba) ခေါ် ပေးကမ်းခြင်းဖြစ်သည်။ မွတ်စလင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မိမိပိုင်ဆိုင်သော ပစ္စည်း အားလုံးကို တစ်ခုမကျန်ပေးကမ်းပိုင်ခွင့်ရှိသည်။ သေတမ်းစာ အရ ပစ္စည်း၏ ၃ ပုံ ၁ ပုံသာ ပေးကမ်းခွင့်ရှိသည်ဟူသော ကန့်သတ်ချက်မျိုး ပေးကမ်းခြင်းတွင်မရှိချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးကျော်သန်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | (၁)(၂)(၃) ဦးတင်မောင်ဝင်း တရားလွှတ်တော်ရှေ့နေ (၄) ဦးမျိုးအောင်၊ တရားလွှတ်တော်ရှေ့နေ |

မန္တလေးခရိုင်တရားရုံး၏ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇၁ တွင် တရားလို ဦးကျော်ဇောက တရားပြိုင် ဒေါ်ဗိုလ်မ (ခ) ဒေါ်ဌေးဌေး ပါ - ၄ ဦးအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေ လိုမှုစွဲဆိုရာ အမွေပုံပစ္စည်းကျန်ရစ်ခြင်းမရှိ၍ တရားလို၏အမှု ကို စရိတ်နှင့်တကွပလပ်ခဲ့သည်။ ယင်းဒီကရီအပေါ် မူလရုံး တရားလိုက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၆ ဖြင့် အယူခံမှုတင်သွင်း ရာတွင် ပလပ်လိုက်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်

၂၀၁၈ ခုနှစ်
ဦးကျော်ဇော
နှင့်
ဒေါ်မိုလ်မ (ခ)
ဒေါ်ဌေးဌေး ပါ ၄

ချုပ်သို့ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် အစ္စလာမ်ဘာသာဝင်ဖြစ်သော ဦးဘကြူ၊ ဒေါ်ကြည်တို့တွင် ဦးကျော်ဇော (တရားလို)၊ ဟာဂျီဦးလွန်းမောင်၊ ဒေါ်အာစီယက် (ခ) ဒေါ်စိန်စိန်၊ ဒေါ်ခတီမာ (ခ) ဒေါ်ကြင်ကြင် တို့မွေးဖွားကြောင်း၊ ဦးဘကြူသည် ၁၉၉၀ ပြည့်နှစ်၊ ဒေါ်ကြည် သည် ၁၉၉၈ ခုနှစ်၊ ဒေါ်အာစီယက် (ခ) ဒေါ်စိန်စိန်သည် ၁၉၉၆ ခုနှစ်၊ ဒေါ်ခတီမာ (ခ) ဒေါ်ကြင်ကြင်သည် ၁၉၉၇ ခုနှစ်တို့တွင် အသီးသီးကွယ်လွန်ကြောင်း၊ ဒေါ်အာစီယက် (ခ) ဒေါ်စိန်စိန် ကွယ်လွန်၍ သားဖြစ်သူ (၄) တရားပြိုင် ဦးဝင်းကျော် ကျန်ရစ် ကြောင်း၊ ဦးလွန်းမောင်ကွယ်လွန်၍ ၎င်း၏ဇနီး ဒေါ်မိုလ်မ (ခ) ဒေါ်ဌေးဌေး၊ သမီးဖြစ်သူ ဒေါ်သန္တာဦး၊ သားဖြစ်သူ ဦးဇော်လွန်းအောင် နှင့် တရားလိုတို့မှာအမွေဆက်ခံထိုက်သူများဖြစ်ကြောင်း၊ မိခင်၊ ဖခင် ကွယ်လွန်ပြီးနောက် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၆၀၄)၊ လေလွှာ ဝင်းအတွင်းရှိ ဦးပိုင်အမှတ် (၃၈/၂၁)၊ မြေပေါ်ရှိ နှစ်ထပ်နံကပ် တိုက်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာအပြည့်အစုံကျန် ခဲ့ပြီး (၄) တရားပြိုင်၏လက်ဝယ် ရှိနေကြောင်း၊ ၆-၆-၁၉၉၈ ရက်နေ့မှစ၍ (၄) တရားပြိုင်က အမွေဆိုင်အိမ်ကို လက်ရှိရယူ အိမ်ငှားများထားရှိအကျိုးခံစားနေကြောင်း၊ ခွဲဝေပေးရန် ညှိနှိုင်း မရသဖြင့် ၁၈-၄-၂၀၀၀ ရက်နေ့က မန္တလေးနေ့စဉ်သတင်းစာ

မှနေ၍ အမွေဆိုင်များသဘောမတူဘဲ အမွေဆိုင်အိမ်ကို ငှားရမ်းရောင်းချပေါင်နှံခြင်းမပြုရန် အသိပေးခဲ့ကြောင်း၊ လိုက်နာမှုမရှိ၍ အိုလမာအစ္စလာမ်ဘာသာပညာရှင်များအဖွဲ့ခွဲနှင့် မဒရစဟ် အရဗီယဟ်ကာစေ့မီယဟ်အာရေဗီ အထက်တန်းကျောင်းသို့ မေးမြန်းရာတွင် (၄) တရားပြိုင်သို့ ဒေါ်ကြည်ကပေးကမ်းခြင်းမှာ အထမမြောက်ဘဲ အမွေရထိုက်သူမဟုတ်ဟု ပြန်ကြားလာကြောင်း၊ ဓမ္မသတ်ပြန်ကြားချက်အရ တရားလိုက အမွေတစ်ဝက်ရခွင့်ရှိကြောင်း အဆိုပြုသည်။

(၁) (၂) (၃) တရားပြိုင်တို့က ဖြောင့်လွှာတင်ပြီး (၄) တရားပြိုင်က ၎င်းသည်အမွေရှင်၏မြေးဖြစ်ကြောင်း၊ အမွေကျန်ပစ္စည်းမရှိကြောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ ဦးပိုင်အမှတ် (၃၈/၂၁)၊ မြေမှာ ဂရန်ဗလီပိုင်ဖြစ်ကြောင်း၊ ဗလီပိုင်မြေကိုငှား၍ ဒေါ်ကြည် တစ်ဦးတည်းသာဆောက်ခဲ့ပြီး ၈-၅-၁၉၉၈ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၂၆၂၂/၉၈ ဖြင့် ၎င်းအားလွှဲပြောင်းပေးပြီးကြောင်း၊ လွှဲပြောင်းပေးချိန်မှ စတင်ခံစားကြောင်း၊ တရားလိုက မှန်ကန်စွာမေးမြန်းခြင်းမပြု၍ အိုလမာအစ္စလာမ် ဘာသာပညာရှင်များအဖွဲ့နှင့် မဒရစဟ်အာရဗီယဟ်ကာစေ့မီယဟ် အာရေဗီအထက်တန်းကျောင်းတို့၏ ဖြေကြားချက်မှာ မမှန်ကြောင်း၊ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း ချေပသည်။

အဆို၊ အချေအရ မူလခရိုင်တရားရုံးသည် ငြင်းချက် (၅) ရပ်ထုတ်ပြီး အမှတ် (၄) ငြင်းချက်ကို ပဏာမငြင်းချက်အဖြစ် ကြားနာကာ "အမွေကျန်ပစ္စည်းမရှိ၍ တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မမှန်ကြောင်း" ဖြေကြားခဲ့သည်။ ယင်း အမိန့်အပေါ် (၄) တရားပြိုင်က ပြင်ဆင်မှုတင်သွင်းရာတွင် အဆိုလွှာပါတင်ပြချက်များကို တရားပြိုင်ဘက်မှ ငြင်းဆိုချေပ ထား၍ တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ကြောင်း မန္တလေး တိုင်းဒေသကြီးတရားလွှတ်တော်ကသုံးသပ်ပြီး မူလရုံးအမိန့်ကို အတည်ပြုခဲ့သည်ကိုတွေ့ရသည်။

အကြောင်းခြင်းရာ ငြင်းချက်များကို ကြားနာပြီးနောက် ဒေါ်ကြည်မှ မြေးဖြစ်သူ (၄) တရားပြိုင် ဦးဝင်းကျော်အား ပေးကမ်းခြင်းမှာ အစ္စလာမ်တရားဥပဒေအရတရားဝင်ကြောင်း၊ အမွေကျန်ပစ္စည်းမရှိကြောင်း သုံးသပ်၍ မန္တလေးခရိုင်တရားရုံး က တရားလို၏ အမှုကိုပလပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ကလည်း ဒေါ်ကြည်ကိုယ်တိုင်ပြုလုပ်သော မှတ်ပုံတင်အပေးစာချုပ်ကို ၎င်းကွယ်လွန်ပြီးနောက် အခြားအမွေဆက်ခံသူများက ရုပ်သိမ်း ခွင့်မရှိကြောင်းသုံးသပ်၍ မန္တလေးခရိုင်တရားရုံး၏ဒီကရီကို ဆက်လက်အတည်ပြုခဲ့သည်။

၂၀၁၈ ခုနှစ်
ဦးကျော်ဇော
နှင့်
ဒေါ်ဗိုလ်မ (ခ)
ဒေါ်ဒွေးဒွေး ပါ ၄

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက အမှတ် (၄) ငြင်းချက်အတွက် နှစ်ဖက်ကြားနာပြီး အမွေကျန်ပစ္စည်း မရှိ၍ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ဆိုသည်မှာ မမှန် ကြောင်းဖြေကြား၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ကလည်း အတည်ပြုထားကြောင်း၊ အမှတ် (၁) ငြင်းချက်ဖြစ် သော တရားလိုများ၏ မိဘများဖြစ်သည့် ဦးဘကြူ၊ ဒေါ်ကြည် တို့ကွယ်လွန်သောအခါ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၆၀၄)၊ လေလွှာ ဝင်းအတွင်းရှိ ဦးပိုင် (၃၈/၂၁) ပေါ်ရှိ နံကပ်နှစ်ထပ် (ရေမီတာ၊ လျှပ်စစ်မီတာပါသည်) မှာ သေသူဒေါ်ကြည်၏ အမွေပုံပစ္စည်း အဖြစ် ကျန်ရစ်သည်မှာမမှန်ကြောင်း ဖြေဆိုသဖြင့် ငြင်းချက် (၁) ၏ဖြေဆိုချက်နှင့် ငြင်းချက် (၄) ၏ ဖြေဆိုချက်တို့မှာ တစ်ခုနှင့်တစ်ခုဆန့်ကျင်နေကြောင်း၊ ပေးကမ်းသူ ဒေါ်ကြည်နှင့် လက်ခံသူဦးဝင်းကျော်သည် ပေးကမ်းသည့်ဥပစာတွင် အတူ နေထိုင်ခြင်းဖြစ်ကြောင်းလည်း အိမ်ထောင်စုစာရင်း တင်ပြနိုင် ခြင်းမရှိကြောင်း၊ ပေးကမ်းသူသည် လက်ရောက်ပေးအပ်ပြီး အဆောက်အအုံမှ ထွက်ခွာသွားမှသာလျှင် ပေးကမ်းခြင်းအထ မြောက်ကြောင်း၊ ဒေါ်ကြည်သည် ဒေါက်တာစုလင်းထံတွင် ဆေးဝါး ကုသမှုခံယူပြီး ရက် (၂၀) ကျော် ဆေးရုံတက်ရောက် ကုသရကြောင်း၊ ကျန်းမာရေးအခြေအနေမကောင်း၍ အိမ်သို့

ပြန်လာပြီး ကွယ်လွန်ကြောင်း၊ ဒေါ်ကြည်သည် ၆-၆-၁၉၉၈ ရက်နေ့တွင်ကွယ်လွန်ပြီး ပေးကမ်းသည်မှာ ၈-၅-၁၉၉၈ ရက်နေ့ ဖြစ်၍ စိတ်လက်ကြည်သာစွာ လက်မှတ်ထိုးပေးသည်ဟု ကောက်ယူရန်မသင့်ကြောင်း၊ သေခါနီးဆဲဆဲ ပေးကမ်းခြင်းဖြစ်ကြောင်း၊ အသုဘစရိတ်၊ ကြွေးမြီများနုတ်ပြီး ကျန်အမွေပုံ၏ ၃ ပုံ ၁ ပုံထက်ပို၍ ပေးကမ်းခြင်းမပြုနိုင်ကြောင်း၊ မန္တလေးခရိုင်တရားရုံး၏ဒီကရီကို အတည်ပြုသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီကို ပြန်လည်စိစစ်ပေးသင့်ကြောင်း လျှောက်ထားသည်။

အမှတ် (၁) မှ (၃) ထိ အယူခံတရားပြိုင်များ၏ တရားလွှတ်တော်ရှေ့နေက အစ္စလာမ်တရားဥပဒေအရ သေသူကျန်ရစ်သောအမွေပုံပစ္စည်းနှင့်စပ်လျဉ်း၍ အသုဘစရိတ်၊ ကြွေးမြီများကိုနုတ်၍ ကျန်ရှိသောအမွေပုံပစ္စည်း၏ ၃ ပုံ ၁ ပုံကို သေတမ်းစာဖြင့် ပေးကမ်းခွင့်ရှိကြောင်း၊ ၃ ပုံ ၁ ပုံထက်ပို၍ ပေးကမ်းခြင်းမပြုနိုင်ကြောင်း၊ အမှတ် (၄) တရားပြိုင် ဦးဝင်းကျော်သို့ ပစ္စည်းအားလုံးပေးကမ်းခြင်းမှာ ပျက်ပြယ်လျက်ရှိကြောင်း တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီများကို ပြန်လည်တည့်မတ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

၂၀၁၈ ခုနှစ်
ဦးကျော်ဇော
နှင့်
ဒေါ်ဗိုလ်မ (ခ)
ဒေါ်ဧွေးဧွေး ပါ ၄

အမှတ် (၄) အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေကအချင်းဖြစ်ပစ္စည်းကို ဦးဝင်းကျော်သို့ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၂၂ နှင့်အညီ ဒေါ်ကြည်က ပေးကမ်းခြင်းဖြစ်၍ ပေးကမ်းခြင်းအထမြောက်ကြောင်း၊ **ဒေါ်ရီပြုံး ပါ -၂ (ကိုယ်တိုင်နှင့် အယူခံတရားလိုအမှတ် (၂) ၏ အခွင့်ရကိုယ်စားလှယ်) နှင့် ဒေါ်ခင်သန်းအေး အမှု** [၁] တွင် ထုံးပြုထားကြောင်း၊ ဦးဝင်းကျော်အမည်နှင့် မြေခွန်ပြေစာကောက်နေ၍ ဦးဝင်းကျော်က အချင်းဖြစ်အဆောက်အအုံကို လက်ရောက်ရခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ ပေးကမ်းစဉ် ဒေါ်ကြည် ကျန်းမာရေးမကောင်းကြောင်းကို အဆိုလွှာတွင် အဆိုပြုထားခြင်းမရှိ၍ သေခါနီးဆဲဆဲပေးကမ်းသည်ဟု တင်ပြခွင့်မရှိကြောင်း၊ မှတ်ပုံတင်အပေးစာချုပ်မှာ ပျက်ပြယ်သောစာချုပ်ဖြစ်သည်ဟု တင်ပြခြင်းလည်းမရှိကြောင်း၊ အစ္စလာမ်တရားဥပဒေအရ နှုတ်ဖြင့်လည်းပေးကမ်းနိုင်ကြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေးကမ်းခြင်း တရားဝင်ခိုင်မာမှု ရှိ မရှိ ကို ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေအရသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဓမ္မသတ်ဖြေကြားလွှာကို တင်ပြသော်လည်း ဓမ္မသတ်မှူး ၅ ဦးအနက် တစ်ဦးတစ်ယောက်ကိုမျှ သက်သေအဖြစ် တင်ပြခြင်းမရှိကြောင်း၊

---

၁။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၃၇။

သက်သေခံဥပဒေပုဒ်မ ၆၇ အရ သက်သေခံ (ဃ) ဓမ္မသတ်ဖြေကြားလွှာကို ထည့်သွင်းစဉ်းစားရန်မလိုကြောင်း၊ အမှုအနိုင်အရှုံးကို အဆို၊ အချေအရ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း အယူခံလွှာအား ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမွေမှုတွင် ပဏ္ဍာမဒီကရီမချမှတ်မီ တရားလိုသည် အမွေဆိုင်တစ်ဦး ဟုတ် မဟုတ် စီမံခန့်ခွဲရန် ပစ္စည်း ရှိ မရှိဝေစုမည်မျှရထိုက်သည် စသည်များကို ဦးစွာစိစစ်ရန်လိုသည်။ **ဒေါ်တင်တင်ဝင်း နှင့် ဒေါ်သန်းကြည် ပါ - ၃ အမှု** [၂] ကို ရည်ညွှန်းသည်။

တရားလို ဦးကျော်ဇောသည် ကွယ်လွန်သူ ဒေါ်ကြည်၏ သားဖြစ်ပြီး ဒေါ်ကြည်ကျန်ရစ်သည်ဆိုသော အဆောက်အအုံကို လက်ရှိဖြစ်သူဦးဝင်းကျော်မှာ ဒေါ်ကြည်၏မြေးဖြစ်သည်။ ဒေါ်ကြည်ကွယ်လွန်စဉ် အဆိုလွှာတွင်ဖော်ပြထားသော လေလွှာဝင်းအတွင်းရှိ အဆောက်အအုံတစ်ခုကျန်ရစ်ကြောင်း တရားလိုကအဆိုပြုပြီး တရားပြိုင် ဦးဝင်းကျော်က ၎င်းအား ဒေါ်ကြည်မှ မှတ်ပုံတင်စာချုပ်နှင့်ပေးကမ်းခဲ့၍ အမွေကျန်ပစ္စည်းမရှိကြောင်း ချေပထားသည်။

အဆိုလွှာ၊ အချေလွှာ နှစ်ဖက်အစစ်ခံချက်များအရ

၂။ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၄၈။

တရားလိုသည် ဒေါ်ကြည်၏ အမွေဆက်ခံသူဖြစ်ကြောင်း ပေါ်ပေါက်ပြီးဖြစ်၍ ဒေါ်ကြည်တွင်ခွဲဝေရန် အမွေပုံကျန် မကျန် စိစစ်ရန်ဖြစ်သည်။

အမွေဆိုင်အိမ်ဟုဆိုသော အဆောက်အအုံကို ဒေါ်ကြည်သည် ဂွန်းဗလီတွင် မြေငှား၍ဆောက်လုပ်ကြောင်း တရားပြိုင်ဦးဝင်းကျော်ကထွက်ဆိုပြီး မန္တလေးမြို့၊ ဂွန်းဗလီဝကဖ်ထရပ်စတီအဖွဲ့မှ ဒေါ်ကြည်အား ၁၁-၁၀-၁၉၈၄ ရက်နေ့က လေလွှာဝင်းအတွင်းရှိ ဦးပိုင်အမှတ် (၃၈/၂၁) မြေကို အငှားချထားသည့် စာမှတ်စာတမ်းကို သက်သေခံ (၁) အဖြစ်တင်ပြထားသည်။

ဒေါ်ကြည်က အဆိုပါအငှားယူထားသောမြေတွင်အချင်းဖြစ်အဆောက်အအုံကို ဆောက်လုပ်ပြီး ၈-၅-၁၉၉၈ ရက်နေ့က တရားပြိုင်ဦးဝင်းကျော်သို့ အပြီးအပိုင်ပေးခဲ့ကြောင်း မှတ်ပုံတင် အပေးစာချုပ် သက်သေခံ (၃) ကို ဦးဝင်းကျော် ကတင်ပြသည်။ ဂွန်းဗလီထရပ်စတီအဖွဲ့၏ ငှားရမ်းခပြေစာဖြတ်ပိုင်းသက်သေခံ (၆) အရ ဦးဝင်းကျော်ကပင် အဆိုပါ မြေငှားရမ်းခများကို ၂၀၀၁ ခုနှစ်ကပင် ဆက်လက်ပေးဆောင်နေကြောင်း တွေ့ရသည်။ ၂၂-၄-၂၀၀၁ ရက်စွဲပါ မြေငှားစာချုပ် သက်သေခံ (၈) အရလည်း ဂွန်းဗလီမှ ဦးဝင်းကျော်ကို မြေငှားချထားကြောင်းတွေ့ရသည်။ ထို့ပြင် ဒေါ်ကြည်က ဦးဝင်းကျော်သို့ အပေးစာချုပ်နှင့်ပေးသည့် ၁၉၉၈ ခုနှစ်မှစ၍ ဦးဝင်းကျော်သည် အဆိုပါအဆောက်အအုံ

၏ငွေးရမ်းခကိုခံစားလာကြောင်း တရားလိုကအဆိုပြုထားသည် ဖြစ်ရာ ဦးဝင်းကျော်သည်မှတ်ပုံတင်စာချုပ်အမှတ် ၂၆၂၂/၁၉၉၈ သက်သေခံ (၃) အရ အချင်းဖြစ်အဆောက်အအုံကို လက်ရှိရယူ ထားကြောင်းမှာ ပေါ်လွင်နေသဖြင့် ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၂၃ နှင့်အညီ ဦးဝင်းကျော်အား ဒေါ်ကြည်မှ လွှဲပြောင်းပေးခဲ့ကြောင်းထင်ရှားသည်။

၂၀၁၈ ခုနှစ်
ဦးကျော်ဇော
နှင့်
ဒေါ်ဗိုလ်မ (ခ)
ဒေါ်ဌေးဌေး ပါ ၄

မှတ်ပုံတင်စာချုပ်အမှတ် ၂၆၂၂/၁၉၉၈ သက်သေခံ (၃) မှာ ဒေါ်ကြည်က ဦးဝင်းကျော်သို့အချင်းဖြစ်အဆောက်အအုံအား အဆုံးအပိုင်လွှဲပြောင်းပေးသည့် အပေးစာချုပ်ဖြစ်ပြီး သေတမ်းစာ မဟုတ်ပေ။ အစ္စလာမ် တရားဥပဒေအရ ဟိဘာ (Hiba) ခေါ် ပေးကမ်းခြင်းဖြစ်သည်။ မွတ်စလင်အမျိုးသားဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ မိမိပိုင်ဆိုင်သော ပစ္စည်းအားလုံးကို တစ်ခုမကျန် ပေးကမ်းပိုင်ခွင့်ရှိသည်။ သေတမ်းစာအရ ပစ္စည်း၏ ၃ ပုံ ၁ ပုံ သာပေးကမ်းခွင့်ရှိသည်ဟူသော ကန့်သတ်ချက်မျိုး ပေးကမ်း ခြင်းတွင်မရှိချေ။

**မိုဟမ္မဒ်ဖာရုတ် (ခ) မောင်မောင် ပါ - ၂ နှင့် ဆာဟာစ်ဂျန် ပါ - ၂ အမှု** [၃] တွင် တရားလွှတ်တော်ချုပ်က မြန်မာနိုင်ငံတရား ဥပဒေများအက်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (၂) ကို ပယ်ဖျက်

၃။ ၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄ (တရားလွှတ်တော်ချုပ်)။

လိုက်ခြင်း၏ အကျိုးသက်ရောက်မှုမှာ အစ္စလာမ်ဘာသာဝင်များ၏ ပေးကမ်းခြင်းနှင့်ပတ်သက်သည့် ဥပဒေသဘောတရားများသည် နိုင်ငံတစ်ဝန်းလုံးတညီတညွတ်တည်း ဖြစ်လာစေခြင်းပင်ဖြစ်သည်။ အစ္စလာမ်ဘာသာဝင်များအကြား မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေးကမ်းခြင်းနှင့် ပတ်သက်သည့်ဥပဒေမှာ ဒေသဥပဒေ ( Law of the Land ) ဖြစ် သည့် ပစ္စည်းလွှဲပြောင်းခြင်းအက် ဥပဒေပုဒ်မ ၁၂၃ ပင်ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။

သက်သေခံ (၃) အပေးစာချုပ်တွင် အချင်းဖြစ်ပစ္စည်းကို ပေးအပ်သူအဖြစ် ဒေါ်ကြည်ကိုယ်တိုင် သက်သေ ဦးကျော်ညွန့်၊ ဦးသိန်းလွင်တို့ရှေ့တွင် လက်မှတ်ရေးထိုး၍ ဦးဝင်းကျော်သို့ လက်ရောက်ပေးအပ်ခဲ့ပြီး ဦးဝင်းကျော်က လက်ရှိရယူခံစားလျက်ရှိသဖြင့် ပေးကမ်းခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက် ဥပဒေပုဒ်မ ၁၂၃ နှင့်အညီ ပေးကမ်းခြင်း အထမြောက်သဖြင့် ဒေါ်ကြည်ကွယ်လွန်သောအခါ ခွဲဝေရန် အမွေပုံကျန်ရစ်ခြင်း မရှိကြောင်း သုံးသပ်ရပေသည်။

"အမွေကျန်ပစ္စည်းမရှိ၍ တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်" ဟူသော ပဏာမငြင်းချက်နှင့်စပ်လျဉ်း၍ မန္တလေးခရိုင်တရားရုံးကမဟာမေဒင်ဘာသာဝင်တိုင်းသည် သေတမ်းစာဖြင့် စီမံခန့်ခွဲရာ၌ အမွေပုံ၏ ၃ ပုံ ၁ ပုံ ထက်ပို၍ စီမံခန့်ခွဲမှု

အပေါ် အမွေစားအမွေခံတို့ သဘောမတူလျှင် အတည်မဖြစ်သောကြောင့် အမွေကျန်ပစ္စည်းမရှိ၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သည်မှာ မမှန်ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ကမှု ၂၀-၁၂-၂၀၁၃ ရက်စွဲပါ အစ္စလာမ်သာသနာတော်၏ (စန္ဒီ - ဟနဖီမဇ်ဟဗ်) နှင့် အညီ မေးခွန်းအရ ဖွတ်ဝါမွှသတ် ဖြေကြားရာတွင် ဒေါ်ကြည်က မြေးဖြစ်သူ ဦးဝင်းကျော်အား ပေးကမ်းခြင်းမှာ ဟေဗာ၏ စည်းကမ်းချက်နှင့်မညီဟု ပြန်ကြားထားပြီး ၁၀-၅-၁၉၉၉ ရက်စွဲပါ မန္တလေးတိုင်း အိုလမာအစ္စလာမ်သာသနာပညာရှင်များအဖွဲ့ခွဲ ဖမွှသတ်အဆုံးအဖြတ်ပေးခြင်းအရ အဆိုပါပေးကမ်းခြင်းမှာ တရားဝင်သည်ဟု ပြန်ကြားထားသဖြင့် အဆိုပါပေးကမ်းခြင်း နှင့်ပတ်သက်၍ နှစ်ဖက်သက်သေစစ်ဆေးပြီးမှ အဆုံးအဖြတ်ပြု နိုင်မည်ဟု သုံးသပ်ခဲ့ပြီး တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်၍ တရားပြိုင်ဦးဝင်းကျော်တင်သွင်းသော ပြင်ဆင်မှုကို ပလပ်ခဲ့ ခြင်းဖြစ်သည်။

တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်ဟူသော သုံးသပ် ချက်ဖြင့် ပြင်ဆင်မှုရုံးက ဦးဝင်းကျော်၏ ပြင်ဆင်မှုကို ပလပ် ခဲ့သည့်တိုင်အောင် အမွေပစ္စည်းကျန် မကျန်နှင့်စပ်လျဉ်း၍ ''ပေးကမ်းခြင်းနှင့်ပတ်သက်ပြီး နှစ်ဖက်သက်သေ စစ်ဆေးပြီး မှာ ဆုံးဖြတ်နိုင်မည်'' ဟူသော သုံးသပ်ချက်အရ ''ဒေါ်ကြည်

တွင်ခွဲဝေရန် အမွေပုံပစ္စည်းကျန်သည်'' ဟု အပြီးသတ်ဆုံးဖြတ်ပေးခြင်းမဟုတ်ကြောင်း မြင်သာသည်။ သို့ဖြစ်ရာ နှစ်ဖက်သက်သေစစ်ဆေးပြီးမှ ဒေါ်ကြည်တွင် ခွဲဝေရန် အမွေပုံပစ္စည်းကျန်ရစ်ခြင်းမရှိကြောင်း ဆုံးဖြတ်သည်မှာ မှားယွင်းခြင်းမရှိပေ။

ထိုသို့ပေးကမ်းခြင်းကို ဒေါ်ကြည်မကွယ်လွန်မီ တစ်လခန့်က ပြုခဲ့ခြင်းဖြစ်ပြီး ထိုသို့ပေးကမ်းစဉ် ဒေါ်ကြည်မှာ ကျန်းမာရေးချို့တဲ့နေကြောင်း၊ စိတ်လက်ကြည်သာစွာ လက်မှတ်ထိုးပေးခြင်း မဟုတ်ကြောင်း တရားလိုက အဆိုပြုခြင်း၊ သက်သေပြခြင်းမရှိဘဲ သေခါနီးဆဲဆဲ ပေးကမ်းခြင်းဖြစ်သည်ဟု ဤအယူခံတွင် အကြောင်းပြလာခြင်းအား လက်ခံစဉ်းစားရန် အကြောင်းမရှိပေ။

ဒေါ်ကြည်က မြေးဖြစ်သူဦးဝင်းကျော်ထံသို့ ၎င်းပိုင်အဆောက်အအုံကို လွှဲပြောင်းပေးခြင်းနှင့်စပ်လျဉ်း၍ လက်ရောက်ရရှိကြောင်း တရားပြိုင်ဦးဝင်းကျော်၏ သက်သေခံ တင်ပြချက်များအရ မန္တလေးခရိုင်တရားရုံးက ဒေါ်ကြည်တွင် ခွဲဝေရန်အမွေပုံပစ္စည်း ကျန်ရစ်ခြင်းမရှိကြောင်းသုံးသပ်ပြီး ချမှတ်သည့်ဒီကရီကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ကလည်းတစ်သဘောတည်း လက်ခံအတည်ပြုခဲ့သည်။

အောက်ရုံးနှစ်ရုံးက အကြောင်းခြင်းရာပေါ်တွင် သော်

လည်းကောင်း၊ ဥပဒေအချက်အလက်များပေါ်တွင်သော်လည်းကောင်း တစ်သဘောတည်း ချမှတ်ထားသောအမိန့်ကို ဒုတိယအယူခံရုံး အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။ ထိုကဲ့သို့ တစ်သဘောတည်း ချမှတ်ခဲ့သောအမိန့်မှာ အလွန့်အလွန်မှား ယွင်းပြီး တရားမျှတမှု လွန်စွာကင်းမဲ့နေမှသာလျှင် ဤရုံးက ဝင်ရောက်စွက်ဖက်နိုင်သည်။ **မောင်လှ ပါ - ၂ နှင့် ဒေါ်မမလေး (၎င်း၏တရားဝင်ကိုယ်စားလှယ် မောင်ကိုကြီး) အမှု** [၄] ကို ရည်ညွှန်းသည်။

မန္တလေးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီမှာ မှားယွင်း ခြင်းမရှိ၍ ဆက်လက်အတည်ပြုသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ဒီကရီကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

---

၄။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၆၀။

+၂၀၁၈ ခုနှစ်

မတ်လ ၁၂ ရက်

တရားမအထူးအယူခံမှု

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးများဖြစ်ကြသော
ဦးသာဌေး၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊
ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင် နှင့် ဦးခင်မောင်ကြည်
တို့ရှေ့တွင်

ဒေါ်ခင်မာချို

နှင့်

ဦးညွန့်အောင် *

ဖခင်တစ်ဦးတည်း ကိတ္တိမစာချုပ်ဖြင့် မွေးစားခြင်းခံရသူသည် မွေးစားဖခင် နောက်အိမ်ထောင်ပြုချိန်တွင် ဖခင်ထံမှ အမွေတောင်းခွင့်မရှိခြင်း။

---

* ၂၀၁၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၅

+ ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၄၈ တွင်ချမှတ်ခဲ့သော ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီအပေါ် အယူခံမှု

၂၀၁၈ ခုနှစ်
ဒေါ်ခင်မာချို
နှင့်
ဦးညွန့်အောင်

**ဆုံးဖြတ်ချက်** ။ ။ မြန်မာ့ခလေ့ထုံးတမ်းဥပဒေအရ မိဘတစ်ဦးဦးကွယ်လွန်ပြီးနောက်ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုလျှင် ကျန်ရစ်သူမိဘထံမှ အမွေတောင်းခွင့် ရှိပေသည်။ အကယ်၍ ထိုကဲ့သို့တောင်းခံခဲ့ခြင်းမရှိလျှင် မိရင်းဖရင်းသေဆုံးသောအခါ မိထွေးပထွေးထံမှ အမွေတောင်းခွင့်ရှိပေသည်။ အကြောင်းမူကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြုပြီး သားသမီးတို့က ထိုမိဘထံမှ အမွေတောင်းခံခြင်းမှာ ကွယ်လွန်သူ အမိ သို့မဟုတ် အဖ၏ အမွေစားအမွေခံအဖြစ်ဖြင့် တောင်းခံခြင်းဖြစ်သည်။ မိရင်းဖရင်းသေဆုံးသွား၍ မိထွေး၊ ပထွေးထံမှ အမွေတောင်းခံခြင်းမှာမူ ကွယ်လွန်သွားသည့် မိရင်းဖရင်း၏ အမွေစားအမွေခံအဖြစ်ဖြင့် တောင်းခံခြင်းဖြစ်ပေသည်။

ဤအမှုတွင် တရားလို ဒေါ်ခင်မာချိုအား တရားပြိုင်ဦးညွန့်အောင်တစ်ဦးတည်းကသာ မွေးစားခြင်းဖြစ်သဖြင့် ဦးညွန့်အောင် နောက်အိမ်ထောင်ပြုချိန်တွင် ဇနီးဒေါ်ခင်နိုင်၏ ဝေစုကို တရားလိုဒေါ်ခင်မာချိုကရရန် အကြောင်းမရှိပေ။ တရားလိုသည် မွေးစားဖခင်ထံမှ ၎င်း၏မိခင်မဟုတ်သော ဒေါ်ခင်နိုင်၏ဝေစုကို အမွေစီမံခန့်ခွဲပေးရန် တောင်းဆိုခွင့်ရှိမည်မဟုတ်သည်မှာ မြင်သာသည်။ တစ်နည်းအားဖြင့် ဒေါ်ခင်နိုင်သည် တရားလို၏ မွေးစားမိခင်မဟုတ်သဖြင့် ဒေါ်ခင်နိုင်၏

ဝေစုကို အမွေစီမံခန့်ခွဲပေးရန် တောင်းဆိုခွင့်ရှိမည်မဟုတ်သည်မှာမြင်သာသည်။ တစ်နည်းအားဖြင့် ဒေါ်ခင်နိုင်သည် တရားလို၏ မွေးစားမိခင်မဟုတ်သဖြင့် ဒေါ်ခင်နိုင်၏အမွေကို တရားလိုက ဆက်ခံခွင့်ရှိမည် မဟုတ်သည်မှာ ထင်ရှားသည်။

အယူခံတရားလိုအတွက် - ဦးစံထွန်း၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးလှဟန်၊
တရားလွှတ်တော်ရှေ့နေ

ဒက္ခိဏခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂ တွင် ဒေါ်ခင်မာချိုက ဦးညွန့်အောင်အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ငြင်းချက်အမှတ် ၂ ဖြစ်သည့် "မွေးစားစာချုပ်အမှတ် ၂/၂၀၁၁ မှတ်ပုံတင်စာချုပ်အရ တရားလိုသည် တရားပြိုင်တစ်ဦးတည်း၏ မွေးစားသမီးဖြစ်သည့်အတွက် မွေးစားဖခင် တရားပြိုင်မကွယ်လွန်မီ တရားပြိုင်နောက်အိမ်ထောင်ပြုသည့်ကိစ္စအပေါ်အကြောင်းပြု၍ အမွေစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခွင့်မရှိဆိုသည်မှာ မှန်သလား" ဟူသောငြင်းချက်အားပဏာမငြင်းချက်အဖြစ်ကြားနာကာ ကျန်ငြင်းချက်များနှင့်အတူသက်သေခံချက်များရယူပြီးမှ ဖြေကြားမည်ဟု အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးညွန့်အောင်က မန္တလေးတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်
ဒေါ်ခင်မာချို
နှင့်
ဦးညွန့်အောင်

တရားလွှတ်တော်သို့ ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃ ဖြင့် တင်သွင်းလျှောက်ထားရာ အောင်မြင်မှုမရသဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၆၄၈ ဖြင့် လျှောက်ထားသည့်အခါ ခရိုင်တရားရုံး နှင့် တိုင်းဒေသကြီးတရားလွှတ်တော်တို့၏အမိန့်များကို ပယ်ဖျက် ပြီး တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့သည်။ အဆိုပါဒီကရီကို ဒေါ်ခင်မာချိုက အထူးယူခံဝင်ခွင့်ပြုရန် ၂၀၁၆ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၅၁၈ တွင် လျှောက် ထားရာ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံခွင့်ပြုခဲ့သည် -

> " ပထမဇနီးကွယ်လွန်ပြီး တစ်ဦးတည်းကျန်ရှိသူက မွေးစားသည့် ကိတ္တိမမွေးစားသမီးသည် မွေးစား သူဧင်း၏ဖခင် နောက်အိမ်ထောင်ပြုချိန်တွင် ဖခင် ထံမှ အမွေတောင်းခံပိုင်ခွင့် ရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက ကိတ္တိမသားသမီးမွေးစား လျှင် လင်မယားနှစ်ဦးက မွေးစားသည်ဖြစ်စေ၊ လင် သို့မဟုတ် မယားတစ်ဦးတည်းက မွေးစားသည်ဖြစ်စေ မွေးစားမိဘဟူ၍ ပင် ခေါ်ဆိုကြောင်း၊ တရားလို ဒေါ်ခင်မာချိုအား ဦးညွန့်အောင် နှင့် ဒေါ်ခင်နိုင်တို့က ငယ်စဉ်ကတည်းက မွေးစားခဲ့ခြင်းသည်

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အပတိဋ္ဌသမီးအဖြစ် မွေးစားသည်ဟုဆိုနိုင်ကြောင်း၊ ဒေါ်ခင်နိုင်ကွယ်လွန်ပြီးနောက် ဦးညွန့်အောင်က ဒေါ်ခင်မာချိုအား ကိတ္တိမသမီးအဖြစ် စာချုပ်ချုပ်ဆိုမွေးစားသည့်အချိန်မှစ၍ ဒေါ်ခင်မာချိုသည် ကိတ္တိမသမီးအဖြစ်ရောက်ရှိခဲ့ကြောင်း၊ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ မိဘနှစ်ပါးအနက် တစ်ဦးဦးကွယ်လွန်ပြီးနောက် ကျန်ရစ်သည့် မိဘနောက်အိမ်ထောင်ပြုလျှင် ကိတ္တိမသားသမီးသည် သားရင်းသမီးရင်းနည်းတူ အမွေခွဲဝေပေးရန်တောင်းဆိုနိုင် ခွင့်ရှိကြောင်း၊ မွေးစားဖခင်ဦးညွန့်အောင်မကွယ်လွန်မီ ဦးညွန့်အောင် နောက်အိမ်ထောင်ပြုခဲ့သည့်ကိစ္စရပ်အပေါ် အကြောင်းပြုပြီး ကိတ္တိမသမီးဖြစ်သူက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခွင့်ရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက တရားလိုစွဲဆိုသည့်အမှုမှာ ကွယ်လွန်သူ ဒေါ်ခင်နိုင် ကျန်ရစ်သော အမွေပုံပစ္စည်းကို ခွဲဝေပေးရန်စွဲဆိုခြင်းဖြစ်ကြောင်း၊ အမွေရှင်ဒေါ်ခင်နိုင်ကွယ်လွန်ချိန်အထိ တရားလိုဒေါ်ခင်မာချိုအား ကိတ္တိမသမီးအဖြစ်မွေးစားခဲ့ခြင်းမရှိကြောင်း၊ ဒေါ်ခင်မာချိုသည် ဦးညွန့်အောင်နှင့် ဒေါ်ခင်နိုင်တို့၏ အပတိဋ္ဌသမီးသာဖြစ်သဖြင့် ဒေါ်ခင်နိုင်ကွယ်လွန်ချိန်တွင် ဒေါ်ခင်နိုင်၏အမွေကို ခင်ပွန်းဖြစ်သူဦးညွန့်အောင်တစ်ဦးတည်းကသာ ခံစားခွင့်ရှိမည်ဖြစ်ကြောင်း၊ ကိတ္တိမမွေးစားသမီးများ

သည် သားရင်းသမီးရင်းများကဲ့သို့ မိဘနှစ်ပါးအနက် တစ်ပါးပါး ကွယ်လွန်လျှင် ကျန်ရစ်သူမိဘနောက်အိမ်ထောင်ပြုပါက အမွေတောင်းခံခွင့်ရှိကြောင်း၊ မိဘနှစ်ပါးအနက် တစ်ပါးပါးကွယ်လွန်၍ ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုလျှင် အမွေတောင်းခံနိုင်ရန် ကိတ္တိမသားသမီးကို ကွယ်လွန်သူမိဘနှင့် ကျန်ရစ်သူမိဘနှစ်ဦးစလုံးက မွေးစားစာချုပ်ချုပ်ဆို၍ မွေးစားရန်လိုအပ်ကြောင်း၊ ဒေါ်ခင်နိုင်ကွယ်လွန်ပြီးမှ ဦးညွန့်အောင်တစ်ဦးတည်းက တရားလိုဒေါ်ခင်မာချိုအား မွေးစားခဲ့ခြင်းဖြစ်သဖြင့် တရားလိုသည် ဒေါ်ခင်နိုင်၏အမွေကို ဆက်ခံခွင့်မရှိကြောင်း၊ သို့ဖြစ်၍ တရားလိုသည် ဦးညွန့်အောင်မကွယ်လွန်မီ ဦးညွန့်အောင်ထံမှ အမွေတောင်းခံ ခွင့်ရှိမည်မဟုတ်ကြောင်း၊ ဤအထူးအယူခံမှုကို စရိတ်နှင့်တကွပလပ်ပေးရန်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြောင်း၊ ဖခင်တရားပြိုင် ဦးညွန့်အောင်နှင့် မိခင်ဒေါ်ခင်နိုင်တို့တွင် သားသမီးအရင်း ထွန်းကားခြင်းမရှိဘဲ ဒေါ်ခင်နိုင်၏ တူမအရင်းဖြစ်သူ တရားလိုအား ကလေးဘဝကတည်းက ကိတ္တိမသမီးအဖြစ် အသိအမှတ်ပြု မွေးစားခဲ့ကြောင်း၊ မိခင်ဒေါ်ခင်နိုင်သည် ၇-၄-၂၀၁၀ ရက်နေ့က ကွယ်လွန်ခဲ့ရာ ဖခင်ဦးညွန့်အောင်က ကိတ္တိမသမီးအဖြစ် ခိုင်မာစေရန် ဒိုက်ဦးမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်

မွေးစားစာချုပ်အမှတ် ၂/၂၀၁၁ ဖြင့် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ မွေးစားခဲ့ကြောင်း၊ တရားလိုသည် မိဘများအပေါ် သားသမီးတို့၏ ပြုဖွယ်ဝတ္တရားများနှင့်အညီ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြောင်း၊ ဖခင်ဦးညွန့်အောင်သည် ၄-၁၁-၂၀၁၁ ရက်နေ့တွင် ဒေါ်ဝေဝေစိုးနှင့် နောက်အိမ်ထောင်ပြုခဲ့သဖြင့် မိခင် ဒေါ်ခင်နိုင်ပိုင်ဆိုင်သောပစ္စည်းများအား အမွေခွဲဝေပေးရန် နို့တစ်စာပေးပို့တောင်းခံခဲ့သော်လည်း တရားပြိုင်က ငြင်းဆန်ခဲ့ ကြောင်း၊ တရားလိုသည် ဖခင်ဦးညွန့်အောင်နှင့် မိခင်ဒေါ်ခင်နိုင် တို့ ပေါင်းသင်းစဉ်ဖြစ်ထွန်းခဲ့သော နောက်ဆက်တွဲ (က) နှင့် (ခ) စာရင်းပါ ပစ္စည်းများ၏ ၂ ပုံ ၁ ပုံရထိုက်ခွင့်ရှိကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်သည် တရားလို၏ ဖြားယောင်း သွေးဆောင်မှုကြောင့် ၇-၁၀-၂၀၁၁ ရက်စွဲပါ ကိတ္တိမမွေးစား သမီးအဖြစ် မှတ်ပုံတင်စာချုပ်ကို တရားလို၏ခင်ပွန်း မှတ်ပုံတင် အရာရှိရှေ့တွင် ပြုလုပ်ခဲ့ရကြောင်း၊ တရားလိုကို ငယ်စဉ်က တည်းက ကိတ္တိမသမီးအဖြစ် ခေါ်ယူမွေးစားသည်ဆိုသောအချက် မှာ မမှန်ကြောင်း၊ တူမအနေဖြင့် အိမ်သို့ဝင်ထွက်သွားလာခြင်း သာရှိကြောင်း၊ တရားပြိုင်နှင့် ဇနီးဒေါ်ခင်နိုင်တို့က တူမအရင်း များဖြစ်သည့် မအိလဲ့နိုင်နှင့် မခိုင်ဇာထက်တို့ကို မွေးစားထား ကြောင်း၊ ဇနီးဒေါ်ခင်နိုင်သည် ၇-၄-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်

ခဲ့သဖြင့် တရားလိုအား ကိတ္တိမမှတ်ပုံတင်မွေးစားစာချုပ် ချုပ်ဆို မွေးစားခြင်းမပြုနိုင်တော့ကြောင်း၊ တရားလိုသည် တရားပြိုင်တို့လင်မယားအား တစ်ကြိမ်တစ်ခါမျှ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းမရှိကြောင်း၊ ဒေါ်ခင်နိုင်ကွယ်လွန်ပြီးနောက် နောက်ဆက်တွဲ (ခ) စာရင်းပါ စိန်၊ ရွှေ၊ ငွေ ပစ္စည်းတော်တော်များများကို တရားလိုကတရားပြိုင်ထံမှအကြောင်းအမျိုးမျိုးပြ၍ တောင်းယူခဲ့ရာ ယနေ့တိုင်ပြန်လည်ပေးအပ်ခြင်းမရှိကြောင်း၊ တရားလိုသည် တရားပြိုင်အား မကြားဝံ့မနာသာဆဲဆိုခဲ့သည့်အပြင် ပြုစုစောင့်ရှောက်ခြင်းမရှိသဖြင့် ဒုတိယအိမ်ထောင်ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မွေးစားဖခင် နောက်အိမ်ထောင်ပြုရုံမျှဖြင့် မွေးစားသမီးက မွေးစားဖခင်ထံမှ အမွေစီမံခန့်ခွဲပေးရန် တောင်းဆိုခွင့်မရှိကြောင်း၊ တရားပြိုင်ကွယ်လွန်မှသာ စွဲဆိုခွင့်ရှိမည်ဖြစ်ကြောင်း ချေပသည်။

ဒကွိဏခရိုင်တရားရုံးက ငြင်းချက် ၄ ရပ်ထုတ်ခဲ့ပြီး ငြင်းချက် (၂) ဖြစ်သည့် "မွေးစားစာချုပ်အမှတ် ၂/၂၀၁၁ မှတ်ပုံတင်စာချုပ်အရ တရားလိုသည် တရားပြိုင်တစ်ဦးတည်း၏ မွေးစားသမီးဖြစ်သည့်အတွက် မွေးစားဖခင် တရားပြိုင်မကွယ်လွန်မီ တရားပြိုင် နောက်အိမ်ထောင်ပြုသည့်ကိစ္စ" ကိုအကြောင်းပြု၍ "အမွေစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခွင့်မရှိ ဆိုသည်မှာ မှန်သလား" ဟူသောငြင်းချက်ကိုပဏာမငြင်းချက်အဖြစ်သတ်မှတ်ကာ ဦးစွာ

ကြားနာဆုံးဖြတ်ခဲ့သည်။

ခရိုင်တရားရုံးက တရားပြိုင်က တရားလိုအား မှတ်ပုံတင်စာချုပ်ဖြင့် ကိတ္တိမသမီးအဖြစ်မွေးစားချိန်တွင် ဇနီးဒေါ်ခင်နိုင်မှာကွယ်လွန်ပြီးဖြစ်ကြောင်း၊ ချေလွှာတွင် တရားပြိုင်နှင့်ဒေါ်ခင်နိုင်သည် တူမအရင်းများဖြစ်သော မအိလဲ့နိုင်နှင့်မခိုင်ဇာထက်နိုင်တို့ကို မွေးစားခဲ့သည်ဟု ချေပထားကြောင်း၊ ဥပဒေဆိုင်ရာပြဿနာများရှိသည်သာမက အကြောင်းခြင်းရာဆိုင်ရာပြဿနာများလည်း သုံးသပ်ရန်ရှိ၍ ငြင်းချက် (၂) ကို ကျန်ငြင်းချက်များနှင့်အတူ သက်သေခံချက်များရယူရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါအမိန့်ကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ဆက်လက်အတည်ပြုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုလွှာအရပင် တရားလိုသည် တရားပြိုင်ဦးညွန့်အောင် တစ်ဦးတည်း၏ ကိတ္တိမသမီးဖြစ်ကြောင်း ပေါ်ပေါက်နေသဖြင့် မွေးစားဖခင်တရားပြိုင်မကွယ်လွန်မီ တရားပြိုင် နောက်အိမ်ထောင်ပြုသည့်ကိစ္စအပေါ်အကြောင်းပြု၍ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခွင့်ရှိမည်မဟုတ်ကြောင်းသုံးသပ်ပြီး ခရိုင်တရားရုံးနှင့်တိုင်းဒေသကြီးတရားလွှတ်တော်တို့၏အမိန့်များကို ပယ်ဖျက်ကာ တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။

၂၀၁၈ ခုနှစ်
ဒေါ်ခင်မာချို
နှင့်
ဦးညွန့်အောင်

တရားလိုဒေါ်ခင်မာချိုက တရားပြိုင်ဦးညွန့်အောင်နှင့် ဇနီးဒေါ်ခင်နိုင်တို့သည် တူမအရင်းဖြစ်သူတရားလိုအား ကလေးဘဝကတည်းက ကိတ္တိမမွေးစားသမီးအဖြစ်အသိအမှတ်ပြုမွေးစားခဲ့ကြောင်း၊ ၇-၄-၂၀၁၀ ရက်နေ့တွင် မိခင်ဒေါ်ခင်နိုင်ကွယ်လွန်ပြီးနောက် တရားပြိုင်ဦးညွန့်အောင်က ကိတ္တိမသမီးအဖြစ် ခိုင်မာစေရန် ၇-၁၀-၂၀၁၁ ရက်နေ့တွင် တရားလိုအား ကိတ္တိမသမီးအဖြစ် မှတ်ပုံတင်မွေးစားစာချုပ်အမှတ် ၂/၂၀၁၁ ဖြင့် မွေးစားခဲ့ကြောင်း၊ တရားပြိုင်သည် ၄-၁၁-၂၀၁၁ ရက်နေ့တွင် ဒေါ်ဝေဝေစိုးနှင့်အိမ်ထောင်ပြုခဲ့သဖြင့် မိခင်ဒေါ်ခင်နိုင်နှင့် ပေါင်းသင်းစဉ်ဖြစ်ထွန်းခဲ့သော အမွေကျန်ပစ္စည်းများ၏တစ်ဝက်ကို အမွေခွဲဝေပေးရန် အဆိုပြုတရားစွဲဆိုခြင်း ဖြစ်သည်။

အဆိုလွှာအရ တရားပြိုင်ဦးညွန့်အောင်၏ဇနီး ဒေါ်ခင်နိုင်ကွယ်လွန်ပြီးမှ ဦးညွန့်အောင်တစ်ဦးတည်းက တရားလိုအား မှတ်ပုံတင်မွေးစားစာချုပ်ဖြင့် ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ကြောင်းတွေ့ရသည်။

ကိတ္တိမသားသမီးသည်သားရင်းသမီးရင်းနှင့်မခြား တန်းတူအခွင့်အရေးရရှိသည်။ မိဘနှစ်ပါးအနက် တစ်ဦးဦးသေဆုံးပြီးနောက် ကျန်ရစ်သည့်မိဘ နောက်အိမ်ထောင်ပြုလျှင် ကိတ္တိမသားသမီးသည် သားရင်းသမီးရင်းနည်းတူ အမွေခွဲဝေပေးရန်

၂၀၁၈ ခုနှစ်
ဒေါ်ခင်မာချို
နှင့်
ဦးညွန့်အောင်

တောင်းဆိုခွင့်ရှိသည်။

တရားလိုဒေါ်ခင်မာချိုအား တရားပြိုင်ဦးညွန့်အောင်နှင့် ဇနီးဒေါ်ခင်နိုင်တို့နှစ်ဦးက မွေးစားခြင်းမဟုတ်ဘဲ ဒေါ်ခင်နိုင် ကွယ်လွန်ပြီးနောက် ဦးညွန့်အောင်တစ်ဦးတည်းက ကိတ္တိမမွေးစား စာချုပ်ဖြင့် မွေးစားခဲ့ခြင်းဖြစ်သဖြင့် မွေးစားသူဖခင် နောက် အိမ်ထောင်ပြုချိန်တွင် မွေးစားသမီးဖြစ်သူက မွေးစားဖခင်ထံမှ အမွေခွဲဝေပေးရန် တောင်းဆိုခွင့် ရှိ မရှိ သုံးသပ်ရန်ဖြစ်သည်။

မိဘတစ်ဦးဦးကွယ်လွန်ပြီး ကျန်ရစ်သူမိဘ နောက်အိမ် ထောင်ပြုသည့်အခါ ကွယ်လွန်သူနှင့်ရရှိခဲ့သော သားသမီးများ သည် ကျန်ရစ်သူမိဘထံမှ ကွယ်လွန်သူမိဘအစုကိုရရှိသည်။ ယင်းဝေစုကို အမွေယူခဲ့ပါလျှင် ထိုကျန်ရစ်သူမိဘကွယ်လွန် သောအခါ အမွေတောင်းခွင့် မရှိတော့ပေ။ **ဦးမြတ်စိုး ပါ - ၄ နှင့် ဒေါ်တင်ကြည် အမှု** [၁] ကို ရည်ညွှန်းသည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မိဘတစ်ဦးဦး ကွယ်လွန် ပြီးနောက် ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုလျှင် သားသမီး များသည် ကျန်ရစ်သူမိဘထံမှ အမွေတောင်းခွင့်ရှိပေသည်။ အကယ်၍ ထိုကဲ့သို့တောင်းခံခဲ့ခြင်းမရှိလျှင် မိရင်းဖရင်းသေဆုံး

၁။ ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၂

သောအခါ မိထွေးပထွေးထံမှ အမွေတောင်းခွင့်ရှိပေသည်။ အကြောင်းမူ ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြုပြီး သားသမီးတို့က ထိုမိဘထံမှ အမွေတောင်းခံခြင်းမှာ ကွယ်လွန်သူ အမိ သို့မဟုတ် အဖ၏ အမွေစားအမွေခံ အဖြစ်ဖြင့် တောင်းခံခြင်းဖြစ်သည်။ မိရင်းဖရင်းသေဆုံးသွား၍ မိထွေး ပထွေးထံမှ အမွေတောင်းခံခြင်းမှာမူ ကွယ်လွန်သွားသည့် မိရင်းဖရင်း၏ အမွေစားအမွေခံအဖြစ်ဖြင့် တောင်းခံခြင်း ဖြစ်ပေသည်။

ဤအမှုတွင် တရားလို ဒေါ်ခင်မာချိုအား တရားပြိုင် ဦးညွန့်အောင်တစ်ဦးတည်းကသာ မွေးစားခြင်းဖြစ်သဖြင့် ဦးညွန့်အောင်နောက်အိမ်ထောင်ပြုချိန်တွင် ဇနီးဒေါ်ခင်နိုင်၏ ဝေစုကို တရားလိုဒေါ်ခင်မာချိုက ရရန်အကြောင်းမရှိပေ။ တရားလိုသည် မွေးစားဖခင်ထံမှ ၎င်း၏မိခင်မဟုတ်သော ဒေါ်ခင်နိုင်၏ ဝေစုကို အမွေစီမံခန့်ခွဲပေးရန် တောင်းဆိုခွင့်ရှိမည် မဟုတ်သည်မှာ မြင်သာသည်။ တစ်နည်းအားဖြင့် ဒေါ်ခင်နိုင်သည် တရားလို၏ မွေးစားမိခင်မဟုတ်သဖြင့် ဒေါ်ခင်နိုင်၏အမွေကို တရားလိုက ဆက်ခံခွင့်ရှိမည်မဟုတ်သည်မှာ ထင်ရှားသည်။

တရားလိုသည် မွေးစားဖခင်ဖြစ်သူ တရားပြိုင် ဦးညွန့်အောင်ကွယ်လွန်မှသာ ဖခင်၏ဝေစုကို မိထွေးဖြစ်သူထံ

မှ တောင်းခံခွင့်ရှိမည်ဖြစ်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာဝင်လင်မယား တစ်ဦးဦးကွယ်လွန်ပါက ကျန်ရစ်သူ ခင်ပွန်း သို့မဟုတ် ဇနီးက ၎င်းတို့ပိုင်ဆိုင်သောပစ္စည်းအရပ်ရပ်ကို ဆက်ခံပိုင်ဆိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလိုသည် တရားပြိုင်တစ်ဦးတည်း၏ ကိတ္တိမသမီးဖြစ်သဖြင့် တရားပြိုင်မကွယ်လွန်မီ တရားပြိုင်နောက်အိမ်ထောင်ပြုသည့်ကိစ္စအပေါ် အကြောင်းပြု၍ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခွင့်မရှိကြောင်းသုံးသပ်ပြီး ခရိုင်တရားရုံးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ အမိန့်များကိုပယ်ဖျက်ကာ တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွပလပ်ခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းခြင်းမရှိပေ။

သို့ဖြစ်၍ ကြားနာခဲ့သောပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

" ပထမဇနီးကွယ်လွန်ပြီး တစ်ဦးတည်းကျန်ရှိက မွေးစားသည့်ကိတ္တိမမွေးစားသမီးသည် မွေးစားသူ ၎င်း၏ဖခင်နောက်အိမ်ထောင်ပြုချိန်တွင် ဖခင်ထံမှ အမွေတောင်းခံပိုင်ခွင့်မရှိကြောင်း။"

ထို့ကြောင့်ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+၂၀၁၈ ခုနှစ်

ဖေဖော်ဝါရီလ ၅ ရက်

တရားမအထူးအယူခံမှု

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးသာဌေး၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊
ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင် နှင့် ဦးခင်မောင်ကြည်
တို့ရှေ့တွင်

ဦးစိုးနိုင် ပါ - ၉

နှင့်

**Myanmar Pongpipat Co., Ltd ပါ - ၂ ***

နှစ်စဉ်ဖြစ်သော ထိခိုက်နစ်နာစေမှုအတွက် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၂၂ အရ ထိခိုက်နစ်နာစေမှုကျူးလွန်သည့်နေ့ရက်ကို ရေတွက်ရာတွင် နောက်ဆုံးနစ်နာမှုကို ဖြစ်စေသည့်နေ့ရက်မှ စတင်

* ၂၀၁၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၆

\+ ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၀၇ တွင်ချမှတ်ခဲ့သော ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar
Pongpipat
Co., Ltd ပါ ၂

ရေတွက်ရန်ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်** ။ ။ အမှုတွင် တရားလိုများ၏နစ်နာဆုံးရှုံးမှုသည် ၂၀၀၈ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့ရာ ထိုစဉ်က တရားစွဲဆိုပိုင်ခွင့်ရရှိသကဲ့သို့ နှစ်စဉ်နစ်နာစေမှုကိုဖြစ်ပေါ်စေခဲ့သဖြင့် နောက်ဆုံးနစ်နာမှုကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ထပ်မံ၍တရားစွဲဆိုခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ ကာလစည်းကမ်းသတ်ကိုစတင်ရေတွက်ပါက ၁၄-၅-၂၀၁၄ ရက်နေ့တွင်တရားလိုများ စွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား အမှတ်စဉ် ၂၂ အရ စည်းကမ်းသတ်ကာလ ၁ နှစ်ထက်ကျော်လွန်နေကြောင်း မှာ ပေါ်လွင်ထင်ရှားသည်။

အယူခံတရားလိုများအတွက် - ဦးမောင်မောင်စိုး၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) ဦးနေလ၊
တရားလွှတ်တော်ရှေ့နေ
(၂) ဦးရဲမြင့်၊ ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ထားဝယ်ခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ တွင် ဦးစိုးနိုင် ပါ - ၉ ဦးက အမှတ် (၂) သတ္တုတွင်းလုပ်ငန်းနှင့် Myanmar Pongpipat Co., Ltd (Heinda Mine)

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar
Pongpipat
Co., Ltd ပါ ၂

တို့အပေါ် နစ်နာကြေးငွေ ၃၀၀၆၁၅၀၀၀ ကျပ် ရလိုမှုစွဲဆိုရန် အကြောင်းပေါ်ပေါက်ခြင်း မရှိဆိုသည်မှာ မမှန်ကြောင်း၊ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ နို့တစ်စာသည် တရားမဝင်ဆိုခြင်းမှာ မမှန်ကြောင်း၊ ပဏာမငြင်းချက် ၃ ရပ်ကို ကြားနာဆုံးဖြတ်ခဲ့သည်။ ယင်းအမိန့်ကို တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်သို့ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းက ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၀၊ Myanmar Pongpipat Co., Ltd က ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင် မှုအမှတ် ၁၁ တို့ဖြင့် ပြင်ဆင်မှုလျှောက်ထားရာ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ တရားလိုများက အမှတ် - ၂ တရားပြိုင်ထံနို့တစ်စာပေးပို့ခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၀ နှင့် ညီညွတ်ခြင်းမရှိသဖြင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းအား အမှုမှပယ်ထုတ်ကြောင်း၊ Myanmar Pongpipat Co., Ltd (၎င်း၏ကိုယ်စားလှယ် ဦးခိုက်စွမ်) အပေါ် အမှုကို ရောက်ရှိသည့်အဆင့်မှ ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဦးစိုးနိုင် ပါ - ၉ ဦးက ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၀၈၊ Myanmar Pongpipat Co., Ltd က ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၀၇ တို့ဖြင့် အသီးသီးလျှောက်ထားရာ

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar Pongpipat Co., Ltd ပါ ၂

တရားမပြင်ဆင်မှုအမှတ် ၅၀၈/၂၀၁၅ ကိုပလပ်ခဲ့သည်။ တရားမပြင်ဆင်မှုအမှတ် ၆၀၇/၂၀၁၅ ကိုခွင့်ပြုပြီး ထားဝယ်ခရိုင်တရားရုံးနှင့် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့ကိုပယ်ဖျက်ကာ တရားလိုများစွဲဆိုသည့်အမှုကိုပလပ်သဖြင့် ဦးစိုးနိုင် ပါ - ၉ ဦးတို့က အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃၉၂ တွင် လျှောက်ထားရာ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည် -

> " ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ အမှတ်စဉ် ၂၂ အရ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း သုံးသပ်ကာ တရားလိုများစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းသည် မှန်ကန်ခြင်း ရှိ မရှိ။"

အယူခံတရားလိုများ၏ရှေ့နေက သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် - ၂ သတ္တုတွင်းလုပ်ငန်းနှင့် Myanmar Pongpipat Co., Ltd (Heinda Mine) တို့ပူးပေါင်းလုပ်ကိုင်သော သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းကြောင့် ထိခိုက်ပျက်စီးမှုများအတွက် နစ်နာမှုလျော်ကြေးငွေ ၃၀၀၆၁၅၀၀၀ ကျပ် ရလိုကြောင်း တရားလိုများက စွဲဆိုခြင်း ဖြစ်ကြောင်း၊ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ

၂၀၁၈ ခုနှစ်

ဦးစိုးနိုင် ပါ ၉

နှင့်

Myanmar Pongpipat Co., Ltd ပါ ၂

၁ ရက်နေ့မှစ၍ သတ္တုများတူးဖော်ထုတ်လုပ်ခဲ့ရာ စွန့်ပစ်သော မြေစာများကြောင့် နှစ်စဉ် သဲ၊ နွံ၊ ရွှံ့မြေများ ဖုံးလွှမ်းနစ်မြုပ်ခံခဲ့ကြသဖြင့် ရွာသူရွာသားများမှာ နှစ်စဉ်နှစ်တိုင်း ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုသည် ၂၀၁၂ ခုနှစ် မိုးရာသီတွင် အဆိုးရွားဆုံးဖြစ်ပေါ်စေခဲ့သည့်အပြင် ထိုကာလ မတိုင်မီကပင် နှစ်စဉ်ပျက်စီးခဲ့ပြီး ပျက်စီးဆဲဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ အမှတ် - ၁ အယူခံတရားပြိုင်ကုမ္ပဏီအနေဖြင့် ဆက်လက်ကျူးလွန်နေသည်မှာ ပေါ်လွင်ထင်ရှားသဖြင့် ကာလစည်းကမ်းသတ်ရေတွက်ရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၃ အရ ရေတွက်ရမည့်အစား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယားအမှတ်စဉ် ၂၂ အရ ရေတွက်၍ စည်းကမ်းသတ်ကာလတစ်နှစ်ထက်ကျော်လွန်နေပြီဖြစ် ကြောင်းသုံးသပ်ပြီး တရားလိုများစွဲဆိုသောအမှုကို စရိတ်နှင့်တကွပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုတမှန်ကန်မှုမရှိကြောင်း လျှောက်ထားတင်ပြသည်။

အမှတ်-၁ အယူခံတရားပြိုင်၏ရှေ့နေက တရားလိုများစွဲဆိုသည့်အမှုသည် ၂၀၁၂ မိုးရာသီတွင် ပျက်စီးဆုံးရှုံးမှုကိုတွက်ချက်၍ နို့တစ်စာပေးပို့ပြီး နစ်နာကြေးတောင်းခံမှုဖြစ်ကြောင်း၊ နောက်ပိုင်းဖြစ်ပျက်မှုနှင့် ပျက်စီးမှုများကို အဆိုလွှာတွင် တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိကြောင်း၊ ၂၀၁၂ ခုနှစ်

မိုးရာသီတွင်အဆိုးရွားဆုံးဖြစ်ခဲ့ပြီး အိမ် ၂၇ လုံးအပါအဝင် ပျက်စီးမှုကို တန်ဖိုးသင့်၍ ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ အမှတ်စဉ် ၂၂ အရသတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ တစ်နှစ်ထက်ကျော်လွန်ကြောင်းသုံးသပ်ကာ တရားလိုများစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းသည် မှန်ကန်ကြောင်း၊ အယူခံမှုအားစရိတ်နှင့်တကွပလပ်ပေးရန်ဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar
Pongpipat
Co., Ltd ပါ ၂

အမှတ် - ၂ အယူခံတရားပြိုင် ကိုယ်စားလိုက်ပါဆောင်ရွက်သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက အဆိုလွှာ၌ပင် ၂၀၁၂ ခုနှစ် မိုးရာသီနောက်ပိုင်းကာလများ၌ ဆက်တိုက်နစ်နာဆုံးရှုံးရကြောင်း တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိသည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယားအမှတ် ၂၂ အရ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်းသုံးသပ်ပြီး မူလရုံးတရားလိုများ စွဲဆိုသောအမှုကို စရိတ်နှင့်တကွပလပ်ခဲ့ခြင်းသည် မှန်ကန်ကြောင်း၊ ဤတရားမအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

မူလထားဝယ်ခရိုင်တရားရုံးက တရားလိုများ၏အဆိုပြု

ချက်အရ တရားပြိုင်များက သတ္တုတူးဖော်ထုတ်လုပ်လာခဲ့သည့် အချိန် ၁၉၉၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ စွန့်ပစ်မြေစာများ ကြောင့် လူနေအိမ်၊ ရေတွင်း၊ အိမ်သာ၊ နှစ်ရှည်သီးပင်စားပင် များ ဆုံးရှုံးမှုအတွက် နစ်နာကြေးလျော်ကြေးငွေရလိုကြောင်း တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ အဆိုလွှာတွင် ပျက်စီးမှုသည် တစ်နှစ်ထက်တစ်နှစ်တိုးပွားလာရာ ၂၀၁၂ ခုနှစ် မိုးရာသီတွင် အဆိုးရွားဆုံးဖြစ်ကြောင်း၊ ပျက်စီးနစ်နာမှုသည်တစ်ကြိမ်တည်း ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ နှစ်စဉ်ပျက်စီးခဲ့ပြီး ပျက်စီးဆဲဖြစ်သည် ဟုဖော်ပြထားသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၃ အရ မတရားမှုကို ဆက်လက်ကျူးလွန်သည့်အခါတိုင်းမှစ၍ စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည် ဖြစ်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည့်အမိန့်ကို တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်က ဆက်လက်အတည်ပြုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုလွှာတွင် ၂၀၁၂ ခုနှစ်၊ မိုးတွင်းကာလနစ်နာမှုအတွက်သာ တောင်းဆိုခြင်း ဖြစ်၍ ကာလစည်းကမ်းသတ်ကို ၂၀၁၂ ခုနှစ်မှစတင်၍ရေတွက် ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်းကာလ၌ မည်ကဲ့သို့ နစ်နာမှုဖြစ်ပေါ်ကြောင်း ရှင်းလင်းစွာဖော်ပြထားမှုမရှိ၍ နစ်နာ မှုသည် မရပ်မနားဆက်လက်ဖြစ်ပေါ်နေသည်ဟု ကောက်ယူ၍

မရကြောင်း၊ တရားလိုများသည် ၁၄-၅-၂၀၁၄ ရက်နေ့တွင် ဤအမှုကိုစွဲဆိုခြင်းဖြစ်သဖြင့် ကာလစည်းကမ်းသက်အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ် ၂၂ အရ ကာလစည်းကမ်းသတ် တစ်နှစ်ထက်ကျော်လွန်နေသည်မှာ ထင်ရှားကြောင်းသုံးသပ်ကာ ထားဝယ်ခရိုင်တရားရုံးနှင့် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ အမိန့်ကိုပယ်ဖျက်ပြီး တရားလိုများစွဲဆိုသောအမှုကို ပလပ်ခဲ့ ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar
Pongpipat
Co., Ltd ပါ ၂

တရားလိုများ၏ အဆိုအလွှာအပိုဒ် ၈ နှင့် ၁၁ တို့တွင် အောက်ပါအတိုင်း အဆိုပြုထားသည် -

၈။ တရားလိုများနေထိုင်သောရွာအနီးရှိ မြောင်းပြိုချောင်းရေလျှံမှုကြောင့် ၂၀၀၈ ခုနှစ် မိုးရာသီမှစ၍ နှစ်စဉ်မိုးတွင်းကာလရောက်တိုင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပြီး မြေမြင့်ပိုင်းရှိ တရားပြိုင်ကုမ္ပဏီ၏သတ္တုထုတ်လုပ်မှုလုပ်ငန်းများမှ စွန့်ပစ်မြေစာများမှာ မြေနိမ့်ပိုင်း မြောင်းပြိုရွာထဲသို့ လျှံကျစီးဝင်လာကာ ကျေးရွာတွင်းရှိလူနေအိမ်များ၊ ရေတွင်းနှင့်အိမ်သာများ၊ လမ်းများမှာ နှစ်စဉ် သဲ၊ နုံး၊ ရွှံ့မြေများ ဖုံးလွှမ်းနစ်မြုပ်ခံခဲ့ကြသဖြင့် ရွာသူရွာသားများ သွားရေး၊ လာရေး၊ နေထိုင်စား

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar
Pongpipat
Co., Ltd ပါ ၂

သောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လူမှုဘဝ ထိခိုက်မှုများကို နှစ်စဉ်နှစ်တိုင်း ကာလရှည်ကြာစွာ ကြုံတွေ့ခံစားလာခဲ့ကြရပါသည်။ x x x x။

၁၁။ ၂၀၀၈ ခုနှစ်မိုးရာသီမှစ၍နှစ်စဉ် မြောင်းပြိုချောင်း ရေစီးရေလျှံမှုနှင့်အတူ ကုမ္ပဏီ၏သတ္တု ထုတ်လုပ်မှုလုပ်ငန်းများမှ မြေစာများ မြောင်းပြိုရွာထဲသို့ လျှံကျစီးဝင်နေခြင်းကို အကာအကွယ်ပေးရန် ရွာသားများကတင်ပြအကူအညီ တောင်းခံခဲ့သော်လည်း လုံလောက်ထိရောက်စွာ ကာကွယ်ပေးမှုမရှိခဲ့၍သာ၂၀၁၂ ခုနှစ်မိုးရာသီတွင် ယခုကဲ့သို့ အဆိုးရွားဆုံးအကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ရခြင်း ဖြစ်ပါသည်။

တရားလိုများ၏အဆိုလွှာတွင် ဖော်ပြထားချက်အရ တရားပြိုင်ကုမ္ပဏီ၏ သတ္တုထုတ်လုပ်မှုလုပ်ငန်းမှ စွန့်ပစ်မြေစာများကြောင့် ၂၀၀၈ ခုနှစ်၊ မိုးရာသီမှစ၍ နှစ်စဉ်မိုးတွင်းကာလရောက်တိုင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာကာ နေအိမ်များ၊ ရေတွင်းနှင့်အိမ်သာများ၊ သီးပင်စားပင်နှင့် ဥယျာဉ်ခြံမြေများဆုံးရှုံးပျက်စီးခဲ့သည်မှာ ၂၀၁၂ ခုနှစ် အဆိုးရွားဆုံး ဖြစ်ကြောင်း

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar
Pongpipat
Co., Ltd ပါ ၂

ဖော်ပြထားသည်ကိုတွေ့ရသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယားအမှတ်စဉ် ၂၂ တွင် တစ်ဦးတစ်ယောက်သောသူအား အခြားသော နစ်နာမှုဖြစ်စေသည့် လျော်ကြေးငွေရလိုမှုကို နစ်နာစေသည့် နေ့ရက်ကစ၍ တစ်နှစ်အတွင်းစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၃ တွင် ပဋိညာဉ်ကို ဆက်လက်ဖောက်ဖျက်နေသောကိစ္စ၌လည်းကောင်း၊ ပဋိညာဉ်နှင့်မဆိုင်သော မတရားပြုမှုကို ဆက်လက်ကျူးလွန်သောကိစ္စ၌ လည်းကောင်း ထိုကိစ္စတစ်ခုခု ဆက်လက်ကျူးလွန်နေသော ကာလအတွင်းတွင် အဆိုပါကျူးလွန်သည့်အခါတိုင်းမှစ၍ စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။

တရားလိုများက ၂၀၀၈ ခုနှစ် မိုးရာသီမှစ၍ ၎င်းတို့အားပျက်စီးနစ်နာမှုများဖြစ်စေခဲ့ကြောင်း အဆိုပြုဖော်ပြထားရာ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား၊ အမှတ်စဉ် ၂၂ အရ ၎င်းတို့အား နစ်နာမှုဖြစ်စေ သည့် ၂၀၀၈ ခုနှစ်မှစတင်၍ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်ရမည်ဖြစ်သည်။

သို့သော် အဆိုလွှာတွင် ၂၀၀၈ ခုနှစ်မှစ၍ မိုးတွင်းကာလရောက်တိုင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင်

၂၀၁၈ ခုနှစ်
ဦးစိုးနိုင် ပါ ၉
နှင့်
Myanmar
Pongpipat
Co., Ltd ပါ ၂

အဆိုးရွားဆုံးဖြစ်ခဲ့ကြောင်းဖော်ပြထားပြီး ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် မည်သို့ဆုံးရှုံးနစ်နာမှုများရှိခဲ့ကြောင်းနှင့် ပျက်စီးဆဲဖြစ်ကြောင်း ဖော်ပြထားသည်ကို မတွေ့ရပေ။

အဆိုလွှာအပိုဒ် ၉ တွင် တရားလို ၉ ဦးတို့၏ ဆုံးရှုံးနစ်နာမှုများမှာ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၀၀၆၁၅၀၀၀ ဖြစ်ကြောင်း ဖော်ပြထားခြင်းသည် ၂၀၁၂ ခုနှစ်ထိ ဆုံးရှုံးနစ်နာမှုများကိုတွက်ချက်ဖော်ပြထား ခြင်းဖြစ်သည်ဟုသာ ကောက်ယူနိုင်သည်။

အဆိုလွှာတွင် အမှုစွဲဆိုနိုင်ရန်အကြောင်းကို ဖြစ်ပေါ်စေသည့်အကြောင်းအချက်များနှင့် အမှုစွဲဆိုနိုင်ရန် အကြောင်းပေါ်ပေါက်သည့်အချိန်တို့ကိုဖော်ပြရသည်။ တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်သည်နှင့်တစ်ပြိုင်နက် တရားစွဲဆိုပိုင်ခွင့်လည်း ရရှိလာပြီး စည်းကမ်းသတ်အချိန်ကို စတင်ရေတွက်ရမည်ဖြစ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၃ အရ ပဋိညာဉ်ကို ဆက်လက်ဖောက်ဖျက်နေသောအခါတိုင်းမှစ၍ စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ရာ တရားလိုများအား နစ်နာစေသည့်နေ့ရက်သည် ၂၀၀၈ ခုနှစ်ကစတင်၍ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အဆိုးရွားဆုံးဖြစ်ကြောင်း ဖော်ပြထားချက်အရ စည်းကမ်း

သတ်ကာလအပိုင်းအခြားကို ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ်ရေတွက်ရန်ဖြစ်ပြီး ပဋိညာဉ်ကို ဆက်လက်ဖောက်ဖျက်ခဲ့ခြင်းအတွက် ၂၀၁၂ ခုနှစ်တွင်တစ်ကြိမ် အသစ်ရေတွက်မှသာ ဥပဒေနှင့် ညီညွတ် မှန်ကန်မှုရှိမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်

ဦးစိုးနိုင် ပါ ၉

နှင့်

Myanmar

Pongpipat

Co., Ltd ပါ ၂

အမှုတွင် တရားလိုများ၏ နစ်နာဆုံးရှုံးမှုသည် ၂၀၀၈ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့ရာ ထိုစဉ်က တရားစွဲဆိုပိုင်ခွင့်ရှိသကဲ့သို့ နစ်စဉ်နစ်နာစေမှုကိုဖြစ်ပေါ်စေခဲ့သဖြင့် နောက်ဆုံးနစ်နာမှုကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ထပ်မံ၍ တရားစွဲဆိုခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်ပါက ၁၄-၅-၂၀၁၄ ရက်နေ့တွင် တရားလိုများ စွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမ ဇယားအမှတ်စဉ် ၂၂ အရ စည်းကမ်းသတ်ကာလ ၁ နှစ်ထက် ကျော်လွန်နေကြောင်းမှာ ပေါ်လွင်ထင်ရှားသည်။

သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလိုများ စွဲဆိုသည့်အမှုသည် တရားစွဲဆိုရန်ကန့်သတ်ထားသည့် စည်းကမ်းသတ်ကာလ တစ်နှစ်ထက်ကျော်လွန်နေပြီဖြစ်ကြောင်း၊ နစ်နာမှုသည် မရပ်မနား ဆက်လက်ဖြစ်ပေါ်နေသည် ဟု ကောက်ယူ၍မရကြောင်းသုံးသပ်ပြီး တရားလိုများစွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု

၂၀၁၈ ခုနှစ်

ဦးစိုးနိုင် ပါ ၉

နှင့်

Myanmar Pongpipat Co., Ltd ပါ ၂

မဆိုနိုင်ချေ။

သို့ဖြစ်ရာကြားနာခဲ့သောပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည် -

" ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ အမှတ်စဉ် ၂၂ အရ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း သုံးသပ်ကာ တရားလိုများစွဲဆိုသောအမှုကို စရိတ်နှင့်တကွပလပ်ခဲ့ခြင်းသည် မှန်ကန်ကြောင်း။"

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+၂၀၁၈ ခုနှစ်

ဇွန်လ၂၇ ရက်

# တရားမပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

## ဦးမြသိမ်း ရှေ့တွင်

Seasons Overseas Pte., Ltd ပါ – ၉

နှင့်

Great Light Co., Ltd ပါ – ၇ *

နိုင်ငံခြားတိုင်းပြည်တွင်ပြုလုပ်သည့် ကိုယ်စားလှယ်လွှဲစာကို ဖြစ်စေ၊ အခြားစာမှတ်စာတမ်းတစ်စုံတစ်ရာကိုဖြစ်စေ၊ သက်သေခံတင်သွင်းရာတွင် သက်ဆိုင်ရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်သည် ၎င်းရှေ့တွင်ပြုလုပ်ခြင်းမှန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်းလက်မှတ် ရေးထိုးသူ နိုတြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံက ဥပဒေအရခန့်ထားသည့် နိုတြီပဗ္ဗလစ်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံ၏

* ၂၀၁၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၀၄

\+ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၃ တွင်ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၃၁ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု

၂၀၁၈ ခုနှစ်

Seasons Over-sea Pte.,Ltd

ပါ ၉

နှင့်

Great Light Co., Ltd ပါ ၇

**နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့်လက်မှတ် ရေးထိုးအတည်ပြုရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ နိုင်ငံခြားတိုင်းပြည်တွင် ပြုလုပ်သည့် ကိုယ်စားလှယ်လွှဲစာကိုဖြစ်စေ၊ အခြားစာမှတ်စာတမ်းတစ်စုံ တစ်ရာကိုဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံရှိ နိုတ်တြီပဗ္ဗလစ်သည် ၎င်း ရှေ့တွင်ပြုလုပ်ခြင်းမှန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်း လက်မှတ်ရေးထိုးသူ နိုတ်တြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံက ဥပဒေအရခန့်ထားသည့် နိုတ်တြီပဗ္ဗလစ်ဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့်လက်မှတ်ရေးထိုး အတည် ပြုမှသာ ယင်းကိုယ်စားလှယ်လွှဲစာကို မြန်မာနိုင်ငံတရားရုံးက သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရမှတ်ယူခွင့်ရှိမည်ဖြစ်သည်။ အခြားစာမှတ်စာတမ်းဖြစ်လျှင် နိုတ်တြီပဗ္ဗလစ်က မှန်ကြောင်း လက်မှတ်ထိုးပြီး သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က အတည်ပြုလုပ် လက်မှတ်ထိုးမှသာ သက်သေခံအက်ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ ၆ အရ သက်သေထင်ရှားပြနိုင်မည် ဖြစ်သည်။

၂၀၁၈ ခုနှစ်

Seasons Over-sea Pte.,Ltd ပါ ၉ နှင့် Great Light Co., Ltd ပါ ၇

တရားလိုများက သက်သေခံတင်ပြသည့် အမှတ် ၇ တရားလိုကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်းကို အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းလေယာဉ်ကွင်းအာဏာပိုင်က သက်သေခံ လက်မှတ်ထိုးထားသော်လည်း သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ လိုအပ်သည့်အတိုင်း အဆိုပါနိုင်ငံ၏ နိုတြီပဗ္ဗလစ်က မှန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားခြင်းမရှိသဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ တရားရုံးက မှန်သည်ဟု မှတ်ယူခြင်းပြုနိုင်မည်မဟုတ်ပေ။ အကယ်၍ အဆိုပါအစည်း အဝေးမှတ်တမ်းသည် ကိုယ်စားလှယ်လွှဲအပ်စာမဟုတ်ဟု ဆို လျှင်လည်း သက်သေခံအက်ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ ၆ အရ နိုတြီပဗ္ဗလစ်က မှန်ကြောင်းလက်မှတ်ရေးထိုးခြင်းမရှိသဖြင့် တရားရုံးတွင် သက်သေထင်ရှားပြခွင့်မရှိပေ။

လျှောက်ထားသူများအတွက် - ဒေါ်ဇာဇာဖြူ၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၁မှ၆)အတွက် - ဦးဝင်းရွှေ၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၇)အတွက် - ဒေါ်ခင်သန့်ဇင်၊
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ ခုနှစ်၊

၂၀၁၈ ခုနှစ်
Seasons Oversea Pte.,Ltd ပါ ၉ နှင့် Great Light Co., Ltd ပါ 7

တရားမကြီးမှုအမှတ် ၉၃ တွင် Seasons Overseas Pte., Ltd ပါ - ၁၀ ဦးက Great Light Co., Ltd ပါ - ၆ ဦးအပေါ် ကြိုတင်ပေးထားသော ကုန်ဖိုးငွေများကိုအတိုးနှင့်တကွ ပြန်လည်ပေးစေလိုမှုစွဲဆိုသည်။ ၁ မှ ၉ အထိ တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်ဦးဉာဏ်ဝင်းက သက်သေခံအဖြစ်တင်သွင်းသည့် '' ၇ တရားလို Sun Impex FZE ကုမ္ပဏီက ဦးဉာဏ်ဝင်းအား အခွင့်အာဏာလွှဲအပ်ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု၊ ဒူဘိုင်းလေယာဉ်ကွင်းအာဏာပိုင်များ လက်မှတ်ရေးထိုးထားသည့်စာမူရင်း'' ကို သက်သေခံအဖြစ်လက်မခံ၍ ၁ မှ ၉ အထိ တရားလိုများက ဤပြင်ဆင်မှုကို တင်သွင်းလျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ကိုယ်စားလှယ်လွှဲစာနှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်တို့မတူသည်ကို သတိမမူဘဲ ကုမ္ပဏီဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ကို သက်သေခံအက်ဥပဒေပုဒ်မ ၈၅ နှင့်ကိုက်ညီမှုမရှိကြောင်း သုံးသပ်၍ သက်သေခံ အဖြစ်လက်မခံခြင်းသည် မှားယွင်းကြောင်း၊ မြန်မာနိုင်ငံရှိကုမ္ပဏီများက အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီကိုယ်စားပြု တရားစွဲဆိုခုခံချေပသည့် အမှုများတွင်

၂၀၁၈ ခုနှစ်
Seasons Over-sea Pte.,Ltd
ပါ ၉
နှင့်
Great Light Co., Ltd ပါ ၇

နိုင်ငံခြားကုမ္ပဏီအဖြစ် ရာဇဝင်ကြောင့် ခံနိုင်စေရန် အခြေခံ တိုင်ကြားသည်မှာ ... 

နိုင်တြိုပဗ္ဗလစ်ရှေ့တွင်မှန်ကြောင်း လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း အမှုတွင်လက်ခံလျက် သက်သေခံတင်သွင်းခွင့် မပြုခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ ကုမ္ပဏီစီမံခန့်ခွဲရေးဆိုင်ရာစည်းမျဉ်းအပိုဒ် ၉၁ အရ ဒါရိုက်တာအဖွဲ့ကသာ ကုမ္ပဏီကိုယ်စားပြုရန် တစ်ဦးဦးကိုလွှဲအပ်ခွင့်ရှိကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၈၅ နှင့် ညီညွတ်ရမည်ဟု ပြဋ္ဌာန်းချက်မရှိကြောင်း၊ **ဒေါ်မြစိန် နှင့် ဒေါ်ပျော့ ပါ - ၄ အမှု** [၁] ကို ကိုးကားဆုံးဖြတ်သည်မှာ မှားယွင်းကြောင်း၊ Sun Impex FZE ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်းသည် မှတ်တမ်းတင်သူအဖြစ် ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ Mr. Harish Guptam ကလည်းကောင်း၊ အတည်ပြုသူအဖြစ် ဒါရိုက်တာ Mr. Sumant Bindal ကလည်းကောင်း၊ ၎င်းတို့လက်မှတ်မှန်ကြောင်း၊ Dubai Airport Freezone Authority နှင့် United Arab Emirates Ministry of Foreign Affair မှ အခွင့်အာဏာရှိသည့် အရာရှိကလည်းကောင်း လက်မှတ်ရေးထိုးထားသဖြင့် သက်သေခံအဖြစ် အမိန့်ချမှတ်ပေးရန် လျှောက်ထားတင်ပြ သည်။

လျှောက်ထားခံရသူ ၁ မှ ၆ ထိတို့၏ရှေ့နေက ဦးဉာဏ်ဝင်းသည် Sun Impex FZE ကုမ္ပဏီ၏ အတွင်းရေးမှူး

၁။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၆၇။

၂၀၁၈ ခုနှစ်
Seasons Over-sea Pte.,Ltd
ပါ ၉
နှင့်
Great Light Co., Ltd ပါ 7

သို့မဟုတ် ဒါရိုက်တာ သို့မဟုတ် အကြီးအကဲအရာရှိ မဟုတ်ကြောင်း၊ ကုမ္ပဏီပိုင်ရှင်ဒါရိုက်တာနှစ်ဦးနှင့် ဦးဉာဏ်ဝင်းတို့ UAE နိုင်ငံတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း တွေ့ဆုံ မှုရှိသည်ဟု မပေါ်ပေါက်ကြောင်း၊ ကုမ္ပဏီများကိုယ်စား ဦးဉာဏ်ဝင်းသို့ လွှဲအပ်ဆောင်ရွက်ခိုင်းသည့် ကိုယ်စားလှယ်လွှဲစာဟု မှတ်ယူ၍ရမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏ သံတမန်ကိုယ်စားလှယ်တစ်ဦးတစ်ယောက်ကမျှ မှန်ကန်ကြောင်း အသိအမှတ်ပြု လက်မှတ်ထိုးထားခြင်းမရှိသည့် အစည်းအဝေးမှတ်တမ်းဖြစ်၍ တရားလိုကုမ္ပဏီ ၇ ခုက ဦးဉာဏ်ဝင်းဆိုသူသို့ အဆိုပါအစည်းအဝေးမှတ်တမ်းဖြင့် ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ရန် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားသည်မှာ မှန်ကြောင်းကို လျှောက်ထားသူများက သက်သေမပြနိုင်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှာ မှန်ကန်၍ ဆက်လက်အတည်ပြုသင့်ကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူအမှတ် ၇ ၏ရှေ့နေက အမှတ် ၇ တရားလို Sun Impex FZE ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်းအရ ဦးဉာဏ်ဝင်းအား ကုမ္ပဏီကိုယ်စားပြု ဆောင်ရွက်ရန် လွှဲအပ်ခြင်းသည် သက်သေခံအက်ဥပဒေပုဒ်မ ၇၈ နှင့် ၈၅ တို့နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိကြောင်း၊ မြန်မာ

နိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နောက်ဆက်တွဲပထမဇယား စာရင်း (က) ကုမ္ပဏီစီမံခန့်ခွဲရေးဆိုင်ရာစည်းမျဉ်းအပိုဒ် ၇၁ အရ ကုမ္ပဏီအုပ်ချုပ်မှုကိစ္စအရပ်ရပ်၏ အခွင့်အာဏာသည် ဒါရိုက်တာအဖွဲ့တွင်ရှိပြီး စည်းမျဉ်းအပိုဒ် ၉၁ အရ ဒါရိုက်တာအဖွဲ့ ကသာ ကုမ္ပဏီကိုယ်စားပြုရန် မည်သူတစ်ဦးဦးမဆို လွှဲအပ်ခွင့်ရှိကြောင်း၊ နိုတြီပဗ္ဗလစ်၏ရှေ့တွင်ချုပ်ဆို၍ ၎င်း၏လက်မှတ်ရေးထိုးချက်ပါရှိရန်မလိုကြောင်း၊ ပြင်ဆင်မှုအကြောင်းပြချက်များမှာ မှန်ကန်၍ ကန့်ကွက်ရန်မရှိကြောင်း လျှောက်ထားတင်ပြသည်။

၂၀၁၈ ခုနှစ်
Seasons Over-sea Pte.,Ltd
ပါ ၉
နှင့်
Great Light Co., Ltd ပါ ၇

အမှုတွဲအားစိစစ်ကြည့်ရာ ၁ မှ ၉ ထိ တရားလိုကုမ္ပဏီများ၏ အခွင့်ရကိုယ်စားလှယ်အဖြစ် ဦးဉာဏ်ဝင်းကို စစ်ဆေးစဉ် အာရပ်စော်ဘွားများပြည်ထောင်စု၊ ဒူဘိုင်းလေယာဉ်ကွင်းအာဏာပိုင်များ လက်မှတ်ရေးထိုးထားသည့် အမှတ် ၇ တရားလို Sun Impex FZE ကုမ္ပဏီက ဦးဉာဏ်ဝင်းအား အခွင့်အာဏာလွှဲအပ်သည့် အစည်းအဝေးဆုံးဖြတ်ချက် စာမူရင်းကို သက်သေခံအဖြစ်တင်ရာ ၁၊ ၂၊ ၃၊ ၄၊ ၆ - တရားပြိုင်များ၏ရှေ့နေက ၇ - တရားလိုကုမ္ပဏီ နှင့် တရားပြိုင်ကုမ္ပဏီတို့ စာချုပ် ချုပ်စဉ်က ကန်းထရီးမန်နေဂျာ မစ္စတာစလင်းက လက်မှတ်ရေးထိုးထားကြောင်း၊ ယခုတင်ပြစာတွင် မစ္စတာစလင်းက သိရှိမှန်ကန်ကြောင်း လက်မှတ်ထိုးထားမှုမရှိသည့်

၂၀၁၈ ခုနှစ်

Seasons Over-sea Pte.,Ltd

ပါ ၉

နှင့်

Great Light Co., Ltd ပါ 7

အပြင် သက်ဆိုင်ရာကောင်စစ်ဝန်မှလည်း အဆိုပါကုမ္ပဏီက လွှဲအပ်ခြင်းမှန်ကန်ကြောင်း၊ အတည်ပြုလက်မှတ်ထိုးထားခြင်း မရှိကြောင်း၊ ကုမ္ပဏီကိုယ်စားလှယ် မစ္စတာစလင်းကို ရုံးရှေ့ ခေါ်ယူပြီးမှသာ တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်းဥပဒေ ၁ အရ ဆောင်ရွက်ခွင့်ပြုသင့်ကြောင်းကန့်ကွက်ခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော်က ကန်းထရီးမန်နေဂျာ မစ္စတာစလင်းကိုခေါ်ယူစစ်ဆေးရာ Sun Impex FZE ကုမ္ပဏီ ဒါရိုက်တာများ၏ အစည်းအဝေးဆုံးဖြတ်ချက်တွင် လက်မှတ်ထိုးထားသူများသည်ရင်းနှင့်လုပ်ငန်းအတူလုပ်ကိုင်ဖူး၍ အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်ပါလက်မှတ်များသည် ကုမ္ပဏီ ဒါရိုက်တာများ၏ လက်မှတ်များဖြစ်ကြောင်း၊ ဒူဘိုင်းအဲယားပို့ ဖရီးဇုန်အာဏာပိုင်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံခြားရေးရုံးတို့မှ ထပ်ဆင့်လက်မှတ်ထိုးထားသော်လည်း မည်သူများဖြစ်သည်ကိုမသိကြောင်း ထွက်ဆိုသည်။

မစ္စတာစလင်းက ဒူဘိုင်းနိုင်ငံရှိ Sun Impex FZE ကုမ္ပဏီတွင် ဦးညဏ်ဝင်း အစုရှယ်ယာမပါဝင်သကဲ့သို့ ဦးညဏ်ဝင်း သည် ဒါရိုက်တာလည်းမဟုတ်ကြောင်း၊ အဆိုပါကုမ္ပဏီဒါရိုက်တာ နှစ်ဦး လက်မှတ်ထိုးထားသော စာမှတ်စာတမ်းသည် မြန်မာ နိုင်ငံရှိ ဦးညဏ်ဝင်းကို ကုမ္ပဏီကိုယ်စားပြုဆောင်ရွက်ပေးရန်

၂၀၁၈ ခုနှစ်

Seasons Over-sea Pte.,Ltd ပါ ၉ နှင့် Great Light Co., Ltd ပါ ၇

အခွင့်အာဏာ လွှဲအပ်သည့်မှတ်တမ်းဖြစ်ကြောင်း၊ အစည်းအဝေးမှတ်တမ်းပြုလုပ်ချိန်၌ ဦးဉာဏ်ဝင်းသည် UAE နိုင်ငံ၌ မရှိကြောင်း၊ ဒါရိုက်တာနှစ်ဦးနှင့် ဦးဉာဏ်ဝင်းသည် အစည်းအဝေးဆုံးဖြတ်ချက်နှင့်ပတ်သက်၍ လူချင်းတွေ့ဆုံဘူးခြင်းမရှိကြောင်း ထွက်ဆိုသည်။

တရားလိုဘက်မှ သက်သေခံတင်သွင်းလိုသော စာမှတ်စာတမ်းသည် အမှတ် ၇ - တရားလို ဖြစ်သည့် Sun Impex FZE ကုမ္ပဏီက ဦးဉာဏ်ဝင်းအား ကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ်တာဝန်ပေးသည့် ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းဖြစ်သည်။ တစ်နည်းအားဖြင့် ဦးဉာဏ်ဝင်းအား ကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ်လွှဲအပ်သည့် စာမှတ်စာတမ်းဖြစ်သည်ဟုလည်းဆိုနိုင်သည်။ အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းမူရင်းကို အာရပ်စော်ဘွားများပြည်ထောင်စု၊ ဒူဘိုင်းလေယာဉ်ကွင်းအာဏာပိုင်က ထပ်ဆင့်လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ ကိုယ်စားလှယ်လွှဲစာကို ယင်းပုဒ်မတွင် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးရှေ့တွင်ချုပ်ဆိုပြီး ယင်းပုဂ္ဂိုလ်က မှန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးတံဆိပ်ခတ်နှိပ်ထားလျှင် တရားရုံးက ယင်းသို့

၂၀၁၈ ခုနှစ်

Seasons Over-sea Pte.,Ltd

ပါ ၉

နှင့်

Great Light Co., Ltd ပါ 7

ချုပ်ဆိုလက်မှတ်ရေးထိုးကြောင်း မှတ်ယူခွင့်ရှိသည်။ ပုဒ်မ ၈၅ တွင် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်များတွင် နိုတြီပဗ္ဗလစ် လည်းပါဝင်သည်။ အခြားစာမှတ်စာတမ်းဖြစ်လျှင် သက်သေခံ အက်ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ ၆ အရ နိုတြီပဗ္ဗလစ်ကမှန်ကြောင်း လက်မှတ်ထိုးမှသာ တရားရုံးတွင်သက်သေထင်ရှားပြနိုင်သည်။

အမှတ် ၇ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီ များအက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် ကုမ္ပဏီ မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံ၏ဥပဒေအရ ဖွဲ့စည်းတည်ထောင် ထားသည့်ကုမ္ပဏီဖြစ်သည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ အရ ဖွဲ့စည်းတည်ထောင်သည့်ကုမ္ပဏီသည် သက်ဆိုင်ရာ ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ် ၍ ယင်းကုမ္ပဏီ၏အစည်းအဝေးဆုံးဖြတ်ချက်ကို နိုတြီပဗ္ဗလစ် က လက်မှတ်ရေးထိုးခြင်းမရှိသော်လည်း တရားရုံးက သက်သေခံ အဖြစ်လက်ခံနိုင်သည်။ သို့သော် နိုင်ငံခြားကုမ္ပဏီ၏ အစည်း အဝေးဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ သက်သေခံအက်ဥပဒေက ခွင့်ပြုသည့်အတိုင်း ဆောင်ရွက်ခြင်းမရှိလျှင် မှန်ကြောင်းမှတ်ယူ ခွင့်မရှိသကဲ့သို့ တရားရုံးတွင် သက်သေထင်ရှားတင်ပြခွင့်လည်း ရှိမည်မဟုတ်ပေ။

နိုင်ငံခြားတိုင်းပြည်တွင်ပြုလုပ်သည့် ကိုယ်စားလှယ်

၂၀၁၈ ခုနှစ်

Seasons Over-sea Pte.,Ltd

ပါ ၉

နှင့်

Great Light Co., Ltd ပါ ၇

လွှဲစာကိုဖြစ်စေ၊ အခြားစာမှတ်စာတမ်းတစ်စုံတစ်ရာကိုဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်က ၎င်းရှေ့တွင်ပြုလုပ်ခြင်း မှန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်းလက်မှတ်ရေးထိုးသူ နိုတြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံဥပဒေအရခန့်ထားသည့် နိုတြီပဗ္ဗလစ်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့်လက်မှတ်ရေးထိုး အတည်ပြုမှသာ ယင်းကိုယ်စားလှယ်လွှဲစာကို မြန်မာနိုင်ငံတရားရုံးက သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ မှတ်ယူခွင့်ရှိမည်ဖြစ်သည်။ အခြားစာမှတ်စာတမ်းဖြစ်လျှင် နိုတြီပဗ္ဗလစ်ကမှန်ကြောင်း လတ်မှတ်ထိုးပြီး သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် သံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က အတည်ပြုလက်မှတ်ထိုးမှသာ သက်သေခံအက်ဥပဒေ ပုဒ်မ ၇၈ ပုဒ်မခွဲ ၆ အရ သက်သေထင်ရှားပြနိုင်မည်ဖြစ်သည်။

တရားလိုများက သက်သေခံတင်ပြသည့် အမှတ် ၇ တရားလိုကုမ္ပဏီ၏အစည်းအဝေးမှတ်တမ်းကို အာရပ်စော်ဘွားများပြည်ထောင်စု၊ ဒူဘိုင်းလေယာဉ်ကွင်းအာဏာပိုင်က သက်သေခံလက်မှတ်ထိုးထားသော်လည်း သက်သေခံအက်ဥပဒေ ပုဒ်မ ၈၅ အရ လိုအပ်သည့်အတိုင်း အဆိုပါနိုင်ငံ၏ နိုတြီပဗ္ဗလစ်ကမှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားခြင်း

၂၀၁၈ ခုနှစ်

Seasons Over-sea Pte.,Ltd

ပါ ၉

နှင့်

Great Light Co., Ltd ပါ 7

မရှိသဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ တရားရုံးက မှန်သည်ဟုမှတ်ယူခြင်း ပြုနိုင်မည်မဟုတ်ပေ။ အကယ်၍ အဆိုပါအစည်းအဝေးမှတ်တမ်းသည် ကိုယ်စားလှယ်လွှဲအပ်စာ မဟုတ်ဟုဆိုလျှင်လည်း သက်သေခံအက်ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ ၆ အရ နိုတြီပဗ္ဗလစ်က မှန်ကြောင်း လက်မှတ်ရေးထိုးခြင်းမရှိ သဖြင့် တရားရုံးတွင် သက်သေထင်ရှား တင်ပြခွင့်မရှိပေ။

သို့ဖြစ်ရာ တရားလိုများတင်ပြသည့် အမှတ် ၇ တရားလို ကုမ္ပဏီကဦးဉာဏ်ဝင်းအားကိုယ်စားလှယ်လွှဲအပ်သည့် အစည်း အဝေးမှတ်တမ်းကို သက်သေခံအဖြစ်လက်ခံရန် ငြင်းပယ်ခဲ့ သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် မှားယွင်းခြင်း မရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက် သည်။

ရှေ့နေစရိတ်ကျပ် ၁၀၀၀၀/- သတ်မှတ်သည်။

# ၂၀၁၈ ခုနှစ်

# စာချုပ်တော်ဆိုင်ရာအမှုများ

ဥပဒေများ -　　　　စာမျက်နှာ

- စာချုပ်စာတမ်းမှတ်ပုံတင်ရေးအက်ဥပဒေ

- ဖွဲ့စည်းပုံအခြေခံဥပဒေ

- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်း

- ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ

- အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ

**မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တရားရုံး၏အမိန့်အရ လက်ရောက်ပေးအပ်နိုင်ရေးအတွက် အပ်ဝရမ်းအတည်ပြုဆောင်ရွက်ရာတွင် တရားစီရင်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်ရခြင်း**

**ဆုံးဖြတ်ချက်။** ။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တရားရုံး၏အမိန့်အရ လက်ရောက်ပေးအပ်နိုင်ရေးအတွက် အပ်ဝရမ်းအတည်ပြုရာတွင် ဒီကရီလိုက်နာရန် တာဝန်ရှိသည့်တရားရုံးနှင့်သက်ဆိုင်သူတို့က နည်းအမျိုးမျိုးဖြင့်ခုခံတားဆီးနှောင့်ယှက်မှုပြုလေ့ရှိသဖြင့် ရပ်ရွာအေးချမ်းသာယာမှုကို ထိခိုက်စေခြင်း၊

အများပြည်သူစိတ်ပြိုငြင်ထိတ်လန့်မှုဖြစ်ခြင်း၊ ရုန်းရင်းဆန်ခတ် စာမျက်နှာ မှုများဖြစ်စေခြင်းစသည့် မလိုလားအပ်သောအခြေအနေများ ပေါ်ပေါက်နိုင်သဖြင့် လုံခြုံရေးအဆင့်ဆင့်တောင်းခံပြီး အပ်ဝရမ်းကို အတည်ပြုဆောင်ရွက်ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန် တာဝန်ရှိသည့်အပြင် ပုဒ်မ ၂၅၆ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုရသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြုလုပ်ရာ၌ တရားရုံး၏အမိန့်နှင့် အုပ်ချုပ်ရေးအာဏာပိုင်၏ ဆုံးဖြတ်ချက်ကို ဝိရောဓိမဖြစ်စေရန် တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့ ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်ရန်

လိုအပ်သည်။ စာမျက်နှာ

လက်ရှိဖြစ်ခြင်းအပေါ်ကျူးကျော်ခြင်းကြောင့် လက်လွှတ်ခဲ့ရသည့်မြေကို ပြန်လည်အပ်နှံရန်ချမှတ်သည့် တရားရုံး၏ အမိန့် အတည်ဖြစ်လျက်ရှိသဖြင့် ယင်းအမိန့်ကို ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တရားရုံးသည် အပ်ဝရမ်းထုတ်ဆင့်အတည်ပြုဆောင်ရွက်ရန် တာဝန်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေး ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိပြီး ဥပဒေနှင့်အညီချမှတ်ထားသောတရားရုံး၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆ ပုဒ်မခွဲ (ခ) အရ ပေါင်းစပ်ဆောင်ရွက်ရန်တာဝန်ရှိလျက် ၂၁-၁၂-၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၆) ၏ ဆုံးဖြတ်ချက်အပိုဒ် ၄၃ အရ လုံခြုံရေးဆောင်ရွက်ပေးခြင်းကို ဆိုင်းငံ့ထားရန်ဆုံးဖြတ်ခဲ့ခြင်းသည် မိမိ၏ ဥပဒေအရဆောင်ရွက်ရမည့်တာဝန်ကို လိုက်နာရန်

ပျက်ကွက်ကြောင်းပေါ်ပေါက်သဖြင့် အာဏာပေးစာချွန်တော် စာမျက်နှာ အမိန့် ထုတ်ဆင့်ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရ သည်။

ဦးအောင်ဝင်း နှင့် ဌာနမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ပါ ၈ ၅၈

**မြေအမည်ပေါက်ပြောင်းလဲခြင်း၊ တရားရုံးအမိန့်ရရှိထားသူ ဟုတ် မဟုတ်**

**ဆုံးဖြတ်ချက်။** ။ မြေအမည်ပေါက်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄ (ခ) တွင် မြေအမည်ပေါက်ပြောင်းလဲရန် လျှောက်ထားသူသည် ဌာနမှ သတ်မှတ်ပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ မြေပိုင်မြေဖြစ်ပါက အမည်ပေါက်စာချုပ်၊ ဂရန်မြေဖြစ်ပါက မြေငှားဂရန် (နောက်ဆုံးထမ်းဆောင်ထားသည့် မြေခွန်ပြေစာပူးတွဲလျက်) စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူဖြစ်ပါက မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ရရှိထားသူဖြစ်ပါကပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားရုံးကချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီမူရင်းများ

တင်ပြလျှောက်ထားရမည်ဟု ထုတ်ပြန်ထားသည်။ စာမျက်နှာ

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနအနေဖြင့် မြေအမည်ပြောင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် အချက်များဖြစ်သော မြေအမည်ပေါက်နှင့် မြေငှားစာချုပ်ရသူထံမှ မှတ်ပုံတင်စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ရရှိသူမဟုတ်သည့်အပြင် တရားရုံး၏အမိန့်ရရှိထားခြင်းမရှိသော လျှောက်ထားခံရသူအမှတ် ၂၊ ၃ တို့အား မူလအမည်ပေါက် ဦးလူဖေဝင်းအမည်မှ ၎င်းတို့အမည်သို့ ပြောင်းလဲပေးခဲ့ခြင်းသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄ (ခ) ပါ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဒေါ်တင်တင်ဝင်း(ခ) နှင့် ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် ၁၉
ဒေါ်တင်တင်အေး မြေစီမံခန့်ခွဲမှုဌာန၊
ပါ ၂ ရန်ကုန်မြို့တော်စည်ပင်
သာယာရေးကော်မတီ

---

ဦးစိန်သင်း နှင့် ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်
သာယာရေးကော်မတီ

**အစိုးရအိမ်ဥပစာတွင် အဆောက်အဦနှင့်စပ်ဆိုင်လျက်ရှိသော စာမျက်နှာ ပန်းခြံ၊ မြေရာ နှင့် အိမ်ရာအဆောက်အဦများပါရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ၁၉၉၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆) ပုဒ်မ ၂ ပုဒ်မခွဲ (ခ) တွင် "အစိုးရအိမ်ဥပစာ" ကို အောက်ပါအတိုင်းအဓိပ္ပာယ်ဖော်ပြထားသည် -

အစိုးရအိမ်ဥပစာဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကဖြစ်စေ၊ စည်ပင်သာယာရေးကော်မတီ တစ်ခုခုကဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့တစ်ခုခုကဖြစ်စေ ပိုင်သော၊ ငှားရမ်းယူထားသော၊ သို့မဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာကိုဆိုသည်။

အိမ်ဥပစာနှင့်စပ်လျဉ်း၍ အဆိုပါဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဂ) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

“အိမ်ဥပစာ” ဆိုသည်မှာ အဆောက်အဦကို သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းကို ဆိုလိုသည့်

အပြင် ထိုစကားရပ်တွင် အောက်ပါတို့လည်းပါဝင်သည် - စာမျက်နှာ

(၁) အဆောက်အဦနှင့် သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းနှင့် စပ်ဆိုင်လျက်ရှိသော ပန်းခြံ၊ မြေရာနှင့် အိမ်ရာအဆောက်အဦများ

(၂) x x x

အဆိုပါပြဋ္ဌာန်းချက်များအရ အချင်းဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်ရှိ ၂၂၀ x ၈၂ ပေ၊ ဧရိယာ ၀.၄၁၄ ဧကသည် သစ်တောဦးစီးဌာန၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ပိုင်မြေဖြစ်သည့်အပြင် ယင်းမြေသည် ရန်ကုန်တိရစ္ဆာန်ရုံ၊ သဘာဝသမိုင်းပြတိုက်အပါအဝင်ရုံးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများတည်ရှိသော တိရစ္ဆာန်ဥယျာဉ်၏ တစ်ဆက်တည်းရှိသော မြေအစိတ်အပိုင်းဖြစ်သည်။

Morning Star စားသောက်ဆိုင်ကို ဦးကျော်စိုးမိုးက ဆောက်လုပ်ထားသည်ဆိုသော်လည်း အဆိုပါအဆောက်အဦဆောက်လုပ်ထားသည့် မြေနေရာသည် တိရစ္ဆာန်ဥယျာဉ်ရှိအဆောက်အဦများနှင့် ဆက်စပ်တည်ရှိသဖြင့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ

(ဂ) ပါ အစိုးရအိမ်ဥပစာအမိပ္ပာယ်ဖွင့်ဆိုချက်အရ အစိုးရအိမ် စာမျက်နှာ ဥပစာဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အခွင့်ရအာဏာပိုင် သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးဦးတင်ထွန်းက ၂၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ် စီမံ/၀ထ/၀၀၁ (၅၀၂၀-၂၈/၂၀၁၆) ဖြင့် ၂၁-၆-၂၀၁၆ ရက်နေ့မှ ၁၅ ရက်အတွင်း ဥပစာမှထွက်ခွာသွားရန် လျှောက်ထားသူထံ နို့တစ်စာထပ်မံပေးပို့ခြင်း၊ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်တာဝန်ပေးခံရသူ ဦးတင်ထွန်းက အခွင့်ရအာဏာပိုင်အဖြစ် အစိုးရအိမ်ဥပစာအတွင်းမှ ဖယ်ရှားထွက်ခွာသွားစေရန် အမိန့်ကို ၁၇-၂-၂၀၁၇ ရက်စွဲပါ စာအမှတ် စီမံ/ ၀ထ/ ၀၀၁ (၁၅၅၂/၂၀၁၇) နှင့် ၈-၆-၂၀၁၇ ရက်စွဲပါ စာအမှတ် စီမံ/ ထွေ/၀၀၁(၅၃၁၀/၂၀၁၇) တို့ဖြင့် အမိန့်စာထုတ်ဆင့်ခဲ့ခြင်းတို့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်သည်။ ယင်းအမိန့်ကို လျှောက်ထားသူက မလိုက်နာပျက်ကွက်လျက်ရှိသဖြင့် ၁၁-၆-၂၀၁၇ ရက်နေ့တွင် အချင်းဖြစ်ဆိုင်ခန်းကို ဖျက်သိမ်းဖယ်ရှားခဲ့ခြင်းသည် ဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ စာချွန်တော်အမိန့်

ဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။ စာမျက်နှာ

ဦးကျော်စိုးမိုး နှင့် ညွှန်ကြားရေးမှူး၊ ၁
သစ်တောဦးစီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး

**ပြည်သူပိုင်သိမ်းဆည်းရာတွင် သိမ်းဆည်းသောပစ္စည်းနှင့်ဆက်စပ်သည့် မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်း၊ ပရိဘောဂ အားလုံးသည် ပြည်သူပိုင်သိမ်းဆည်းရာတွင်ပါဝင်ကြောင်း၊ ဘဏ္ဍာတော်မင်းကြီး၏အခွင့်အာဏာ**

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံးက ၉-၄-၆၄ ရက်နေ့ တွင်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၄၉၊ အပိုဒ် ၁ တွင် ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေပုဒ်မ ၃ အရ အပ်နှင်းထားသော အာဏာများကိုသုံးစွဲ၍ မြန်မာနိုင်ငံအစိုးရသည် အောက်၌ဖော်ပြထားသော လုပ်ငန်းများကို ၉-၄-၆၄ နေ့မှစ၍ ပြည်သူပိုင်ပြုလုပ်လိုက်ပြီဖြစ်ကြောင်းကြေညာပြီး ယင်းကြေညာချက်အပိုဒ် ၃ ၌ ဖော်ပြပါလုပ်ငန်းများနှင့် သက်ဆိုင်သောရပိုင်ခွင့်

အားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ လက်ဝယ်သို့ စာမျက်နှာ ရောက်ရှိစေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဆိုလိုသည်မှာ လုပ်ငန်းနှင့်သက်ဆိုင်သည့် (၁) မြေများ၊ (၂) အဆောက်အဦ များ၊ (၃) ကုန်ပစ္စည်းများ နှင့် ဆိုင်ပရိဘောဂများဟု ဖော်ပြပါရှိ သည်။

အထက်ပါဥပဒေနှင့် အမိန့်ကြော်ငြာစာပါဖော်ပြချက် အရ ပြည်သူပိုင်သိမ်းဆည်းရာတွင် သိမ်းဆည်းသောပစ္စည်းနှင့် ဆက်စပ်သည့် မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်း၊ ပရိဘောဂ အားလုံးသည် ပြည်သူပိုင်သိမ်းဆည်းရာတွင်ပါဝင်ကြောင်း အတိအလင်းဖော်ပြထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ဒိုက်ဦးမြို့ စက်သုံးဆီဆိုင်အမှတ် ၀၁၆၃ တည်ရှိသော သိန်းသောင်းနှင့် သားများအမည်ဖြင့် ၁၉၅၈ ခုနှစ်တွင် BOC ကိုယ်စားလှယ် လုပ်ငန်းကို ပြည်သူပိုင်သိမ်းရာ၌ ယင်းလုပ်ငန်းတွင်ပါရှိသော စက်သုံးဆီဆိုင်၊ ဆိုင်တည်ရှိရာမြေ၊ အဆောက်အဦအားလုံးတို့ သည် ပြည်သူပိုင်သိမ်းပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပြည်သူပိုင်သိမ်းဆည်းသော စက်သုံး ဆီဆိုင်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် အဆောက်အဦ၊ မြေ တို့ပါဝင်ရာတွင် ယင်းမြေကို ပြည်သူပိုင်သိမ်းဆည်းထားကြောင်း မြို့မြေစာရင်း ၁ - က တွင် တရားဝင်မှတ်သားမှုမပြုခဲ့ခြင်း၊

ယင်းမြေကို ပြည်သူပိုင်သိမ်းဆည်းရာမှ မူလပိုင်ရှင်များကို စာမျက်နှာ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းမရှိဘဲ ဂရန်လျှောက်ထားခြင်းကို ခွင့်ပြုထုတ်ပေးခဲ့ခြင်းများပြုလုပ်ခဲ့သည့် မြို့နယ်အခွန်ဦးစီးဌာန (ထိုစဉ်က ဂရန်ထုတ်ပေးခွင့်ရှိသည့်ဌာန) နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ ဆောင်ရွက်မှုများသည် ၎င်းတို့ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်စုံမှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း ပေါ်ပေါက်သည်။

ယင်းပေါ်ပေါက်ချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၄၀ ပါ ဘဏ္ဍာတော်မင်းကြီး အခွင့်အာဏာကိုကျင့်သုံး၍ ပယ်ဖျက်ခဲ့ခြင်းသည် ၎င်းအားအပ်နှင်းသည့် အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်၍ တစ်စုံတစ်ရာမှားယွင်းခြင်းမရှိကြောင်း မြင်သာသည်။

| | | |
|---|---|---|
| ဒေါ်ဖြူနှင်းလွင် | နှင့် | ညွှန်ကြားရေးမှူးချုပ် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးကျော်သူ) | | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပါ ၂ |

+၂၀၁၈ ခုနှစ်

ဇွန်လ ၁၈ ရက်

## တရားမအထွေထွေလျှောက်ထားမှု

ပြည်ထောင်စုတရားသူကြီးချုပ်၊ ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးမြသိမ်း နှင့် ဦးခင်မောင်ကြည် တို့ရှေ့တွင်

ဦးကျော်စိုးမိုး

နှင့်

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

**အစိုးရအိမ်ဥပစာတွင် အဆောက်အဦနှင့်စပ်ဆိုင်လျက်ရှိသော ပန်းခြံ၊ မြေရာနှင့်အိမ်ရာအဆောက်အဦများပါရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ၁၉၉၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆) ပုဒ်မ ၂ ပုဒ်မခွဲ (ခ) တွင် "အစိုးရအိမ်ဥပစာ" ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖော်ပြထားသည် -

* ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၉၅

၂၀၁၈ ခုနှစ်

ဦးကျော်စိုးမိုး

နှင့်

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

အစိုးရအိမ်ဥပစာဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ကဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကဖြစ်စေ၊ စည်ပင် သာယာရေးကော်မတီ တစ်ခုခုကဖြစ်စေ၊ စည်ပင်သာ ယာရေးအဖွဲ့တစ်ခုခုကဖြစ်စေ ပိုင်သော၊ ငှားရမ်းယူထား သော၊ သို့မဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာ ကိုဆိုသည်။

အိမ်ဥပစာနှင့်စပ်လျဉ်း၍ အဆိုပါဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဂ) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

"အိမ်ဥပစာ" ဆိုသည်မှာ အဆောက်အဦကို သို့တည်း မဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းကို ဆိုလိုသည့် အပြင် ထိုစကားရပ်တွင် အောက်ပါတို့လည်းပါဝင်သည် -

(၁) အဆောက်အဦနှင့် သို့တည်းမဟုတ် အဆောက် အဦတစ်ခု၏ အစိတ်အပိုင်းနှင့် စပ်ဆိုင်လျက်ရှိ သော ပန်းခြံ၊ မြေရာနှင့် အိမ်ရာအဆောက်အဦ များ

(၂) x x x

၂၀၁၈ ခုနှစ်

ဦးကျော်စိုးမိုး

နှင့်

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

အဆိုပါပြဋ္ဌာန်းချက်များအရ အချင်းဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်ရှိ ၂၂၀ x ၈၂ ပေ၊ ဧရိယာ ၀.၄၁၄ ဧကသည် သစ်တောဦးစီးဌာန၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ပိုင်မြေဖြစ်သည့်အပြင် ယင်းမြေသည် ရန်ကုန်တိရစ္ဆာန်ရုံ၊ သဘာဝသမိုင်းပြတိုက်အပါအဝင် ရုံးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများတည်ရှိသော တိရစ္ဆာန်ဥယျာဉ်၏ တစ်ဆက်တည်းရှိသော မြေအစိတ်အပိုင်းဖြစ်သည်။

Morning Star စားသောက်ဆိုင်ကို ဦးကျော်စိုးမိုးက ဆောက်လုပ်ထားသည်ဆိုသော်လည်း အဆိုပါအဆောက်အဦ ဆောက်လုပ်ထားသည့် မြေနေရာသည် တိရစ္ဆာန်ဥယျာဉ်ရှိ အဆောက်အဦများနှင့် ဆက်စပ်တည်ရှိသဖြင့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ပါ အစိုးရအိမ်ဥပစာအဓိပ္ပာယ်ဖွင့်ဆိုချက်အရ အစိုးရအိမ်ဥပစာဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက် ။** ။ အခွင့်ရအာဏာပိုင် သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးဦးတင်ထွန်းက ၂၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ် စီမံ/၀ထ/၀၀၁ (၅၀၂၀-၂၈/၂၀၁၆) ဖြင့် ၂၁-၆-၂၀၁၆ ရက်နေ့မှ ၁၅ ရက်အတွင်း ဥပစာမှထွက်ခွာသွားရန် လျှောက်ထားသူထံ နို့တစ်စာထပ်မံပေးပို့ခြင်း၊ သစ်တောဦးစီးဌာန၊

ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်တာဝန်ပေးခံရသူ ဦးတင်ထွန်းက အခွင့်ရအာဏာပိုင်အဖြစ် အစိုးရအိမ်ဥပစာအတွင်းမှ ဖယ်ရှားထွက်ခွာသွားစေရန် အမိန့်ကို ၁၇-၂-၂၀၁၇ ရက်စွဲပါ စာအမှတ် စီမံ/ ဝထ/ ၀၀၁ (၁၅၅၂/၂၀၁၇) နှင့် ၈-၆-၂၀၁၇ ရက်စွဲပါ စာအမှတ် စီမံ/ ထွေ/၀၀၁(၅၃၁၀/၂၀၁၇) တို့ဖြင့် အမိန့်စာထုတ်ဆင့်ခဲ့ခြင်းတို့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်သည်။ ယင်းအမိန့်ကို လျှောက်ထားသူက မလိုက်နာပျက်ကွက်လျက်ရှိသဖြင့် ၁၁-၆-၂၀၁၇ ရက်နေ့တွင် အချင်းဖြစ်ဆိုင်ခန်းကို ဖျက်သိမ်းဖယ်ရှားခဲ့ခြင်းသည် ဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

လျှောက်ထားသူအတွက် - ဦးမောင်မောင်စိုး၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်ယုယုခင်၊
ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားသူသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ပိုင်မြေ အစိတ်အပိုင်းကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်မှုကော်မတီ

အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် စာချုပ်ချုပ်ဆိုပြီး ၂၀၀၂ ခုနှစ်မှစ၍ Morning Star ကဖေးဆိုင်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ထူးကုမ္ပဏီက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း၊ Morning Star ကဖေးဆိုင်ဖွင့်လှစ်သည့်မြေပါသည်ဟုပြောကြားသဖြင့် ထူးကုမ္ပဏီသို့ မူလသတ်မှတ်ငှားရမ်းခပေးသွင်းခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်များဌာနက ၁၄-၁၁-၂၀၁၂ ရက်စွဲပါစာဖြင့် စားသောက်ဆိုင်နေရာအား ရှင်းလင်းပေးရန် အကြောင်းကြားစာပေးပို့ခဲ့ကြောင်း၊ လျှောက်ထားသူသည် ၂၈-၃-၂၀၁၃ နေ့တွင် နေပြည်တော်၊ ရုံးအမှတ် ၃၉ သို့ သွားရောက်ဆွေးနွေးခဲ့သော်လည်း ပုဂ္ဂလိကကုမ္ပဏီကြီးများနှင့် အဆင်ပြေသလို ဆက်လက်ဆောင်ရွက်ရန်သာ ပြောကြားခဲ့ကြောင်း၊ ၂၁-၃-၂၀၁၆ နေ့တွင် သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက သတ်မှတ်ရက်အတွင်း ထွက်ခွာခြင်းမရှိပါက အနိုင်အထက်ပြု၍ ဥပစာမှဖယ်ထုတ်ခြင်းခံရမည်ဟု အမိန့်ထုတ်ခဲ့ကြောင်း၊ လျှောက်ထားသူသည် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အယူခံတင်သွင်းသော်လည်း ၁၄-၆-၂၀၁၆ ရက်နေ့တွင်ပလပ်ခံရကြောင်း၊ ၁၇-၂-၂၀၁၇ နှင့် ၈-၆-၂၀၁၇ နေ့များတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးက လျှောက်ထားသူအား အစိုးရအိမ်ဥပစာမှ ဖယ်ရှားထွက်ခွာရန်နှင့်ဖယ်ရှားထွက်ခွာခြင်းမရှိပါက ၁၉၅၅ ခုနှစ်၊

အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု အမိန့်ထုတ်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီးထံ ၉-၈-၂၀၁၆၊ ၉-၆-၂၀၁၇ ရက်စွဲပါစာများဖြင့် အသနားခံတင်ပြထားရာ ပြန်ကြားခြင်းမရှိမီ အချင်းဖြစ်ဆိုင်ကို ဖျက်သိမ်းဖယ်ရှားခဲ့ကြောင်း၊ အစိုးရ အိမ်ဥပစာ (နှင်ထုတ်ခြင်း) ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော အိမ်ဥပစာဆိုသောစကားရပ်တွင် မြေကွက်သက်သက် အကျုံးမဝင်ကြောင်း၊ လျှောက်ထားသူသည် အချင်းဖြစ်မြေ ၂၂၀ x ၈၂ ပေ (၀.၄၁၄ ဧက) ပေါ်တွင် ကိုယ်ပိုင်ငွေကြေးဖြင့် စားသောက်ဆိုင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်ရှည်ငှားရမ်းခွင့်ဖြင့်လုပ်ကိုင်သည့် ၁၅ နှစ်အတွင်း သဘောတူစာချုပ်ပါ စည်းကမ်းတစ်စုံတစ်ရာ ဖောက်ဖျက်ခြင်းမရှိကြောင်း၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက်ထိ လစဉ် ဆိုင်ခန်းငှားခ ပေးသွင်းလက်ခံခဲ့ကြောင်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးက အစိုးရအိမ်ဥပစာမှ ဖယ်ရှားထွက်ခွာစေရန်အမိန့်သည် တည်ဆဲဥပဒေနှင့် ညီညွတ်မှုတမှန်ကန်မှုမရှိသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ပေးရန် ဖော်ပြလျှောက်ထားလာခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ၂၁-၃-၂၀၁၆ ရက်စွဲပါ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၃ အရ နို့တစ်စာပေးပို့ခြင်း၊

ညွှန်ကြားရေးမှူးက ၁၇-၂-၂၀၁၇ ရက်စွဲဖြင့်လည်းကောင်း၊ ၈-၆-၂၀၁၇ ရက်စွဲဖြင့်လည်းကောင်း လျှောက်ထားသူအား အစိုးရအိမ်ဥပစာအတွင်းမှ ဖယ်ရှားထွက်ခွာသွားရန် အမိန့်စာများပေးပို့ခဲ့ခြင်းသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရန် ကနဦးအမိန့်ချမှတ်ခဲ့သည်။

၂၀၁၈ ခုနှစ်

ဦးကျော်စိုးမိုး

နှင့်

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

လျှောက်ထားခံရသူအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ဦးကျော်စိုးမိုးသည် အချင်းဖြစ်မြေဧရိယာ ၀.၄၁၄ ဧကရှိမြေနေရာကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် တင်ဒါရရှိခဲ့ပြီး စာချုပ်သက်တမ်းသည် ၃၁-၁၁-၂၀၁၁ တွင် ကုန်ဆုံးခဲ့ကြောင်း၊ ယင်းနောက်ပိုင်းတွင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တစ်လတစ်ခါ ငှားရမ်းခပေးခဲ့ကြောင်း၊ ၂၈-၃-၂၀၁၁ နေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်လုပ်ငန်းကို ထူးကုမ္ပဏီသို့ နှစ်ရှည်ငှားရမ်းခြင်းစာချုပ် ချုပ်ဆိုလွှဲပြောင်းပေးရာတွင် Morning Star ဆိုင်အပါအဝင် ၄၈ ခု လွှဲပြောင်းခဲ့ကြောင်း၊ Morning Star စားသောက်ဆိုင်မြေနေရာကို နိုင်ငံတော်သမ္မတရုံး၏ ၁၈-၉-၂၀၁၂ ရက်စွဲပါအရ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမည်ဖြစ်၍ ထူးကုမ္ပဏီနှင့်ညှိနှိုင်းခဲ့ရာ ထူးကုမ္ပဏီက Morning Star သို့ တရားဝင်စာဖြင့် အကြောင်းကြားသော်လည်း ဖယ်ရှားပေးခြင်းမရှိကြောင်း တင်ပြ

၂၀၁၈ ခုနှစ်

ဦးကျော်စိုးမိုး
နှင့်
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

သဖြင့် တိရစ္ဆာန်ဥယျာဉ်များဌာနနှင့် ဦးကျော်စိုးမိုးတို့ ၁၄-၁၀-၂၀၁၃ နေ့တွင် တွေ့ဆုံဆွေးနွေးပြီး ၁-၁၁-၂၀၁၃ နေ့ နောက်ဆုံးထား ဖယ်ရှားရန် အသိပေးခဲ့သည့်အပြင် ထူးကုမ္ပဏီနှင့်ချုပ်ဆိုသော စာချုပ်ပါ Morning Star ဆိုင်မြေနေရာကိုထုတ်နုတ်ပြီး ထူး ကုမ္ပဏီနှင့် ပြင်ဆင်သဘောတူစာချုပ်ကို ၁၄-၃-၂၀၁၄ နေ့ တွင် ချုပ်ဆိုခဲ့ကြောင်း၊ ၁၈-၂-၂၀၁၆ နေ့တွင်ဆောက်လုပ်ရေးဝန်ကြီး ဌာနက ဒုတိယညွှန်ကြားရေးမှူးဦးတင်ထွန်းအား အဆိုပါဥပဒေ ပုဒ်မ ၈ အရ အခွင့်ရအာဏာပိုင်အပ်နှင်းခဲ့သဖြင့် ဦးတင်ထွန်းက အစိုးရအိမ်ဥပစာမှ ၁၅ ရက်အတွင်း ထွက်ခွာသွားရန်နှင့် သတ်မှတ်ကာလအတွင်း ထွက်ခွာမသွားလျှင် အနိုင်အထက်ပြု မှုဖြင့် ဖယ်ရှားခြင်းခံရမည်ဖြစ်ကြောင်း နို့တစ်စာပေးပို့ခဲ့ရာ ဦးကျော်စိုးမိုးက ၃၁-၃-၂၀၁၆ ရက်စွဲ အယူခံလွှာတင်သွင်း ခဲ့ကြောင်း၊ အယူခံအဖွဲ့က ၁၄-၆-၂၀၁၆ နေ့တွင် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ၂၀-၆-၂၀၁၆ နေ့တွင် ၁၅ ရက် အတွင်းထွက်ခွာပေးရန် နို့တစ် စာပေးပို့ခဲ့သော်လည်း လိုက်နာခြင်းမရှိကြောင်း၊ ၂၀၁၇ ခုနှစ်၊ မေလကုန်အထိ စောင့်ဆိုင်းခဲ့သော်လည်း ဆက်လက်ဖွင့်လှစ် ရောင်းချနေသဖြင့် Morning Star စားသောက်ဆိုင်ကို ဥပဒေ နှင့်အညီ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း၊ ယင်းမြေနေရာသည် အများပြည်သူအကျိုးငှာ အခမဲ့မြေဂရန်ရရှိထားသော စိုက်ပျိုး

၂၀၁၈ ခုနှစ်

ဦးကျော်စိုးမိုး

နှင့်

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

ရေးဥယျာဉ်မြေဖြစ်ပြီး အစိုးရပိုင်ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ၅၈.၁၆၆ ဧကအတွင်းရှိ တိရစ္ဆာန်လှောင်အိမ်၊ ဝန်ထမ်းအိမ်ရာ၊ ရုံးစသော အစိုးရအဆောက်အဦအစိတ်အပိုင်းနှင့် စပ်ဆိုင်သော ပန်းခြံ၊ မြေယာတွင် အကျုံးဝင်သဖြင့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁) အရ အစိုးရအိမ်ဥပစာတွင် အကျုံးဝင်ကြောင်း၊ အဆိုပါ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (၁) (၂) အရ အစိုးရအိမ်ဥပစာ ခွင့်ပြုချက်မရဘဲနေထိုင်ခြင်း၊ ခွင့်ပြုချက်ကိုရုပ်သိမ်းပြီးနောက် ဆက်လက်နေထိုင်ခြင်းရှိကြောင်း အခွင့်အာဏာပိုင်က ယူဆလျှင် အဆိုပါအိမ်ဥပစာတွင် နေထိုင်သူအား နို့တစ်စာဖြင့် ထွက်ခွာသွားရန် အမိန့်ထုတ်ဆင့်နိုင်သည့်အပြင် မလိုက်နာပျက်ကွက်ပါက အဆိုပါအိမ်ဥပစာမှဖယ်ရှား၍ အိမ်ဥပစာကို သိမ်းယူနိုင်ကြောင်း၊ အခွင့်အာဏာပိုင်သည် ၎င်း ၏တာဝန်ဝတ္တရားများကို ပြီးဆုံးအောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးရာထူးတိုး သွားပြီးနောက် ၁၇-၂-၂၀၁၇၊ ၈-၆-၂၀၁၇ ရက်နေ့တွင် လျှောက်ထားသူထံ အစိုးရအိမ်ဥပစာ အတွင်းမှ ဖယ်ရှားထွက်ခွာသွားရန်ထုတ်ပြန်သော အမိန့်များသည် ဥပဒေနှင့်အညီ ထုတ်ဆင့်ခြင်းဖြစ်၍ အခွင့်အာဏာပိုင် အဖြစ် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သောကြောင့် အာဏာပိုင်မေးစာချွန်တော် အမိန့်ထုတ်ဆင့်ပေးရန် လျှောက်

ထားမှုကို ပယ်သင့်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူ၏ရှေ့နေက အချင်းဖြစ်မြေပေါ်တွင် ၂၀၀၂ ခုနှစ်မှစ၍ တိ/ဥယျာဉ် (ရန်ကုန်) အုပ်ချုပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လေလံအောင်ပြီး စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၄-၁၁-၂၀၁၂ ရက်စွဲဖြင့် ညွှန်ကြားရေးမှူးတိရစ္ဆာန်ဥယျာဉ်များဌာန၊ သစ်တောဦးစီးဌာနက "တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ပိုင် မြေအစိတ်အပိုင်းတစ်ခုဖြစ်သော ပြတိုက်ဂိတ်၊ ယာဉ်ရပ်နား စခန်းနေရာတွင် ငှားရမ်းဆောင်ရွက်နေသည့် Morning Star စားသောက်ဆိုင်နေရာ ရှင်းလင်းပေးရေးကိစ္စ" အကြောင်းကြားစာပေးပို့ခဲ့ပြီး ယင်းဆိုင်လုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် နေပြည်တော်၊ ရုံးအမှတ် ၃၉ သို့ ၂၈-၃-၂၀၁၃ ရက်နေ့တွင် လာရောက်ရန်အကြောင်းကြားသဖြင့် သွားရောက်ခဲ့ရာတွင် ပုဂ္ဂလိကကုမ္ပဏီကြီးများနှင့် အဆင်ပြေသလိုညှိနှိုင်းဆောင်ရွက်ရန်ပြောကြားခဲ့ကြောင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဥပစာမှထွက်ခွာရန် ၂၁-၃-၂၀၁၆ ရက်နေ့တွင် နို့တစ်စာထုတ်ဆင့်ခဲ့သဖြင့် အယူခံအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အယူခံခဲ့သော်လည်း ပလပ်ခဲ့ကြောင်း၊ ၁၇-၂-၂၀၁၇ ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးက အိမ်ဥပစာမှ ဖယ်ရှားထွက်ခွာရန်နှင့် ဖယ်ရှားထွက်ခွာခြင်းမရှိပါက ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) ဥပဒေနှင့်အညီ

အရေးယူဆောင်ရွက်သွားမည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည့်အပြင် ၁၁-၆-၂၀၁၇ ရက်နေ့က အချင်းဖြစ်ဆိုင်ခန်းအား ဖျက်သိမ်းဖယ်ရှားခဲ့ကြောင်း၊ လျှောက်ထားသူသည် သစ်တောဦးစီးဌာနပိုင်မြေကွက်သက်သက်ပေါ်တွင် မိမိကိုယ်ပိုင်ငွေကြေးဖြင့် စားသောက်ဆိုင်ဆောက်လုပ်၍ ဖွင့်လှစ်ရောင်းချခြင်းဖြစ်ကြောင်း၊ မြေနေရာသက်သက် ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်၍ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) တွင်ဖော်ပြသည့် အိမ်ဥပစာဆိုသည့်စကားရပ်တွင် အကျုံး ဝင်သက်ဆိုင်ခြင်းမရှိကြောင်း၊ လျှောက်ထားသူသည် နှစ်ရှည်ငှားရမ်းခွင့်ဖြင့် ဆိုင်ဖွင့်လှစ်ရောင်းချခြင်းဖြစ်ပြီး ခွင့်ပြုချက်ရသူမဟုတ်ကြောင်း၊ အခြားသူတစ်ဦးဦးလည်း တစ်ဆင့်ငှားရမ်းခဲ့ခြင်းမရှိကြောင်း၊ စာချုပ်ပါ စည်းကမ်းချက်များကိုလည်း ဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း၊ ၁၅ နှစ်တိုင် နာမည်ကောင်းဖြင့် စဉ်ဆက်မပြတ်လုပ်ကိုင်ခဲ့ကြောင်း၊ ၁၄-၁၁-၂၀၁၂ ရက်စွဲ ဖြင့် ဖယ်ရှားပေးရန် အကြောင်းကြားခဲ့သော်လည်း ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ လစဉ်ကြေးများ တောင်းခံပေးသွင်းခဲ့ကြောင်း၊ မြေသက်သက်ကို သတ်မှတ်စည်းကမ်းချက်နှင့်အညီ ငှားရမ်းသုံးစွဲခဲ့သည့်အချိန်တွင် ပုဂ္ဂလိကလုပ်ငန်းခြင်း အတူတူဖြစ်ပါလျက် အရင်လုပ်ငန်းက နောက်လုပ်ငန်းကို လွှဲပြောင်းပေးရမည်ဟု အကြောင်းပြချက်ဖြင့် အရေးယူ

၂၀၁၈ ခုနှစ်

ဦးကျော်စိုးမိုး

နှင့်

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

ဆောင်ရွက်ခြင်းသည် ဥပဒေအရလည်းကောင်း၊ လောကပါလ တရားအရလည်းကောင်း ညီညွတ်မျှတမှုမရှိသောကြောင့် အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ အထက်ပန်းဆိုးတန်းလမ်းနှင့်ဗိုလ်မင်းခေါင်လမ်းထောင့်ရှိ အချင်းဖြစ်မြေနေရာကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်မှုကော်မတီကိုယ်စား အတွင်းရေးမှူး ဦးခင်သိန်းထံမှ လျှောက်ထားသူဦးကျော်စိုးမိုးက စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းနှင့် ယာဉ်ရပ်နားစခန်းလုပ်ငန်းကို လုပ်ကိုင်ရန်အတွက် (၁၆-၁၀-၂၀၀၂ မှ ၁၅-၁၀-၂၀၀၅ ရက်နေ့အထိ) ငှားရမ်း လုပ်ကိုင်ခွင့်သဘောတူစာချုပ်ကို ၅-၉-၂၀၀၂ ရက်နေ့တွင်ချုပ်ဆို၍ Morning Star စားသောက်ဆိုင်ဖွင့်လှစ်ခဲ့သည်။ ၂၀၀၅ မှ ၂၀၁၁ ခုနှစ်ထိ ငှားရမ်းလုပ်ကိုင်ခွင့်ကို တစ်နှစ်စာငှားရမ်းလုပ်ကိုင်ခွင့် စာချုပ်များ ချုပ်ဆိုခဲ့သည်။

၂၈-၃-၂၀၁၁ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်လုပ်ငန်းကို Htoo Trading Co; Ltd သို့ ငှားရမ်းခြင်းစာချုပ်ချုပ်ဆို လွှဲပြောင်းခဲ့ရာတွင် လျှောက်ထားသူ ဦးကျော်စိုးမိုး၏ Morning Star စားသောက်ဆိုင်လုပ်ငန်းမြေနေရာကိုပါ ထည့်သွင်းလွှဲပြောင်း

ခဲ့သော်လည်း အချင်းဖြစ်မြေနေရာကို နိုင်ငံတော်သမ္မတရုံး၏ ၁၈-၉-၂၀၁၂ ရက်စွဲပါစာအမှတ် ၁၃ (၁)/၇/သမ္မတရုံးစာအရ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရန် အကြောင်းကြားသဖြင့် သစ်တောဦးစီးဌာနနှင့် ထူးကုမ္ပဏီတို့သည် အဆိုပါမြေဧရိယာ ၀.၄၁၄ ဧကကို နုတ်၍ ကျန်မြေဧရိယာ ၅၇.၇၅၂ ဧကကိုသာ ငှားရမ်းရန်ပြင်ဆင်ချုပ်ဆိုသည့် သဘောတူစာချုပ်ကို ၁၄-၃-၂၀၁၄ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြသည်။

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆) ပုဒ်မ ၂ ပုဒ်မခွဲ (ခ) တွင် "အစိုးရအိမ်ဥပစာ" ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖော်ပြထားသည် -

> အစိုးရအိမ်ဥပစာဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကဖြစ်စေ၊ စည်ပင်သာယာရေးကော်မတီတစ်ခုခုကဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့တစ်ခုခုကဖြစ်စေ ပိုင်သော၊ ငှားရမ်းယူထားသော၊ သို့မဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာကိုဆိုသည်။

အိမ်ဥပစာနှင့်စပ်လျဉ်း၍ အဆိုပါဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဂ) တွင် အောက်ပါအတိုင်းဖော်ပြထားသည်-

"အိမ်ဥပစာ" ဆိုသည်မှာ အဆောက်အဦကို သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းကိုဆိုလိုသည့်အပြင် ထိုစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည် -

(၁) အဆောက်အဦနှင့် သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းနှင့် စပ်ဆိုင်လျက်ရှိသော ပန်းခြံ၊ မြေရာ နှင့် အိမ်ရာအဆောက်အဦများ

(၂) x x x

အဆိုပါပြဋ္ဌာန်းချက်များအရ အချင်းဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်ရှိ ၂၂၀ x ၈၂ ပေ၊ ဧရိယာ ၀.၄၁၄ ဧကသည် သစ်တောဦးစီးဌာန၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ပိုင်မြေဖြစ်သည့်အပြင် ယင်းမြေသည် ရန်ကုန်တိရစ္ဆာန်ရုံ၊ သဘာဝသမိုင်း ပြတိုက်အပါအဝင်ရုံးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများတည်ရှိသော တိရစ္ဆာန်ဥယျာဉ်၏ တစ်ဆက်တည်းရှိသော မြေအစိတ်အပိုင်းဖြစ်သည်။

သစ်တောဦးစီးဌာနက မူလငှားရမ်းလုပ်ကိုင်သူဦးကျော်စိုးမိုး၏ Morning Star စားသောက် ဆိုင်ကို ဖယ်ရှားထွက်ခွာပေးရန်

၂၀၁၈ ခုနှစ်
ဦးကျော်စိုးမိုး
နှင့်
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

၁၄-၁၀-၂၀၁၃ ရက်နေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး၊ အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးတို့နှင့် Morning Star စားသောက်ဆိုင် လုပ်ငန်းရှင် ဦးကျော်စိုးမိုးတို့ တွေ့ဆုံဆွေးနွေးအသိပေးပြော ကြားခဲ့သည့် အပြင် Morning Star စားသောက်ဆိုင်မြေနေရာ ကို ၂၀၀၂-၂၀၀၃ ခုနှစ်က စတင်ငှားရမ်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ မတ်လမှစ၍ ငှားရမ်းခြင်းမပြုတော့ကြောင်းနှင့် ဖယ်ရှားပေးရန်၊ ဖယ်ရှားခြင်းမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်မည်ဟု ပြော ကြားသော်လည်း ဖယ်ရှားပေးခြင်းမရှိသဖြင့် အစိုးရဌာနပိုင်မြေ တွင် ဆက်လက်ကျူးကျော်နေထိုင်မှုအပေါ် ၁၉၅၅ ခုနှစ်၊ အစိုးရ အိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေအရ အရေးယူဆောင်ရွက် ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၁-၁-၂၀၁၅ ရက်စွဲ ပါစာအမှတ် ၄/၇-၁(၃)/သစ်စွမ်းစာဖြင့် တိုင်းဒေသကြီးသစ်တော ဦးစီးဌာန၊ ညွှန်ကြားရေးမှူးထံ အကြောင်းကြားခဲ့သည်။

ဦးကျော်စိုးမိုးသည် Morning Star စားသောက်ဆိုင် မြေနေရာကို သစ်တောဦးစီးဌာန၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်မှုကော်မတီနှင့် စာချုပ်ချုပ်ဆိုငှားရမ်းအသုံးပြုခဲ့ခြင်း ဖြစ်သည်။ စာချုပ်ပါ ငှားရမ်းကာလပြည့်ပြီး ဆက်လက်ငှားရမ်း ခြင်းမပြုတော့လျှင် သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရန် ဖြစ်သည်။ Morning Star စားသောက်ဆိုင်ကို ဦးကျော်စိုးမိုးက

ဆောက်လုပ်ထားသည်ဆိုသော်လည်း အဆိုပါအဆောက်အဦ ဆောက်လုပ်ထားသည့်မြေနေရာသည် တိရစ္ဆာန်ဥယျာဉ်ရှိ အဆောက်အဦများနှင့် ဆက်စပ်တည်ရှိသဖြင့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ပါ အစိုးရအိမ်ဥပစာအဓိပ္ပာယ်ဖွင့်ဆိုချက်အရ အစိုးရအိမ်ဥပစာ ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၈ အရ အခွင့်အာဏာပိုင်အဖြစ် ခန့်ထားခြင်းခံရသူ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းက ၂၁-၃-၁၂၀၁၆ ရက်စွဲပါစာအမှတ် စီမံ/၀ထ/၀၀၁ (၂၃၆၉-၇၇/၂၀၁၆) ဖြင့် ဦးကျော်စိုးမိုးနှင့် Morning Star စားသောက်ဆိုင်တွင် လက်ရှိနေထိုင်သူများအား ၂၁-၃-၂၀၁၆ ရက်နေ့မှ ၁၅ ရက်အတွင်း ထွက်ခွာသွားရန် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၃ အရ နို့တစ်စာပေးပို့ခဲ့ပြီးဖြစ်၍ လျှောက်ထားသူသည် သစ်တောဦးစီးဌာနပိုင် ဥပစာ (မြေ) မှ ၎င်းဆောက်လုပ်ထားသည့် အဆောက်အဦကို ဖျက်သိမ်းဖယ်ရှားထွက်ခွာရန်ဖြစ်သည်။

အခွင့်ရအာဏာပိုင်၏ဆင့်ဆိုသောနို့တစ်စာကို လျှောက်ထားသူများက ၁၉၅၅ ခုနှစ်၊ အစိုးရ အိမ်ဥပစာ (နှင်ထုတ်ခြင်း)

၂၀၁၈ ခုနှစ်
ဦးကျော်စိုးမိုး
နှင့်
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊
ရန်ကုန်
တိုင်းဒေသကြီး

အက်ဥပဒေပုဒ်မ ၅ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန အယူခံအဖွဲ့ထံသို့ ၃၁-၃-၂၀၁၆ ရက်နေ့က အယူခံတင်သွင်းရာ အယူခံအဖွဲ့က အခွင့်ရအာဏာပိုင်၏ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်အပေါ် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ၍ အယူခံလွှာကို ပယ်လိုက်ကြောင်း ၁၄-၆-၂၀၁၆ ရက်နေ့က ဆုံးဖြတ်ခဲ့ပြီးလည်းဖြစ်သည်။

အခွင့်အာဏာပိုင် သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းက ၂၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ် စီမံ/ဝထ/ဂဂ၁ (၅၀၂၀-၂၈/၂၀၁၆) ဖြင့် ၂၁-၆-၂၀၁၆ ရက်နေ့မှ ၁၅ ရက်အတွင်း ဥပစာမှထွက်ခွာသွားရန် လျှောက်ထားသူထံ နို့တစ်စာထပ်မံပေးပို့ခြင်း၊ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်တာဝန်ပေးခံရသူ ဦးတင်ထွန်းက အခွင့်ရအာဏာပိုင်အဖြစ် အစိုးရအိမ်ဥပစာအတွင်းမှ ဖယ်ရှားထွက်ခွာသွားစေရန်အမိန့်ကို ၁၇-၂-၂၀၁၇ ရက်စွဲပါစာအမှတ် စီမံ/ဝထ/ဂဂ၁ (၁၅၅၂/၂၀၁၇) နှင့် ၈-၆-၂၀၁၇ ရက်စွဲပါစာအမှတ် စီမံ/ ထွေ/ဂဂ၁ (၅၃၁၀/၂၀၁၇) တို့ဖြင့် အမိန့်စာထုတ်ဆင့်ခဲ့ခြင်းတို့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ယင်းအမိန့်ကို လျှောက်ထားသူက မလိုက်နာပျက်ကွက်လျက်ရှိသဖြင့် ၁၁-၆-၂၀၁၇ ရက်နေ့တွင် အချင်းဖြစ်ဆိုင်ခန်းကို ဖျက်သိမ်းဖယ်ရှားခဲ့ခြင်းသည် ဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ စာချွန်တော်အမိန့်ဖြင့်

ဝင်ရောက် စွက်ဖက်ရန်အကြောင်းမရှိပေ။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ပယ်သည်။

စရိတ်မသတ်မှတ်။

+၂၀၁၈ ခုနှစ်

ဧပြီလ ၂ ရက်

တရားမအထွေထွေလျှောက်ထားမှု

ပြည်ထောင်စုတရားသူကြီးချုပ်၊ ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးများဖြစ်ကြသော
ဦးသာဌေး နှင့် ဦးမြဟန် တို့ရှေ့တွင်

ဒေါ်တင်တင်ဝင်း (ခ) ဒေါ်တင်တင်အေး ပါ - ၂

ဦးစိန်သင်း

နှင့်

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပါ - ၃ *

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပါ - ၃ **

* ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၂၀၃

** ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၁၈

၂၀၁၈ ခုနှစ်
ဒေါ်တင်တင်ဝင်း
(ခ)
ဒေါ်တင်တင်အေး
ပါ ၂

ဦးစိန်သင်း
နှင့်
ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

**မြေအမည်ပေါက်ပြောင်းလဲခြင်း၊ တရားရုံးအမိန့်ရရှိထားသူ ဟုတ် မဟုတ်**

**ဆုံးဖြတ်ချက်။** ။ မြေအမည်ပေါက်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄ (ခ) တွင် မြေအမည်ပေါက်ပြောင်းလဲရန် လျှောက်ထားသူသည် ဌာနမှ သတ်မှတ်ပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ မြေပိုင်မြေဖြစ်ပါက အမည်ပေါက်စာချုပ်၊ ဂရန်မြေဖြစ်ပါက မြေငှားဂရန် (နောက်ဆုံးထမ်းဆောင်ထားသည့် မြေခွန်ပြေစာပူးတွဲလျက်) စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူဖြစ်ပါက မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ရရှိထားသူဖြစ်ပါကပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားရုံးကချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီမူရင်းများ တင်ပြလျှောက်ထားရမည်ဟု ထုတ်ပြန်ထားသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနအနေဖြင့် မြေအမည်ပြောင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် အချက်များဖြစ်သော မြေအမည်ပေါက်နှင့် မြေငှားစာချုပ်ရသူထံမှ မှတ်ပုံတင်စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ရရှိသူမဟုတ်သည့်အပြင် တရားရုံး၏အမိန့်ရရှိထားခြင်းမရှိသော လျှောက်ထားခံရသူအမှတ် ၂၊ ၃ တို့အား မူလအမည်ပေါက် ဦးလူဖေဝင်း

၂၀၁၈ ခုနှစ်

ဒေါ်တင်တင်ဝင်း
(ခ)
ဒေါ်တင်တင်အေး
ပါ ၂

ဦးစိန်သင်း
နှင့်

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

အမည်မှ ၎င်းတို့အမည်သို့ ပြောင်းလဲပေးခဲ့ခြင်းသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄ (ခ) ပါ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

လျှောက်ထားသူများအတွက် - ဒေါ်ရီရီမေ၊ တရားလွှတ်တော်ရှေ့နေ
ဒေါ်ကေသီဦး၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအမှတ် (၁) အတွက် - ဒေါ်ယုယုခင်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး
ဒေါ်ယုယုခင်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအမှတ် (၂၊ ၃) တို့အတွက် - ဦးမျိုးသန့်၊ တရားလွှတ်တော်ရှေ့နေ
ဦးမျိုးသန့်၊ တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/E၊ မြေကွက်အမှတ် ၈၇/၃၊ မြေကွက်တည်နေရာအမှတ် ၉၇၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်ရှိ မြေနေရာသည် မူလအမည်ပေါက်သူ ဦးလူဖေဝင်းဖြစ်ပြီး ၎င်းထံမှစရံငွေပေးချေဝယ်ယူသူ ဒေါက်တာစိုးတင့် ပါ - ၁၁ ဦးက ဦးလူဖေဝင်းအပေါ် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၂ (လသာ)/ ၁၉၈၀ ဖြင့် မြေအရောင်းအဝယ်ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေလိုမှုစွဲဆိုခဲ့ရာ အမှုအတွင်း ဦးလူဖေဝင်း

| | |
|---|---|
| ၂၀၁၈ ခုနှစ် | ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါက်တာဒေါ်ခင်မြဝင်း နှင့် ဒေါ်တင်တင်ဝင်း(ခ)ဒေါ်တင်တင်အေးတို့က တရားဝင်ကိုယ်စားလှယ်များအဖြစ်ပါဝင်ခဲ့ကြောင်း၊ ယင်းအမှုတွင် တရားလို ၁၁ ဦး အနက် ဒေါက်တာဦးကျော်မောင်နှင့်ဦးစိန်ဝင်းတို့သည် အမှုအတွင်း ကွယ်လွန်ခဲ့သော်လည်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခဲ့ခြင်းမရှိကြောင်း၊ ယင်းအမှုတွင် ဒေါက်တာစိုးတင့် ပါ - ၉ ဦးတို့သည် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ယင်းဒီကရီကို ရန်ကုန်မြို့၊ တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၇/ ၈၉ ဖြင့် ပယ်ဖျက်ခဲ့သော်လည်း တရားမအထူးအယူခံမှုအမှတ် ၅/ ၉၁ ဖြင့်ကြားနာပြီး တရားမပထမအယူခံမှုအမှတ် ၁၀၇/၈၉ ကို ပြန်လည်ဖွင့်လှစ်၍ အယူခံမှုကို ဥပဒေနှင့်အညီ ဆက်လက်ကြားနာဆုံးဖြတ်ရန် ညွှန်ကြားခဲ့သောကြောင့် အယူခံမှုအမှတ် ၁၀၇/၈၉ ကို ပြန်လည်ကြားနာပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအတည်ပြု၍ အယူခံမှုကိုပလပ်ကြောင်း စီရင်ချက်ကို ၃၁-၁၀-၉၁ နေ့တွင်ချမှတ်ခဲ့ကြောင်း၊ စီရင်ချက်နှင့်ဒီကရီများအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနက ဦးလူဖေဝင်းအမည်ပေါက်မှ ဒီကရီရရှိသူ ဒေါက်တာစိုးတင့် ပါ - ၉ ဦးအမည်သို့ အမည်ပြောင်းလဲပေးခဲ့ကြောင်း၊ ၁၅-၅-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာတွင် အထက်ဖော်ပြပါတရားရုံး၏ |
| ဒေါ်တင်တင်ဝင်း<br>(ခ)<br>ဒေါ်တင်တင်အေး<br>ပါ ၂ | |
| ဦးစိန်သင်း<br><br>နှင့်<br><br>ဌာနမှူး၊<br>မြို့ပြစီမံကိန်းနှင့်<br>မြေစီမံခန့်ခွဲမှုဌာန<br>ရန်ကုန်မြို့တော်<br>စည်ပင်သာယာရေး<br>ကော်မတီ ပါ ၃ | |
| ဌာနမှူး၊<br>မြို့ပြစီမံကိန်းနှင့်<br>မြေစီမံခန့်ခွဲမှုဌာန<br>ရန်ကုန်မြို့တော်<br>စည်ပင်သာယာရေး<br>ကော်မတီ ပါ ၃ | |

စီရင်ချက်များအရ ဦးလူဖေဝင်းအမည်ပေါက်မှ ကျန် ၉ ဦး၏ မြေကွက် ၆ ကွက်ကိုသာ အမည်ပြောင်းပေးခဲ့ပြီး အမှုရင်ဆိုင်စဉ်ကာလအတွင်း ကွယ်လွန်သူ ဦးစိန်ဝင်းနှင့် ဒေါက်တာ ဦးကျော်မောင်တို့၏အမည်များသို့ အမည်ပြောင်းလဲခြင်းမရှိဘဲ ကျန်ရှိခဲ့ကြောင်း၊ ၎င်းတို့ ၂ ဦး ထံမှ ဝယ်ယူသူဖြစ်သော ဦးထူးအောင်ညွန့် နှင့် ဦးဖြိုးခိုင်ဦးတို့သည် ၎င်းတို့ဝယ်ယူပိုင်ဆိုင်ခဲ့သော ဆက်စပ်စာချုပ်များတင်ပြ၍ အမည်ပြောင်းလျှောက်ထားခြင်းအား ခိုင်လုံသောအထောက်အထားတင်ပြ ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သဖြင့် ဒေါ်တင်တင်ဝင်း (ခ) ဒေါ်တင်တင်အေး၊ ဒေါက်တာ စိန်စိန်လင်း (ခ) ဒေါ်စန်းမြတို့က ကန့်ကွက်လွှာတင်ပြခဲ့သော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးက အမည်ပြောင်းခွင့်ပြုခဲ့သည်ဟုသိရှိကြောင်း၊ ယင်းဌာနမှူးသည် အမှုအတွင်းကွယ်လွန်၍ တရားဝင်ကိုယ်စားလှယ်မထည့်သော အမှုသည်တို့အား အခွင့်အရေးတစ်စုံတစ်ရာ သတ်မှတ်ခဲ့ခြင်းမရှိသောသူများထံမှ လွှဲပြောင်းရယူသူများ၏ မြေကွက်အမည်ပေါက်ပြောင်းလဲခြင်းသည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ လွဲမှားချွတ်ချော်နေသဖြင့် အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်အတွက် ကွယ်လွန်

၂၀၁၈ ခုနှစ်

ဒေါ်တင်တင်ဝင်း
(ခ)
ဒေါ်တင်တင်အေး
ပါ ၂

ဦးစိန်သင်း

နှင့်

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

၂၀၁၈ ခုနှစ်

ဒေါ်တင်တင်ဝင်း (ခ) ဒေါ်တင်တင်အေး ပါ ၂

ဦးစိန်သင်း

နှင့်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပါ ၃

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပါ ၃

သူ ဦးလှဖေဝင်း၏သမီးဖြစ်သူ ဒေါ်တင်တင်ဝင်း (ခ) ဒေါ်တင်တင်အေးနှင့် မြေးဖြစ်သူ ဒေါက်တာဒေါ်စိန်စိန်လင်း (ခ) ဒေါ်စန်းမြတို့က ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်ထားမှုအမှတ် ၂၀၃ ဖြင့်လည်းကောင်း၊ ကျန်မြေးတစ်ဦးဖြစ်သူ ဦးစိန်သင်းက ၂၀၁၇ ခုနှစ်၊ တရားအထွေထွေလျှောက်ထားမှုအမှတ် ၁၁၈ ဖြင့်လည်းကောင်း လျှောက်ထားလာခြင်းဖြစ်သည်။

အထက်ဖော်ပြပါ လျှောက်ထားမှုနှစ်မှုစလုံးသည် အမှုအကြောင်းခြင်းရာနှင့် ဆုံးဖြတ်ရမည့်ပြဿနာတို့ တူညီသည်ဖြစ်၍ ဤအမိန့်သည် နှစ်မှုစလုံးနှင့်သက်ဆိုင်စေရမည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် လျှောက်ထားခံရသူ ၂ ၃ တို့ကတင်ပြသော တရားရုံး၏ စီရင်ချက်၊ ဒီကရီတို့နှင့် အဆင့်ဆင့်သောအရောင်းအဝယ်စာချုပ်များအရ အချင်းဖြစ်မြေကွက်အား မူလအမည်ပေါက် ဦးလှဖေဝင်းအမည်မှ လျှောက်ထားခံရသူအမှတ် ၂ ၃ အမည်သို့ ပြောင်းလဲခွင့်ပြုခဲ့ခြင်းသည် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ရန်အတွက် အာဏာပိုင်မေးစာချွန်တော်အမိန့်ထုတ်ဆင့်ရန် မသင့်ကြောင်း အကြောင်းပြစေရန် ကနဦးအမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူအမှတ် ၁ အတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အချင်းဖြစ်မြေကွက်၏ မူလ အမည်ပေါက်သည် ဦးလူဖေဝင်းအမည်ဖြင့် မှတ်သားထား ကြောင်း၊ ယင်းမြေကွက်အား ဦးလူဖေဝင်းထံသို့ ဦးစိန်ဝင်းက စရံငွေပေးအပ်သည့် ဖ-၉-၇၄ ရက်စွဲပါပြေစာ၊ ၂၆-၃-၁၉၈၀ ရက်စွဲပါ ဒေါက်တာဦးကျော်က ဦးစိန်ဝင်းထံမှ ဝယ်ယူသော ကတိစာချုပ်နှင့် ၃၁-၈-၂၀၁၄ ရက်စွဲပါ ဒေါက်တာဦးကျော်က လျှောက်ထားခံရသူ ၂ နှင့် ၃ တို့အားရောင်းချသည့် အရပ်ကတိ စာချုပ်တို့ကို အထောက်အထားပြု၍ အထူးဂရန်ထုတ်ပေးရန် အတွက် လျှောက်ထားခံရသူ ၂ နှင့် ၃ က ၂၀-၁၀-၂၀၁၄ ရက်စွဲ ပါစာဖြင့် လျှောက်ထားခဲ့ကြောင်း၊ တရားရုံးချုပ်စုံညီခုံရုံးတွင် ဒေါက်တာစိုးတင့် ပါ - ၁၁ ဦးအား အနိုင်ဒီကရီ ချမှတ်ခဲ့သဖြင့် ဒေါက်တာစိုးတင့်အပါအဝင် အသီးသီးပိုင်ဆိုင်မှု အမည်ပေါက် ဂရန်များ ရရှိပြီးဖြစ်ကြောင်း၊ လျှောက်ထားခံရသူ ၂ နှင့် ၃ တို့ သည် ဦးလူဖေဝင်းထံမှ ဝယ်ယူသူ ဦးစိန်ဝင်းထံမှတစ်ဆင့် အရပ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ရရှိထားပြီးဖြစ်ကြောင်း ဖော်ပြလျှောက်ထားသည့်အပြင် မြေပြင်ကွင်းဆင်းရာ၌ မြေပေါ် ရှိ ၁ ထပ်တိုက်တစ်လုံးရှိပြီး လူမနေသော့ခတ်ထားကြောင်း၊ လျှောက်ထားခံရသူအမှတ် ၃ က သော့ဖွင့်ပြသဖြင့် ယင်း မြေကွက်ကို ၎င်းတို့လက်ဝယ်ရှိသည်ဟု မှတ်သားခဲ့ကြောင်း၊

၂၀၁၈ ခုနှစ်

ဒေါ်တင်တင်ဝင်း

(ခ)

ဒေါ်တင်တင်အေး

ပါ ၂

ဦးစိန်သင်း

နှင့်

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

အဆိုပါလျှောက်ထားမှုကို သတင်းစာဖြင့်ကြော်ငြာရာ၌ ကန့်ကွက်ချက်များကို လိုအပ်သောဥပဒေအကြံဉာဏ်ရယူပြီး ၂၄-၁၁-၂၀၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကော်မတီဝင်များအစည်းအဝေး ၄/၂၀၁၅ သို့တင်ပြ၍ ယင်းအစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် က/၄၇ အရ လျှောက်ထားခံရသူ ၂ နှင့် ၃ တို့၏ အမည်ပေါက်ပြောင်းလဲမှတ်သားခြင်း၊ စာချုပ်ရုံးသို့မှတ်ပုံတင်စေခြင်း၊ အခွန်ပေးဆောင်စေခြင်းပြုပါရန် ဆုံးဖြတ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု လျှောက်ထားခံရသူအမှတ် ၁ က ပြန်ကြားထားကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေ ၄ (ခ) တွင် အမည်ပေါက်ပြောင်းလဲသတ်မှတ်ပေးရန်လျှောက်ထားလိုသူသည် ဌာန၏သတ်မှတ်ပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ မြေပိုင်မြေဖြစ်ပါက အမည်ပေါက်စာချုပ်၊ ဂရန်မြေဖြစ်ပါက မြေငှားဂရန်နှင့်နောက်ဆုံးထမ်းဆောင်ထားသောမြေခွန်ပြေစာ၊ စာချုပ်အဆက်အစပ်ဖြင့်ပိုင်ဆိုင်သူဖြစ်ပါက မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ရရှိထားသူဖြစ်ပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားရုံးကချမှတ်ထားသော စီရင်ချက်နှင့်ဒီကရီမူရင်းများ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့က လျှောက်ထားခံရသူအမှတ် ၁ ၏ဌာနသို့ မြေအမည်ပေါက်ပြောင်းရန်နှင့် အထူးဂရန်ထုတ်ပေးရန် လျှောက်ထားရာတွင်

နည်းဥပဒေ ၄ (ခ) နှင့်အညီ မှတ်ပုံတင်ထားသည့် စာချုပ်များ တင်ပြနိုင်ခြင်းမရှိဘဲ အမည်ပြောင်းမှတ်သား၍ စာချုပ်ရုံးသို့ မှတ်ပုံတင်စေပြီး အခွန်ပေးဆောင်စေရန် ဆုံးဖြတ်ချက်သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့် ညီညွတ်မှုမရှိကြောင်းပေါ်ပေါက်၍ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုကို လက်ခံစဉ်းစားသင့်ပါကြောင်းနှင့် ဥပဒေနှင့်အညီ သင့်မြတ်သောအမိန့်ချမှတ်ပေးရန် လျှောက်ထားသည်။

လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့၏ရှေ့နေက ဦးစိန်ဝင်းအပါအဝင် ဒေါက်တာစိုးတင့် ပါ - ၁၁ ဦးက ဦးလှုဖေဝင်းအပေါ် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၂/၈၀ တွင် အရောင်းပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေလိုမှုစွဲဆိုရာ ဦးစိန်ဝင်းသည် အမှုအတွင်းကွယ်လွန်သဖြင့် ဦးစိန်ဝင်းအတွက် သက်သာခွင့်ချမှတ်ပေးခဲ့ခြင်းမရှိကြောင်း၊ ဒေါက်တာစိုးတင့် ပါ - ၉ ဦးသည် တရားရုံး အသီးသီး၏ အမိန့်ဒီကရီများအရ အမည်ပြောင်းလျှောက်ထားခဲ့ပြီး ဦးစိန်ဝင်းမှာအမည်ပြောင်းခွင့်မရသေးကြောင်း၊ ဦးလှုဖေဝင်း၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သော ဒေါက်တာဒေါ်ခင်မြဝင်း၊ ဒေါ်တင်တင်ဝင်းတို့အနေဖြင့် တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၇/၈၉ တို့တွင်ချမှတ်သော ၃၁-၁၀-၉၁ အမိန့်ဒီကရီအရ အချင်းဖြစ်မြေကွက်အမှတ် ၈၇ နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ အကျိုး

၂၀၁၈ ခုနှစ်
ဒေါ်တင်တင်ဝင်း
(ခ)
ဒေါ်တင်တင်အေး
ပါ ၂
ဦးစိန်သင်း
နှင့်
ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃
ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ခံစားခွင့်မရှိ၊ ရပိုင်ခွင့်မရှိ၊ ပိုင်ဆိုင်မှုရပ်စဲသွားပြီဖြစ်ကြောင်း၊ အချင်းဖြစ်မြေကွက်အား ကွင်းဆင်းစစ်ဆေးရာတွင် လျှောက်ထားခံရသူအမှတ် ၂၊ ၃ ၏ လက်ဝယ်တွင်ရှိကြောင်း စိစစ်တွေ့ရှိရ၍ မြေအမည်ပြောင်းပြုလုပ်ပေးခြင်းသည် အကြောင်းခြင်းရာအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲမှုအာဏာအတွင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လျှောက်ထားခံရသူအမှတ် ၂၊ ၃ တို့ထံမှ ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ တင်ပြနိုင်သည့်အပြင် ယင်းမြေကွက်ကို ဦးလူဖေဝင်းနှင့် ၎င်း၏ဆွေစဉ်မျိုးဆက်တို့ လက်ဝယ်တွင်မရှိကြသဖြင့် ဦးစိန်ဝင်းထံ ရောင်းချသောအချိန်မှစ၍ ၎င်းတို့သည် ပိုင်ဆိုင်မှုရပ်ဆိုင်း ဆိတ်သုဉ်းသွားပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကောင်စီရုံး၏ ၁၉၈၆ ခုနှစ်၊ အမှုအမှတ် ၁၂၂ တွင် ၂၉-၄-၁၉၈၀ ရက်နေ့က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃ (ဃ) လျှောက်ထားသည့် လျှောက်လွှာအပေါ် ပယ်သည့်အမိန့်ချမှတ်ထားရာတွင် ဒေါက်တာဒေါ်ခင်မြဝင်းက ဒေါက်တာဦးစိုးတင့် ပါ - ၁၁ ဦးတို့အပေါ် အမှုအတော အတွင်း ယာယီတားဝရမ်းထုတ်ပေးပါရန် လျှောက်ထားသည့်အမှုကို ပယ်ခဲ့သဖြင့် အချင်းဖြစ်မြေကွက်၌ တိုက်တာအခိုင်အမာဆောက်လုပ်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းတို့အပေါ် တားမြစ်ပိုင်ခွင့်မရှိသည်မှာ ပေါ်လွင်ကြောင်း၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးသည် ကော်မတီဝင်များအစည်းအဝေး

ဆုံးဖြတ်ချက်၌ အမည်ပြောင်းမှတ်သားပြီး စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ခြင်း၊ အခွန်ပေးဆောင်ခြင်းများ ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့သော်လည်း ယင်းအချက်ကို ထိန်ချန်လျှောက်ထားခြင်းဖြစ်ကြောင်း၊ အမည်ပြောင်းခွင့်ပြုသောဆုံးဖြတ်ချက်အပေါ် အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းမဟုတ်ဘဲ ၆-၇-၂၀၁၆ ရက်စွဲပါ လျှောက်ထားခံရသူအမှတ် ၁ ဌာန၏ အကြောင်းကြားစာအပေါ်၌သာ လျှောက်ထားလာခြင်းဖြစ်ကြောင်း၊ ဌာနမှူးအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ၊ နည်းဥပဒေတို့အရ ဆောင်ရွက်ရန်တာဝန်ပျက်ကွက်ခဲ့ကြောင်းကို ဖော်ပြလျှောက်ထားခြင်းမရှိကြောင်း၊ အမှုအတွင်း အမှုသည်ကွယ်လွန်ခြင်းနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နှင့် သက်ဆိုင်သောစီရင်ထုံးများကိုကိုးကားပြီး ဦးစိန်ဝင်းသည် အဆိုပါအမှုတွင် အမှုရပ်စဲသွားသည်မှာ မှန်သော်လည်း ဦးစိန်ဝင်းနှင့်ပတ်သက်၍ ထပ်မံတရားစွဲဆိုခြင်းမရှိသောကြောင့် အဆိုပါအမှုတွင် အမှုရပ်စဲသည်ဆိုသောစကားရပ်ကို လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့၏ အမည်ပြောင်းလျှောက်ထားမှုတွင် ထည့်သွင်းသုံးသပ်ဆုံးဖြတ်၍မရကြောင်း၊ သို့ဖြစ်၍ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုကို ခွင့်မပြုသင့်ကြောင်း လျှောက်ထားသည်။

၂၀၁၈ ခုနှစ်
ဒေါ်တင်တင်ဝင်း
(ခ)
ဒေါ်တင်တင်အေး
ပါ ၂
ဦးစိန်သင်း
နှင့်
ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃
ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

လျှောက်ထားသူ၏ရှေ့နေက ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၂/၁၉၈၀ တွင် ဒေါက်တာစိုးတင့် ပါ - ၁၁ ဦးက ဦးလူဖေဝင်းအပေါ် အချင်းဖြစ်မြေကွက်ကြီးကို ခွဲခြမ်းစိတ်ဖြာ၍ ရောင်းချရန်စရံငွေရယူခဲ့သည်ဟုအဆိုပြုပြီး မြေအရောင်းအဝယ်ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေလိုမှု စွဲဆိုရာတွင် ဦးစိန်ဝင်းသည် အမှုအတွင်းကွယ်လွန်သဖြင့် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းမရှိ၍ ၎င်းနှင့်ပတ်သက်၍ အမှုရပ်စဲသွားကြောင်း၊ ဦးစိန်ဝင်းအပေါ်အမှုရပ်စဲ၍ ၎င်းက မြေကွက်ဝယ်ယူသည့်ကိစ္စကို တရားရုံးက မည်သည့်သက်သာခွင့်မျှခွင့်မပြုခဲ့ခြင်းနှင့် စာချုပ်မဟုတ်သော စရံငွေလက်ခံပြေစာဖြင့် အဆင့်ဆင့်လွှဲပြောင်းရောင်းချထားခြင်းတို့ကြောင့် လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့သည် ဥပဒေလုပ်ထုံးလုပ်နည်းများအရ အရောင်းအဝယ်အထမမြောက်သဖြင့် ပိုင်ဆိုင် ခွင့်မရှိကြောင်း၊ အချင်းဖြစ်မြေသည် ဘိုးဘွားပိုင်မြေဖြစ်ကြောင်း၊ မှတ်ပုံမတင်သောစာချုပ်အရ အမည်ပြောင်းခွင့်ကို သက်ဆိုင်ရာဌာနလုပ်ထုံးလုပ်နည်းဥပဒေတွင် ပြဋ္ဌာန်းချက်မရှိကြောင်း၊ သို့ဖြစ်၍ လျှောက်ထားခံရသူများအား အမည်ပေါက်ပြောင်းလဲပေးရန် ဆုံးဖြတ်အမိန့်ချမှတ်ခြင်းသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိ၍ အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်

လျှောက်ထားသည်။

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/E၊ မြေကွက်အမှတ် ၈၇/၃၊ ဧရိယာ ဝ.၁၉ဝ ဧက၊ မြေပိုင်မြေ (မြေပိုင်ဆိုင်ခွင့်လက်မှတ်ရမြေ) ဦးလူဖေဝင်းအမည်ပေါက်မြေအား လျှောက်ထားခံရသူ အမှတ် ၂ နှင့် ၃ ဖြစ်သော ဦးထူးအောင်ညွန့်နှင့် ဦးဖြိုးခိုင်ဦးတို့ အမည်ပေါက်ပြောင်းလဲမှတ်သားစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားခဲ့ရာတွင် ယင်းမြေကို ၎င်းတို့က ဒေါက်တာဦးကျော်ထံမှလည်းကောင်း၊ ဒေါက်တာဦးကျော်သည် ဦးစိန်ဝင်းထံမှလည်းကောင်း၊ ဦးစိန်ဝင်းသည် ဦးလူဖေဝင်းထံမှဝယ်ယူခဲ့သည့် စရံပေးပြေစာနှင့် အရပ်အရောင်းအဝယ် ကတိစာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့ကြောင်း၊ ယင်းမြေပေါ်ရှိ အဆောက်အဦတွင် ပိတ်ထားသောသော့အားဖွင့်ပြ၍ ယင်းမြေနှင့်အဆောက်အဦကို လက်ဝယ်ထားရှိကြောင်း တင်ပြထားသည်ကို တွေ့ရှိရသည်။

အချင်းဖြစ်မြေသည် မူလအမည်ပေါက်မှာ ဦးလူဖေဝင်းဖြစ်သည်။ ဦးလူဖေဝင်းထံ စရံငွေပေးချေထားသည်ဆိုသော ဦးစိန်ဝင်းသည် ဦးလူဖေဝင်းအပေါ် ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်ပေးစေရန် ရန်ကုန်တိုင်းတရားရုံး ၁၉၈ဝ ပြည့်နှစ်၊

| ၂၀၁၈ ခုနှစ် |
|---|
| ဒေါ်တင်တင်ဝင်း (ခ) ဒေါ်တင်တင်အေး ပါ ၂ |
| ဦးစိန်သင်း နှင့် ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပါ ၃ |
| ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပါ ၃ |

တရားမကြီးမှုအမှတ် ၃၂ (လသာ) ဖြင့် တရားစွဲဆိုသည့် တရားလို ၁၁ ဦးအနက် ပါဝင်သူဖြစ်သည်။ သို့သော် ဦးစိန်ဝင်း နှင့် ဒေါက်တာကျော်မောင်တို့သည် အမှုအတွင်း ကွယ်လွန်ခဲ့သော်လည်း ယင်းအမှုတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းမရှိ၍ ၎င်းတို့နှင့်ပတ်သက်၍ အမှုရပ်စဲသွားကြောင်းနှင့် ကျန်တရားလို ၉ ဦးတို့အပေါ် တောင်းဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည့်အပြင် ယင်းဒီကရီကို တရားရုံးချုပ်၏ ၁၉၈၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၇ တွင် ၃၁-၁၀-၉၁ နေ့က အတည်ပြုသည့်အမိန့် ချမှတ်ထားသည်။ သို့ဖြစ်၍ အဆိုပါအမှုတွင် သက်သာခွင့်တစ်စုံတစ်ရာရရှိခဲ့သူမဟုတ်ပေ။

မြေအမည်ပေါက်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄ (ခ) တွင် မြေအမည်ပေါက်ပြောင်းလဲရန် လျှောက်ထားသူသည် ဌာနမှသတ်မှတ်ပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေပိုင်မြေဖြစ်ပါက အမည်ပေါက်စာချုပ်၊ ဂရန်မြေဖြစ်ပါက မြေငှားဂရန် (နောက်ဆုံးထမ်းဆောင်ထားသည့် မြေခွန်ပြေစာပူးတွဲလျက်) စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူဖြစ်ပါက မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ရရှိထားသူဖြစ်ပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားရုံးကချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီ

မှုရင်းများ တင်ပြလျှောက်ထားရမည်ဟု ထုတ်ပြန်ထားသည်။

တရားလို ဒေါက်တာစိုးတင့် ပါ - ၁၁ ဦးတို့အနက် အမှုအတွင်းကွယ်လွန်၍ ရပ်စဲသွားသူ ဒေါက်တာကျော်မောင်နှင့် ဦးစိန်ဝင်းမှအပ ကျန်တရားလို ၉ ဦးသည် ၎င်းတို့ရရှိသည့် အနိုင်ဒီကရီအရ ဝယ်ယူခဲ့သည့်မြေအစိတ်အပိုင်းများအတွက် မူလအမည်ပေါက် ဦးလူဖေဝင်းအမည်မှ ၎င်းတို့ ၉ ဦးအမည် သို့ အမည်ပြောင်း ပြောင်းလဲပေးခဲ့ခြင်းသည် ပူးတွဲတင်ပြထားသော တရားရုံးဒီကရီအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄ (ခ) အရ ဆောင်ရွက်ခြင်းဖြစ်သည်။

လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ တို့ထံ အဆင့်ဆင့် ရောင်းချခဲ့သည်ဆိုသော ဦးစိန်ဝင်းသည် ဦးလူဖေဝင်းထံ စရံငွေ သာပေးခဲ့သူဖြစ်သည်။ ဦးလူဖေဝင်းအား တရားစွဲဆိုသည့်အမှု၌ ဦးစိန်ဝင်းသည် တရားလိုအဖြစ်ပါဝင်ခဲ့သည်မှာ မှန်သော်လည်း အမှုအတွင်းကွယ်လွန်ခဲ့သည့်အပြင် ၎င်းအတွက် တရားဝင် ကိုယ်စားလှယ်ထည့်သွင်း လျှောက်ထားမှုမရှိသောကြောင့် အဆိုပါ အမှုတွင် ဦးစိန်ဝင်းနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲခဲ့ပြီး ဖြစ်သည်။ ဦးစိန်ဝင်းသည် တရားရုံး၏ ဒီကရီရရှိသူမဟုတ် သကဲ့သို့ ဦးလူဖေဝင်းထံမှ တရားရုံး၏ဒီကရီအရဖြစ်စေ၊

၂၀၁၈ ခုနှစ်
ဒေါ်တင်တင်ဝင်း
(ခ)
ဒေါ်တင်တင်အေး
ပါ ၂

ဦးစိန်သင်း
နှင့်
ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

မှတ်ပုံတင်လွှဲပြောင်းသည့်စာချုပ်စာတမ်းအရဖြစ်စေ လွှဲပြောင်းရရှိခြင်းမရှိသောကြောင့် ဦးစိန်ဝင်းနှင့်ဆက်စပ်သမျှ စရံပေးအရောင်းအဝယ်စာချုပ်ပြုလုပ်သော မြေအစိတ်အပိုင်းသည် ဦးစိန်ဝင်းထံ တရားဝင်လွှဲပြောင်းရောက်ရှိခြင်းမရှိပေ။ ယင်းမြေအစိတ်အပိုင်းသည် မူလပိုင်ရှင် ဦးလူဖေဝင်း၊ ဦးလူဖေဝင်းကွယ်လွန်ပြီးနောက် ၎င်း၏အမွေဆက်ခံခွင့်ရှိသူများ၏ ပိုင်ဆိုင်သည့်ပစ္စည်းအဖြစ်သာ ဆက်လက်တည်ရှိမည်ဖြစ်သည်။ မြေနှင့်ပတ်သက်၍ ဦးလူဖေဝင်း၏ ဆက်ခံသူများက တရားတစ်ထုံးထပ်မံစွဲဆိုရန်လည်း အကြောင်းရှိမည်မဟုတ်ပေ။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနအနေဖြင့် မြေအမည်ပြောင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့်အချက်များဖြစ်သော မြေအမည်ပေါက်နှင့် မြေငှားစာချုပ်ရသူထံမှ မှတ်ပုံတင်စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ရရှိသူမဟုတ်သည့်အပြင် တရားရုံး၏အမိန့်ရရှိထားခြင်းမရှိသော လျှောက်ထားခံရသူအမှတ် ၂၊ ၃ တို့အား မူလအမည်ပေါက် ဦးလူဖေဝင်းအမည်မှ ၎င်းတို့အမည်သို့ ပြောင်းလဲပေးခဲ့ခြင်းသည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄ (ခ) ပါ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားခံရသူအမှတ် ၁ နှင့် ၂ ၏ရှေ့နေက အချင်းဖြစ်မြေနှင့်ပတ်သက်၍ ဦးစိန်ဝင်းထံ စတင်ရောင်းချသည့် ၆-၉-၁၉၇၄ ရက်နေ့မှစ၍ ဦးလူဖေဝင်းအနေဖြင့်လည်းကောင်း၊ ၎င်း၏ဆွေစဉ်မျိုးဆက်သော်လည်းကောင်း လက်ဝယ်မရှိကြောင်း၊ ယင်းမြေကွက်နှင့်ပတ်သက်၍ တရားစွဲဆိုကန့်ကွက်ခြင်း မရှိကြောင်း၊ လျှောက်ထားသူတို့အနေဖြင့် ပိုင်ဆိုင်မှုရပ်ဆိုင်း ဆိတ်သုဉ်းသွားပြီဖြစ်ကြောင်း တင်ပြလျှောက်ထားသော်လည်း ယခုလျှောက်ထားမှုသည် အချင်းဖြစ်မြေ ပိုင်ရေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ တရားမကြောင်းအရ တရားစွဲဆိုသည့် အမှုမဟုတ်ပေ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနက မြေအမည်ပြောင်းခွင့်ပြုသည့် ဆောင်ရွက်ချက်သည် အဆိုပါဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စာချွန်တော်အမိန့် လျှောက်ထားခြင်းသာဖြစ်သည်။

အာဏာပိုင်မေးစာချွန်တော်အမိန့်သည် အစိုးရဌာန တစ်ခုခု သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသည့်အဖွဲ့အစည်း တစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍

၂၀၁၈ ခုနှစ်

ဒေါ်တင်တင်ဝင်း
(ခ)
ဒေါ်တင်တင်အေး
ပါ ၂

ဦးစိန်သင်း

နှင့်

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၃

ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနက ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/E၊ မြေကွက်အမှတ် ၈၇/၃၊ (မြေကွက်တည်နေရာအမှတ် ၉၇၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်) တွင် မူလအမည်ပေါက် ဦးလူဖေဝင်းအမည်မှ လျှောက်ထားခံရသူ အမှတ် ၂ နှင့် ၃ ဖြစ်သော ဦးထူးအောင်ညွန့်နှင့် ဦးဖြိုးခိုင်ဦးတို့အမည်သို့ ပြောင်းလဲခွင့်ပြုခြင်းသည် အဆိုပါဌာန၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းမဟုတ်၍ အာဏာပိုင်မေးစာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက် ပယ်ဖျက်ရမည်ဖြစ်သည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုများကို ခွင့်ပြု၍ အချင်းဖြစ်မြေကွက်ကို လျှောက်ထားခံရသူအမှတ် ၂ နှင့် ၃ ဦးထူးအောင်ညွန့်နှင့် ဦးဖြိုးခိုင်ဦးတို့အမည်သို့ ပြောင်းလဲခြင်းကို အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

စရိတ်မသတ်မှတ်။

+၂၀၁၈ ခုနှစ်

ဧပြီလ ၃၀ ရက်

တရားမအထွေထွေလျှောက်ထားမှု

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးမြသိမ်း နှင့် ဦးမျိုးတင့် တို့ရှေ့တွင်

ဒေါ်ဖြူနှင်းလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးကျော်သူ)

နှင့်

ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပါ - ၂ *

ပြည်သူပိုင်သိမ်းဆည်းရာတွင် သိမ်းဆည်းသောပစ္စည်းနှင့်ဆက်စပ်သည့် မြေ၊အဆောက်အဦ၊ ကုန်ပစ္စည်း၊ ပရိဘောဂ အားလုံးသည် ပြည်သူပိုင်သိမ်းဆည်းရာတွင်ပါဝင်ကြောင်း၊ ဘဏ္ဍာတော်မင်းကြီး၏အခွင့်အာဏာ

ဆုံးဖြတ်ချက်။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌရုံးက ၉-၄-၆၄ ရက်နေ့ တွင်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၄၉၊ အပိုဒ် ၁ တွင် ၁၉၆၃ ခုနှစ်၊

* ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၇၅

လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေပုဒ်မ ၃ အရ အပ်နှင်းထားသော အာဏာများကိုသုံးစွဲ၍ မြန်မာနိုင်ငံအစိုးရသည် အောက်၌ဖော်ပြထားသော လုပ်ငန်းများကို ၉-၄-၆၄ နေ့မှစ၍ ပြည်သူပိုင်ပြုလုပ်လိုက်ပြီဖြစ်ကြောင်းကြေညာပြီး ယင်းကြေညာချက်အပိုဒ် ၃ ၌ ဖော်ပြပါလုပ်ငန်းများနှင့် သက်ဆိုင်သောရပိုင်ခွင့်အားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ လက်ဝယ်သို့ ရောက်ရှိစေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဆိုလိုသည်မှာ လုပ်ငန်းနှင့်သက်ဆိုင်သည့် (၁) မြေများ၊ (၂) အဆောက်အဦများ၊ (၃) ကုန်ပစ္စည်းများ နှင့် ဆိုင်ပရိဘောဂများဟု ဖော်ပြပါရှိသည်။

အထက်ပါဥပဒေနှင့် အမိန့်ကြော်ငြာစာပါဖော်ပြချက်အရ ပြည်သူပိုင်သိမ်းဆည်းရာတွင် သိမ်းဆည်းသောပစ္စည်းနှင့် ဆက်စပ်သည့် မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်း၊ ပရိဘောဂအားလုံးသည် ပြည်သူပိုင်သိမ်းဆည်းရာတွင်ပါဝင်ကြောင်း အတိအလင်းဖော်ပြထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ဒိုက်ဦးမြို့ စက်သုံးဆီဆိုင်အမှတ် ၀၁၆၃ တည်ရှိသော သိန်းသောင်းနှင့်သားများအမည်ဖြင့် ၁၉၅၀ ခုနှစ်တွင် BOC ကိုယ်စားလှယ်လုပ်ငန်းကို ပြည်သူပိုင်သိမ်းရာ၌ ယင်းလုပ်ငန်းတွင်ပါရှိသော စက်သုံးဆီဆိုင်၊ ဆိုင်တည်ရှိရာမြေ၊ အဆောက်အဦအားလုံးတို့သည် ပြည်သူပိုင်သိမ်းပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်သည်။

| ထပ်မံဆုံးဖြတ်ချက် ။ ။ ပြည်သူပိုင်သိမ်းဆည်းသော စက်သုံးဆီဆိုင်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် အဆောက်အဦ၊ မြေတို့ပါဝင်ရာတွင် ယင်းမြေကို ပြည်သူပိုင်သိမ်းဆည်းထားကြောင်း မြို့မြေစာရင်း ၁ - က တွင် တရားဝင်မှတ်သားမှုမပြုခဲ့ခြင်း၊ ယင်းမြေကို ပြည်သူပိုင်သိမ်းဆည်းရာမှ မူလပိုင်ရှင်များကို ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းမရှိဘဲ ဂရန်လျှောက်ထားခြင်းကို ခွင့်ပြုထုတ်ပေးခဲ့ခြင်းများပြုလုပ်ခဲ့သည့် မြို့နယ်အခွန်ဦးစီးဌာန (ထိုစဉ်က ဂရန်ထုတ်ပေးခွင့်ရှိသည့်ဌာန) နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ ဆောင်ရွက်မှုများသည် ၎င်းတို့ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်စုံမှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း ပေါ်ပေါက်သည်။ | ၂၀၁၈ ခုနှစ်<br>ဒေါ်ဖြူနှင်းလွင်<br>(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးကျော်သူ)<br>နှင့်<br>ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပါ ၂ |
|---|---|

ယင်းပေါ်ပေါက်ချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၄၀ ပါ ဘဏ္ဍာတော်မင်းကြီး အခွင့်အာဏာကိုကျင့်သုံး၍ ပယ်ဖျက်ခဲ့ခြင်းသည် ၎င်းအားအပ်နှင်းသည့် အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်၍ တစ်စုံတစ်ရာမှားယွင်းခြင်းမရှိကြောင်း မြင်သာသည်။

လျှောက်ထားသူအတွက် - ဒေါ်ရွှေမိုးဃမ်းညွှန့်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအမှတ် - ဒေါ်ယုယုခင်၊

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်သူ)
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်
ရေးဦးစီးဌာန ပါ ၂

(၁) အတွက် ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအမှတ် - ဦးသိန်းညွန့်၊
(၂) အတွက် တရားလွှတ်တော်ရှေ့နေ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁၁ - ခ)၊ ဘရန်ကြာအင်းလေး၊ ဦးပိုင်အမှတ် ၁၁/ခ၊ ဧရိယာ ၀.၂၆ ဧကသည် ဦးကြည်လှိုင် (ကွယ်လွန်) နှင့် ဇနီးဒေါ်ဖြူနှင်းလွင်တို့၏အမည်ဖြင့် ၁၉-၁-၁၉၈၉ မှ ၁၈-၁-၂၀၁၉ ရက်နေ့ထိ နှစ် ၃၀ အငှားဂရန်ရရှိထားကြောင်း၊ ယင်းမြေပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်နှင့် ဆက်စပ်ပစ္စည်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က ၂-၂-၂၀၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၁ ဖြင့် လျှောက်ထားခံရသူအမှတ် ၂ ဦးဇော်ဝင်းထွန်းသို့ လွှဲပြောင်းရောင်းချခဲ့ကြောင်း၊ ထိုသို့ လွှဲပြောင်းရောင်းချရာတွင် ဦးကြည်လှိုင်၊ ဒေါ်ဖြူနှင်းလွင်အမည်ပေါက်မြေပါရှိသဖြင့် လျှောက်ထားသူက ၂၆-၄-၂၀၁၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အချင်းဖြစ်မြေနှင့်ပတ်သက်၍ လျှောက်ထားခံရသူအမှတ် ၂ အား မြေငှားဂရန်ထုတ် မပေးရန်နှင့် မြေပုံရေးကူးခွင့်မပေးရန် ကန့်ကွက်လျှောက်ထားခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍

တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်များကို လျှောက်ထားခံရသူအမှတ် ၁၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ အကြံပြုတင်ပြခဲ့ကြောင်း၊ လျှောက်ထားခံရသူအမှတ် ၁ က "၈-၃-၂၀၁၆ ရက်နေ့တွင် ကျင်းပသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် ၃/၂၀၁၆ ၏ အပိုဒ် ၁၄ (တ) အရ ဦးကြည်လှိုင်၊ ဒေါ်ဖြူနှင်းလွင်အမည်ဖြင့် ၁၉-၁-၁၉၈၉ ရက်မှ ၁၈-၁-၂၀၁၉ ရက်ထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားသော မြေ ၀.၁၁၄၈ ဧကနှင့် ပတ်သက်၍ မြေငှားဂရန်စာချုပ်မူရင်းမတင်ပြနိုင်ခြင်း၊ စက်သုံးဆီမန်နေဂျာတာဝန်ထမ်းဆောင်ခဲ့သည့် ဦးကြည်လှိုင်သည် အုပ်ချုပ်ရေးကာလအကူးအပြောင်းတွင် စွမ်းအင်ဝန်ကြီးဌာနကလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် ၉-၄-၁၉၆၄ ရက်စွဲဖြင့် ပြည်သူပိုင်သိမ်းဆည်းထားသော စက်သုံးဆီဆိုင်မြေနေရာအား ဌာနပိုင်မြေနေရာမှန်းသိလျက် မိမိနှင့်ဇနီးအမည်ဖြင့် မြေငှားဂရန်ကိုသိသိပ်စွာလျှောက်ထားရယူခဲ့ခြင်းသည် ရိုးသားမှုမရှိဟု သုံးသပ်ရရှိသဖြင့် အဆိုပါမြေငှားဂရန်အား ပယ်ဖျက်လိုက်သည်" ဟု အမိန့်ချမှတ်ခဲ့ကြောင်း၊ လျှောက်ထားသူ၏ မိသားစုသည် မူလက သိန်းသောင်းနှင့်သားများအမည်ဖြင့် BOC စက်သုံးဆီအရောင်း

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်သူ)
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်
ရေးဦးစီးဌာန ပါ ၂

ကိုယ်စားလှယ်ဖွင့်လှစ်ထားရှိခဲ့ရာမှ ၁၉၆၄ ခုနှစ်တွင် လုပ်ငန်းကို ပြည်သူပိုင်သိမ်းဆည်းခြင်းခံခဲ့ရကြောင်း၊ ယင်းမြေနေရာကို ၁ လလျှင် ၅၅ ကျပ်နှုန်းဖြင့် ၁၉၇၀ ခုနှစ်တွင် ဦးကြည်လှိုင်ထံမှ မြန်မာ့ရေနံကော်ပိုရေးရှင်းက ငှားရမ်းအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် ၁ က ဘက်လိုက်၍ တစ်ဖက်သတ်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည့်အပြင် ဦးကြည်လှိုင်သည် တရားဝင်စနစ်တကျလျှောက်ထား၍ ထုတ်ပေးခဲ့သောမြေငှားဂရန်ကို သိုသိပ်စွာ လျှောက်ထားရယူခဲ့ခြင်းကြောင့် ရိုးသားမှုမရှိဟု အကြောင်းပြ၍ မြေငှားဂရန်ပယ်ဖျက်ခြင်းသည် ထိုစဉ်က သက်ဆိုင်ရာဌာနအားလုံး ရိုးသားမှုမရှိသကဲ့သို့ သုံးသပ်ရာရောက်ကြောင်း၊ လျှောက်ထားခံရသူအမှတ် ၁ က ချမှတ်ခဲ့သောအမိန့်သည် ဥပဒေအရအပ်နှင်းထားသောအာဏာကို ကျော်လွန်ဆုံးဖြတ်ဆောင်ရွက်ခြင်းဖြစ်၍ အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးပါရန်ဖြစ်ကြောင်း ဖော်ပြလျှောက်ထားသည်။

လျှောက်ထားသူက ပြည်သူပိုင်သိမ်းဆည်းထားသော စက်သုံးဆီဆိုင်မြေကို ဌာနပိုင်မြေမှန်းသိလျက် သိုသိပ်စွာ လျှောက်ထားရယူခြင်းသည် ရိုးသားမှုမရှိသော အကြောင်းပြချက်ဖြင့် ၂၇ နှစ်တိုင်အောင်ရရှိခဲ့သော လျှောက်ထားသူတို့အမည်ပေါက် မြေငှားဂရန်ကို ပယ်ဖျက်လိုက်ခြင်းသည် ပြဋ္ဌာန်း

ဒေါ်ဖြူနှင်းလွင်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်သူ)
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်
ရေးဦးစီးဌာန ပါ ၂

ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရန် ကနဦးအမိန့်ချမှတ်ခဲ့ သည်။

လျှောက်ထားခံရသူအမှတ် ၁ အတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ကွင်းအမှတ် ၄၁၁ (ခ)၊ ဦးပိုင် အမှတ် ၁၀-စ၊ ၁၀-ဆ၊ ၁၀- င၊ ၁၁ နှင့် ၁၈ ဧရိယာ ၉.၆ ဧက လယ်မြေကို လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန၏ ၁၁-၄-၅၆ ရက်စွဲ ပါစာဖြင့် ဒေါ်သိန်းမြိုင်၊ ဒေါ်သောင်းတို့ကို စန္ဒာသူရိယဆန်စက်မြေအဖြစ် အသုံးပြုရန်ခွင့်ပြုထားကြောင်း၊ ယင်းဆန်စက်လုပ်ငန်း ကိစ္စအဝဝကို ဦးချစ်လှိုင်ကို အထွေထွေ ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ထားကြောင်း၊ ၁၉၉၀ ခုနှစ်တွင် ယင်းမြေနေရာအား ဒိုက်ဦးမြို့ တိုးချဲ့မြေအဖြစ်သတ်မှတ်ခဲ့ပြီး ယင်းမြေ ဧရိယာ ၉.၆ ဧကအနက် သီရိမင်္ဂလာဘုန်းတော်ကြီး ကျောင်း သာသနာ့နယ်မြေ၊ ဦးအေးကျော်၏ အမှတ် ၁၊ ဆန်စက်အပြင် မီးသတ်အဆောက်အဦမြေ၊ ဒေါ်ခင်ခင်လှ ပါ - ၃ ဦး မြေနှင့် ဦးချစ်လှိုင် မြေဟု ခွဲခြမ်းသတ်မှတ်အတည်ပြုရာတွင် ဦးပိုင်အမှတ် ၁၁-ခ၊ ဧရိယာ ၀.၂၆ ဧကကို ခွဲဝေသတ်မှတ်ခဲ့ခြင်း မရှိဘဲ ကျန်ဧရိယာ ၉.၃၄ ဧကကိုသာ ခွဲဝေသတ်မှတ်ပေးခဲ့ ကြောင်း၊ ဦးချစ်လှိုင်သည် ဦးပိုင်အမှတ် ၁၁၊ ဧရိယာ ၀.၆၆ ဧကအနက် ဦးပိုင်အမှတ်ခွဲ ၁၁-ခ၊ ဧရိယာ ၀.၂၆ ဧကကို ဦးကြည်လှိုင်၊ ဒေါ်ဖြူနှင်းလွင်တို့ အား ၃၀-၇-၈၅ နေ့တွင်

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်သူ) နှင့် ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပါ ၂

မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခဲ့သော်လည်း မြေ၏အလားလေးရပ် ဖော်ပြထားခြင်းမရှိကြောင်း၊ ဦးကြည်လှိုင်၊ ဒေါ်ဖြူနှင်းလွင်တို့အမည်ဖြင့် အဆိုပါဦးပိုင်အမှတ် ၁၁-ခ၊ ဧရိယာ ၀.၂၆ ဧကကို ၁၉-၁-၈၉ နေ့မှ နှစ် ၃၀ မြေငှားဂရန် ထုတ်ပေးထားကြောင်း၊ မြေစာရင်းပုံစံ ၁၀၅ များတွင် ဦးပိုင်အမှတ်တစ်ခုကို မြေကွက်များ ခွဲစိတ်ထားသော်လည်း ဦးပိုင်အမှတ်များ ထပ်မံခွဲစိတ်ထားခြင်းမရှိကြောင်း၊ ဦးတင်လှအမည်ပါ မြေစာရင်းပုံစံ ၁၀၅ နှင့် ပုံစံ ၁၀၆ ပါ ဖော်ပြချက်တို့ကို ကွဲလွဲဖော်ပြထားကြောင်းတွေ့ရှိရသဖြင့် မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိကြောင်း၊ ဒိုက်ဦးမြို့နယ်၊ စက်သုံးဆီဆိုင်အမှတ် ၁၁၆၃၊ သိန်းသောင်းနှင့်သားများဆိုင်ကို ၉-၄-၆၄ ရက်စွဲဖြင့် ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေပုဒ်မ ၃ အရ ပြည်သူပိုင်သိမ်းဆည်းခဲ့ပြီး လွှဲပြောင်းရယူရာတွင် မြေနေရာ အကျယ်အဝန်းနေရာ၌ ဂရန်မြေဟုသာဖော်ပြပြီး ဧရိယာဖော်ပြထားခြင်းမရှိကြောင်း၊ ၂၈-၈-၇၀ ရက်စွဲပါ မြန်မာ့ရေနံ ကော်ပိုရေးရှင်း၊ ညွှန်ကြားရေးဝန်ရုံး၊ အမိန့်စာအမှတ် ၆၀/၇၀(၁၂၅၉) တွင် ယင်းဆိုင်ကို အပြီးအပိုင်ဆက်လက်သိမ်းယူရန် ဆုံးဖြတ်ထားကြောင်း၊ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာပြည်၊ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေ အပိုဒ် ၆ တွင်

လူနေထိုင်ရန် သို့မဟုတ် စက်မှုလုပ်ငန်းအတွက် အဆောက်အဦ ဆောက်လုပ်ရန် အစိုးရက မြေကို အငှားချထားနိုင်ကြောင်း၊ နည်းဥပဒေအပိုဒ် ၁၄ အရ မြေငှားစာချုပ်အတွက် မြေကွက် လက်ရှိတည်ရှိမှုကို သေချာစွာ စစ်ဆေးကြည့်ရှုတိုင်းတာပြီး အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ ဟုတ် မဟုတ် စိစစ် ရမည်ဖြစ်သော်လည်း ယင်းသို့စိစစ်ခြင်းမပြုဘဲ ဦးကြည်လှိုင်၊ ဒေါ်ဖြူနှင်းလွင်အမည်ဖြင့် နှစ် ၃၀ ဂရန်ထုတ်ပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ အောက်မြန်မာနိုင်ငံ၊ မြို့နှင့် ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၄၀ တွင် ဘဏ္ဍာတော်မင်းကြီး သည် အယူခံဝင်ရောက်ခြင်းမရှိသော်လည်း ဤဥပဒေနှင့် သက်ဆိုင်သည့် အမှုတစ်ခုခုကိုတောင်းခေါ်၍ ပြန်လည် စစ်ဆေးကြည့်ရှုပြီး သင့်လျော်သည်ဟုထင်မြင်သည့်အတိုင်း ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမိန့်ချမှတ်နိုင် ကြောင်း၊ အချင်းဖြစ်မြေဖြစ်သည့် ဦးပိုင်အမှတ် ၁၁-ခ၊ ဧရိယာ ၀.၂၆ ဧကကို ဦးကြည်လှိုင်၊ ဒေါ်ဖြူနှင်းလွင်အမည်ပေါက် ဂရန်အမှုတွဲနှင့် သက်ဆိုင်သော အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနအဆင့်ဆင့်၏ စိစစ်ချက်စာရွက်စာတမ်းအမှုတွဲများအား လေ့လာတွေ့ရှိချက်အရ အုပ်ချုပ်ရေးကာလအကူးအပြောင်း တွင် ပြည်သူပိုင်သိမ်းဆည်းထားသော စက်သုံးဆီပိုင်မြေကို ဌာနပိုင်မြေနေရာမှန်း သိလျက် မြေငှားဂရန်အား သိုသိပ်စွာ

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်သူ)
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်
ရေးဦးစီးဌာန ပါ ၂

လျှောက်ထားရယူခဲ့ခြင်းသည် ရိုးသားမှုမရှိဟုသုံးသပ်ပြီး နှစ် ၃၀ ဂရန်အား ပယ်ဖျက်ကြောင်း ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်အညီဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင် ၂၆၄ ခုကိုရောင်းချရာ၌ မူလပိုင်ရှင်ကို ဦးစားပေးရောင်းချမည်ဟု သတ်မှတ်ထားခြင်းမရှိသည့်အပြင် အချင်းဖြစ်စက်သုံးဆီဆိုင်အမှတ် ၀၁၆၃ (ဒိုက်ဦး) မြေဧရိယာ ၀.၂၁ ဧက အပါအဝင် ဆိုင် ၁၃ ဆိုင်ကို ရွှေသံလွင်ထရေးဒင်ကုမ္ပဏီသို့ ရောင်းချခဲ့ခြင်းသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုအပေါ် ပယ်သည့်အမိန့်ချမှတ်ပေးရန်ဖြစ်ကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူအမှတ် ၂ ၏ရှေ့နေက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ပြင်ဆင်မှုအမိန့်အမှတ် ၅/၂၀၁၆ သည် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ချမှတ်သည့်အမိန့်ဖြစ်ကြောင်း၊ ယင်းမြေကို ပြည်သူပိုင်သိမ်းဆည်းသဖြင့် စွမ်းအင်ဝန်ကြီးဌာနကပိုင်ဆိုင်ခဲ့သည့်အပြင် လျှောက်ထားခံရသူအမှတ် ၂ ကုမ္ပဏီက တရားဝင်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ဝယ်ယူခွင့်ရရှိသော စက်သုံးဆီဆိုင်များ

အတွက် သတ်မှတ်ငွေပေးသွင်းပြီးဖြစ်သည့်အပြင် ကုမ္ပဏီက လက်ခံရယူရေးအဖွဲ့သို့ ပူးတွဲပါစာရင်းအတိုင်း ၉-၆-၂၀၁၀ နေ့တွင် လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း၊ လျှောက်ထားခံရသူ အမှတ် ၂ အနေဖြင့် အချင်းဖြစ်ဆိုင်နှင့် မြေနေရာအား ပုဂ္ဂလိက ပိုင်ပြုလုပ်ရေးကော်မရှင်၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ နှင့်အညီ လျှောက်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ယူ ခြင်းသာဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် ၁ သည် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများအက်ဥပဒေနှင့်အညီ အုပ်ချုပ်ရေးအာဏာအရ ဆောင်ရွက်ခြင်းဖြစ်၍ အာဏာပိုင်မေး စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် အကြောင်းမပေါ်ပေါက် ကြောင်းဖြင့် လျှောက်ထားသည်။

လျှောက်ထားသူ၏ရှေ့နေက ဒိုက်ဦးမြို့၊ စက်သုံးဆီဆိုင် အမှတ် ၀၁၆၃ ကို ပြည်သူပိုင် သိမ်းဆည်းပြီးနောက် ၇-၁၂-၇၀ ခုနှစ်တွင် ကြားဖြတ်ကော်မတီ၏မှတ်တမ်းအရ လုပ်ငန်းကိုသာ ပြည်သူပိုင်သိမ်းဆည်းခြင်းဖြစ်ပြီး မြေပါဝင်ခြင်းမရှိကြောင်း၊ မြေကို သင့်ငွေတန်ဖိုးပေးရန် မလိုဟုဖော်ပြ၍ အဆောက်အဦ ငှားရမ်းခ တန်ဖိုးသတ်မှတ်ထားကြောင်း၊ ယင်းမှတ်တမ်းတွင် ဆိုင်ကို မြန်မာ့ရေနံကော်ပိုရေးရှင်းက အပြီးအပိုင်ဆက်သိမ်းရန် ဆုံးဖြတ်သော်လည်း ယနေ့အထိ တစ်စုံတစ်ရာဆက်လက် ဆောင်ရွက်ထားသည့် အထောက်အထားမရှိကြောင်း၊ ဒိုက်ဦး

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်သူ)
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်
ရေးဦးစီးဌာန ပါ ၂

မြို့နယ်မြေစာရင်းဌာန၊ မြေရာဇဝင်မှတ်တမ်းစာအုပ် ၁ (က) တွင် မြန်မာ့ရေနံကော်ပိုရေးရှင်း အမည်ပေါက်ခြင်းမရှိကြောင်း၊ ယင်းမြေကို ဦးကြည်လှိုင်နှင့် လျှောက်ထားသူတို့၏အမည်ဖြင့် ၁၉-၁-၈၉- နေ့မှ ၁၈-၉-၂၀၁၉ နေ့အထိ နှစ် ၃၀ ဂရန်ရရှိထားသည့်အပြင် ယင်းဂရန်ရရှိသည် မှာ ၂၇ နှစ်ရှိပြီဖြစ်ကြောင်း၊ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာပြည်၊ မြို့နှင့်ကျေးရွာမြေများအက် ဥပဒေပုဒ်မ ၄ တွင် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေဆိုသည်မှာ မည်သူမျှလက်ဝယ်ထားပိုင်ခွင့် အခွင့်အရေးမရှိသေးသောမြေနှင့် အစိုးရကဖြစ်စေ၊ အစိုးရ၏ကိုယ်စားဖြစ်စေ၊ အပိုင် သို့မဟုတ် အငှားစာချုပ်ဖြင့်ချထားခြင်းက ပေါ်ပေါက်သော အခွင့်အရေးတစ်စုံတစ်ရာကို မည်သူမှရရှိထားခြင်းမရှိသေးသော မြေကိုဆိုလိုကြောင်း၊ အချင်းဖြစ်မြေသည် ၉-၄-၆၄ ရက်စွဲဖြင့် ပြည်သူပိုင်သိမ်းခဲ့သည့်လုပ်ငန်းနှင့်မြေဟု ရောထွေးတင်ပြခြင်းသည် ဥပဒေအရမှားယွင်းကြောင်း၊ နိုင်ငံတော်က အဆိုပါမြေနှင့် အဆောက်အဦအား တရားဝင်စွန့်လွှတ်ပေးခြင်း မလိုအပ်သကဲ့သို့ ဥပဒေအရ နိုင်ငံပိုင်မြေနှင့် အဆောက်အအုံမဟုတ်သည်မှာ ထင်ရှားကြောင်း၊ လျှောက်ထားသူသည် မြေကိုလက်ရှိထားပိုင်ခွင့်ကို အခွန်တော်အရာရှိထံလျှောက်ထားခဲ့ရာ အခွန်တော်အရာရှိက စည်းမျဉ်းနှင့်အညီ အများသိရန်ကြေညာခြင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လျှောက်ထားသူသည် မြေကိုလက်ရှိ

ထားပိုင်ခွင့်ရှိကြောင်း ကျေနပ်သဖြင့် မှတ်တမ်းတင်ထားရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ကြေငြာပြီး ၅ နှစ်အတွင်း မှားယွင်းမှုမရှိ၍ ပယ်ဖျက်ခြင်းမပြုခဲ့ကြောင်း၊ လျှောက်ထားခံရသူ ၁ သည် ၅-၇-၂၀၁၆ ရက်နေ့က မြေဂရန်အားပယ်ဖျက်ခြင်းသည် မှားယွင်းသောအမိန့်ဖြစ်ပြီး ဥပဒေနှင့်လုပ်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူအနေဖြင့် သိန်းသောင်းနှင့်သားများ BOC လုပ်ငန်းနှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသဖြင့် မိရိုးဖလာလုပ်ငန်းကို ထိန်းသိမ်းလိုသောကြောင့် ပြန်လည်ရောင်းချပေးရန် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားခဲ့သော်လည်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ရွှေသံလွင်ကုမ္ပဏီကြီးကိုသာရောင်းချခဲ့ခြင်းသည် တရားမျှတမှုမရှိကြောင်း၊ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများအက်ဥပဒေတွင် ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ဖြင့်ပေးအပ်ထားသည့် အစိုးရမြေကို အခွန်တော်အရာရှိ၏အခွင့်အမိန့်မရှိဘဲ စည်းကမ်းသတ်မှတ်ချက်များနှင့်ဆန့်ကျင်၍ အခြားကိစ္စအတွက် အသုံးပြုလျှင် အခွန်တော်အရာရှိက ဂရန်ရရှိသူ သို့မဟုတ် အငှားစာချုပ်ရရှိသူကို အကြောင်းပြထုချေခွင့်ပေး၍ ထုတ်ပေးထားသည့် ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ကိုဖျက်သိမ်းနိုင်ကြောင်း၊ သို့ရာတွင် မြေလက်ရှိဖြစ်သူအား အကြောင်းပြထုချေခွင့်မပေးဘဲ အမိန့်မချရဟုပြဋ္ဌာန်းထားကြောင်း၊ လျှောက်ထားသူတို့ကို

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်သူ)
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်
ရေးဦးစီးဌာန ပါ ၂

ထုတ်ပေးထားသည့် အငှားဂရန်သက်တမ်း ကုန်ဆုံးခြင်းမရှိသေးသည့်အပြင် မြေငှားစာချုပ်ပါ စည်းကမ်းချက်တစ်စုံတစ်ရာဖောက်ဖျက်ကြောင်း ပေါ်ပေါက်ခြင်းမရှိကြောင်း၊ အကြောင်းပြထုချေခွင့်မပေးဘဲ မြေငှားစာချုပ်အား တစ်ဖက်သတ် ပယ်ဖျက်ခြင်းဖြစ်ကြောင်း၊ အဆိုပါဥပဒေ ပုဒ်မ ၄၀ ၏ရည်ရွယ်ချက်သည် ဘဏ္ဍာတော်မင်းကြီးကို ၎င်း၏အောက် အခွန်တော်အရာရှိတစ်ဦးက စစ်ဆေးစီရင်ဆုံးဖြတ်ထားသည့်အချက်ပေါ်တွင် ဤအက်ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်စေရန် အမှုကိုပြန်လည်ပြင်ဆင်ဆုံးဖြတ်ပေးရန်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူ အမှတ် ၂ က ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ထံမှ ဝယ်ယူခွင့်ရရှိထားသော စက်သုံးဆီဆိုင် အမှတ် ၁၁၆၃ မြေနေရာကို မြေငှားဂရန်ထုတ်ယူရန် ကြန့်ကြာနေသဖြင့် စိစစ်ဆောင်ရွက်ပေးရန် တင်ပြခြင်းအပေါ် လျှောက်ထားသူတို့၏သက်တမ်းရှိဂရန်ကို ပယ်ဖျက်ခြင်းသည် ဥပဒေအရအပ်နှင်းထားသော အာဏာကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အာဏာပိုင်မေးစာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ပေးရန်ဖြစ်ကြောင်း လျှောက်ထားသည်။

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဘရန်ကြာအင်းလေး၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၁ (ခ)၊ ဦးပိုင်အမှတ် ၁၁ (ခ)၊ ဧရိယာ ဝ.၂၆ ဧကကို ၁၉-၁-၈၉ နေ့တွင် ဦးကြည်လှိုင်နှင့် ဒေါ်ဖြူနှင်းလွင်တို့၏အမည်ဖြင့် နှစ် ၃၀ ဂရန်ချပေးထားသည်။

| | |
|---|---|
| ယင်းမြေနေရာတွင်တည်ရှိသော ဒိုက်ဦးမြို့နယ်၊ စက်သုံးဆီဆိုင် အမှတ် ၀၁၆၃ ကို ပုဂ္ဂလိပိုင်ပြုလုပ်ရေးကော်မရှင်က ရွှေသံလွင် ထရေးဒင်းကုမ္ပဏီလီမိတက်သို့ ၂-၂-၂၀၁၁ နေ့တွင် လွှဲပြောင်း ရောင်းချခဲ့သည်။ ရွှေသံလွင်ကုမ္ပဏီက ဆိုင်တည်ရှိရာမြေနှင့် ပတ်သက်၍ မြေဂရန်ရှိရေးလျှောက်ထားရာတွင် လျှောက်ထား သူက မြေငှားဂရန်ထုတ်မပေးရန်နှင့် မြေပုံရေးကူးခွင့်မပေးရန် တို့ ကန့်ကွက်လျှောက်ထားခဲ့သည်။ | ၂၀၁၈ ခုနှစ်<br>ဒေါ်ဖြူနှင်းလွင်<br>(၎င်း၏အခွင့်ရ<br>ကိုယ်စားလှယ်<br>ဦးကျော်သူ)<br>နှင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်<br>ရေးဦးစီးဌာန ပါ ၂ |

ယင်းမြေနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန (ရုံးချုပ်) ၏ ညွှန်ကြားချက်အရ ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက ကွင်းဆင်းစစ်ဆေးစေပြီး တွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ အကြံပြုချက်များတင်ပြခဲ့ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ညွှန်ကြားရေးမှူးချုပ်) ဖြစ်သူ လျှောက် ထားခံရသူအမှတ် ၁ က အောက်မြန်မာနိုင်ငံ၊ မြို့နှင့်ကျေးရွာ မြေများ အက်ဥပဒေပုဒ်မ ၄၀ နှင့်အညီ ဘဏ္ဍာတော်မင်းကြီး၏ အခွင့်အာဏာကိုကျင့်သုံး၍ "ဦးကြည်လှိုင်၊ ဒေါ်ဖြူနှင်းလွင် အမည်ဖြင့် ၁၉-၁-၁၉၈၉ ရက်မှ ၁၈-၁-၂၀၁၉ ရက်ထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားသော မြေ ၀.၁၁၄၈ ဧကနှင့်ပတ်သက်၍ မြေငှားဂရန်စာချုပ်မူရင်း မတင်ပြနိုင်ခြင်း၊ စက်သုံးဆီဆိုင် မန်နေဂျာတာဝန်ထမ်းဆောင်ခဲ့သည့် ဦးကြည်လှိုင်သည် အုပ်ချုပ်ရေးကာလအကူးအပြောင်းတွင် စွမ်းအင်ဝန်ကြီးဌာနမှ

လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် ၉-၄-၁၉၆၄ ရက်စွဲဖြင့် ပြည်သူပိုင်သိမ်းဆည်းထားသော စက်သုံးဆီဆိုင်မြေအား ဌာနပိုင်မြေနေရာမှန်းသိလျက် မိမိနှင့်ဇနီးအမည်ဖြင့် မြေငှား ဂရန်အား သိုသိပ်စွာ လျှောက်ထားရယူခဲ့ခြင်းသည် ရိုးသားမှု မရှိကြောင်း" ကောက်ယူသုံးသပ်၍ အဆိုပါမြေငှားဂရန်ကို ပယ်ဖျက်ကြောင်းအမိန့်ချမှတ်ခဲ့သည်။

အချင်းဖြစ် ဒိုက်ဦးမြို့နယ်စက်သုံးဆီဆိုင်အမှတ် ၈၁၆၃ သည် မူလပိုင်ရှင် သိန်းသောင်းနှင့်သားများအမည်ဖြင့် ၁၉၅၀ ခုနှစ် တွင် BOC ကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်ခဲ့ပြီး ၉-၄-၁၉၆၄ ရက်နေ့တွင် ယင်းစက်သုံးဆီဆိုင်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူပိုင်သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီအစိုးရ အဖွဲ့ဥက္ကဋ္ဌရုံးက ၉-၄-၆၄ ရက်နေ့တွင်ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာအမှတ် ၄၉၊ အပိုဒ် ၁ တွင် ၁၉၆၃ ခုနှစ်၊ လုပ်ငန်း များပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေအမှတ် ၃ အရ အပ်နှင်း ထားသော အာဏာများကိုသုံးစွဲ၍ မြန်မာနိုင်ငံအစိုးရသည် အောက်၌ဖော်ပြထားသောလုပ်ငန်းများကို ၉-၄-၆၄ နေ့မှစ၍ ပြည်သူပိုင်ပြုလုပ်လိုက်ပြီးဖြစ်ကြောင်း ကြေညာပြီး ယင်း ကြေညာချက်အပိုဒ် ၃ ၌ ဖော်ပြပါ လုပ်ငန်းများနှင့်သက်ဆိုင်

သောရပိုင်ခွင့်အားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ လက်ဝယ်သို့ ရောက်ရှိစေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဆိုလိုသည်မှာ လုပ်ငန်းနှင့် သက်ဆိုင်သည့် (၁) မြေများ၊ (၂) အဆောက်အဦများ၊ (၃) ကုန်ပစ္စည်းများနှင့် ဆိုင်ပရိဘောဂများဟု ဖော်ပြပါရှိသည်။

အထက်ပါဥပဒေနှင့် အမိန့်ကြော်ငြာစာပါဖော်ပြချက်အရ ပြည်သူပိုင်သိမ်းဆည်းရာတွင် သိမ်းဆည်းသောပစ္စည်းနှင့်ဆက်စပ်သည့် မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်း၊ ပရိဘောဂအားလုံးသည်ပြည်သူပိုင်သိမ်းဆည်းရာတွင်ပါဝင်ကြောင်း အတိအလင်းဖော်ပြထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ဒိုက်ဦးမြို့၊ စက်သုံးဆီဆိုင်အမှတ် ၁၁၆၃ တည်ရှိသော သိန်းသောင်းနှင့်သားများအမည်ဖြင့် ၁၉၅၀ ခုနှစ်တွင် BOC ကိုယ်စားလှယ်လုပ်ငန်းကိုပြည်သူပိုင်သိမ်းရာ၌ ယင်းလုပ်ငန်းတွင်ပါရှိသော စက်သုံးဆီဆိုင်၊ ဆိုင်တည်ရှိရာမြေ၊ အဆောက်အဦ အားလုံးတို့သည်ပြည်သူပိုင်သိမ်းပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်သည်။

လျှောက်ထားသူ၏ပူးတွဲတင်ပြသော အမှတ်စဉ် (၁၅) စွမ်းအင်ဝန်ကြီးဌာန၏ ၇-၃-၂၀၁၀ ရက်စွဲပါစာအမှတ်၊ ၂-၁၀ စွမ်းအင် (၁) (၇၉၂) ၂၀၁၀ ရက်စွဲပါစာဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ထံ ပြည်သူပိုင်သိမ်းဆည်းခဲ့သည့် စက်သုံးဆီ

အရောင်းဆိုင်များကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်ခွင့်လျှောက်လွှာများကို လွှဲပြောင်းပေးပို့ရာ ယခင်ပြည်သူပိုင်သိမ်းဆည်းခြင်းခံရသည့်အရောင်းဆိုင် ၇၁ ဆိုင်အနက် ပိုင်ရှင်မိသားစုများက လျှောက်ထားသည့် လျှောက်လွှာ (၂၀) စောင်ပူးတွဲပါရှိပြီး အစဉ်နံပါတ် ၉ တွင် ဒေါ်ဖြူနှင်းလွင်၏ လျှောက်ထားချက်ပါရှိသည်။ ၎င်း၏လျှောက်ထားချက်တွင် ပြည်သူပိုင်သိမ်းဆည်းခဲ့သော စက်သုံးဆီအရောင်းဆိုင် မြေနေရာဇယားကွက်တွင် ဒိုက်ဦးမြို့၊ အရောင်းဆိုင်မြေနေရာ (၁၁၆၃) ဟု ဖော်ပြထားသဖြင့် ဒေါ်ဖြူနှင်းလွင်သည် ၎င်းဂရန်ရရှိသည်ဆိုသောမြေသည် ပြည်သူပိုင်သိမ်းဆည်းခြင်းခံရသည့် ပစ္စည်းဖြစ်သည်ကို သိရှိကြောင်းပေါ်ပေါက်သည်။

ယင်းစက်သုံးဆီဆိုင်အမှတ် ၁၁၆၃ နှင့် ယင်းဆိုင်တည်နေရာမြေတို့ကို ပြည်သူပိုင် သိမ်းဆည်းခဲ့ရာတွင် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနရှိ မြို့မြေစာရင်း ၁ (က) တွင် အမည် ပြောင်းလဲမှတ်သားခဲ့ခြင်းမရှိခဲ့ပေ။ ၁၉၈၉ ခုနှစ်တွင် ဦးကြည်လှိုင်နှင့် ဒေါ်ဖြူနှင်းလွင်တို့က ယင်းမြေကို မြေငှားဂရန်ချထားပေးရန် လျှောက်ထားခဲ့ခြင်းသည် ပြည်သူပိုင်သိမ်းဆည်းထားသောဆိုင်နှင့်မြေကို မူလပိုင်ရှင်သို့ပြန်လည်လွှဲပြောင်းပေး၍ ရရှိသဖြင့် လျှောက်ထားခြင်းမဟုတ်ကြောင်းမှာ မြင်သာသည်။

ဂရန်ထုတ်ပေးသည့် ဌာနအနေဖြင့် မြေငှားစာချုပ် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိသည့်အခါ ယင်းမြေသည် အစိုးရကစီမံခန့်ခွဲရှိသောမြေ ဟုတ် မဟုတ် ပြည်သူပိုင် သိမ်းဆည်းထားသော မြေတွင်ပါဝင်ခြင်း ရှိ မရှိ နည်းလမ်းတကျ စိစစ်ဆောင်ရွက်ရမည်ဖြစ်သည်။ အချင်းဖြစ်မြေသည် ပြည်သူပိုင်သိမ်းဆည်းသော စက်သုံးဆီဆိုင်နှင့် ဆက်စပ်၍ ပြည်သူပိုင်သိမ်းဆည်းရာတွင် ပါဝင်သောမြေဖြစ်ကြောင်းသိရှိနိုင်လျက် စနစ်တကျစိစစ်ဆောင်ရွက်ခြင်းမပြုဘဲ မြို့မြေအမှုတွဲအမှတ် DORP No ၁၀/၅/၈၈-၈၉ ဖြင့် ၁၉-၁-၈၉ မှ ၁၈-၁-၂၀၁၉ ထိ နှစ် ၃၀ ဂရန်ထုတ်ပေးထားခြင်းဖြစ်သည်။

အောက်မြန်မာနိုင်ငံ ၊မြို့နှင့်ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၄၀ တွင် -

> ဘဏ္ဍာတော်မင်းကြီး (ညွှန်ကြားရေးမှူးချုပ်) ထံသို့ အယူခံတက်ရောက်ခွင့်မရှိသော်လည်း ဤအက်ဥပဒေအရ ဆောင်ရွက်စီရင်ဆုံးဖြတ်သည့် မည်သည့်အမှုတွင်မဆို အခွန်တော်အရာရှိတစ်ဦးက စစ်ဆေးမေးမြန်းသည့်အမှုတွဲကို ဘဏ္ဍာတော်မင်းကြီးသည် ဆင့်ဆိုတောင်းယူပြင်ဆင်ပြီး ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်ခွင့်ရှိ

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်သူ)
နှင့်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်
ရေးဦးစီးဌာန ပါ ၂

သည်ဟု ပြဋ္ဌာန်းထားသည်။

ပြည်သူပိုင်သိမ်းဆည်းသော စက်သုံးဆီဆိုင်နှင့်ဆက်စပ်ပစ္စည်းများဖြစ်သည့် အဆောက်အဦ၊ မြေတို့ပါဝင်ရာတွင် ယင်းမြေကို ပြည်သူပိုင်သိမ်းဆည်းထားကြောင်း မြို့မြေစာရင်း ၁-က တွင် တရားဝင်မှတ်သားမှုမပြုခဲ့ခြင်း၊ ယင်းမြေကို ပြည်သူပိုင်သိမ်းဆည်းရာမှ မူလပိုင်ရှင်များကို ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းမရှိဘဲ ဂရန်လျှောက်ထားခြင်းကို ခွင့်ပြုထုတ်ပေးခဲ့ခြင်းများ ပြုလုပ်ခဲ့သည့် မြို့နယ်အခွန်ဦးစီးဌာန (ထိုစဉ်က ဂရန်ထုတ်ပေးခွင့်ရှိသည့်ဌာန) နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ ဆောင်ရွက်မှုများသည် ၎င်းတို့ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်စုံမှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း ပေါ်ပေါက်သည်။

ယင်းပေါ်ပေါက်ချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာများအက်ဥပဒေပုဒ်မ ၄၀ ပါ ဘဏ္ဍာတော်မင်းကြီးအခွင့်အာဏာကိုကျင့်သုံး၍ ပယ်ဖျက်ခဲ့ခြင်းသည် ၎င်းအားအပ်နှင်းသည့် အခွင့်အာဏာကိုကျင့်သုံး ဆောင်ရွက်ခြင်းဖြစ်၍ တစ်စုံတစ်ရာမှားယွင်းခြင်းမရှိကြောင်း မြင်သာသည်။

သို့ဖြစ်ရာ ဂရန်ထုတ်ပေးခွင့်အာဏာရှိသည့် အခွန်တော်

အရာရှိသည် မြေဂရန်ထုတ်ပေးရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခြင်းမပြုဘဲ မြေဂရန်ထုတ်ပေးထားကြောင်းပေါ်ပေါ်သဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဆိုပါဥပဒေပုဒ်မ ၄၀ ပါ ဘဏ္ဍာတော်မင်းကြီး၏အခွင့်အာဏာကိုကျင့်သုံး၍ ထုတ်ပေးထားသည့်ဂရန်ကို ပယ်ဖျက်ခြင်းသည် ၎င်းအားအပ်နှင်းထားသည့် အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ခြင်းသာဖြစ်၍ ယင်းအမိန့်ကို အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုအားပယ်သည်။

စရိတ်မသတ်မှတ်။

၂၀၁၈ ခုနှစ်

ဒေါ်ဖြူနှင်းလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်သူ)

နှင့်

ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပါ ၂

+၂၀၁၈ ခုနှစ်

စက်တင်ဘာလ ၁၇ ရက်

ရာဇဝတ်အထွေထွေလျှောက်ထားမှု

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော

ဦးသာဌေး နှင့် ဦးမြသိမ်း တို့ရှေ့တွင်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ပါ - ၈ *

မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တရားရုံး၏အမိန့်အရ လက်ရောက်ပေးအပ်နိုင်ရေးအတွက် အပ်ဝရမ်းအတည်ပြုဆောင်ရွက်ရာတွင် တရားစီရင်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်ရခြင်း

ဆုံးဖြတ်ချက်။ ။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တရားရုံး၏အမိန့်အရ လက်ရောက်ပေးအပ်နိုင်ရေးအတွက် အပ်ဝရမ်း

* ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်ထားမှုအမှတ် ၃၇

အတည်ပြုရာတွင် ဒီကရီလိုက်နာရန် တာဝန်ရှိသည့်တရားရုံးနှင့်သက်ဆိုင်သူတို့က နည်းအမျိုးမျိုးဖြင့်ခုခံတားဆီးနှောင့်ယှက်မှုပြုလေ့ရှိသဖြင့် ရပ်ရွာအေးချမ်းသာယာမှုကို ထိခိုက်စေခြင်း၊ အများပြည်သူစိတ်ပြိုငြင်ထိတ်လန့်မှုဖြစ်ခြင်း၊ ရုန်းရင်းဆန်ခတ်မှုများဖြစ်စေခြင်းစသည့် မလိုလားအပ်သောအခြေအနေများ ပေါ်ပေါက်နိုင်သဖြင့် လုံခြုံရေးအဆင့်ဆင့်တောင်းခံပြီး အပ်ဝရမ်းကို အတည်ပြုဆောင်ရွက်ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၀ အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည့်အပြင် ပုဒ်မ ၂၅၆ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုရသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြုလုပ်ရာ၌ တရားရုံး၏အမိန့်နှင့် အုပ်ချုပ်ရေးအာဏာပိုင်၏

ဆုံးဖြတ်ချက်ကို ဝိရောဓိမဖြစ်စေရန် တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့ ညီညွတ်မှုတစ္စာ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သည်။

လက်ရှိဖြစ်ခြင်းအပေါ်ကျူးကျော်ခြင်းကြောင့် လက်လွှတ်ခဲ့ရသည့်မြေကို ပြန်လည်အပ်နှံရန်ချမှတ်သည့် တရားရုံး၏ အမိန့် အတည်ဖြစ်လျက်ရှိသဖြင့် ယင်းအမိန့်ကို ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တရားရုံးသည် အပ်ဝရမ်းထုတ်ဆင့်အတည်ပြုဆောင်ရွက်ရန် တာဝန်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေး ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိပြီး ဥပဒေနှင့်အညီ ချမှတ်ထားသောတရားရုံး၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆ ပုဒ်မခွဲ (ခ) အရ ပေါင်းစပ်ဆောင်ရွက်ရန်တာဝန်ရှိလျက် ၂၁-၁၂-၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၆) ၏ ဆုံးဖြတ်ချက်အပိုဒ် ၄၃ အရ လုံခြုံရေးဆောင်ရွက်ပေးခြင်းကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ခြင်းသည် မိမိ၏ ဥပဒေအရဆောင်ရွက်ရမည့်တာဝန်ကို လိုက်နာရန်

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

ပျက်ကွက်ကြောင်းပေါ်ပေါက်သဖြင့် အာဏာပေးစာချွန်တော် အမိန့် ထုတ်ဆင့်ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးအောင်နိုင်၊<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအမှတ်<br>(၁ မှ ၇) တို့အတွက် | - | ဒေါ်ယုယုခင်၊<br>ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူအမှတ်<br>(၈) အတွက် | - | ဦးကျော်ထွဋ်မြင့်၊<br>တရားလွှတ်တော်ရှေ့နေ |

ဗိုလ်ကြီးမြတင်က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၀ ဖြင့် လျှောက်ထားခံရသူအမှတ် (၈) ခြံစောင့်ဦးလှထွန်းအောင်ကို လှည်းကူးမြို့နယ်၊ ကလီထော်အနောက်၊ မယ်ဇလီကုန်းကျေးရွာ၊ ကွင်းအမှတ် (၉၆၃)၊ ကျောက္ကဒင်ကွင်း၊ မြေဧရိယာ ၁၅.၁၈ ဧက တွင် အခမဲ့ထားသူအား နှင်လိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။ ဗိုလ်ကြီးမြတင် ၎င်း၏ကိုယ်စားလှယ် ဦးအောင်ဝင်းမှတစ်ဆင့် ဒီကရီကို အတည်ပြုရန် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၃ ဖြင့်ဒီကရီကိုအတည်ပြုရာ ၁၀-၇-၂၀၁၃ ရက်နေ့၌ ဦးလှထွန်းအောင်ကို ဖယ်ရှားပြီး ဗိုလ်ကြီးမြတင်၏

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

အခွင့်ရကိုယ်စားလှယ်ဦးအောင်ဝင်းက လက်ရောက်ရရှိခဲ့ကြောင်း၊ ဦးလှထွန်းအောင်သည် အချင်းဖြစ်မြေတွင် ပြန်လည်နေထိုင်သည့်အတွက် လှည်းကူးမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီး ပုဒ်မ၄၄၇၊ ၅၀၆ ဖြင့် တရားစွဲဆိုရာ မြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း၊ ဦးအောင်ဝင်းက ၂၀၁၄ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်ထားမှုအမှတ် ၁၆၅ ဖြင့် လျှောက်ထားရာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂ အရ ဦးအောင်ဝင်းကို ပြန်လည်လက်ရောက်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ ထိုအမိန့်ကို အတည်ပြုရန်အတွက် မြေအပ်ဝရမ်းအတည်ပြုရန်ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးရုံး၏ အပ်ဝရမ်းဆောင်ရွက်ရမည့်ကိစ္စအပေါ် ဆောင်ရွက်ခြင်းမပြုဘဲ ဆိုင်းငံ့ထားရန် တယ်လီဖုန်းဖြင့်ညွှန်ကြားချက်အရ လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ၇-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ် ၃/၁၅၁/၂၀၁၆(၂၈၉၉)ဖြင့် ထပ်ဆင့်အသိပေးအကြောင်းကြားခဲ့ကြောင်း၊ လျှောက်ထားခံရသူများဖြစ်သော အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များသည် မသေချာမရေရာဘဲ အဆောတလျင်ဆိုင်းငံ့ပေးမှုကြောင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ ဝိရောဓိဖြစ်စေပြီး အုပ်ချုပ်ရေးက တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့်သဘောသက်ရောက်စေသည့်အပြင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်

အညီ အပ်ဝရမ်းအတည်ပြုမရဘဲ ကြန့်ကြာနေသဖြင့် မြေလက်ရောက်အပ်ပေးနိုင်ရေးအတွက် ဦးအောင်ဝင်းက အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလာသည့်အမှုဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လုံခြုံရေးဆောင်ရွက်ပေးရန် ဆိုင်းငံ့ထားခြင်းသည် အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း ရှိ မရှိ နှင့် လျှောက်ထားသူ လက်ရောက်ရရှိပြီးသော မြေဧရိယာထဲမှ မြေအချို့ကို မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားစေခြင်းသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန် ကနဦးအမိန့် ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူအမှတ် (၁) မှ (၇) အထိတို့အတွက် ဆောင်ရွက်သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အချင်းဖြစ်လှည်းကူးမြို့နယ်၊ ကလီထော်အနောက်၊ မယ်ဇလီကုန်းကျေးရွာ၊ အကွက်အမှတ် (၉၆၃)၊ ကျောက္ကဒင်ကွင်း၊ မြေလွတ်မြေရိုင်း ၁၅ ဧကခန့်ကို ၁-၁-၉၇ ရက်စွဲပါ ခြံမြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဦးပိန်က ဗိုလ်ကြီးမြတင်ထံရောင်းချခဲ့ကြောင်း၊ ဗိုလ်ကြီးမြတင်က ဦးအောင်ဝင်းကို ဦးပိုင်အမှတ် (၁၃၊ ၁၄၊ ၁၅) ရှိ လယ်မြေဧရိယာ ၄.၉၆ ဧကနှင့်

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

မြေလွတ်မြေရိုင်း ဧရိယာ ၁၀.၂၂ ဧကဖြစ်သော အချင်းဖြစ်မြေ ၁၅.၁၈ ဧကကို ၁၀-၂-၂၀၁၂ ရက်စွဲပါ မြေကွက်အရောင်းအဝယ်အရစ်ကျငွေပေးချေခြင်းကတိစာချုပ်ဖြင့် ရောင်းချခဲ့ကြောင်း၊ ဗိုလ်ကြီး မြတင်ဝယ်ယူစဉ်က အချင်းဖြစ်မြေ ၁၅.၁၈ ဧကသည် မြေလွတ်မြေရိုင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် အဆိုပါမြေအတွင်းမှ ဦးပိုင်အမှတ် (၁၃၊ ၁၄၊ ၁၅) တို့ကို လယ်မြေအဖြစ်လျှောက်ထား ရယူခဲ့ကြောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၀၊ လှည်းကူးမြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၈၃၊ ၂၀၁၄ ခုနှစ်၊ ရာဇဝတ်ကြီး မှုအမှတ် ၁၃၀၆ တို့တွင် ချမှတ်သည့်အမိန့်များအရ ဦးလှထွန်းအောင်သည် အချင်းဖြစ်မြေနှင့် သက်ဆိုင်သူမဟုတ်ကြောင်း၊ လှည်းကူးမြို့နယ်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ ရာဇဝတ် အထွေထွေမှုအမှတ် ၁၆၅ တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရား ရုံး၏ ပြင်ဆင်မှုအမိန့်အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၃) နှင့် အညီ အချင်းဖြစ်မြေပေါ်မှ ဦးလှထွန်းအောင်ကို ဖယ်ရှားပြီး တရားလိုဦးအောင်ဝင်းသို့ လက်ရောက် ပေးအပ်ရန် အမိန့်ချမှတ်ထားကြောင်း၊ ယင်းအမိန့်ကို မည်သည့်အဆင့်မြင့် တရားရုံးကမျှ ပြင်ဆင်ခြင်းမရှိသည့်အတွက် ယနေ့တိုင်အတည် ဖြစ်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၂၅၀၊ ၂၅၆ ပုဒ်မခွဲ (ခ)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

အစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၉၊ ပုဒ်မ ၃၁ ပုဒ်မခွဲ (ခ) တို့အရ လျှောက်ထားခံရသူ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ အစည်းများ အနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် ကူညီပေးရန်တာဝန်ရှိကြောင်း၊ အချင်းဖြစ်မြေလွတ်မြေရိုင်းဧရိယာ ၁၀.၂၂ ဧကအနက် ဧရိယာ ၄.၄၄ ဧကတွင် ဦးလှထွန်းအောင်က ကျူးကျော်ဝင်ရောက်ပြီး ၂၀-၁-၂၀၁၄ ရက်နေ့တွင် မွေးစားညီမ ဒေါ်ခင်ကြူကို မေတ္တာဖြင့်အပိုင်ပေး စာချုပ်ချုပ်ဆို ပေးကမ်းသော်လည်း ဦးလှထွန်းအောင်အနေဖြင့် တရားဝင်ပိုင်ဆိုင်ခွင့်မရှိသဖြင့် မြေကိုပေးကမ်းခြင်းသည် တရားမဝင်ကြောင်း၊ ဒေါ်ခင်ကြူက အဆိုပါမြေလွတ်မြေရိုင်းကို ပိုင်ဆိုင်ခွင့်ရရှိစေရန် လျှောက်ထားသည့်အဆင့်သာဖြစ်ကြောင်း၊ လျှောက်ထားခံရသူ အမှတ် (၆) မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ပြန်ကြားအစီရင်ခံစာတွင် အပ်ဝရမ်းအောင်မြင်စွာ အတည်ပြုဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သောအင်အားဖြင့် လုံခြုံရေး ဆောင်ရွက်ပေးနိုင်ကြောင်း ပြန်ကြားအစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ လျှောက်ထားခံရသူအမှတ် (၁) တို့က တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့ ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေနှင့်အညီ လုံခြုံရေး ဆောင်ရွက်ပေးရန်ဖြစ်သော်လည်း ဒေါ်ခင်ကြူက ကန့်ကွက်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၁-၁၂-၂၀၁၆

ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ် (၃၆/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် ၄၃ အရ လုံခြုံရေးဆောင်ရွက်ပေးခြင်းကို ဆိုင်းငံ့ထားရန် ညွှန်ကြားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဥပဒေတို့အရ ရပ်ရွာအေးချမ်းသာယာရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းဖြစ်သည်ဟုသုံးသပ်ရရှိကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်သန်းက ၂၁-၂-၂၀၁၅ ရက်စွဲပါစာဖြင့် ဦးလှထွန်းအောင် နှင့် ဦးအောင်ဝင်းတို့ထံ မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့် လျှောက်ထားရန် အသိပေးခဲ့ခြင်းသည် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၁၀ (ခ) နှင့် ညီညွတ်မှုမရှိကြောင်း၊ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုအပေါ် ဥပဒေနှင့်အညီ သင့်မြတ်သည့်အမိန့် ချမှတ်ရန်ဖြစ်ပါကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၈) ၏ ရှေ့နေ့က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၀ တွင်တင်သွင်းသော သက်သေခံ (ဂ) မြေစာရင်းပုံစံ (၁၀၅) တွင် ဦးပိုင်အမှတ် (၁၃)၊ လယ် ၂.၈၃ ဧက၊ ဦးပိုင်အမှတ် (၁၄)၊ လယ် ၁.၅၀ ဧက၊ ဦးပိုင်အမှတ် (၁၅)၊ လယ် ၀.၆၄ ဧကဟု ဖော်ပြထားပြီး ဦးပိုင်အမှတ်မရှိဟု ဖော်ပြထားသောနေရာတွင်

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

မြေလွတ်မြေရိုင်း ၁၀.၂၂ ဧကေဟုဖော်ပြခဲ့ကြောင်း၊ ယင်းမြေလွတ်မြေရိုင်း ၁၀.၂၂ ဧကသည် အစိုးရမြေအဖြစ်တည်ရှိနေကြောင်း၊ ကလီထော်အနောက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၏၂၁-၁-၂၀၁၅ ရက်စွဲပါစာအမှတ် ၁၅/ကလထအန/၂၀၁၅ ဖြင့် မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်ရရှိရေးဆောင်ရွက်ရန် အသိပေးအကြောင်းကြားခဲ့သဖြင့် ၂၄-၂-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနသို့ မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်ပြုရန် လျှောက်ထားခဲ့ကြောင်း၊ အဆိုပါဌာန၏ပြန်ကြားချက်ရရှိခဲ့ပြီး ဒေါ်ခင်ကြူအမည်ဖြင့် လှည်းကူးမြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ တရားဝင်လျှောက်ထားရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဒေါ်ခင်ကြူ လျှောက်ထားသည့် ဧရိယာ ၄.၄၄ ဧကနှင့်ပတ်သက်၍ မြေပုံကြမ်းထုတ်ပေးခဲ့ကြောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနက ၁၈-၆-၂၀၁၅ ရက်နေ့တွင် ကန့်ကွက်လိုသူများ ကန့်ကွက်နိုင်ရန် ပုံစံ (၆) ကြော်ငြာစာထုတ်ပေးခဲ့ကြောင်း၊ ၇-၉-၂၀၁၆ ရက်နေ့တွင် လျှောက်ထားသူက အပ်ဝရမ်းအတည်ပြုရန် ဆောင်ရွက်ခဲ့သဖြင့် မြေလွတ်မြေရိုင်းဥပဒေနှင့်အညီ လျှောက်ထားသောမြေပေါ်သို့ အပ်ဝရမ်းအတည်ပြုခြင်းကို တရားဝင်ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူစွဲဆိုသည့် လှည်းကူးမြို့နယ်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀၈၄ အမှုတွင် လျှောက်ထားသူသည် အဆိုပါမြေလွတ်မြေရိုင်း ၁၀.၂၂ ဧက

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

နှင့်ပတ်သက်၍ တရားဝင်လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့်စာထုတ်ပေးထားခြင်း မရှိဟုထွက်ဆိုခဲ့ကြောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနက လျှောက်ထားသူ ဦးအောင်ဝင်းနှင့် ဒေါ်ခင်ကြူတို့ကို မြေလွတ်မြေရိုင်း ၁၀.၂၂ ဧကအား မြေလွတ်မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားမှုကိုငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ (၁၆) ဖြင့် အကြောင်းကြားခဲ့ခြင်း မရှိသေးကြောင်း၊ အပ်ဝရမ်းဆက်လက်အတည်ပြု ဆောင်ရွက်မည်ဆိုပါက လက်ရှိလုပ်ကိုင်စားသောက်နေသော ပြည်သူများနှင့် ပဋိပက္ခဖြစ်မည့်အပြင် ငြိမ်ဝပ်ပိပြားမှုကို ထပ်မံပျက်ပြားစေနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လုံခြုံရေးဆောင်ရွက်ပေးရန် ဆိုင်းငံ့ထားခြင်းသည် ဥပဒေအရမှန်ကန်သဖြင့် စာချွန်တော်လျှောက်ထားမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်ထားတင်ပြသည်။

လျှောက်ထားသူ၏ရှေ့နေက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၀ တွင် ၁၇-၅-၂၀၁၂ ရက်နေ့က ရရှိသောဒီကရီအရ ၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၃ ဖွင့်လှစ်အတည်ပြုဆောင်ရွက်သဖြင့် အချင်းဖြစ်မြေ ၁၅.၁၈ ဧကကို ဗိုလ်ကြီးမြတင်၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်ဝင်းသို့ ၁၀-၇-၂၀၁၃ ရက်နေ့တွင် လက်ရောက်ပေးအပ်အတည်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ ၁၈-၇-၂၀၁၃

၂၀၁၈ ခုနှစ်
ဦးအောင်ဝင်း
နှင့်
ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

ရက်နေ့တွင် ဖယ်ရှားခံရသူ ဦးလှထွန်းအောင်သည် ယင်းမြေသို့ ကျူးကျော်ဝင်ရောက်နေထိုင်သဖြင့် ၂၀၁၃ ခုနှစ်၊ ရာဇဝတ်ကြီး မှုအမှတ် ၁၁၈၃ ဖြင့်စွဲဆိုရာ ပထမအကြိမ် ဒဏ်ငွေတပ်ရိုက်ပြီး ဒုတိယအကြိမ်စွဲဆိုသည့် ၂၀၁၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၀၆ တွင် ထောင်ဒဏ်အပြစ်ပေးခဲ့ကြောင်း၊ ယင်းမြေကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အပ်ဝရမ်းအတည် ပြုရာတွင် အနှောင့်အယှက်ပြု၍ ၄ နှစ်ကျော်ကြာမြင့်ခဲ့ကြောင်း၊ အဆိုပါမြေအတွင်းမှ မြေဧရိယာ ၄.၄၄ ဧကကို ဦးလှထွန်းအောင် ၏အစ်မဖြစ်သူ ဒေါ်ခင်ကြူက တရားမဝင်မြေပုံကြမ်းထုတ်ယူပြီး မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်လျှောက်ထားစေခဲ့ကြောင်း၊ ဒေါ်ခင်ကြူ က မည်သူမျှမဝင်ရ ဆိုင်းဘုတ်ထောင်၍ အပ်ဝရမ်းအတည်ပြု မရအောင် နှောင့်ယှက်ခြင်းဖြစ်ကြောင်း၊ ဦးလှထွန်းအောင်သည် ၎င်းမပိုင်သောမြေကို ဒေါ်ခင်ကြူကို မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်ပြုလုပ် ပေးကမ်းခြင်းဖြစ်ကြောင်း၊ မြေလွတ်မြေလပ်မြေ ရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (င) နှင့် (စ) တို့တွင် ယခင်က သီးစားခံယူလုပ်ကိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့်မြေ၊ နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သောမြေ၊ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း မရှိသောမြေသစ်ဖြစ်သည့် မြေရိုင်းနှင့်တောရိုင်းမြေများကို မြေ လွတ်မြေလပ်မြေရိုင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားကြောင်း၊

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

အဆိုပါ ဥပဒေပုဒ်မ ၂၅ (ခ) နှင့် နည်းဥပဒေ ၅၂ (ခ) တွင် မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာသည် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများ ပါဝင်နေကြောင်း ခိုင်လုံသည့်အထောက်အထားတင်ပြနိုင်လျှင် စိုက်ပျိုးလုပ်ကိုင်နေသူတို့ နစ်နာမှုမရှိစေရန် ဗဟိုကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၁၇-၅-၂၀၁၃ ရက်နေ့ထုတ် အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၃ ဖြင့်လည်း ထုတ်ပြန်ထားကြောင်း၊ လျှောက်ထားသူ ဦးအောင်ဝင်း လက်လွှတ်ခဲ့ရသောမြေကို လက်ရောက်ပြန်လည်ပေးအပ်ရန်အတွက်ထုတ်ဆင့်သည့်မြေအပ်ဝရမ်းကို အတည်ပြုရန်ဆောင်ရွက်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နယ်စပ်ရေးရာဝန်ကြီးက ဆိုင်းငံ့ထားရန် ညွှန်ကြားခြင်းသည် တရားရုံး၏အမိန့်ကို အဟောသိကံဖြစ်စေကြောင်း၊ တရားရုံး၏အမိန့်နှင့်အုပ်ချုပ်ရေးအာဏာပိုင်တို့၏ဆုံးဖြတ်ချက်တို့ ဝိရောဓိမဖြစ်စေရန် ညီညွတ်မျှတစွာပေါင်းစပ်၍ ဆောင်ရွက်ပေးသင့်သဖြင့် အပ်ဝရမ်းအတည်ပြုခြင်းကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်သည့်အမိန့်ကို အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ပေးရန် ဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

အချင်းဖြစ်မြေသည် လှည်းကူးမြို့နယ်၊ ကလီထော် အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၆၃)၊ ကျောက်ကွဒင်ကွင်း တွင်တည်ရှိပြီး စုစုပေါင်းဧရိယာ ၁၅.၁၈ ဧကအနက် ဦးပိုင် အမှတ် (၁၃)၊ ဧရိယာ ၂.၈၃ ဧက၊ ဦးပိုင်အမှတ် (၁၄)၊ ဧရိယာ ၁.၅၀ ဧက၊ ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ ၀.၆၃ ဧကတို့သည် လယ်မြေများဖြစ်ပြီး ယင်းလယ်မြေဧရိယာစုစုပေါင်း ၄.၉၆ ဧက ရှိကြောင်း၊ ကျန်ဧရိယာ ၁၀.၂၂ ဧကသည် မြေလွတ်မြေရိုင်း အမျိုးအစားတွင်ပါရှိကြောင်း လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြ သည့် စာရွက်စာတမ်းအစဉ် ၂၆ မြေစာရင်းပုံစံ ၁၀၅ မိတ္တူနှင့် လျှောက်ထားခံရသူအမှတ် (၅) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး၏ ပြန်ကြား အစီရင်ခံစာတွင် ဖော်ပြထားချက်အရ တွေ့ရသည်။

အဆိုပါမြေတွင် ခြံစောင့်အဖြစ် အခမဲ့ထားရှိသူ ဦးလှထွန်းအောင်ကို နှင်ထုတ်ပေးစေရန် ဗိုလ်ကြီးမြတင်က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၀၀ ဖြင့် စွဲဆိုရာ ဒီကရီရရှိခဲ့ပြီး ၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၃ ဖွင့်လှစ်အတည်ပြုသည်။ တရားရုံးက ၁၀-၇-၂၀၁၃ ရက်နေ့တွင် ဗိုလ်ကြီးမြတင်၏ အခွင့်အရ ကိုယ်စားလှယ် ဦးအောင်ဝင်းသို့ လက်ရောက်ပေးအပ်ခဲ့ပြီး တစ်ပတ်ခန့်အကြာ ဦးလှထွန်းအောင်ကအချင်းဖြစ်မြေတွင် ပြန်

၂၀၁၈ ခုနှစ်

ဦးအောင်ဝင်း

နှင့်

ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

လည်ကျူးကျော်ဝင်ရောက်သဖြင့် လှည်းကူးမြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၈၃ ဖြင့်စွဲဆိုရာတွင် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၅၀၆ (ပထမပိုင်း) ဖြင့် ဒဏ်ငွေများ တပ်ရိုက်ကြောင်း၊ လျှောက်ထားသူက လှည်းကူးမြို့နယ်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၁၆၅ တွင် ရာဇဝတ်ကျင်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အချင်းဖြစ်မြေကို ပြန်လည်ပေးအပ်ရန်လျှောက်ထားရာ မအောင်မြင်သဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ပြင်ဆင်မှုဖြင့် ဆက်လက် လျှောက်ထားခဲ့ကြောင်း၊ ခရိုင်တရားရုံးက အချင်းဖြစ်မြေကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၃) အရ လက်ရောက် ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သဖြင့် အပ်ဝရမ်းဆောင်ရွက်ရန် အတွက် လုံခြုံရေးတောင်းခံခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆိုင်းငံ့ခဲ့သဖြင့် စာချွန်တော်အမိန့် လျှောက်ထားလာခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ အတည်ပြုရာ တွင် တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ဥပဒေ ၃၅ (၁) ပါ ဇာရီမှုတွင် အပ်ဝရမ်းဆောင်ရွက်ရာတွင် လိုက်နာရသည့် နည်းလမ်းများအရ အတည်ပြုဆောင်ရွက် ရန်ဖြစ်သည်။ လှည်းကူးမြို့နယ်တရားရုံး၏ ၂၀၁၄ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၁၆၅ တွင် ရာဇဝတ်ကျင့်ထုံး

ဥပဒေပုဒ်မ ၅၂၂ (၃) အရ အချင်းဖြစ်မြေအား ပြန်လည်ပေးအပ်စေရန်အတည်ပြုရာ၌ "ဓာရီလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်" ဟု ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးက ၁၇-၁၁-၂၀၁၆ ရက်စွဲပါစာဖြင့် အကြောင်းကြားထားကြောင်းတွေ့ရသည်။

မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တရားရုံး၏အမိန့်အရ လက်ရောက်ပေးအပ်နိုင်ရေးအတွက် အပ်ဝရမ်းအတည်ပြုရာတွင် ဒီကရီကိုလိုက်နာရန်တာဝန်ရှိသည့် တရားရုံးနှင့် သက်ဆိုင်သူတို့က နည်းအမျိုးမျိုးဖြင့် ခုခံတားဆီးနှောင့်ယှက်မှု ပြုလေ့ရှိသဖြင့် ရပ်ရွာအေးချမ်းသာယာမှုကို ထိခိုက်စေခြင်း၊ အများပြည်သူစိတ်ငြိုငြင်ထိတ်လန့်မှုဖြစ်ခြင်း၊ ရုန်းရင်းဆန်ခတ်မှုများဖြစ်စေခြင်းစသည့် မလိုလားအပ်သော အခြေအနေများပေါ်ပေါက်နိုင်သဖြင့် လုံခြုံရေးအဆင့်ဆင့်တောင်းခံပြီး အပ်ဝရမ်းကို အတည်ပြုဆောင်ရွက်ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၀ အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည့်အပြင် ပုဒ်မ ၂၅၆ ပုဒ်မခွဲ(ခ) အရ တိုင်းဒေသကြီး

၂၀၁၈ ခုနှစ်
ဦးအောင်ဝင်း
နှင့်
ဌာနမှူး
လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ ပါ ၈

သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုရသည်။

လှည်းကူးမြို့နယ်တရားရုံး ဘီလစ်နှင့် လုံခြုံရေးအဖွဲ့တို့သည် ၇-၉-၂၀၁၅၊ ၆-၁၀-၂၀၁၅ ရက်နေ့များတွင် သွားရောက်အတည်ပြုရာ၌ လူအင်အားဖြင့် တားဆီးခုခံသဖြင့် အပ်ဝရမ်းအတည်မပြုနိုင်ခဲ့သဖြင့် လှည်းကူးမြို့နယ်တရားရုံးက လုံခြုံရေးရရှိရန် အဆင့်ဆင့်တင်ပြတောင်းခံခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် မြေအပ်ဝရမ်းအတည်ပြုခြင်းအတွက် လုံခြုံရေးခွင့်ပြုပြီးနောက် ယင်းမြေများလုပ်ပိုင်ခွင့် လျှောက်ထားမှုများကို စိစစ်ခြင်း၊ မြေပြင်အနေအထားရှင်း လင်းအောင်ဆောင်ရွက်ခြင်း၊ လုံခြုံရေးဆောင်ရွက်ရမည့်အဖွဲ့နှင့် ရွာသူရွာသားများ ပဋိပက္ခဖြစ်ပွားလာနိုင်ခြင်းအပေါ် နယ်မြေတည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအရ လုံခြုံရေးပေးခြင်းကို ဆိုင်းငံ့ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လုံခြုံရေးဆောင်ရွက်ပေးရန်ဆိုင်းငံ့ရာတွင်

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆ (ခ) ပြဋ္ဌာန်းချက်နှင့်အညီ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဆိုင်းငံ့ထားသည် ဆိုသော်လည်း ထိုသို့ဆိုင်းငံ့ထားရန်ဆုံးဖြတ်သည့် ၇-၁၀-၂၀၁၆ ရက်နေ့မှ ပြန်ကြားအစီရင်ခံစာတင်သွင်းသည့်နေ့အထိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအခြေအနေကို တင်ပြထားနိုင်ခြင်း မရှိကြောင်းတွေ့ရသည်။

လုံခြုံရေးလိုက်ပါဆောင်ရွက်ရမည့် လျှောက်ထားခံရသူအမှတ် ၆ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ လုံခြုံရေးဆောင်ရွက်ပေးရန်အကြောင်းကြားလာပါက လုံလောက်သော လုံခြုံရေးအင်အားဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်ကြားအစီရင်ခံထားသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြုလုပ်ရာ၌ တရားရုံး၏အမိန့်နှင့် အုပ်ချုပ်ရေးအာဏာပိုင်၏ ဆုံးဖြတ်ချက်ကို ဝိရောဓိမဖြစ်စေရန် တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့ ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်သည်။

အပ်ဝရမ်းအတည်ပြုရမည့် အချင်းဖြစ်မြေ ၁၅.၁၈ ဧကသည် လယ်မြေနှင့် မြေလွတ်မြေရိုင်းများပါဝင်ကြောင်း တွေ့ရ

သည်။ လျှောက်ထားသူသည် လယ်မြေများနှင့်ပတ်သက်၍ ၂၈-၈-၂၀၁၅ ရက်နေ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ရရှိခဲ့ပြီးဖြစ်ကြောင်းတွေ့ရသည်။

မြေလွတ်မြေရိုင်းဧရိယာ ၁၀.၂၂ ဧကနှင့်ပတ်သက်၍ ယင်းမြေအားလုံးကို မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်ပြုရန် ဦးအောင်ဝင်းက ၉-၂-၂၀၁၇ ရက်နေ့က လျှောက်ထားသကဲ့သို့ ယင်းမြေများအတွင်းရှိ ဧရိယာ ၄.၄၄ ဧကကို မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်ပြုရန် ဦးလှထွန်းအောင်၏အစ်မဖြစ်သူ ဒေါ်ခင်ကြူက ၆-၅-၂၀၁၅ ရက်နေ့က လျှောက်ထားခဲ့ကြောင်းတွေ့ရသည်။ အချင်းဖြစ် မြေလွတ်မြေရိုင်းများလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၅ အရ လျှောက်ထားခြင်း၊ ယင်းလျှောက်ထားမှုအပေါ် ပုဒ်မ ၈ အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီက ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းပြုလုပ်နိုင်သည် ဖြစ်ရာ ဗဟိုကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ချက်များအပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

အာဏာပေးစာချွန်တော်အမိန့်သည် တရားဝင်အခွင့်အာဏာရှိသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်

စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုအား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်ဖြစ်သည်။

လက်ရှိဖြစ်ခြင်းအပေါ် ကျူးကျော်ခြင်းကြောင့် လက်လွှတ်ခဲ့ရသည့်မြေကို ပြန်လည်အပ်နှံရန်ချမှတ်သည့် တရားရုံး၏အမိန့် အတည်ဖြစ်လျက်ရှိသဖြင့် ယင်းအမိန့်ကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တရားရုံးသည် အပ်ဝရမ်းထုတ်ဆင့်အတည်ပြု ဆောင်ရွက်ရန်တာဝန်ရှိသည်။ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေး ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိပြီး ဥပဒေနှင့်အညီချမှတ်ထားသော တရားရုံး၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆ ပုဒ်မခွဲ (ခ) အရ ပေါင်းစပ်ဆောင်ရွက်ရန်တာဝန်ရှိလျက် ၂၁-၁၂-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်း အဝေးအမှတ်စဉ် (၃၆/၂၀၁၆) ၏ ဆုံးဖြတ်ချက်အပိုဒ် ၄၃ အရ လုံခြုံရေးဆောင်ရွက်ပေးခြင်းကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ခြင်းသည် မိမိ၏ ဥပဒေအရဆောင်ရွက်ရမည့်တာဝန်

ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပေါ်ပေါက်သဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤရာဇဝတ်အထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ ၂၁-၁၂-၂၀၁၆ ရက်နေ့ တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် ၄၃ အရ လုံခြုံရေးဆောင်ရွက်ပေးခြင်းကို ဆိုင်းငံ့ထားရန်ညွှန်ကြားခြင်းကို အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

စရိတ်မသတ်မှတ်။

# ဥပဒေများ

**တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ** — နောက်ဆက်တွဲ (က)

(၁၉၂၆ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် ၃၈။)

(၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

**အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** — နောက်ဆက်တွဲ (ခ)

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်)

**အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ** — နောက်ဆက်တွဲ (ဂ)

**အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ  ၂၉  ရက် )

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** — နောက်ဆက်တွဲ (ဃ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၇၈၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း  ၅  ရက်

( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ  ၃  ရက် )

## တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ
## (၁၉၂၆ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် ၃၈။)
## (၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

### နိဒါန်း

၁။ x x x x x x x

၂။ ဤအက်ဥပဒေတွင် အကြောင်းခြင်းရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားစပ်တို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ ဆန့်ကျင်ကွဲလွဲချက် တစ်စုံတစ်ရာမရှိလျှင်-

အနက်အဓိပ္ပာယ်ဖော်ပြချက်

(က) တရားလွှတ်တော်ရှေ့နေဆိုသည်မှာ ဤအက်ဥပဒေပြဋ္ဌာန်းချက်များအရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** ၏ တရားလွှတ်တော်ရှေ့နေများစာရင်းတွင် အမည်စာရင်းသွင်းထားသော တရားလွှတ်တော်ရှေ့နေကို ဆိုသည်။

(ခ) x x x x x x x

(ဂ) x x x x x x x

(ဃ) **ပြဋ္ဌာန်းသည်** ဆိုသည်မှာ ဤအက်ဥပဒေအရ

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

ပြုလုပ်သော နည်းဥပဒေများအရ ပြဋ္ဌာန်းထား ခြင်းကို ဆိုသည်။

## တရားလွှတ်တော်ရှေ့နေများကောင်စီ ဖွဲ့စည်းပုံ

တရားလွှတ်တော်ရှေ့နေများကောင်စီ ဖွဲ့စည်းခြင်း

၃။ (၁) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** အတွက် တရားလွှတ်တော်ရှေ့နေများကောင်စီကို ဤ မှနောက်တွင် ပြဋ္ဌာန်းထားသော နည်းလမ်းဖြင့် ဖွဲ့စည်းရမည်။

(၂) ယင်းသို့ဖွဲ့စည်းထားသော တရားလွှတ်တော် ရှေ့နေများကောင်စီသည် စဉ်ဆက်မပြတ်ဆောင် ရွက်ပိုင်ခွင့်၊ မိမိကောင်စီပိုင်တံဆိပ် သုံးစွဲပိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင် သည့်ပစ္စည်းများကို ရယူပိုင်ခွင့်နှင့် လက်ရှိထား ပိုင်ခွင့်၊ ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့်ရှိသော အဖွဲ့အစည်း တစ်ခုဖြစ်ရမည်ဖြစ်ပြီး တရားလွှတ်တော်ရှေ့နေ များကောင်စီ၊ **နေပြည်တော်**** အမည်ဖြင့်

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၄

တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိရမည်။

တရားလွှတ်တော်ရှေ့နေများ ကောင်စီ အဖွဲ့ဝင်များ

၄။ တရားလွှတ်တော်ရှေ့နေများကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-*

(က) ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌ

(ခ) ပုဒ်မခွဲ (င) အရ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေများက ယင်းကဲ့သို့ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှစ်ဦး အဖွဲ့ဝင်များ

(ဃ) ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၅

(င) တရားလွှတ်တော်ရှေ့နေများက အဖွဲ့ဝင်များ သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေလုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး

(စ) ပုဒ်မခွဲ (င)အရ ရွေးကောက် အတွင်းရေးမှူး တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေများက ယင်းတို့ထဲမှ ရွေးကောက်တင်မြှောက်သည့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီးသူမှအပ ဖြစ်သည့် တရားလွှတ်တော်ရှေ့နေတစ်ဦး။

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါကိစ္စရပ်များအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားမှတ်ချက်ကိုရယူ၍ ဤအက်ဥပဒေနှင့်အညီ နည်းဥပဒေများ ထုတ်ပြန်နိုင်သည်-**

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၆

တရားလွှတ်တော်ရှေ့နေများကောင်စီ၏ စည်းကမ်းဥပဒေများ ပြုလုပ်ပိုင်ခွင့်အာဏာ

(က) တရားလွှတ်တော်ရှေ့နေများကောင်စီတွင် အဖွဲ့ဝင်များအဖြစ် တရားလွှတ်တော်ရှေ့နေများထဲမှ ရွေးကောက်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲကျင်းပခြင်းနှင့် လစ်လပ်နေရာ ဖြည့်စွက်ခြင်းနည်းလမ်းများ၊

(ခ) ရွေးကောက်ပွဲကျင်းပရာတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်မည့် နည်းလမ်းများ၊

(ဂ) တရားလွှတ်တော်ရှေ့နေများကောင်စီတွင် ရာထူးအလျောက် အဖွဲ့ဝင်ဖြစ်သူ မဟုတ်သည့် အမည်စာရင်းတင်သွင်းခံရသူနှင့် ရွေးကောက်ခံရသူများ၏ ရာထူးသက်တမ်းသတ်မှတ်ခြင်း။

(ဃ) တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးများကျင်းပခြင်းနှင့် အစည်းအဝေးအထမြောက်ခြင်းကိစ္စရပ်များ၊

(င) တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရာထူးသက်တမ်းသတ်မှတ်ခြင်း။

၆။ x x x x x x x

၇။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများနှင့်အညီ အောက်ပါကိစ္စရပ်များအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်-*

(က) တရားလွှတ်တော်ရှေ့နေများကောင်စီက လိုအပ်သည်ဟု ထင်မြင်ယူဆပါက အရာထမ်း၊ အမှုထမ်းများအား ခန့်အပ်ခြင်း၊ ယင်းအရာထမ်းများနှင့် အမှုထမ်းများ၏ လစာနှင့် စရိတ်များ၊ အခြားလုပ်ငန်းစည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့်

(ခ) ကောင်စီ၏ကော်မတီများ ခန့်အပ်ခြင်းနှင့် ဖွဲ့စည်းခြင်း၊ ယင်းကော်မတီများ၏ လုပ်ထုံးလုပ်နည်းများနှင့် ယင်းကော်မတီများသို့ လွှဲအပ်နိုင်သော ကောင်စီ၏ ဆုံးဖြတ်ပိုင်ခွင့်အာဏာနှင့်တာဝန်များ သတ်မှတ်ခြင်းတို့ဖြစ်သည်။

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၆

၈။ (၁) ဤအက်ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေများစာရင်းတွင် စာရင်းသွင်းထားခြင်းမရှိလျှင် မည်သူမျှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် လိုက်ပါဆောင်ရွက်ခွင့်မရှိစေရ။**

တရားလွှတ်တော်ရှေ့နေများ၏ စာရင်းသွင်းခြင်း

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သည် တရားလွှတ်တော်ရှေ့နေများ၏ စာရင်းကို ပြုစုထိန်းသိမ်းရမည်။ အဆိုပါစာရင်းတွင်-

(က) အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီနေ့ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** တွင် တရားလွှတ်တော်ရှေ့နေ သို့မဟုတ် ရှေ့နေအဖြစ် အမှုလိုက်ပါ ဆောင်ရွက်ခွင့်ရှိသော ပုဂ္ဂိုလ်များအားလုံး နှင့်

---

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၈

***တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

(ခ) ဤအက်ဥပဒေအရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်***တွင် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ရပြီး ဖြစ်သော အခြားပုဂ္ဂိုလ်များအားလုံး ပါဝင်ရမည်။

သို့ရာတွင် အဆိုပါ ပုဂ္ဂိုလ်များ၏ စာရင်းသွင်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ တံဆိပ်ခေါင်းခွန်နှင့် ထိုက်သင့်သော အခကြေးငွေပေးသွင်းပြီး ဖြစ်ရမည်။ ပုဒ်မခွဲ (က) တွင် ရည်ညွှန်ထားသော ပုဂ္ဂိုလ်များအနေဖြင့် တစ်ဆယ်ကျပ်ကိုလည်းကောင်း၊ အခြားကိစ္စရပ်များအတွက် သတ်မှတ်ထားသည့် အခကြေးငွေကိုလည်းကောင်း တရားလွှတ်တော်ရှေ့နေများကောင်စီသို့ ပေးသွင်းပြီးဖြစ်ရမည်။

(၃) စာရင်းသွင်းခြင်းကို ဝါစဉ်အလိုက်ပြုလုပ်ပြီး ယင်းဝါစဉ်ကို အောက်ပါအတိုင်း သတ်မှတ်ရမည်။ ၎င်းတို့မှာ–

(က) ပုဒ်မခွဲ ၂၊ ပုဒ်မခွဲငယ် (က) တွင် ရည်ညွှန်းထားသော ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီ နေ့ရက်

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

အထိ ပုဂ္ဂိုလ်များအားလုံးကို ယင်းတို့၏ ဝါစဉ်အလိုက် ဦးစွာစာရင်းသွင်းရမည်။

(ခ) ဤအက်ဥပဒေအရ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ရရှိပြီးဖြစ်သည့် အခြားပုဂ္ဂိုလ်များ၏ ဝါစဉ်ကို ယင်းဝင်ခွင့်ပြုသည့်နေ့အဖြစ် သတ်မှတ်သည့်နေ့နောက်ပိုင်း သို့မဟုတ် ထိုသူသည် ဝတ်လုံတော်ရတစ်ဦးဖြစ်လျှင် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ပြုသည့်နေ့ရက် သို့မဟုတ် ဝတ်လုံတော်ရဖြစ်သည့် နေ့ရက်နှစ်ခုအနက် စောသည့်နေ့ရက်ကို သတ်မှတ်ရမည်။

သို့ရာတွင် ပုဒ်မခွဲငယ် (ခ) နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်မရမီ အခြားတရားလွှတ်တော်တွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂိုလ်၏ဝါစဉ်ကို ယင်းသို့လိုက်ပါ ဆောင်ရွက်ခွင့်ရှိသည့် နေ့ဖြင့် သတ်မှတ်ရမည်။

(၄) တရားလွှတ်တော်ရှေ့နေများ၏ အလျှင်လျှောက်လဲခွင့်အခွင့်အရေးအသီးသီးကို ဝါစဉ်ဖြင့်သတ်မှတ်

ရမည်။ သို့ရာတွင် **ပြည်ထောင်စုရှေ့နေချုပ်*** သည် အခြား တရားလွှတ်တော်ရှေ့နေများအားလုံးထက် အလျှင်လျှောက်လဲခွင့်ရှိရမည်။

(၅) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**** သည် ဤပုဒ်မအရ အမည်စာရင်းရေးသွင်းထားသူ အားလုံးကို စာရင်းသွင်းပြီးကြောင်း လက်မှတ်ထုတ်ပေးရမည်။

(၆) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**** သည် ဤပုဒ်မအရ ပြုစုထားသော စာရင်းမိတ္တူတစ်စောင်ကို တရားလွှတ်တော်ရှေ့နေများကောင်စီသို့ ပေးပို့ရမည်ဖြစ်ပြီး စာရင်းပြင်ဆင်ချက်များ၊ ထပ်မံဖြည့်စွက်ချက်များအားလုံးကို ပြင်ဆင်ဖြည့်စွက်ပြီးနောက် တရားလွှတ်တော်ရှေ့နေများကောင်စီသို့ အကြောင်းကြားရမည်။

(၇) တရားလွှတ်တော်ရှေ့နေများကောင်စီသည် ထိုသို့ အကြောင်းကြားလာသည့် ပြင်ဆင်ချက်များ၊

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၃

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

ထပ်မံဖြည့်စွက်ချက်များအားလုံးကို စာရင်းမိတ္တူ တွင် ရေးသွင်းရမည်။

တရားလွှတ်တော် ရှေ့နေများ၏ အရည်အချင်းနှင့် ဝင်ခွင့်

၉။ (၁) တရားလွှတ်တော်ရှေ့နေများကောင်စီသည် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့် စည်းမျဉ်းသတ်မှတ်နိုင်ရေးအတွက် နည်းဥပဒေများ၊ **အမိန့်ကြော်ငြာစာများ**** ထုတ်ပြန်နိုင်သည်။ သို့ရာတွင် အဆိုပါနည်းဥပဒေများ၊ **အမိန့်ကြော်ငြာစာများ**** သည် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** ၏ ဆင်ခြင်တုံတရားအရ တစ်စုံတစ်ဦးကို ဝင်ခွင့်ပြုခြင်းအား ငြင်းပယ်သည့် အခွင့်အာဏာကိုကန့်သတ်ခြင်း သို့မဟုတ် တစ်စုံတစ်ရာသော နည်းလမ်းဖြင့် ထိခိုက်ခြင်းမရှိစေရ။

(၂) အထူးသဖြင့် အထက်တွင်ဖော်ပြခဲ့သော အခွင့်အာဏာ၏ ယေဘုယျအချက်ကို မထိခိုက်စေဘဲ ယင်းနည်းဥပဒေများ၊ **အမိန့်ကြော်ငြာစာများ**** ကို

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၉

အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် သတ်မှတ်ပြဋ္ဌာန်းရမည်။ ၎င်းတို့မှာ-

(က) တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ရရန် လျှောက်ထားသောပုဂ္ဂိုလ်များတွင် ရှိရမည့် အရည်အချင်းများ၊

(ခ) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သို့ တင်သွင်းရမည့် ဝင်ခွင့်လျှောက်လွှာပုံစံနှင့် လျှောက်ထားရမည့်နည်းလမ်း၊

(ဂ) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** က ယင်းလျှောက်လွှာများအားလုံးကို တရားလွှတ်တော်ရှေ့နေများကောင်စီသို့ အကြောင်းကြားစာပေးပို့ခြင်း၊

(ဃ) လျှောက်ထားသူတစ်ဦးဦး၏ ဝင်ခွင့်အပေါ် ကန့်ကွက်ချက်တစ်စုံတစ်ရာကို တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ကိုယ်စား **ပြည်ထောင်စုတရားတရားလွှတ်တော်ချုပ်*** က ကြားနာစစ်ဆေးခြင်း၊

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

(င) အမည်စာရင်းရေးသွင်းခြင်းနှင့် စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေများ ကောင်စီသို့ ပေးသွင်းရမည့် အခကြေးငွေများ ကောက်ခြင်း၊

(စ) အမည်စာရင်းရေးသွင်းပြီးနောက် တရားလွှတ်တော်ရှေ့နေများကောင်စီသို့ ပေးသွင်းရမည့်နှစ်စဉ်ကြေးများ ကောက်ခံခြင်းတို့ ဖြစ်သည်။

(၃) ဤပုဒ်မအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများ၊ **အမိန့်ကြော်ငြာစာများ*** သည် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားသည့် မည်သည့်အမျိုးသမီးကိုမျှ ၎င်းသည် အမျိုးသမီးဖြစ်သည် ဆိုသောအကြောင်းကြောင့် အရည်အချင်းပြည့်မီခြင်းမရှိဟု ပြဋ္ဌာန်းခြင်း မရှိစေရ။

### အကျင့်သိက္ခာပျက်ပြားခြင်း

၁၀။ (၁) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်****သည်

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၉

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/ ၂၀၁၉) ပုဒ်မ ၂

တရားလွှတ်တော်ရှေ့နေတစ်ဦးဦးကို ဤမှနောက်တွင် သတ်မှတ်ထားသည့် နည်းလမ်းများဖြင့် ၎င်း၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ သို့မဟုတ် အခြားအကျင့်သိက္ခာပျက်ယွင်းခြင်းဆိုင်ရာ အပြစ်ရှိကြောင်း တွေ့ရှိလျှင် ပြင်းထန်စွာသတိပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားခြင်း သို့မဟုတ် တရားလွှတ်တော်ရှေ့နေစာရင်းမှ ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်သည်။

(၂) တရားရုံးတစ်ရုံးရုံးကဖြစ်စေ၊ တရားလွှတ်တော်ရှေ့နေများကောင်စီကဖြစ်စေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ အဆိုပါတရားလွှတ်တော်ရှေ့နေသည်အကျင့်သိက္ခာပျက်ပြားကြောင်း တိုင်ကြားသည့်စာကို လက်ခံရရှိလျှင် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သည် ထိုသို့တိုင်ကြားမှုအား အကျဉ်းနည်းဖြင့် ပလပ်ခြင်းမပြုပါက စုံစမ်းစစ်ဆေးရန် တရားလွှတ်တော်ရှေ့နေများကောင်စီသို့လွှဲပြောင်းပေးခြင်း သို့မဟုတ် တရား

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

လွှတ်တော်ရှေ့နေများကောင်စီနှင့် တိုင်ပင် ဆွေးနွေးပြီးနောက် ခရိုင်တရားသူကြီးရှိရာ တရားရုံး (ဤမှနောက်တွင် ခရိုင်တရားရုံးဟု ရည်ညွှန်းပါသည်) ထံ စုံစမ်းစစ်ဆေးရန် လွှဲပြောင်းပေးခြင်းပြုရမည်။ ထို့ပြင် မည်သည့်အမှုကိစ္စတစ်ရပ်ရပ်တွင်မဆို အဆိုပါတရားလွှတ်တော်ရှေ့နေသည် ယင်းသို့အပြစ်ရှိကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းခြင်းရာရှိလာပါက **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** ၏ ကိုယ်တိုင်အဆိုပြုချက်ဖြင့် ဖော်ပြပါတရားရုံးသို့ စုံစမ်းစစ်ဆေးရန် လွှဲပြောင်းပေးနိုင်သည်။

တရားလွှတ်တော်ရှေ့နေများ ကောင်စီခုံရုံး

၁၁။ (၁) ပုဒ်မ ၁၀ အရ အမှုတစ်ခုခုကို တရားလွှတ်တော်ရှေ့နေများကောင်စီသို့ စုံစမ်းစစ်ဆေးရန် လွှဲပြောင်းပေးရာတွင် အမှုကို တရားလွှတ်တော်ရှေ့နေများကောင်စီခုံအဖွဲ့ (ဤမှနောက်တွင် ခုံရုံးတွင် ရည်ညွှန်းပါသည်) ဖြင့် စစ်ဆေးရမည်။

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

(၂) ခုံရုံးတွင် **ပြည်ထောင်စုတရားသူကြီးချုပ်***က တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင် သုံးဦးအောက်မနည်း ငါးဦးထက်မများသောသူ များဖြင့် စုံစမ်းစစ်ဆေးရန်ခန့်အပ်ပြီး ယင်း ခန့်အပ်ထားသော အဖွဲ့ဝင်များအနက်မှ တစ်ဦး ကို ခုံရုံးဥက္ကဋ္ဌအဖြစ်ခန့်အပ်ရမည်။

စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

၁၂။ (၁) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**** သည် ပုဒ်မ ၁၀ အရ လွှဲအပ်ထားသည့် စုံစမ်းစစ်ဆေး မှုများကိုဆောင်ရွက်ရန် ခုံရုံးများနှင့်ခရိုင်တရား ရုံးများလိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်း များ သတ်မှတ်နိုင်ရေးအတွက် နည်းဥပဒေများ ထုတ်ပြန်ရမည်။

(၂) ပုဒ်မ ၁၀ အရ တရားလွှတ်တော်ရှေ့နေများ ကောင်စီသို့ လွှဲအပ်သည့် စုံစမ်းစစ်ဆေး မှုတစ်ခုအပေါ် ခုံရုံးက တွေ့ရှိချက်များကို တရား လွှတ်တော်ရှေ့နေများကောင်စီမှ တစ်ဆင့်

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၀

**တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သို့ တင်ပြရမည်။ ထို့ပြင် ခရိုင်တရားရုံးက ထိုသို့ စုံစမ်းစစ်ဆေးမှုအပေါ် တွေ့ရှိချက်ကို **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်ချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီသို့ မိတ္တူပေးပို့ရမည်။

(၃) တွေ့ရှိချက်ကို လက်ခံရရှိလျှင် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်***သည် အမှုကြားနာမည့်ရက်ကိုသတ်မှတ်ပြီး အဆိုပါနေ့ရက်ကို သက်ဆိုင်ရာ တရားလွှတ်တော်ရှေ့နေကို လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီနှင့် **ပြည်ထောင်စုရှေ့နေချုပ်****တို့ကိုလည်းကောင်း အကြောင်းကြားရမည်။ ထို့ပြင် အမှုတွင် အမိန့်များမချမှတ်မီ သက်ဆိုင်ရာ တရားလွှတ်တော်

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ

ရှေ့နေကိုလည်းကောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီနှင့် **ပြည်ထောင်စုရှေ့နေချုပ်*** တို့ကိုလည်းကောင်း ကြားနာရန် အခွင့်အရေးပေးရမည်။

(၄) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**** သည် အမှုနှင့်စပ်လျဉ်း၍ သင့်သည်ဟု ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည် သို့မဟုတ် တရားလွှတ်တော်ရှေ့နေများကောင်စီမှတစ်ဆင့် ခုံရုံးသို့ဖြစ်စေ၊ ခရိုင်တရားရုံးသို့ဖြစ်စေ၊ ထပ်မံစုံစမ်းစစ်ဆေးရန် ပြန်လည်လွှဲအပ်နိုင်သည်။ ထိုသို့ထပ်မံစုံစမ်းစစ်ဆေးပြီးနောက် တွေ့ရှိချက်ကိုလက်ခံရရှိပြီး ပုဒ်မခွဲ (၃) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်ပြီး ၎င်းအပေါ် အပြီးသတ်အမိန့်များ ချမှတ်နိုင်သည်။

(၅) အပြီးသတ်အမိန့်များချမှတ်ရာတွင် **ပြည်ထောင်**

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၃

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

**စုတရားလွှတ်တော်ချုပ်*** သည် စုံစမ်းစစ်ဆေးရာတွင် ကုန်ကျစရိတ်များနှင့် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** တွင် ကြားနာခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်တို့ ပေးချေခြင်းနှင့် စပ်လျဉ်း၍ သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း အမိန့်များချမှတ်နိုင်သည်။

(၆) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သည် မိမိသဘောအလျောက်ဖြစ်စေ သို့မဟုတ် ဤကိစ္စအလို့ငှာ လျှောက်ထားမှုကြောင့်ဖြစ်စေ ပုဒ်မခွဲ (၄) သို့မဟုတ် ပုဒ်မခွဲ (၅) အရ ချမှတ်ခဲ့သောအမိန့်တစ်စုံတစ်ရာကို ပြန်လည်သုံးသပ်ပြီး သင့်သည်ဟု ထင်မြင်သည့်အတိုင်း အမိန့်ကို အတည်ပြုခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(၇) ဤအက်ဥပဒေအရ တရားလွှတ်တော်ရှေ့နေတစ်ဦးအား ပြင်းထန်စွာသတိပေးခြင်း သို့မဟုတ် တရားလွှတ်တော်ရှေ့နေအဖြစ်မှ ဆိုင်းငံ့ခြင်းခံရသည့်အခါ **ပြည်ထောင်စုတရား**

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

**လွှတ်တော်ချုပ်*** ၏ တရားလွှတ်တော်ရှေ့နေများစာရင်းရှိ ၎င်း၏ အမည်နှင့်ယှဉ်လျက် ချမှတ်သည့်ပြစ်ဒဏ်ကို ရေးသွင်းရမည်။ ထို့ပြင် တရားလွှတ်တော်ရှေ့နေတစ်ဦးအား ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမှ ထုတ်ပယ်ပါက ၎င်း၏အမည်ကို စာရင်းမှပယ်ဖျက်ရမည်ဖြစ်ပြီး ယင်းသို့ ဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းခံသူ၏ တရားလွှတ်တော်ရှေ့နေအထောက်အထားလက်မှတ်ကို ပြန်လည်သိမ်းယူရမည်။

ခုံရုံးနှင့်တရားရုံးများ၏ စုံစမ်းစစ်ဆေးပိုင်ခွင့် အာဏာ

၁၃။ (၁) အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်နိုင်ရေးအတွက် ခုံရုံး သို့မဟုတ် ခရိုင်တရားရုံးသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးတစ်ရုံးကို အပ်နှင်းထားသည့် အခွင့်အာဏာများ အတိုင်းရရှိစေရမည်။ ၎င်းတို့မှာ-

(က) တစ်စုံတစ်ဦးကို အတင်းအကျပ်လာ

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

ရောက်စေခြင်းနှင့် ကျမ်းသစ္စာပြု၍ စစ်ဆေးမေးမြန်းခြင်း၊

(ခ) စာရွက်စာတမ်းများ တင်ပြစေရန် ဆင့်ဆိုခြင်းနှင့်

(ဂ) သက်သေများကိုစစ်ဆေးရန် ကော်မရှင်များကို တာဝန်ပေးအပ်ခြင်း။

သို့ရာတွင် ခုံရုံးသည် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ တရားရုံးတစ်ရုံးတွင် ရုံးထိုင်နေသော ကြီးမှူးဆောင်ရွက်သည့်အရာရှိကို လာရောက်စေရန် သို့မဟုတ် ရာဇဝတ်တရားရုံး သို့မဟုတ် အခွန်တရားရုံး၏ ကြီးမှူးဆောင်ရွက်သည့် အရာရှိတစ်ဦးဦးကို နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆင့်ခေါ်ရန်အာဏာ မရှိစေရ။

(၁-က) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ မည်သူမဆိုခုံရုံးဥက္ကဋ္ဌ သို့မဟုတ် ခရိုင်တရားသူကြီး၏ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက်မရှိဘဲ ခုံရုံး သို့မဟုတ် ခရိုင်တရားသူကြီးရှေ့မှောက်တွင် စုံစမ်း

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

စစ်ဆေးမှုနှင့် သက်ဆိုင်သော အစီရင်ခံစာ သို့မဟုတ် အကြောင်းခြင်းရာ သို့မဟုတ် အဆိုပါ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သော အကျင့်သိက္ခာပျက်ပြားသည်ဟု စွပ်စွဲခံရသည့် တရားလွှတ်တော်ရှေ့နေ၏အမည်ကို ထုတ်ဖော်ကြေညာခြင်း မပြုရ။

(၂) စုံစမ်းစစ်ဆေးမှုတိုင်းတွင် ရာဇသတ်ကြီးပုဒ်မ ၁၉၃ နှင့် ၂၂၈ တို့၏ အဓိပ္ပာယ်အတွင်း ကျရောက်သည့် တရားစီရင်ရေးဆောင်ရွက်ချက်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ခုံရုံးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀၊ ၄၈၂ နှင့် ၄၈၅ တို့အလို့ငှာ တရားမတရားရုံးအဖြစ် မှတ်ယူရမည်။

(၃) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လာရောက်စေခြင်းနှင့် ၎င်းကို ကျမ်းကျိန်ဆိုစေ၍ စစ်ဆေးမေးမြန်းခြင်း သို့မဟုတ် စာတမ်းအမှတ်အသားများကို တင်ပြစေရန် ဆင့်ဆိုခြင်း သို့မဟုတ် ကော်မရှင်များအား တာဝန်ပေးအပ်ခြင်း တို့အတွက်-

(က) ခုံရုံး၏ စီရင်ပိုင်ခွင့်ဒေသဆိုင်ရာ ကန့်သတ်ချက်များမှာ အဆိုပါ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** ၏ စီရင်ပိုင်ခွင့်အတိုင်း ဖြစ်စေရမည့်အပြင်၊

(ခ) ခုံရုံးသည် ၎င်းရုံးထိုင်ရာနေရာ၏ စီရင်ပိုင်ခွင့်ရှိသော မည်သည့်တရားမတရားရုံးကိုမဆို အမှုနှင့်စပ်လျဉ်း၍ သမ္မန်စာချအပ်ရန်ဖြစ်စေ၊ သက်သေတစ်ဦး လာရောက်စေရေး ဆင့်စာချအပ်ရန်ဖြစ်စေ ခုံရုံးက တောင်းဆိုသော စာတမ်းအမှတ်အသားကို တင်ပြစေခြင်း သို့မဟုတ် လိုအပ်သော မည်သည့်ကော်မရှင်အဖွဲ့တစ်ခုခုကိုမဆို ဖွဲ့စည်းတာဝန်ပေးအပ်စေခြင်းပြုနိုင်သည်။ တရားမ

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

တရားရုံးသည် အဆိုပါဆင့်စာများ သို့မဟုတ် ကော်မရှင်အဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်နိုင်ပြီး အမှုနှင့်စပ်လျဉ်း၍ ၎င်းထံ သက်သေတစ်ဦး လာရောက်စေရန် သို့မဟုတ် တောင်းဆိုသော စာရွက်စာတမ်းများ တင်ပြစေရန် အတင်းအကျပ် ဆောင်ရွက်နိုင်သည်။

(၄) စုံစမ်းစစ်ဆေးမှုတစ်ခုတွင် ခုံရုံး သို့မဟုတ် ခရိုင်တရားရုံး၏ဆောင်ရွက်ချက်များသည် သက်သေခံအက်ဥပဒေပုဒ်မ ၁၃၂ အလို့ငှာ တရားမမှုခင်းအဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၅) တရားရုံးများကို မထီမဲ့မြင်ပြုမှု

အက်ဥပဒေအလို့ငှာ ယင်းစုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်သောခုံရုံး သို့မဟုတ် ခရိုင်တရားသူကြီးသည် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** ၏ လက်အောက်ခံရုံးအဖြစ် မှတ်ယူရမည်။

## အထွေထွေ

တရားလွှတ်တော်ရှေ့နေများ၏ အမှုလိုက်ပါဆောင်ရွက်ပိုင်ခွင့်

၁၄။ (၁) တရားလွှတ်တော်ရှေ့နေတစ်ဦးသည်-

(က) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်** ** တို့တွင်

(ခ) ပုဒ်မခွဲ (၂) သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် အခြားနည်းဖြင့်ဖော်ပြထားသည့် ကိစ္စမှအပ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ အခြားတရားရုံးတစ်ရုံးရုံး (**ပြည်ထောင်စု**

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)

တရားလွှတ်တော်ချုပ်* လက်အောက်ရှိ) နှင့် သက်သေခံချက်ရယူနိုင်သော အခြားခုံရုံးတစ်ရုံးရုံး သို့မဟုတ် ဥပဒေအရ အခွင့်အာဏာအပ်နှင်းထားသူ တစ်ဦးဦး၏ ရှေ့မှောက်တွင်

(ဂ) အခြားအခွင့်အာဏာပိုင်တစ်ဦးဦး သို့မဟုတ် တည်ဆဲဥပဒေအရ အဆိုပါ တရားလွှတ်တော်ရှေ့နေကို အမှုလိုက်ပါဆောင်ရွက်ခွင့်ပြုနိုင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ ရှေ့မှောက်တွင် အမှုလိုက်ပါဆောင်ရွက်ခွင့် ရှိစေရမည်။

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မ ၁၅ အရ နည်းဥပဒေများ ထုတ်ပြန်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် လိုက်ပါဆောင်ရွက်ခွင့်ပြုနိုင်သော တရားလွှတ်တော်ရှေ့နေများ လိုက်နာရ

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

မည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။ အဆိုပါ တရားလွှတ်တော်ရှေ့နေများသည် ယင်းစည်းကမ်းချက်များနှင့် အညီမှ တစ်ပါး အမှုလိုက်ပါဆောင်ရွက်ခွင့် မရှိစေရ။ *

၁၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါကိစ္စရပ်များအတွက် တရားလွှတ်တော် ရှေ့နေများကောင်စီ၏ သဘောထားမှတ်ချက်ကိုရယူ၍ ဤအက်ဥပဒေနှင့်အညီ နည်းဥပဒေများ ထုတ်ပြန်နိုင်သည်-**

တရားလွှတ်တော်ရှေ့နေများ၏ အခွင့်အရေးနှင့် တာဝန်များ ***

(က) တရားလွှတ်တော်ရှေ့နေများ၏ အခွင့်အရေးများ၊ တာဝန်များ၊ စည်းကမ်းနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျင့်ဝတ်များ၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် တရားလွှတ်တော်ရှေ့နေများ

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)

*** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)

**အမှုလိုက်ပါ ဆောင်ရွက်ရာ တွင် လိုက်နာရမည့် စည်းကမ်းချက်များ၊***

(ဂ) တရားလွှတ်တော်ရှေ့နေများကောင်စီက ဥပဒေ ပညာသင်ကြားရေး အခွင့်အလမ်းများပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း၊

(ဃ) ပညာရေးဆိုင်ရာအထောက်အပံ့များ ရယူခံစား ခွင့် သို့မဟုတ် တရားလွှတ်တော်ရှေ့နေများ ကောင်စီက ကျင်းပသော စာမေးပွဲများတွင် ဝင် ရောက်ဖြေဆိုခွင့်နှင့်စပ်လျဉ်း၍ တရားလွှတ် တော်ရှေ့နေများကောင်စီသို့ ပေးသွင်းရမည့် အခကြေးငွေ များ ကောက်ခံခြင်း၊

(င) တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ငွေကြေး များကို ရင်းနှီးမြှုပ်နှံခြင်းနှင့် စီမံ ခန့်ခွဲခြင်းနှင့်

(စ) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**** က ဤ ပုဒ်မအရ နည်းဥပဒေများထုတ်ပြန်ရန် လိုအပ်

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

သည့် အခြားကိစ္စတစ်ရပ်ရပ်။

ကျသင့်ငွေအဖြစ် ပေးချေရမည့် အခကြေးငွေကို သတ်မှတ်ရန် အခွင့်အာဏာ

၁၆။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သို့မဟုတ် လက်အောက်ခံတရားရုံးများတွင် တရားလွှတ်တော်ရှေ့နေ၏ အမှုလိုက်ပါဆောင်ရွက်ခနှင့် မှုခင်းဆောင်ရွက်မှုအဆင့်ဆင့်အတွက် ကျသင့်သည့် အခွန် သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်သည့်စည်းမျဉ်းအတိုင်း အမှုသည်များက ပေးသွင်းနိုင်ရေးအတွက် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်*** သည် လိုအပ်သည့် နည်းဥပဒေများ ထုတ်ပြန်ရမည်။

တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်

၁၇။ တရားလွှတ်တော်ရှေ့နေများကောင်စီ သို့မဟုတ် ကော်မတီတစ်ရပ်ရပ်၊ ခုံရုံး သို့မဟုတ် တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်၏ ဤအက်ဥပဒေ သို့မဟုတ် နည်းဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးနှင့် ပြုလုပ်သော သို့မဟုတ် ပြုလုပ်ရန်ရည်ရွယ်သော ပြုလုပ်မှု တစ်ခုခုအတွက် တရားမမှုစွဲဆိုခြင်း သို့မဟုတ် အခြားဥပဒေဆိုင်ရာ အမှုအခင်းဖွင့်လှစ်အရေးယူခြင်း မရှိစေရ။

နည်းဥပဒေများ ထုတ်ပြန်ကြေညာခြင်း

၁၈။ ဤအက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ပြန်တမ်းတွင် ထည့်သွင်းကြေညာရမည်။

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၂

၁၉။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် နေပြည်တော်တွင် ရုံးစိုက်သည်။*

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။**

၂၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်သည် တရားလွှတ်တော်ရှေ့နေများ ကောင်စီရုံးအဖွဲ့ကို တာဝန်ခံရမည်။***

၂၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များ၏စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။****

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၃

** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၄

*** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၄

**** တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) ပုဒ်မ ၁၄

## အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) နိဒါန်းတွင်ပါရှိသော "Whereas it is enacted by section 9, Regulation VII, 1832, of the Bengal Code, that" ဆိုသည့်စကားရပ်ကို "Whereas there is a principle that" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Whereas it will be beneficial to extend the principle of that enactment" ဆိုသည့်စကားရပ်ကို "Whereas it will be beneficial to extend the principle" ဆိုသည့်စကားရပ်ဖြင့်

လည်းကောင်း အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

## အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤနည်းဥပဒေများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မိတ္တူကူးခြင်း** ဆိုသည်မှာ ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများရှိ စာရွက်စာတမ်းများကို တရားရုံးက လက်ဖြင့်ဖြစ်စေ၊ တရားရုံးရှိ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ပုံတူကူးစက်ဖြင့်ဖြစ်စေ မိတ္တူကူးခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရိုးရိုးမိတ္တူကူးခြင်းနှင့် တာဝန်ခံမိတ္တူကူးခြင်းတို့ ပါဝင်သည်။

(ခ) **ရိုးရိုးမိတ္တူ** ဆိုသည်မှာ အခွင့်ရအရာရှိများက မိတ္တူကို မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး၍ မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသော မိတ္တူကိုဆိုသည်။

(ဂ) **တာဝန်ခံမိတ္တူ** ဆိုသည်မှာ ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်ထားသော မိတ္တူကိုဖြစ်စေ၊ ယင်းအက်ဥပဒေအရ ရုံးခွန်ကင်းလွတ်ခွင့်ရသည့် စာရွက်စာတမ်းဖြစ်၍ တံဆိပ်ခေါင်းကပ်ရန်မလိုသောမိတ္တူကိုဖြစ်စေ အခွင့်ရအရာရှိက မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ကြောင်းနှင့် တာဝန်ခံမိတ္တူမှန်ဟူ၍ တရားရုံးတံဆိပ်ရိုက်နှိပ်ကာ တာဝန်ခံလက်မှတ် ရေးထိုးထားသောမိတ္တူကို ဆိုသည်။

(ဃ) **ကြီးကြပ်သူအရာရှိ** ဆိုသည်မှာ တရားရုံး၌ အမှုတွဲမိတ္တူကူးခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ကြီးကြပ်ရန် အမိန့်ထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသော တရားရေးအရာရှိကို ဖြစ်စေ၊ အမှုတွဲခန်းကြီးကြပ်သူအရာရှိကို ဖြစ်စေ ဆိုသည်။

(င) **အခွင့်ရအရာရှိ** ဆိုသည်မှာ ရိုးရိုးမိတ္တူကိုဖြစ်စေ၊ တာဝန်ခံမိတ္တူကိုဖြစ်စေ ဤနည်းဥပဒေနှင့်အညီ ထုတ်ပေးနိုင်ရန်အတွက် အမိန့်ထုတ်ပြန်၍ ခန့်ထားခြင်းခံရသော တရားရေးအရာရှိကို ဆိုသည်။

(စ) **အမှုတွဲထိန်း** ဆိုသည်မှာ အမှုတွဲခန်းရှိ အမှုတွဲများ ထိန်းသိမ်းထားသူကိုဖြစ်စေ၊ အမှုတွဲခန်းသို့ မပို့ရသေးသော အမှုတွဲများကို အခိုက်အတန့်အားဖြင့် ထိန်းသိမ်းထားရန် တာဝန်ပေးအပ်ခြင်းခံရသော တရားရုံးဝန်ထမ်းကို ဖြစ်စေ ဆိုသည်။

(ဆ) သက်သေခံအဖြစ် လက်ခံထားသော **အီလက်ထရွန်နစ်မှတ်တမ်းနှင့် သတင်းအချက်အလက်**

**များ၏မိတ္တူ** ဆိုသည်မှာ အောက်ပါစာတမ်းအမှတ်အသားတစ်ရပ်ရပ်ကို ဆိုသည်-

(၁) အသံ သို့မဟုတ် အခြားအချက်အလက်များကို ထည့်သွင်းထားသည့် ဓာတ်ပြား (Disc)၊ တိပ် (tape)၊ အသံလမ်းကြောင်း (Sound-track)၊ အခြားစက်ကိရိယာ (Device) တစ်ခုခုမှ ပုံဖော်ကူးယူချက် (Transcript) တစ်ရပ်ရပ်၊

(၂) ရုပ်ပုံတစ်မျိုးမျိုး ထည့်သွင်းထားသည့် ဖလင် (Film)၊ မိုက်ခရိုဖလင် (Microfilm၊ နဂ္ဂတစ် (negative)၊ တိပ် (tape)၊ ဓာတ်ပြား (Disc)၊ အခြားစက်ကိရိယာ (Device) တစ်ခုခုမှ ပုံတူကူးယူထားသည့် ရုပ်ပုံများ၊ ရုပ်သေအနေဖြင့် ပုံတူကူးယူထားသည့်အရာ (Still reproduction)၊

(၃) အသံနှင့်ရုပ် နှစ်မျိုးလုံးပါရှိသည့် စာတမ်းအမှတ်အသားမှ ပုံဖော်ကူးယူချက် (Transcript) နှင့် ပူးတွဲပါရှိသော ရုပ်ပုံပုံတူများ၊

(ဌ) ရုပ်ပုံတစ်မျိုးမျိုးမဟုတ်သော်လည်း မြင်တွေ့နိုင်သော ပုံရိပ်သဏ္ဍာန်ပါရှိသည့် စာတမ်းအမှတ်အသားမှ အဆိုပါပုံရိပ်သဏ္ဍာန်ကို ပုံတူကူးယူချက် သို့မဟုတ် အရေးပါသောအစိတ်အပိုင်းကို ကူးယူချက်များ။

## အခန်း (၂)

## ကြီးကြပ်သူအရာရှိ၊ အခွင့်ရအရာရှိနှင့် မိတ္တူကူးစာရေးများ

၃။ အမှုတွဲမိတ္တူကူးခြင်းလုပ်ငန်းကိုကြီးကြပ်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးသည် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်အတွက် ကြီးကြပ်သူအရာရှိအဖြစ်မိမိကိုယ်တိုင်ဆောင်ရွက်ပြီး အခြားတရားရုံးများအတွက် အောက်ပါပုဂ္ဂိုလ်များကို ကြီးကြပ်သူအရာရှိများအဖြစ် အမိန့်ထုတ်ပြန်၍ တာဝန်ပေးအပ်ရမည်-

(က) ခရိုင်တရားရုံးများအတွက် ခရိုင်တရားသူကြီး၊

(ခ) မြို့နယ်တရားရုံးများအတွက် သက်ဆိုင်ရာ မြို့နယ်တရားသူကြီး။

၄။ သက်ဆိုင်ရာ အမှုတွဲခန်းကြီးကြပ်သူအရာရှိသည် အမှု

တွဲခန်းရှိ အမှုတွဲမိတ္တူကူးခြင်းလုပ်ငန်းကို ကြီးကြပ်သူအရာရှိအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

၅။ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးသည် အောက်ပါပုဂ္ဂိုလ်များကို အခွင့်ရအရာရှိများအဖြစ် အမိန့်ထုတ်ပြန်၍ တာဝန်ပေးအပ်ရမည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်၏ စစ်ဆေးဆဲ အမှုတွဲများ၊ အမှုတွဲခန်းသို့ မပို့ရသေးသည့် ဆုံးဖြတ်ပြီးအမှုတွဲများနှင့် အခိုက်အတန့်အားဖြင့် ထိုရုံးတွင်ရှိသည့် အောက်ရုံးအမှုတွဲများ မိတ္တူကူးခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်ရှိ ဦးစီးအရာရှိတစ်ဦး သို့မဟုတ် လုပ်ငန်းပမာဏများပြား၍ လိုအပ်လျှင် တစ်ဦးထက်ပိုသော ဦးစီးအရာရှိများ၊

(ခ) ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုတွဲများနှင့် အမှုတွဲခန်းသို့ မပို့ရသေးသည့် ဆုံးဖြတ်ပြီးအမှုတွဲများ၊ အခိုက်အတန့်အားဖြင့် ထိုရုံးတွင်ရှိသည့် အောက်ရုံးအမှုတွဲများ မိတ္တူကူးခြင်းလုပ်ငန်းများအတွက် သက်ဆိုင်ရာခရိုင်တရားရုံး

ရှိ ဒုတိယဦးစီးမှူးတစ်ဦး၊

(ဂ) မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုတွဲများနှင့် အမှုတွဲခန်းသို့ မပို့ရသေးသည့် ဆုံးဖြတ်ပြီးအမှုတွဲများ မိတ္တူကူးခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာမြို့နယ်တရားရုံးရှိ မြို့နယ်တရားသူကြီးတစ်ဦး သို့မဟုတ် ဒုတိယမြို့နယ်တရားသူကြီးတစ်ဦး၊

(ဃ) အမှုတွဲခန်းတွင်ရှိသည့် အမှုတွဲများမိတ္တူကူးခြင်းလုပ်ငန်းအတွက် အမှုတွဲခန်းတည်ရှိရာ မြို့နယ်ရှိ အထက်အပိုဒ်ခွဲ (ခ) အရ တာဝန်ပေးအပ်ခြင်းခံရသော ခရိုင်တရားရုံးရှိ ဒုတိယဦးစီးမှူးတစ်ဦး။

**ရှင်းလင်းချက်** ။ တရားသူကြီးတစ်ဦးတည်းရှိသောရုံးမှအပ အခွင့်ရအရာရှိသည် ကြီးကြပ်သူအရာရှိ မဖြစ်စေရ။

၆။ မိတ္တူများကို သတ်မှတ်ထားသော နည်းဥပဒေများနှင့်အညီ ကြန့်ကြာမှုမရှိစေဘဲ လျှောက်သူသို့ထုတ်ပေးရန် တရားရုံးတွင်တာဝန်ရှိသည်။ ထိုသို့ထုတ်ပေးနိုင်ရန်အတွက် မိတ္တူကူးစာရေးများကို အောက်ပါနည်းလမ်းအတိုင်း ခန့်အပ်တာဝန်

ပေးရမည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးက မိမိတို့ရုံးရှိ သင့်လျော်သည့် စာရေးဝန်ထမ်းတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့ကိုဖြစ်စေ၊ လက်နှိပ်စက်စာရေးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့ကိုဖြစ်စေ အမိန့်ထုတ်ပြန်၍ မိတ္တူကူးစာရေးအဖြစ် ခန့်အပ်တာဝန်ပေးရန်၊ လိုအပ်လျှင် ပြင်ပမှသင့်လျော်သူများကို ခန့်အပ်တာဝန်ပေးရန်၊

( ခ) ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် သက်ဆိုင်ရာခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးက မိမိတို့၏ရုံးရှိ သင့်လျော်သည့် စာရေးဝန်ထမ်းတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့ကို မိတ္တူကူးစာရေးအဖြစ် ခန့်အပ်တာဝန်ပေးရန်၊ လိုအပ်လျှင် ပြင်ပမှသင့်လျော်သူများကို ခန့်အပ်တာဝန်ပေးရန်၊

( ဂ) မြန်မာစာနှင့် အင်္ဂလိပ်စာမှအပ အခြားစာဖြင့် ရေးသားထားသော စာရွက်စာတမ်းများကို မိတ္တူ

ကူးရန်ရှိလျှင် သင့်လျော်သူတစ်ဦးဦးကို သက်ဆိုင်ရာတာဝန်ရှိသူက ခန့်အပ်တာဝန်ပေးရန်။

၇။ အမှုတွဲခန်းတွင်ရှိသည့် အမှုတွဲများကို မိတ္တူကူးရာတွင် သက်ဆိုင်ရာ အမှုတွဲထိန်းက မိတ္တူကူးစာရေးအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

၈။ တရားရုံးဝန်ထမ်းအား မိတ္တူကူးစာရေးအဖြစ် ခန့်ထားခြင်းဖြစ်လျှင် ထိုဝန်ထမ်းသည် မိတ္တူကူးခြင်းကိစ္စကို ရုံးချိန်ပြင်ပတွင်သာ ဆောင်ရွက်ရမည်။

၉။ မိတ္တူကူးစာရေးအားလုံးသည် အခွင့်ရအရာရှိ၏ ကြီးကြပ်အုပ်ချုပ်ခြင်းနှင့် ၎င်း၏အမိန့်များကို နာခံရမည်။ ထိုအခွင့်ရအရာရှိသည် မိတ္တူကူးစာရေးတို့က ဤနည်းဥပဒေများကို ဖောက်ဖျက်ခြင်းမရှိစေရန်နှင့် မိတ္တူအားလုံးတို့ကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ပေးအပ်နိုင် ရေးအတွက် ကြည့်ရှုရန်တာဝန်ရှိသည်။

## အခန်း (၃)

## မိတ္တူရထိုက်ခွင့်ရှိသူများ

၁၀။ ပြစ်မှုဆိုင်ရာအမှုများတွင် စာတမ်းအမှတ်အသားသက်သေခံအဖြစ် လက်ခံထားသော အီလက်ထရွန်နစ်မှတ်တမ်း

နှင့် သတင်းအချက်အလက်များ၏မိတ္တူ သက်သေခံအဖြစ် လက်ခံထားသော ရဲစက္ကူများနှင့် သက်သေခံအဖြစ် လက်မခံရသေးသော ဖြောင့်ချက်အပါအဝင် အမှုတွဲတစ်ခုလုံး၏ မိတ္တူကို သော်လည်းကောင်း၊ အမှုတွဲတစ်စိတ်တစ်ဒေသ၏ မိတ္တူကို သော်လည်းကောင်း ထိုအမှု၏မည်သည့်အဆင့်၌မဆို အမှုသည်တို့ကဖြစ်စေ၊ ၎င်းတို့၏ ရှေ့နေကဖြစ်စေ၊ ဥပဒေအရာရှိတို့ကဖြစ်စေ၊ နစ်နာသူတို့ကဖြစ်စေ ရထိုက်ခွင့်ရှိသည်။

၁၁။ ရထိုက်ကြောင်း ခိုင်လုံစွာပြနိုင်သည့်အခါတွင်မှတစ်ပါး ပြစ်မှုဆိုင်ရာအမှုများ၌ စာတမ်းအမှတ်အသား သက်သေခံအဖြစ်လက်ခံထားသော အီလက်ထရွန်နစ်မှတ်တမ်းနှင့် သတင်းအချက်များ၏မိတ္တူအပါအဝင် သက်သေခံအဖြစ် လက်ခံထားသော စာရွက်စာတမ်းများ၏မိတ္တူကို သက်သေခံအဖြစ် တင်သွင်းသူ၏ သဘောတူညီချက်မရရှိဘဲ တရားရုံးက ထိုအမှုနှင့် မသက်ဆိုင်သူတို့အား ထုတ်မပေးရ။

၁၂။ တရားမမှုများတွင် တရားလိုကဖြစ်စေ၊ တရားပြိုင်ကဖြစ်စေ၊ ထိုသူတို့၏ အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ၊ ထိုသူတို့၏ရှေ့နေကဖြစ်စေ စာတမ်းအမှတ်အသား သက်သေခံအဖြစ် လက်ခံထားသော အီလက်ထရွန်နစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များ၏မိတ္တူ အမှုတွင် သက်သေခံအဖြစ်

လက်ခံထားသော စာရွက်စာတမ်းများအပါအဝင် အမှုတွဲတစ်ခုလုံး၏ မိတ္တူကိုသော်လည်းကောင်း၊ အမှုတွဲတစ်စိတ်တစ်ဒေသ၏ မိတ္တူကိုသော်လည်းကောင်း ထိုအမှု၏ မည်သည့်အဆင့်၌မဆို ရထိုက်ခွင့်ရှိသည်။

၁၃။ အမှုနှင့်မသက်ဆိုင်သူတစ်ဦးသည် ဒီကရီချမှတ်ပြီးဖြစ်သော တရားမအမှုတွဲရှိ အဆိုအချေများ၊ လျှောက်လွှာများနှင့် ကတိသစ္စာပြုလွှာများ၏ မိတ္တူကို ရထိုက်ခွင့်ရှိသည်။ ထို့ပြင် ရထိုက်ကြောင်း ခိုင်လုံစွာပြနိုင်လျှင် ထိုစာရွက်စာတမ်း၏ မိတ္တူကို ဒီကရီမချမှတ်မီတွင် လည်း ရထိုက်ခွင့်ရှိသည်။

၁၄။ တရားမမှုတွင် စာတမ်းအမှတ်အသား သက်သေခံအဖြစ်လက်ခံထားသော အီလက်ထရွန်နစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များ၏ မိတ္တူအပါအဝင် သက်သေခံအဖြစ်လက်ခံထားသော စာရွက်စာတမ်းများ၏မိတ္တူကို သက်သေခံတင်သွင်းသူ၏ သဘောတူညီချက်မရရှိဘဲ တရားရုံးက ထိုအမှုနှင့် မသက်ဆိုင်သူတို့အား ထုတ်မပေးရ။

၁၅။ အထူးဥပဒေတစ်ရပ်ရပ်ဖြင့် သီးခြားပိတ်ပင်ထားသည်မှတစ်ပါး ပြစ်မှုဆိုင်ရာအမှုတွင်ဖြစ်စေ၊ တရားမမှုတွင်ဖြစ်စေ၊ စီရင်ချက်၊ ဒီကရီနှင့် အမိန့်မိတ္တူများကို အမှုနှင့်မသက်ဆိုင်သူတို့က ရထိုက်ခွင့်ရှိသည်။

## အခန်း (၄)

## မိတ္တူကူးလျှောက်ထားခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁၆။ မိတ္တူကူးလျှောက်ထားလိုသူသည် မိတ္တူကူးလျှောက်လွှာ (**နောက်ဆက်တွဲ-က**) ပုံစံတွင် လိုအပ်သည်များကို ရေးသား ဖြည့်စွက်၍ ထိုလျှောက်လွှာပေါ်တွင် ရုံးခွန်အက်ဥပဒေအရ လျှောက်လွှာအတွက် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်း ကပ်ပြီး လျှောက်သူကိုယ်တိုင်ကဖြစ်စေ၊ ၎င်း၏ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုး ကာ သက်ဆိုင်ရာအခွင့်ရအရာရှိထံ တင်သွင်းရမည်။

၁၇။ တစ်ခုထက်ပိုသောအမှုများမှ စာရွက်စာတမ်းမိတ္တူများ ကိုရယူလိုလျှင် အမှုတစ်မှုစီအတွက် သီးခြားလျှောက်လွှာတစ် စောင်စီဖြင့် လျှောက်ထားရမည်။ တစ်မှုတည်းမှ တစ်ခုထက်ပို သော စာရွက်စာတမ်းများ၏မိတ္တူများကို ရယူလိုလျှင် လျှောက်လွှာတစ်စောင်တည်းဖြင့် လျှောက်ထားနိုင်သည်။

၁၈။ မိတ္တူကူးလျှောက်လွှာ ရရှိသည့်ရက်မှာပင် အရေးယူ ဆောင်ရွက်ရမည်။ မွန်းလွဲ ၃ နာရီနောက်ပိုင်းရရှိသည့် လျှောက် လွှာများကို နောက်တစ်ရက် (နောက်တစ်ရက်မှာ ရုံးပိတ်ရက် ဖြစ်လျှင် ရုံးပြန်ဖွင့်သည့်ရက်) တွင် ဆောင်ရွက်နိုင်သည်။

၁၉။ အခွင့်ရအရာရှိသည် မိတ္တူကူးလျှောက်လွှာကို လက်ခံရရှိသည့်အခါ သတ်မှတ်ထားသည့် နည်းဥပဒေများအရ မိတ္တူကူးပေးနိုင်ခွင့်ရှိ-မရှိ စိစစ်ကြည့်ရှုရမည်။ မိတ္တူကူးပေးနိုင်ခွင့်မရှိလျှင် ကြီးကြပ်သူအရာရှိထံတင်ပြပြီး ကြီးကြပ်သူ၏ သဘောထားမှတ်ချက်ဖြင့် အခွင့်ရအရာရှိမှ မိတ္တူကူးမပေးနိုင်သည့်အကြောင်းပြချက်ကို လျှောက်လွှာပေါ်တွင်ရေးမှတ်၍ လျှောက်သူသို့ ပြန်ပေးရမည်။

၂၀။ မိတ္တူကူးပေးနိုင်ခွင့်ရှိလျှင် အခွင့်ရအရာရှိသည် လျှောက်လွှာကို မိတ္တူကူးလျှောက်လွှာများ မှတ်ပုံတင်စာအုပ် (**နောက်ဆက်တွဲ-ခ**) တွင် ချက်ချင်းရေးသွင်းရမည်။ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းသည့်အမှတ်စဉ်ကို လျှောက်လွှာပေါ်၌ ရေးမှတ်၍ နည်းဥပဒေ ၄၁ နှင့်အညီ ပေးဆောင်ရမည့် မိတ္တူကူးခကိုလည်း နေ့ချင်းတွက်ချက်ပြီး ထိုလျှောက်လွှာပေါ်တွင် သတ်မှတ်နေရာ၌ ရေးသွင်းရမည်။ တစ်ချိန်တည်းမှာပင် သက်သေခံလက်မှတ်ဖြတ်ပိုင်းစာအုပ် (**နောက်ဆက်တွဲ-ဂ**) ၏ လက်ခံဖြတ်ပိုင်းနှင့် သက်သေခံလက်မှတ်အပိုင်းတို့တွင် လိုအပ်သည်များကို ရေးသွင်းရမည်။ လိုအပ်ချက်များ ပြည့်စုံစွာရေးသွင်းထားသည့် လျှောက်လွှာကို နေ့ချင်း ပြန်ပေးရမည်။

၂၁။ လျှောက်လွှာကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီး

နောက် ထိုလျှောက်လွှာ၌ မရှင်းလင်းသည့်အချက်များ၊ ပြင်ဆင်သည့်အချက်များ တွေ့ရှိရလျှင် လိုအပ်သလို ပြင်ဆင်ရန်နှင့် ၂၄ နာရီအတွင်း အခွင့်ရအရာရှိထံ ပြန်လည်တင်ပြရန်ဖြစ်ကြောင်း သတိပေး၍ လျှောက်လွှာကို လျှောက်သူထံသို့ ချက်ချင်းပြန်ပေးရမည်။ လျှောက်သူသည် ထိုလျှောက်လွှာကို နည်းလမ်းတကျ ပြင်ဆင်ပြီးလျှင် လျှောက်လွှာပြန်ရသည့်အချိန်မှ ၂၄ နာရီအတွင်း အခွင့်ရအရာရှိထံ ပြန်တင်ရမည်။ နည်းလမ်းတကျ ပြင်ဆင်ပြီးသော လျှောက်လွှာကိုရရှိသည့်အခါ အခွင့်ရအရာရှိသည် နည်းဥပဒေ ၄၁ တွင် ပါရှိသည့်အတိုင်း မိတ္တူကူးခများ တွက်ချက်၍ လျှောက်လွှာ၌ လိုအပ်ချက်များ ပြည့်စုံစွာရေးသွင်းပြီး လျှောက်လွှာကို လျှောက်သူသို့ နေ့ချင်းပြန်ပေးရမည်။

၂၂။ လိုအပ်ချက်များ ပြည့်စုံစွာရေးသွင်းထားသည့် လျှောက်လွှာကို လျှောက်သူသို့ နေ့ချင်းပြန်မပေးနိုင်သည့်ကိစ္စများတွင် မိတ္တူလျှောက်လွှာကိုရကြောင်းလက်မှတ် (**နောက်ဆက်တွဲ-ဃ**) ပုံစံ၏ မူရင်းနှင့် မူရင်းခွဲတို့တွင် လျှောက်လွှာကို ရရှိသည့်ရက်၊ အချိန်နှင့် လျှောက်လွှာကို လာရောက်ယူရမည့်ရက်၊ အချိန်တို့ကို ရေးသွင်းလျက် မူရင်းကို လျှောက်သူသို့ပေးရမည်။

၂၃။ မိတ္တူကူးလျှောက်လွှာကိုရကြောင်း လက်မှတ်တွင် လျှောက်လွှာလာယူရန် သတ်မှတ်ပေးသည့်အချိန်မှ ၂၄ နာရီ

အတွင်း လျှောက်သူက လျှောက်လွှာကို လာမယူလျှင် ထို လျှောက်လွှာကို မိတ္တူကူးလျှောက်လွှာများ မှတ်ပုံတင်စာအုပ်မှ နုတ်ပယ်ရမည့်ပြင်၊ ထိုသို့နုတ်ပယ်သည့်အကြောင်းကို မူလ ရေးသွင်းထားပြီးဖြစ်သည့် သက်သေခံလက်မှတ်ဖြတ်ပိုင်းတွင် ရေးမှတ်ထားရမည်။

၂၄။ အခွင့်ရအရာရှိထံမှ လိုအပ်ချက်များ ပြည့်စုံစွာ ရေးသွင်း ထားသည့် လျှောက်လွှာကို ပြန်ရသည့်အခါ လျှောက်သူသည် ထိုလျှောက်လွှာတွင် ဖော်ပြထားသော မိတ္တူကူးခကို သက် ဆိုင်ရာ တရားရုံးဘီလစ်ထံပေးသွင်း၍ လျှောက်လွှာပေါ်တွင် ငွေရရှိကြောင်း ဘီလစ်၏ရေးမှတ်ချက်ကိုရယူပြီး အခွင့်ရအရာရှိထံ ပြန်တင်ရမည်။ လျှောက်လွှာပြန်ရသည့်အချိန်မှ ၂၄ နာရီအတွင်း မိတ္တူကူးခပေးသွင်းရန် ပျက်ကွက်လျှင် လျှောက်လွှာကို မိတ္တူ ကူးလျှောက်လွှာများ မှတ်ပုံတင်စာအုပ်မှ နုတ်ပယ်ရမည်။

၂၅။ မိတ္တူကူးခကို ပေးသွင်းပြီးကြောင်း ဘီလစ်၏ ရေးမှတ် ချက်နှင့်တကွ ပြန်လည်တင်ပြလာသည့် လျှောက်လွှာကို ရရှိ သည့်အခါ အခွင့်ရအရာရှိသည် မိတ္တူကူးရမည့် အမှုတွဲကို သက်ဆိုင်ရာအမှုတွဲထိန်းထံမှ အမှုတွဲတောင်းခံစာ (**နောက် ဆက်တွဲ-င**) ဖြင့် တောင်းယူရမည်။ အမှုတွဲထိန်းသည် အမှုတွဲ ကို တောင်းခံစာရသည့်ရက်တွင် နေ့ချင်းထုတ်ပေးရမည်။ ထိုသို့

မပေးနိုင်လျှင် မည်သည့်အကြောင်းကြောင့် အမှုတွဲမပေးနိုင်သည်ကို အမှုတွဲတောင်းခံစာပေါ်တွင်ရေးသား၍ အခွင့်ရအရာရှိထံ ပြန်ပေးရမည်။

၂၆။ မိတ္တူကူးရမည့်အမှုတွဲ ရရှိသောအခါ အခွင့်ရအရာရှိသည် လျှောက်လွှာတွင် ရေးသွင်းဖော်ပြချက်များမှာ အမှုတွဲတွင် တွေ့ရှိရသည့်အတိုင်း မှန်ကန်မှုရှိ-မရှိ စိစစ်ကြည့်ရှုရမည်။ မှန်ကန်ကြောင်းတွေ့ရှိလျှင် အခွင့်ရအရာရှိသည် လျှောက်လွှာ၏အောက်ပိုင်း၌ မိတ္တူထုတ်ပေးရန် အသင့်ရှိမည့်ရက်ကို ရေးသွင်းလက်မှတ်ထိုးကာ ထိုအပိုင်းကို လျှောက်သူသို့ ပြန်ပေးရမည်။ တစ်ချိန်တည်းတွင် မိတ္တူရေးကူးခြင်း ပြီးစီးမည့်ရက်ကို အခွင့်ရအရာရှိက သတ်မှတ်ကာ ယင်းသတ်မှတ်ရက်ကို ကျန်ရှိသည့် လျှောက်လွှာအထက်ပိုင်းတွင်ရေးသွင်းပြီး မိတ္တူကူးရမည့် အမှုတွဲနှင့်တကွ မိတ္တူကူးစာရေး သို့မဟုတ် အမှုတွဲခန်းရှိ အမှုတွဲဖြစ်လျှင် သက်ဆိုင်ရာ အမှုတွဲထိန်းသို့ပေး၍ သတ်မှတ်သောရက်အတွင်း အပြီးကူးစေရမည်။

၂၇။ လျှောက်လွှာတွင် ရေးသွင်းဖော်ပြချက်များမှာ အမှုတွဲတွင် တွေ့ရှိရသည့်အတိုင်း မမှန်ကန်လျှင် လျှောက်လွှာကို လိုအပ်သလို ပြင်ဆင်စေရန်လည်းကောင်း၊ ပေးသွင်းပြီးသော မိတ္တူကူးခငွေသည် အမှန်ပေးသွင်းရမည့်ငွေထက် လျော့နည်း

နေသည့်ကိစ္စတွင် လိုအပ်ငွေကို ဘီလစ်ထံ ထပ်မံပေးသွင်းစေရန်လည်းကောင်း လျှောက်သူအား ညွှန်ကြားလျက် ထိုသို့ညွှန်ကြားကြောင်း လျှောက်လွှာပေါ်တွင် အခွင့်ရအရာရှိက ရေးသားကာ လျှောက်လွှာကို လျှောက်သူသို့ ပြန်ပေးရမည်။ ညွှန်ကြားချက်အတိုင်း လျှောက်သူက ကိုယ်တိုင်ဆောင်ရွက်ပြီးသည့်အခါ အခွင့်ရအရာရှိသည် နည်းဥပဒေ ၃၉ တွင် ပါရှိသည့်အတိုင်း မိတ္တူထုတ်ပေးရန် အသင့်ရှိမည့်ရက်ကို သတ်မှတ်ပေးခြင်း၊ မိတ္တူကူးစာရေးအား မိတ္တူကူးစေခြင်းကို ဆောင်ရွက်ရမည်။

၂၈။ မိတ္တူကူးစာရေးသည် အခွင့်ရအရာရှိ၏ ကြီးကြပ်မှုကို ခံယူလျက် မိတ္တူကူးရမည်။

၂၉။ မိတ္တူကူးရမည့် မူရင်းစာရွက်စာတမ်းကို စာရွက်လွတ်ပေါ်တွင် ရေးသားထားလျှင် စာရွက်လွတ်ဖြင့် မိတ္တူကူးရမည်။ တရားရုံးသုံးပုံစံဖြင့် ရေးသားထားလျှင် သက်ဆိုင်ရာပုံစံဖြင့် မိတ္တူကူးရမည်။ လိုအပ်သော စာရွက်လွတ်နှင့် ပုံစံလွတ်တို့ကို တရားရုံးက ထုတ်ပေးရမည်။

၃၀။ မိတ္တူကူးရာတွင် မူရင်း၌ပါရှိသည့် စာပိုဒ်များအတိုင်း မိတ္တူကူးရမည်။ မိတ္တူတိုင်းတွင် စက္ကူ၏ရှေ့မျက်နှာလက်ဝဲဘက် လေးပုံတစ်ပုံအနား၌လည်းကောင်း၊ စက္ကူကျောဘက်မျက်နှာတွင် လက်ယာဘက် လေးပုံတစ်ပုံအနား၌လည်းကောင်း

မရေးကူးဘဲ ချန်လှပ်ထားရမည်။ မူရင်း၌ပါရှိသည့် စာမျက်နှာ အလိုက် မိတ္တူကူးရန်မဟုတ်ဘဲ စာရွက်လွတ် တစ်မျက်နှာလုံး ကို ပြည့်ကုန်အောင် မိတ္တူကူးပြီးမှ နောက်တစ်မျက်နှာတွင် ဆက်လက်မိတ္တူကူးရမည်။ မူရင်းစာရွက်စာတမ်း၏ စာမျက်နှာ အမှန်ကို မိတ္တူစာရွက်၏ ဘေးကွက်လပ်တွင် မူရင်းစာမျက်နှာ အသီးသီး၏ အစစာလုံးနှင့်ယှဉ်လျက် မှတ်သားထားရမည်။ မိတ္တူကူးသည့် စာရွက်လွတ်ကို နှစ်ဖက်အသုံးပြုရမည့်ပြင် သီးခြားစာမျက်နှာအမှတ်တစ်ခုစီကို အစဉ်လိုက် တပ်သွားရ မည်။

၃၁။ ရိုးရိုးမိတ္တူကိုဖြစ်စေ၊ တာဝန်ခံမိတ္တူကိုဖြစ်စေ ထုတ်မ ပေးမီ အခွင့်ရအရာရှိကိုယ်တိုင် မူရင်းနှင့် တိုက်ဆိုင်စစ်ဆေး၍ မိတ္တူ၏အောက်ခြေ၌ စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ယူ သည်ဟုရေးသား၍ လက်မှတ်ရေးထိုးရမည်။ တာဝန်ခံမိတ္တူ ဖြစ်လျှင် တာဝန်ခံမိတ္တူမှန်ဟူ၍ ထပ်ဆင့်ရေးသားကာ အခွင့်ရ အရာရှိက လက်မှတ်ရေးထိုးရမည်။ အခွင့်ရအရာရှိ၏ အမည်၊ ရာထူးနှင့် ရက်စွဲကို ရေးသားရမည့်အပြင် တရားရုံးတံဆိပ် ရိုက်နှိပ်ရမည်။ အမှားပြင်ဆင်ချက်များရှိလျှင်လည်း ထိုပြင်ဆင် ချက်အားလုံးကို အခွင့်ရအရာရှိက လက်မှတ်တိုထိုး၍ အသိ အမှတ်ပြုရမည်။ ပြင်ဆင်ချက်များသော မိတ္တူများကို ပယ်၍ အသစ်ကူးစေရမည်။

၃၂။ တာဝန်ခံမိတ္တူကိုထုတ်မပေးမီ ရုံးခွန်အက်ဥပဒေ ဇယား ၁၊ အမှတ်စဉ် ၆ မှ ၉ အထိ သတ်မှတ်ထားချက်များနှင့်အညီ လိုအပ်သော ရုံးခွန်တံဆိပ်ခေါင်းကို မိတ္တူ၏ ပထမစာမျက်နှာ ထိပ်ပိုင်းတွင် ကပ်ရမည်။ သို့သော် ရုံးခွန်အက်ဥပဒေပုဒ်မ ၃၅ အရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများတွင် ဖော်ပြထားသော အချို့သောစာရွက်စာတမ်းများ၏ မိတ္တူဖြစ်လျှင် ရုံးခွန် ထမ်းဆောင်ရန်မလို။

၃၃။ ရိုးရိုးမိတ္တူ ရရှိထားသူက ဥပဒေနှင့်အညီ ရုံးခွန်တံဆိပ် ခေါင်းကို အခွင့်ရအရာရှိထံပေးသွင်း၍ ရိုးရိုးမိတ္တူကို တာဝန်ခံ မိတ္တူအဖြစ် ပြောင်းပေးရန် လျှောက်ထားလာလျှင် အခွင့်ရ အရာရှိက ရိုးရိုးမိတ္တူကို တာဝန်ခံမိတ္တူအဖြစ်သို့ ပြောင်းပေးနိုင် သည်။ ထိုအခါ မိတ္တူကူး လျှောက်လွှာများ မှတ်ပုံတင်စာအုပ်၏ မှတ်ချက်ဇယားကွက်၌ ထိုသို့ပြောင်းပေးခဲ့ကြောင်း မှတ်သား ထားရမည်။

၃၄။ ရိုးရိုးမိတ္တူနှင့် တာဝန်ခံမိတ္တူ နှစ်မျိုးလုံးတွင် အောက်ပါ အချက်အလက်များကို မိတ္တူ၏ နောက်ဆုံးစာမျက်နှာရှိ လွတ် သောနေရာ၊ အကယ်၍ လွတ်သောနေရာမရှိလျှင် သီးခြား စာရွက်တစ်ရွက်ဆက်၍ မိတ္တူကူးစာရေးက ရေးမှတ်ပြီး အခွင့်ရ အရာရှိက လက်မှတ်ထိုးရမည်-

(က) လျှောက်ထားသည့်ရက်၊

( ခ) တွက်ချက်ထားသော အခငွေကို လျှောက်သူသို့ အကြောင်းကြားသည့်ရက်၊

( ဂ) အခငွေများ ပေးသွင်းပြီးနောက် အခွင့်ရအရာရှိထံ လျှောက်လွှာပြန်တင် သောရက်၊

(ဃ) မိတ္တူထုတ်ပေးရန် အသင့်ဖြစ်သောရက်၊

( င) လျှောက်သူသို့ မိတ္တူထုတ်ပေးသောရက်၊

( စ) ကျသင့်သည့်အခငွေ (စာ၊ ဂဏန်း နှစ်ရပ်ဖြင့် ရေးရန်)၊

(ဆ) သက်သေခံလက်မှတ် အမှတ်စဉ်။

၃၅။ မိတ္တူထုတ်ပေးသည့်အခါ သက်သေခံလက်မှတ် **(နောက်ဆက်တွဲ-ဂ)** တွင် ရေးသွင်းရန်အချက်များ ပြည့်စုံစွာ ရေးသွင်း၍ အခွင့်ရအရာရှိက ရက်စွဲတပ်၊ လက်မှတ်ရေးထိုးရမည်။ သက်သေခံလက်မှတ်မူရင်းကို ထုတ်ပေးမည့်မိတ္တူနှင့် ပူးတွဲပြီး လျှောက်သူသို့ ပေးရမည်။ **(နောက်ဆက်တွဲ-ဂ)** ပါ သက်သေခံလက်မှတ်မူရင်းခွဲနှင့် လက်ခံဖြတ်ပိုင်းတို့တွင်လည်း ကျန် ရေးသွင်းရန်အချက်များကို ပြည့်စုံစွာ ရေးသွင်း၍ အခွင့်ရအရာရှိက ရက်စွဲတပ်၊ လက်မှတ်ရေးထိုး ရမည်။ ထိုသို့

ပြည့်စုံစွာ လက်မှတ်ရေးထိုးထားသည့် သက်သေခံလက်မှတ် မူရင်းခွဲကို မိတ္တူကူးယူသည့်အမှုတွဲ၌တွဲ၍ ယင်းအမှုတွဲ၏ နေ့စဉ်မှတ်တမ်းတွင် မိတ္တူကူးသည့် စာရွက်စာတမ်း အမျိုးအမည်၊ မိတ္တူလျှောက်ထားသည့်နေ့ရက်၊ မိတ္တူထုတ်ပေးသည့် နေ့ရက်တို့ကို ဖော်ပြရေးသွင်းလျက် အခွင့်ရအရာရှိက လက်မှတ်ရေးထိုးထားရမည်။ ထို့ပြင် မူလတင်သွင်းသော မိတ္တူလျှောက်လွှာပေါ်ရှိ သတ်မှတ်ထားသောနေရာ၌ လျှောက်သူကိုဖြစ်စေ၊ ၎င်း၏ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ကိုဖြစ်စေ မိတ္တူကိုရရှိကြောင်း ရက်စွဲတပ်လက်မှတ်ရေးထိုးစေပြီး လျှောက်လွှာနှစ်ပိုင်းလုံးကို အခွင့်ရအရာရှိက သိမ်းထားရမည်။

၃၆။ ကူးပြီးသောမိတ္တူကို ပေးရန်အသင့်ဖြစ်သောရက်မှ ရက်ပေါင်း ၆၀ အတွင်း တောင်းခံခြင်းမရှိလျှင် ဖျက်ဆီးပစ်ရမည်။

၃၇။ ကူးပြီးသောမိတ္တူကိုအခွင့်ရအရာရှိကသာလျှင် လျှောက်သူသို့ ထုတ်ပေးရမည်။ ဤနည်းဥပဒေ ၃၆ နှင့်အညီ လိုအပ်သော အချက်အလက်များကို မိတ္တူပေါ်တွင် ထပ်ဆင့်ရေးမှတ်ခြင်း၊ ပုံစံ $\frac{\text{တရားဘက်}}{\text{အများဆိုင်ရာပုံစံ ၁၇ – က}}$ အရ ရေးသားထားသော သက်သေခံလက်မှတ် ပူးတွဲခြင်းတို့ကိုမပြုဘဲ မည်သည့်မိတ္တူကိုမျှ ထုတ်မပေးရ။ ထိုသို့ ထပ်ဆင့်ရေးမှတ်ခြင်းနှင့် သက်သေခံလက်မှတ် ပူးတွဲခြင်း

မပြုသမျှ တရားရုံးတစ်ခုခု၏ အမှုတွဲမိတ္တူကို မည်သည့်နည်းနှင့်မျှ အသုံးမပြုရ။ ထို့ပြင် ဤနည်းဥပဒေများနှင့်အညီ ကူးယူထားခြင်းမဟုတ်သော မိတ္တူများကိုလည်း လုံးဝထုတ်မပေးရ။

၃၈။ မိတ္တူထုတ်ပေးရန် အသင့်ဖြစ်မည့်ရက်မှာ မိတ္တူကူးခပေးသွင်းသည့်ရက်မှစ၍ ရက်သတ္တသုံးပတ်ထက် မပိုစေရ။

၃၉။ မိတ္တူကို အမြန်ရလိုကြောင်း လျှောက်ထားသည့် ကိစ္စတွင် ကျသင့်သောမိတ္တူကူးခ ပေးသွင်းသည့်အချိန်မှစ၍ ၇၂ နာရီထက် နောက်မကျစေဘဲ မိတ္တူထုတ်ပေးရန် အသင့်ရှိစေရမည်။

၄၀။ ဤအခန်းတွင် သတ်မှတ်ဖော်ပြထားသောအချိန်ကာလများကို ရေတွက်ရာ၌ ရုံးပိတ်ရက်များကို နုတ်ပယ်ရမည်။

## အခန်း (၅)

## မိတ္တူကူးခနှုန်းများ

၄၁။ မိတ္တူကူးခများကို အောက်ပါနှုန်းထားအတိုင်း ကောက်ခံရမည်-

(က) မူရင်းစာတစ်မျက်နှာလျှင် တစ်ရာကျပ်နှုန်း ကောက်ခံ၍ စာတစ်မျက်နှာ၏ အစိတ်အပိုင်းကို စာတစ်မျက်နှာနှုန်း ကောက်ခံရန်၊

(ခ) အထူးနှုန်းဖြင့် ကောက်ခံထိုက်သော မြေပုံ၊

အဆောက်အအုံပုံနှင့် အခြားစာရွက်စာတမ်းများ ဖြစ်လျှင် မိတ္တူကူးခကို အရွယ်အစားနှင့် လုပ်အား စိုက်ထုတ်ရမှုတို့အပေါ် အခြေပြု၍ ကြီးကြပ်သူအရာရှိက သတ်မှတ်သည့် အတိုင်း ကောက်ခံရန်၊

( ဂ ) အလျင်အမြန် မိတ္တူကူးပေးရန်ဖြစ်လျှင် သာမန် ကျသင့်သော မိတ္တူကူးခ၏ ငါးဆ ကောက်ခံရန်။

၄၂။ အောက်ပါကိစ္စများတွင် မိတ္တူကို အခမဲ့ထုတ်ပေးရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးများက အများ ပြည်သူအကျိုးအတွက် တောင်းခံသည့် အမှုတွဲ ပါ စာရွက်စာတမ်းမိတ္တူများ၊

(**ရှင်းလင်းချက်**- အထက်ပါ အပိုဒ်ခွဲ (က) သည် ပြည်ထောင်စုအဆင့်ရုံးများနှင့်သာ အကျုံးဝင် ပြီး လက်အောက်ရုံးအဆင့်ဆင့်နှင့် သက်ဆိုင် ခြင်း မရှိစေရ။)

( ခ ) အစိုးရအဖွဲ့အစည်းများက အမှုနှင့်သက်ဆိုင်သူ တစ်ဦးဦး၏ အကျင့်စာရိတ္တအပြုအမူ၊ ကျင့်ဝတ်

စည်းကမ်းတို့နှင့်စပ်လျဉ်း၍ စိစစ်ရန်အတွက် တောင်းခံသည့် အမှုတွဲပါ စာရွက်စာတမ်းမိတ္တူများ၊

(ဂ) သာမန်လုပ်ကိုင်မြဲ လုပ်ငန်းမဟုတ်ဘဲ ပြည်သူ့ဝန်ထမ်းက တာဝန်အရ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် တောင်းခံသည့် အမှုတွဲပါ စာရွက်စာတမ်းမိတ္တူများ၊

(ဃ) ထောင်ဒဏ်ခြောက်လအထက် ပြစ်ဒဏ်ချမှတ်နိုင်သောအမှုတွင် တရားခံက တောင်းခံသည့် စီရင်ချက်မိတ္တူ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၉ နှင့် ၁၁၀ အရ အမှုများသည် ထောင်ဒဏ်ခြောက်လအထက် ပြစ်ဒဏ်ချမှတ်နိုင်သောအမှုသဘောသက်ရောက်သဖြင့် ဤအချက်မှာ ထိုအမှုများနှင့်လည်း သက်ဆိုင်သည်၊ (တရားခံတစ်ဦးကို မိတ္တူတစ်စောင်သာလျှင် ထုတ်ပေးရမည်။)

(င) အကျဉ်းထောင်ရှိ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးက အယူခံရန်အတွက်သော်လည်းကောင်း၊ အယူခံခွင့်မရှိ၍ ပြင်ဆင်မှုလျှောက်ထားရန်

အတွက်သော်လည်းကောင်း တောင်းခံသည့် စီရင်ချက်မိတ္တူ၊

(စ) စားစရိတ် အထောက်အပံ့ရရှိမည့် မိန်းမကို သော်လည်းကောင်း၊ ကလေး၏ အုပ်ထိန်းသူကို သော်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၀ နှင့်အညီ ထုတ်ပေးသည့် စရိတ် ထောက်ပံ့ရန် ချမှတ်သည့် အမိန့်မိတ္တူ၊

(ဆ) မြေသိမ်းအက်ဥပဒေအရ တစ်ဦးတစ်ယောက်၏ အကျိုးအတွက် ချမှတ်ပေး သည့် ဆုံးဖြတ်ချက် သို့မဟုတ် သဘောတူချုပ်ဆိုသည့် စာချုပ် စာတမ်း မိတ္တူခများ၊

(ဇ) သေဒဏ်ထိုက်သည့် ပြစ်မှုဖြင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသူများအတွက် အစိုးရကငှားပေး သည့် ရှေ့နေများသို့ ထုတ်ပေးသည့် အမှုတွဲ မိတ္တူများ။

၄၃။ ရာဇဝတ်မှုများတွင် တရားသူကြီးက မှုခင်းဖြစ်ပွားရာ နေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ၌ တွေ့မြင်ရသည့် အကြောင်းခြင်းရာများ ရေးမှတ်ထားသော မှတ်တမ်းမိတ္တူကို ဥပဒေအရာရှိကဖြစ်စေ၊ တရားလိုကဖြစ်စေ၊ တရားခံကဖြစ်စေ

တောင်းခံလျှင် အခမဲ့ထုတ်ပေးရ မည်။

၄၄။ သုံးနှစ်ဖြစ်စေ၊ သုံးနှစ်ထက်ပို၍ဖြစ်စေ ထောင်ဒဏ်ချမှတ်ခြင်းခံရသူများက အယူခံသည့်အမှုရှိလျှင် သက်ဆိုင်ရာအကျဉ်းသားများ၏ မှတ်တမ်းတွင် လိုအပ်သော ရေးသွင်းချက်များ ပြုလုပ်နိုင်ရန်အတွက် အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တောင်းခံသည့်အခါ အယူခံတရားရုံး၏ စီရင်ချက်မိတ္တူတစ်စောင်ကို အခမဲ့ထုတ်ပေးရမည်။

၄၅။ ပြည်သူ့ဝန်ထမ်းအား ဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်မိတ္တူကို သက်ဆိုင်ရာဌာနအကြီးအကဲက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ၊ စီရင်ချက်ချမှတ်ပြီးနောက် ဆောလျင်စွာ အခမဲ့ထုတ်ပေးရမည်။ စွဲချက်မတင်မီလွှတ်လျှင် သို့မဟုတ် အပြီးအပြတ်လွှတ်လျှင်မူ သက်ဆိုင်ရာဌာနအကြီးအကဲကတောင်းခံမှသာ အခမဲ့ထုတ်ပေးရမည်။

၄၆။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ သင်တန်းကျောင်းတစ်ခုခုသို့ပို့ရန် အမိန့်ချမှတ်သည့်အခါ ထိုအမိန့်ချမှတ်သည့်တရားရုံး၏ စီရင်ချက်မိတ္တူတစ်စောင်ကို သက်ဆိုင်ရာသင်တန်းကျောင်း ကျောင်းအုပ်ကြီးသို့ အခမဲ့ထုတ်ပေးရမည်။ သင်တန်း

ကျောင်းသို့ပို့သည့်အမိန့်ကို အယူခံတရားရုံးက ချမှတ်လျှင် ထိုရုံး၏ စီရင်ချက်မိတ္တူနှင့်တကွ မူလတရားရုံး၏ စီရင်ချက်မိတ္တူကိုပါ သက်ဆိုင်ရာသင်တန်းကျောင်း ကျောင်းအုပ်ကြီးသို့ အခမဲ့ထုတ်ပေးရမည်။

၄၇။ အခမဲ့ထုတ်ပေးသောမိတ္တူများကို မိတ္တူလျှောက်လွှာများ မှတ်ပုံတင်စာအုပ်တွင် မင်နီဖြင့်ရေးသွင်းရမည်။ ထိုရေးသွင်းချက်နှင့်ယှဉ်လျက် မှတ်ပုံတင်စာအုပ်မှတ်ချက်ဇယားကွက်၌ "အခမဲ့" ဟု ရေးမှတ်ထားရမည်။

၄၈။ မိတ္တူကူးခငွေများကို ဘဏ်သို့ပေးသွင်းပြီးကြောင်း အထောက်အထားများနှင့်တကွ မိတ္တူလျှောက်လွှာများ မှတ်ပုံတင်စာအုပ်၌ အခွင့်ရအရာရှိက ရေးသွင်းထားရမည်။

၄၉။ ရရှိသည့် မိတ္တူကူးခငွေ၏ သုံးပုံနှစ်ပုံကို သက်ဆိုင်ရာမိတ္တူကူးစာရေးက ရခွင့်ရှိသည်။ ကျန်သုံးပုံတစ်ပုံကို အစိုးရက ရခွင့်ရှိသည်။ ရရှိသည့် အခငွေအားလုံးကို ဘီလစ်မှ တစ်ဆင့် ချလန်ဖြင့် ဘဏ်သို့ပေးသွင်းရမည်။ ချလန်ကို ရေးသားရာတွင် မိတ္တူကူးစာရေးအတွက် ပေးရမည့်ငွေနှင့် အစိုးရကရရှိမည့်ငွေကို ခွဲခြားဖော်ပြရမည်။ မိတ္တူကူးစာရေးများသို့ ပေးရမည့်ငွေကို သက်ဆိုင်ရာတရားရုံး ငွေထုတ်သူအရာရှိက ဌာနဆိုင်ရာ ငွေထုတ်စာရင်းထိန်းသိမ်းနည်း ညွှန်ကြားချက်များ၊ ဘဏ္ဍာရေး

စည်းမျဉ်းများနှင့်အညီ ဘဏ်မှပြန်လည်ထုတ်ယူ၍ မိတ္တူကူး စာရေးများသို့ ပေးရမည်။

၅၀။ မိတ္တူကို ရေးကူးပြီးဖြစ်လျှင် ရေးကူးရန် ပေးသွင်းပြီး သော မိတ္တူကူးခငွေကို မိတ္တူ လျှောက်ထားသူသို့ ပြန်မပေးနိုင်။

## အခန်း (၆)

## ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း

၅၁။ မိတ္တူကူးခြင်းလုပ်ငန်းကို နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းရှိ-မရှိ သက်ဆိုင်ရာကြီးကြပ်သူအရာရှိက တာဝန် ယူကြီးကြပ်ကွပ်ကဲရမည်။ ကြီးကြပ်သူအရာရှိသည် ရက်သတ္တ တစ်ပတ်လျှင်တစ်ကြိမ်ထက်မနည်းစေဘဲ သက်သေခံလက်မှတ် ဖြတ်ပိုင်းကို မိတ္တူကူးလျှောက်လွှာများ မှတ်ပုံတင်စာအုပ်၊ ဘီလစ်မှတ်ပုံတင်စာအုပ်အမှတ်-၁ တို့နှင့် တိုက်ဆိုင် စစ်ဆေးရ မည့်ပြင် မိတ္တူကူးလျှောက်လွှာအားလုံးကို သက်ဆိုင်ရာမှတ်ပုံ တင်စာအုပ်၌ နည်းလမ်းတကျ ရေးသွင်းကြောင်း၊ မိတ္တူကူးခကို ဘီလစ်က နည်းလမ်းတကျလက်ခံ၍ ဘဏ်သို့ ပေးသွင်းပြီး ကြောင်း မိမိကိုယ်တိုင် ကျေနပ်အောင်ပြုရမည်။ နည်းဥပဒေ များကို ဖောက်ဖျက်ဆောင်ရွက်ကြောင်း တွေ့ရှိလျှင် ကြီးကြပ် သူအရာရှိက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေး ဦးစီးမှူးထံ အစီရင်ခံရမည်။

၅၂။ မိတ္တူကူးရာတွင် ကြန့်ကြာသည့်ကိစ္စများကို အထက်တရားရုံးများက သိရှိနိုင်ရန်အတွက် မိတ္တူကူးလျှောက်ထားသည့်ရက်မှ ရက်သတ္တသုံးပတ်ထက်ကျော်၍ မိတ္တူထုတ်မပေးနိုင်သည့်ကိစ္စများကို တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးအတွက် သက်ဆိုင်ရာခရိုင်တရားသူကြီးနှင့် မြို့နယ်တရားသူကြီးတို့က သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်သို့လည်းကောင်း မိတ္တူကူးရန်ကြန့်ကြာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို (**နောက်ဆက် တွဲ-စ**) ပုံစံဖြင့် အစီရင်ခံရမည်။ ရက်သတ္တသုံးပတ်ထက်ပို၍ ကြန့်ကြာသည့်ကိစ္စများမရှိလျှင် မရှိကြောင်း အစီရင်ခံရမည်။

၅၃။ မိတ္တူကူးခြင်းနှင့်စပ်လျဉ်း၍ အသုံးမပြုရသေးသော သက်သေခံလက်မှတ်ဖြတ်ပိုင်း စာအုပ်များကို သက်ဆိုင်ရာတရားသူကြီးကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသည့် ကြီးကြပ်သူအရာရှိကသော်လည်းကောင်း ထိန်းသိမ်းထားရမည်။ ထိန်းသိမ်းထားသူသည် သက်သေခံလက်မှတ်စာအုပ်များကိုမည်မျှရရှိ၍ အသုံးပြုရန် မည်မျှထုတ်ပေးကြောင်းဖော်ပြသည့်စာရင်းစာအုပ်ကို ဖွင့်လှစ်ထားရှိရမည်။

ထိုသူက သက်သေခံလက်မှတ်စာအုပ်ကို အခွင့်ရအရာရှိအား ထုတ်ပေးရာ၌ တစ်ကြိမ်လျှင် တစ်အုပ်ထက်မပိုစေရ။ အသုံးပြု ပြီးသည့် သက်သေခံလက်မှတ်စာအုပ်ဟောင်းတွင် လက်ခံ ဖြတ်ပိုင်းများ၌ လိုအပ်သည်များကို ဖြည့်သွင်းထားပြီး-မပြီး စစ်ဆေးခြင်းဖြင့် ထိုစာအုပ်ဟောင်းကို အကုန်အစင် နည်းလမ်း တကျသုံးစွဲပြီးကြောင်း စာအုပ်ထုတ်ပေးသူက ကျေနပ်မှသာ စာအုပ်သစ်ကို ထုတ်ပေးရမည်။ စာအုပ်သစ်ကို ထုတ်ပေးသည့် အခါတိုင်း စာအုပ်အဖုံးပေါ်တွင် ထိုစာအုပ်ရှိ စာမျက်နှာအရေ အတွက် မည်ရွေ့မည်မျှဖြစ်ကြောင်းဖော်ပြသော သက်သေခံ လက်မှတ်တစ်ခုကို ထုတ်ပေးသူက ရေးသားလက်မှတ်ထိုးထား ရမည့်ပြင် အသုံးပြုပြီးသော စာအုပ်ဟောင်းကို ပြန်လည်ရယူ၍ မိမိလက်ဝယ်တွင် ထိန်းသိမ်းထားရမည်။ ထိုစာအုပ်ဟောင်းကို နောက်ဆုံးရေးသွင်းသည့်ရက်မှ သုံးနှစ်ကြာသည်အထိ ထိန်း သိမ်းထားရမည်။

၅၄။ မိတ္တူကူးခြင်းနှင့်စပ်လျဉ်းသည့် နှစ်စဉ်အစီရင်ခံစာ **(နောက်ဆက်တွဲ-ဆ)** ကို နှစ်ချုပ်အစီရင်ခံစာတင်ပြသည့် နည်း လမ်းအတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြား ရေးမှူးချုပ်ထံ ပေးပို့ရမည်။

## အခန်း (၇)

## အထွေထွေ

၅၅။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် (၃၄၉/၂၀၁၅) ဖြင့် ထုတ်ပြန်ထားသော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

( ထွန်းထွန်းဦး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၅၉ / ပတခ (၂၇၅၄/၂၀၁၉)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီး

အားလုံး

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးအားလုံး၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးအားလုံး၊
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရှိ ဌာနများအားလုံး

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးရှိ ဌာနများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

နောက်ဆက်တွဲ (က)

တရားဘက်အများဆိုင်ရာ ပုံစံအမှတ် ၁၆

## မိတ္တူလျှောက်လွှာ

၁။ လျှောက်သူ၏အမည် ---------------------------

၂။ မိတ္တူကူးလိုသောအမှုတွဲ

(က) တရားရုံးအမည် -------------------------

( ခ ) အမျိုးအစား၊ ခုနှစ်နှင့်အမှတ် --------------

( ဂ ) အမှုသည်တို့၏အမည်များ ----------------

၃။ မိတ္တူလျှောက်လွှာတင်သောရက် ------------------

၄။ မိတ္တူရယူလိုသည့် စာရွက်စာတမ်း အမျိုးအမည် ------

---------------------------------------------------

---------------------------------------------------

၅။ မိတ္တူကူးရန် မူရင်းစာ၏ စာမျက်နှာအရေအတွက် ----

---------------------------------------------------

---------------------------------------------------

၆။ ရယူလိုသည့် မိတ္တူအမျိုးအစား -------------------

၇။ တာဝန်ခံမိတ္တူအတွက် ရုံးခွန်တံဆိပ်ခေါင်း (လိုအပ်လျှင်) -------------------------

၈။ လျှောက်သူသည် အမှုနှင့် မည်သို့သက်ဆိုင်သည် -----
--------------------------------------------
--------------------------------------------

လျှောက်သူ၏လက်မှတ် ------------

ရက်စွဲ၊ ----------- မှတ်ပုံတင်အမှတ် -----------

-------- မြို့---------- တရားရုံး ------------- မှုအမှတ် -
---------- နှင့် ----------- တို့အမှုတွင် ----------------
-------------------------------------------------

ကို ရိုးရိုးမိတ္တူ/ တာဝန်ခံမိတ္တူကူးရန် ---------- က တင်သွင်းသည့် လျှောက်လွှာကို ------ ရက် ------ နာရီ အချိန်တွင် လက်ခံရရှိပါသည်။

အခွင့်ရအရာရှိ

လက်မှတ် --------------

အမည် -----------------

ရက်စွဲ၊ ------------------

## နောက်ဆက်တွဲ (က) အဆုံး

တစ်ဖက်ပါ လျှောက်ထားသည့် မိတ္တူအတွက် ကျသင့်သည့် မိတ္တူကူးခငွေမှာ အောက်ပါအတိုင်း ဖြစ်သည်။

| အကြောင်းအရာ | ကျသင့်ငွေ | | မှတ်ချက် |
|---|---|---|---|
| | ကျပ် | ပြား | |
| (က) စာရွက်လွတ်ပေါ်တွင် မိတ္တူကူးသည့် မူရင်းစာ တစ်မျက်နှာလျှင် ၁၀၀ ကျပ်၊ တစ်မျက်နှာ၏ အစိတ်အပိုင်းအတွက် ၁၀၀ ကျပ်နှင့် ( ) မျက်နှာ အတွက် | | | |
| (ခ) အထူးနှုန်း ကောက်ခံထိုက်သော မြေပုံ၊ အဆောက်အအုံပုံနှင့် အခြားစာရွက်စာတမ်းမိတ္တူ ( ) မျက်နှာအတွက် | | | |
| (ဂ) အလျင်အမြန် မိတ္တူကူးခ | | | |
| ပေါင်း | | | |

လျှောက်သူသည် ဤပုံစံကို ပြန်ပေးသည့်အချိန်မှ ၂၄ နာရီအတွင်း အထက်ဖော်ပြပါ မိတ္တူကူးခကျသင့်ငွေကို ဘီလစ် ထံပေးသွင်း၍ ထိုပေးသွင်းငွေရရှိကြောင်း ဘီလစ်၏ လက်မှတ် ရေးထိုးချက်ကို အောက်ဇယားကွက်၌ ရယူပြီး အခွင့်ရအရာရှိထံ ပြန်ယူခဲ့ရမည်။

ရက်စွဲ၊ ------------ အခွင့်ရအရာရှိ

အထက်ဖော်ပြပါ မိတ္တူကူးခငွေ --------------------------
ကို ရရှိပါသည်။

ရက်စွဲ၊ ----------- ဘီလစ်

---

-------- ရက် -------- နာရီအချိန်တွင် မိတ္တူအသင့်ရှိစေရန် မိတ္တူကူးစာရေးက ဆောင်ရွက်ရမည်။

ရက်စွဲ၊ --------- အခွင့်ရအရာရှိ

---

-------- ရက် ---------- နာရီအချိန်တွင် မိတ္တူထုတ်ပေးရန် အသင့်ရှိမည်ဖြစ်၍ ဤဖြတ်ပိုင်းကို ပြန်လည်ပေးအပ်ပြီး မိတ္တူကို ထုတ်ယူရမည်။

အခွင့်ရအရာရှိ

လက်မှတ် -------------

ရက်စွဲ၊ --------- အမည်--------------

---

လျှောက်ထားသည့်မိတ္တူကို ရရှိပါသည်။

လျှောက်သူ (သို့မဟုတ်) ၎င်း၏ကိုယ်စားလှယ်

ရက်စွဲ၊ --------- မှတ်ပုံတင်အမှတ် -----------

နောက်ဆက်တွဲ (ခ)

## တရားမနှင့် ပြစ်မှု မှတ်ပုံတင်စာအုပ် အမှတ် – ၅

## မိတ္တူလျှောက်လွှာများ မှတ်ပုံတင်စာအုပ်

| အမှတ်စဉ် | လျှောက်သူအမည် | တရားရုံးအမည် | မိတ္တူရယူလိုသော အမှုအမှတ် | ရက်စွဲ | | | မိတ္တူကူးခငွေမည်မျှ | | | | စုစုပေါင်း မိတ္တူကူးခ | ချလန်အမှတ်၊ ရက်စွဲနှင့်တကွ ဘီလစ်လက်မှတ်တို | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | လျှောက်လွှာလက်ခံရရှိသည့်ရက် | ပေးအပ်ရန် အသင့်ရှိသည့်ရက် | ပေးအပ်သည့်ရက် | သာမန်အတွက် | အလျင်အမြန်အတွက် | မိတ္တူကူးစာရေးအတွက် | နိုင်ငံတော်အတွက် | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | | | | | | | | |

## နောက်ဆက်တွဲ (ဂ)

| တရားဘက်အများဆိုင်<br>ရာပုံစံအမှတ် ၁၇ (က)<br>လက်ခံဖြတ်ပိုင်း | သက်သေခံလက်မှတ်<br>မူရင်း | သက်သေခံလက်မှတ်<br>မူရင်းခွဲ |
|---|---|---|
| လျှောက်သူအမည် -----<br>လျှောက်ထားသည့်မိတ္တူ<br>အမျိုး<br>အစား ------<br>လျှောက်လွှာလက်ခံရရှိ<br>သည့်<br>ရက်စွဲ--------<br>မှတ်ပုံတင်စာအုပ်တွင်<br>ရေးသွင်း<br>သည့် ရက်စွဲ -------<br>မှတ်ပုံတင်စာအုပ်ရှိ<br>မှတ်ပုံတင်<br>အမှတ်စဉ် ----<br>လျှောက်သူသို့ ထုတ်ပေး<br>သည့်<br>ရက်စွဲ--------<br>စာမျက်နှာပေါင်း ------<br>ပေးသွင်းသည့်မိတ္တူကူးခ<br>----------<br>ချလန်အမှတ် ---------<br>ချလန်ရက်စွဲ ----------<br>**အခွင့်ရအရာရှိ**<br><br>လက်မှတ်---------<br>အမည်---------<br>ရာထူး---------- | ------ ခုနှစ်၊ ------ လ<br>----- ရက်တွင် -------<br>*-------------------<br>-----ရေးကူးရန်---- ထံ<br>မှ မိတ္တူလျှောက်လွှာကို<br>လက်ခံ ရရှိပြီးဖြစ်၍<br>မိတ္တူလျှောက်လွှာများ<br>မှတ်ပုံတင်စာအုပ်အမှတ်<br>စဉ် ( ) အဖြစ် မှတ်ပုံ<br>တင်ပြီး ဖြစ်သည်။<br>လျှောက်ထားသည့်မိတ္တူ<br>တစ်စောင်ကို ---- ခုနှစ်<br>-----လ ---- ရက်တွင်<br>ထုတ်ပေးပြီးကြောင်း ၎င်း<br>မိတ္တူတွင် စာမျက်နှာ<br>ပေါင်း ------ ပါရှိ၍<br>မိတ္တူကူးခ ငွေ --------<br>ကို နိုင်ငံတော်သို့ ပေး<br>သွင်းပြီးကြောင်း၊ သက်<br>သေခံလက်မှတ် ရေးထိုး<br>လိုက်သည်။<br>---- ခုနှစ်၊ ---- လ ---<br>ရက်<br>**အခွင့်ရအရာရှိ**<br><br>လက်မှတ်--------<br>အမည်-------------<br>ရာထူး----------- | ------- ခုနှစ်၊ ---------<br>--- လ--- ရက်တွင် ---<br>*-------------------<br>---- ရေးကူးရန်----- ထံ<br>မှ မိတ္တူလျှောက်လွှာကို<br>လက်ခံရရှိ ပြီးဖြစ်၍၊<br>လျှောက်လွှာများမှတ်ပုံ<br>တင်စာအုပ်တွင် အမှတ်<br>စဉ် ( ) အဖြစ် မှတ်ပုံတင်<br>ပြီးဖြစ်သည်။ လျှောက်<br>ထားသည့် မိတ္တူတစ်စောင်<br>ကို ----- ခုနှစ်၊ ----- လ<br>---ရက်တွင် ထုတ်ပေးပြီး<br>ကြောင်း၊ ၎င်းမိတ္တူတွင်<br>စာမျက်နှာပေါင်း----- ပါ<br>ရှိ၍ မိတ္တူကူးခငွေ------<br>---ကို နိုင်ငံတော်သို့ ပေး<br>သွင်းပြီးကြောင်း၊ သက်<br>သေခံလက်မှတ်ရေးထိုး<br>လိုက်သည်။<br>----- ခုနှစ် ---- လ ---<br>ရက်<br>**အခွင့်ရအရာရှိ**<br><br>လက်မှတ်---------<br>အမည် -----------<br>ရာထူး ------------ |

| တရားဘက်အများဆိုင်ရာ ပုံစံအမှတ် ၁၇ (က) လက်ခံဖြတ်ပိုင်း | သက်သေခံလက်မှတ် မူရင်း | သက်သေခံလက်မှတ် မူရင်းနဲ့ |
|---|---|---|
| | * တရားရုံး အမည်၊ အမှု အမျိုးအစား၊ အမှုအမှတ် နှင့် မိတ္တူကူးလိုသည့် စာရွက်စာတမ်း အမျိုးအမည် တို့ကို ပြည့်စုံစွာရေးသား ရန်။<br>မှတ်ချက်။ ။ မိတ္တူ လျှောက်ထားသည့် နေ့ ရက်၊ ထုတ်ပေးသည့် နေ့ ရက်တို့ကို စာဖြင့်ရေး ရ မည်။ ဂဏန်းဖြင့် မရေးရ။ | * တရားရုံး အမည်၊ အမှု အမျိုးအစား၊ အမှုအမှတ် နှင့် မိတ္တူကူးလိုသည့် စာရွက်စာတမ်း အမျိုးအမည် တို့ကို ပြည့်စုံစွာ ရေးသား ရန်။<br>မှတ်ချက်။ ။ မိတ္တူ လျှောက်ထားသည့် နေ့ ရက်၊ ထုတ်ပေးသည့် နေ့ ရက်တို့ကို စာဖြင့်ရေးရ မည်။ ဂဏန်းဖြင့် မရေးရ။ |

နောက်ဆက်တွဲ (ဃ)

တရားဘက်---အများဆိုင်ရာပုံစံအမှတ် ၁၇။

## မူရင်း

## မိတ္တူလျှောက်လွှာကိုရကြောင်းလက်မှတ်

အမှတ်စဉ် -------- ခုနှစ်၊-------- လ-------- ရက် နံနက်/မွန်းလွဲ ------ နာရီအချိန်တွင် ---------------- ထံမှ မိတ္တူလျှောက်လွှာ လက်ခံရရှိသည်။

------- ခုနှစ်၊ --------- လ -------- ရက် နံနက်/မွန်းလွဲ ---- နာရီအချိန်တွင် လျှောက်သူသည် လျှောက်လွှာနှင့် တွက်ချက်ထားသော မိတ္တူကူးခအတွက် လာရောက်ရမည်။

--------- ရက်တွင် မိတ္တူကူးခပေးသွင်းသည်။ ------- ရက် နံနက်/မွန်းလွဲ ------- နာရီအချိန်တွင် မိတ္တူအသင့်ရှိမည်။

အခွင့်ရအရာရှိ

လက်မှတ် ---------------

အမည် -----------------

ရာထူး -----------------

## မူရင်းခွဲ

## မိတ္တူလျှောက်လွှာကိုရကြောင်းလက်မှတ်

အမှတ်စဉ် ———— ခုနှစ်၊ ———— လ ————ရက်

နံနက်/မွန်းလွဲ ———- နာရီအချိန်တွင် ----------------------------

--- ထံမှ မိတ္တူလျှောက်လွှာ လက်ခံရရှိသည်။

-----— ခုနှစ်၊ ------- လ------ ရက် နံနက်/မွန်းလွဲ --------- နာရီအချိန်တွင် လျှောက်သူသည် လျှောက်လွှာနှင့် တွက်ချက်ထားသော မိတ္တူကူးခအတွက် လာရောက်ရမည်။

---------- ရက်တွင် မိတ္တူကူးခပေးသွင်းသည်။ ----- ရက် နံနက်/မွန်းလွဲ ------- နာရီအချိန်တွင် မိတ္တူအသင့်ရှိမည်။

အခွင့်ရအရာရှိ

လက်မှတ် ---------------

အမည် -------------------

ရာထူး ------------------

နောက်ဆက်တွဲ (င)

## အမှုတွဲထိန်းထံမှ အမှုတွဲတောင်းခံစာ

၁။ အမှတ်စဉ် ---------------------------------------

၂။ တောင်းခံသောအမှုတွဲ -

(က) တရားရုံးအမည် ---------------------------

(ခ) အမျိုးအစား၊ ခုနှစ်နှင့်အမှတ် ---------------

(ဂ) အမှုသည်တို့၏ အမည်များ ----------------

---------- နှင့် ---------------

၃။ ဆုံးဖြတ်သည့်ရက်/နောက်ဆုံးစစ်ဆေးခဲ့သည့်ရက် ----

------------------------------

၄။ တောင်းခံသည့်အကြောင်း ------------------------

၅။ ပေးပို့ရန်နောက်ဆုံးရက် -------------------------

ရက်စွဲ၊ -----ခုနှစ်၊ ------------------လ----ရက်

အခွင့်ရအရာရှိ

လက်မှတ် ----------------

အမည် -------------------

ရာထူး -------------------

၁။ အမှတ်စဉ် ------------------------------------

၂။ ပေးပို့သည့်အမှုတွဲ -

(က) တရားရုံးအမည် --------------------------

(ခ) အမှုအမျိုးအစား၊ ခုနှစ်နှင့်အမှတ် ------------

(ဂ) အမှုသည်တို့၏အမည်များ -----------------
-------- နှင့် ------------------

အထက်ပါအမှုတွဲကို ပေးပို့ပါသည်။

အောက်ပါအကြောင်းကြောင့် မပို့နိုင်သေးပါ။

အမှုတွဲထိန်း

လက်မှတ် ---------------

မလိုသည်ကိုဖျက်ရန် အမည် ------------------

ရာထူး -------------------

ရက်စွဲ၊ -----ခုနှစ်၊ -----------------လ----ရက်

နောက်ဆက်တွဲ (စ)

## တရားရုံးများတွင် မိတ္တူကူးရာ၌ ရက်သတ္တသုံးပတ်ကျော် ကြန့်ကြာရသည့်ကိစ္စများနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာ ပုံစံ

တရားရုံးအမည် ---------- အစီရင်ခံသည့်ကာလ -------- လ

------------------ ခုနှစ်

| အမှတ်စဉ် | မှတ်ပုံတင်စာအုပ် အမှတ် ၅ ရှိ အမှတ်စဉ် | မိတ္တူရယူလိုသော အမှု အမှတ်နှင့် အကြောင်းအရာ | မိတ္တူရယူရန် လျှောက်လွှာတင်သည့်ရက် | မိတ္တူထုတ်ပေး ရန် အသင့်ရှိလျှင် အသင့်ရှိသောရက် | ရက်သတ္တသုံးပတ် အတွင်း မိတ္တူထုတ်မပေးနိုင်သည့် အကြောင်းရင်းများ |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

လက်မှတ် ---------------

အမည် ----------------

ရာထူး ----------------

ရက်စွဲ ----------------

## နောက်ဆက်တွဲ (စ) အဆုံး
## ပုံစံအသုံးပြုရန် ညွှန်ကြားချက်

၁။ မိတ္တူရယူရန် လျှောက်လွှာတင်သည့်ရက်မှ ရက်ပေါင်း ရက်သတ္တသုံးပတ်ကျော် ကြာသည်အထိ မိတ္တူထုတ်မ ပေးရသေးသည့် ကိစ္စရပ်များကိုသာ ဖော်ပြရန်။

၂။ ပုံစံ စာတိုင် (၂) တွင် တရားမနှင့် ပြစ်မှုမှတ်ပုံတင် စာအုပ်အမှတ် ၅ ရှိ စာတိုင် (၁) ပါ အမှတ်စဉ်ကို ဖော်ပြရန်။

၃။ ပုံစံ စာတိုင် (၃) တွင် မိတ္တူရယူလိုသော အမှုတွဲ၏ အမှုအမျိုးအစား၊ အမှုအမှတ်နှင့် ခုနှစ်တို့ကို ဖော်ပြရန် နှင့် ရယူလိုသည့်မိတ္တူ၏ အကြောင်းအရာကို ဖော်ပြ ရန်။ (ပုံစံအားဖြင့် ၁-၁-၈၆ ရက်စွဲပါ နေ့စဉ်မှတ်တမ်း ၏မိတ္တူ ၇-၁-၈၆ ရက်စွဲပါ အမိန့်မိတ္တူ ၁-၁-၈၆ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီမိတ္တူ စသည်ဖြင့် ဖော်ပြ ရန်)။

၄။ ပုံစံ စာတိုင် (၄) တွင် ဖော်ပြရမည့်ရက်မှာ တရားမနှင့် ပြစ်မှု မှတ်ပုံတင်စာအုပ်အမှတ် ၅ စာတိုင် (၄) ရှိ ရက်ကို ဖော်ပြရန်။

၅။ ပုံစံ စာတိုင် (၆) တွင် ကြန့်ကြာရသည့် အကြောင်းရင်း အမှန်တို့ကို ပြည့်စုံစွာဖော်ပြရန်။ (ပုံစံအားဖြင့် အမှုတွဲ မရရှိခြင်း၊ မိတ္တူအဆင်သင့်ဖြစ်သော်လည်း မိတ္တူကူးခ ပေးသွင်းရန် ပျက်ကွက်နေခြင်း၊ မိတ္တူကူးခပေးသွင်းလျက် လာရောက်ထုတ်ယူရန် ပျက်ကွက်နေခြင်း စသည်ဖြင့် ဖော်ပြရန်)။

# မိတ္တူကူးခြင်းနှင့်စပ်လျဉ်းသည့် နှစ်စဉ် အစီရင်ခံစာ

တရားရုံးအမည် ---------- အစီရင်ခံသည့်ကာလ -------

| အမှတ်စဉ် | မိတ္တူပေးသည့် လျှောက်လွှာ စောင်ရေပေါင်း | ရရှိသည့်မိတ္တူကူးခ | | | | | | ရရှိသည့် ရုံးခွန် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိတ္တူကူး စာရေး အတွက် | | နိုင်ငံတော် အတွက် | | ပေါင်း | | | | |
| | | ကျပ် | ပြား | ကျပ် | ပြား | ကျပ် | ပြား | ကျပ် | ပြား | |
| ၁။ | တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးရုံး<br>------------------ | | | | | | | | | |
| ၂။ | ခရိုင်တရားရုံး<br>------------------ | | | | | | | | | |
| ၃။ | မြို့နယ်တရားရုံး<br>------------------ | | | | | | | | | |
| | စုစုပေါင်း | | | | | | | | | |

လက်မှတ်----------------

အမည်------------------

ရာထူး------------------

ရက်စွဲ-------------------

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## အမိန့်ကြော်ငြာစာအမှတ် (၇၈၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၅ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အခြားနည်းဆန့်ကျင်ကွဲလွဲမှုမရှိခဲ့လျှင် ဤနည်းဥပဒေများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **အက်ဥပဒေ** ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကိုဆိုသည်။

(ခ) **အမြဲတမ်းအတွင်းဝန်** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်ကို ဆိုသည်။

(ဂ) **ကောင်စီ** ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေအရ ဖွဲ့စည်းသည့် တရားလွှတ်တော်ရှေ့နေများကောင်စီကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ ဥက္ကဋ္ဌကို ဆိုသည်။ ဤနည်းဥပဒေများအရ ကောင်စီဝင်များ ရွေးကောက်တင်မြှောက်ရန် ရွေးကောက်ပွဲများကျင်းပခြင်းနှင့် ပထမအကြိမ်အစည်းအဝေး ကျင်းပခြင်းတို့အတွက် လက်ရှိကောင်စီ၏ ဥက္ကဋ္ဌကို ဆိုသည်။

(င) **အတွင်းရေးမှူး** ဆိုသည်မှာ အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (စ) အရ တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ အတွင်းရေးမှူးတာဝန်များကို ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထား

သော အတွင်းရေးမှူးကို ဆိုသည်။ ထို့ပြင် နည်းဥပဒေ ၁၀ အရ ခန့်ထားသူလည်း ပါဝင်သည်။ ဤနည်းဥပဒေများအရ ကောင်စီဝင်များ ရွေးကောက်တင်မြှောက်ရန် ရွေးကောက်ပွဲများ ကျင်းပခြင်းနှင့် ပထမအကြိမ် အစည်းအဝေး ကျင်းပခြင်းတို့အတွက် လက်ရှိကောင်စီ၏ အတွင်းရေးမှူးကို ဆိုသည်။

( စ) **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ** ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေအရ တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရှိပြီး ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကို ဆိုသည်။'

(ဆ) **အကြောင်းအားလျော်စွာ ပေါ်ပေါက်လာသည့် လစ်လပ်နေရာ** ဆိုသည်မှာ ကောင်စီဝင်တစ်ဦး သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အနားယူခြင်း ကြောင့်သော်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေများစာရင်းမှ အမည်ပယ်ဖျက်ခံရခြင်းကြောင့်သော်လည်းကောင်း၊ နည်းဥပဒေ ၂၇ အရသော် လည်းကောင်း ပေါ်ပေါက်သည့် လစ်လပ်နေရာကို ဆိုသည်။

## အခန်း (၂)

## ရွေးကောက်ပွဲကျင်းပခြင်းနှင့် လစ်လပ်နေရာဖြည့်တင်းခြင်း

၃။ ရွေးကောက်ပွဲများ ကျင်းပခြင်းကို ဥက္ကဋ္ဌသည် ပြည်ထောင်စုတရားသူကြီးချုပ်၏အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာအတွင်း ပြုလုပ်ရမည်။ သို့ရာတွင် ရွေးကောက်တင်မြှောက်ထားသည့် ကောင်စီဝင်များ သက်တမ်းမကုန်ဆုံးမီ တစ်လထက်နောက်မကျစေဘဲ ဆောင်ရွက်ရမည်။

၄။ (က) အတွင်းရေးမှူးသည် ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် နေ့ရက်မတိုင် မီ ၄၅ ရက်ထက် နောက်မကျစေဘဲ နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာနိုင်ငံပြန်တမ်း၌ ထည့်သွင်းကြေညာရမည်။

(ခ) အတွင်းရေးမှူးသည် နည်းဥပဒေခွဲ (က) အရ ကြေညာချက်ကို ကောင်စီရုံးခန်းတွင် စွဲကပ်၍လည်းကောင်း၊ အများသိရှိစေရန် သင့်လျော်သည့် နည်းလမ်းဖြင့်လည်းကောင်း ကြေညာရမည်။ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းတွင် စွဲကပ်နိုင်ရန် အမြဲတမ်းအတွင်းဝန်

ထံသို့ ပေးပို့ရမည်။

၅။ အောက်ပါပုဂ္ဂိုလ်များသည် တရားလွှတ်တော်ရှေ့နေများ ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

(က) အသက်ကန့်သတ်ချက်မှအပ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ခ) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်သူ၊

(ဂ) အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (င) အရ တရားလွှတ်တော်ရှေ့နေလုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိသူ၊

(ဃ) အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) အရ အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားခြင်းသို့မဟုတ် တရားလွှတ်တော်ရှေ့နေများ စာရင်းမှ ပယ်ဖျက် ခံရခြင်းမရှိသူ၊

(င) အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) အရ ပြင်းထန်စွာသတိပေးခြင်းပြစ်ဒဏ်ကို ရွေးကောက်ပွဲကျင်းပမည့်ရက်မတိုင်မီ သုံးနှစ်အတွင်း ချမှတ်ခံရခြင်းမရှိသူ။

၆။ (က) ကောင်စီသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မဲဆန္ဒနယ်များကို လိုအပ်သလို သတ်မှတ်ရမည်။

(ခ) နည်းဥပဒေ ၅ တွင် ဖော်ပြထားသည့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့် ပြည့်စုံသူသည် အဆိုပြုလွှာကို စာဖြင့် ရေးသားလက်မှတ်ရေးထိုးလျက်၊ အခြားရွေးကောက်တင်မြှောက်ခံမည့်သူကို ထောက်ခံထားခြင်းမရှိသေးသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် တရားလွှတ်တော်ရှေ့နေလုပ်သက် အနည်းဆုံးငါးနှစ်ရှိ တရားလွှတ်တော်ရှေ့နေ ငါးဦး၏ထောက်ခံချက်နှင့်အတူ ရွေးကောက်ပွဲ ကျင်းပမည့်ရက်မတိုင်မီ ၄၅ ရက် ထက်မစောဘဲ ၃၀ ရက်ထက် နောက်မကျစေဘဲ အတွင်းရေးမှူးထံသို့ လိပ်စာ တပ်၍ ပေးပို့ရမည်။

၇။ ရွေးကောက်တင်မြှောက်ခံလိုကြောင်း အဆိုပြုချက်တစ်ရပ်အား အတည်ပြုရေးကိစ္စတွင် အတွင်းရေးမှူးအနေဖြင့်

သံသယရှိပါက ဥက္ကဋ္ဌထံတင်ပြရမည်။ အတွင်းရေးမှူးသည် ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သည့် ကောင်စီဝင်သုံးဦးပါဝင်သည့်အဖွဲ့ထံသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။ နည်းဥပဒေ ၁၇၊ ၁၈၊ ၂၀ နှင့် ၂၁ တို့၏ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အဆိုပါအဖွဲ့၏ ဆုံးဖြတ်ချက်မှာ အပြီးသတ်ဖြစ်သည်။

၈။ နည်းဥပဒေ ၇ အရ တာဝန်ပေးအပ်ထားသည့် အဖွဲ့က ရွေးကောက်တင်မြှောက်ခံလိုကြောင်း အဆိုပြုချက်အား တရားမဝင်ဟု ဆုံးဖြတ်လျှင် အတွင်းရေးမှူးသည် ယင်းအချက်ကို ရွေးကောက်တင်မြှောက်ခံမည့်သူထံသို့ အသိပေးရမည်။ ရွေးကောက်တင်မြှောက်ခံမည့်သူသည် အခြားအဆိုပြုချက်တစ်ရပ် တင်သွင်းလိုပါက နည်းဥပဒေ ၆ ၌ ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း တင်သွင်းရမည်။ သို့ရာတွင် ရွေးကောက်တင်မြှောက်ခံမည့်သူ၏ ပေါ့ဆမှုကြောင့် ယင်းအချက်ကို မသိခဲ့လျှင် ၎င်းသည် နည်းဥပဒေ ၆ ၌ ပြဋ္ဌာန်းထားသည့် အချိန်ကာလကုန်ဆုံးပြီးနောက် အဆိုပြုချက် တင်သွင်းပိုင်ခွင့် မရှိစေရ။

၉။ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန် သတ်မှတ်ထားသည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ အတွင်းရေးမှူးသည် ရွေးကောက်တင်မြှောက်ခံလိုကြောင်း အဆိုပြုလွှာ

တင်ထားသူများ၏ အမည်စာရင်းကို ကောင်စီရုံးခန်းနှင့် အများသိရှိစေရန် သင့်လျော်သည့် နည်းလမ်းဖြင့် ကြေညာရမည်။ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းတွင် စွဲကပ်နိုင်ရန် အဆိုပါအမည်စာရင်းကို အမြဲတမ်းအတွင်းဝန်ထံသို့ ပေးပို့ရမည်။

၁၀။ ဤနည်းဥပဒေ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် ရွေးကောက်ပွဲများနှင့် ဆက်စပ်ကိစ္စများအားလုံးကို အတွင်းရေးမှူးက ပြုလုပ်ရမည်။ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲများတွင် ဆောင်ရွက်ရန်အတွက် လိုအပ်သူများကို ဥက္ကဋ္ဌက ခန့်အပ်ရမည်။

၁၁။ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲပြုလုပ်ရန် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့်နေရာတွင် ရွေးကောက်တင်မြှောက်ခံမည့်သူအားလုံး၏အမည်များကို ဖော်ပြထားသည့် အတွင်းရေးမှူး လက်မှတ်ရေးထိုးထားသော ဆန္ဒမဲလက်မှတ်နှင့် ရွေးကောက်တင်မြှောက်ခံမည့်သူများစာရင်းကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ဆန္ဒမဲပေးမည့်သူ တစ်ဦးချင်းစီအား နည်းဥပဒေ ၁၀ အရ ခန့်ထားသူက ပေးအပ်ရမည်။ ဆန္ဒမဲပေးမည့်သူသည် ရရှိသည့် ဆန္ဒမဲလက်မှတ် ပျက်စီးနေလျှင် နည်းဥပဒေ ၁၀ အရ ခန့်ထားသူထံ တင်ပြ၍ အသစ်ရယူနိုင်သည်။ ပျက်စီးသွားသည့်

ဆန္ဒမဲ လက်မှတ်အား ဖျက်သိမ်းရန် နည်းဥပဒေ ၁၀ အရ ခန့်ထားသူထံ ပြန်လည်အပ်နှံရမည်။

၁၂။ (က) ဆန္ဒမဲပေးသူတစ်ဦးသည် ဆန္ဒမဲလက်မှတ်တွင် မိမိမဲပေးလိုသည့် ရွေးကောက်တင်မြှောက်ခံမည့် တရားလွှတ်တော်ရှေ့နေ ၁၁ ဦး၏ အမည်နံဘေး၌ အမှန် (ü) အမှတ်အသားများ ရေးမှတ်၍ မဲပေးရမည်။ ဆန္ဒမဲတစ်ကြိမ်ထက်ပို၍ မပေးရ။ ဆန္ဒမဲလက်မှတ်ပေါ်တွင် လက်မှတ် မထိုးရ။

(ခ) ကောင်စီက အတည်ပြုထားသော အမှတ်အသား မပါသည့် ဆန္ဒမဲလက်မှတ်၊ ရွေးကောက်တင်မြှောက်ခံမည့် တရားလွှတ်တော်ရှေ့နေ ၁၁ ဦး ထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊ မည်သူ့ကိုမျှ ဆန္ဒပြုထားခြင်းမရှိသည့် ဆန္ဒမဲ လက်မှတ်၊ ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊ ပျက်စီးနေသည့် သို့မဟုတ် ပြောင်းလဲထားသည့် သို့မဟုတ် ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်များကို ပျက်စီးသွားသည့် ဆန္ဒမဲလက်မှတ်အဖြစ် မှတ်ယူရမည်။ ပျက်စီး

သွားသည်ဟု မှတ်ယူသော ဆန္ဒမဲလက်မှတ်များကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

(ဂ) ဆန္ဒမဲလက်မှတ်တစ်ခုသည် ထည့်သွင်းရေတွက်ခြင်း မပြုနိုင်လောက်အောင် ပျက်စီးခြင်းရှိ-မရှိ ဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၇ အရ တာဝန်ပေးအပ်ထားသည့်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်သည်။

၁၃။ ဆန္ဒမဲပေးပြီးသောအခါ နည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌက ခန့်ထားသူရှေ့၌ ဆန္ဒမဲများကိုရေတွက်၍ ဆန္ဒမဲလက်မှတ်များကို မဲပုံးတစ်ခု၌ထည့်ပြီး ချိပ်တံဆိပ်ခတ်နှိပ်ရမည်။ ထို့နောက် နည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌက ခန့်ထားသူသည် ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီမှုရှိ-မရှိ စစ်ဆေး၍ တွေ့ရှိချက်ကို မှတ်တမ်းတင်ရမည်။

၁၄။ (က) ဆန္ဒမဲပေးခြင်းပြီးဆုံးသောအခါ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာတွင် နည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌက ခန့်ထားသူသည် ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းကိုစိစစ်၍ နည်းဥပဒေ ၁၂ နှင့် ညီညွတ်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်ရမည်။ ရွေးကောက်

တင်မြှောက်ခံသူ တစ်ဦးချင်းရရှိသော ဆန္ဒမဲ အရေအတွက်ကို စာရင်းပြုစု၍ ထိန်းသိမ်းထားရမည်။ အဆိုပါစာရင်းတစ်စုံကို အတွင်းရေးမှူးထံ ပေးပို့ရ မည်။

( ခ ) အတွင်းရေးမှူးသည် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးချင်း ရရှိသော ဆန္ဒမဲအရေအတွက်ကို စာရင်းပြုစု၍ထိန်းသိမ်းထားရမည်။ အဆိုပါစာရင်းတစ်စုံကို မှတ်တမ်းအဖြစ် ထိန်းသိမ်းထားရန် အမြဲတမ်းအတွင်းဝန်ထံ ပေးပို့ရမည်။

၁၅။ (က) ဦးစွာပထမ ရွေးကောက်ခံရသူများအဖြစ် ကြေညာရမည့်သူများမှာ နည်းဥပဒေ ၁၄ အရ တစ်ဦးချင်းရရှိသော မဲအရေအတွက် အများဆုံးထဲမှ တစ်ဦးချင်းအလိုက် တစ်ဦးပြီးတစ်ဦး ရွေးချယ်သူများ ဖြစ်ရမည်။

( ခ ) ရရှိသောဆန္ဒမဲများ တူညီနေသည့်ကိစ္စတွင် နည်းဥပဒေ ၇ အရ တာဝန် ပေးအပ်ထားသည့် အဖွဲ့၏ရှေ့၌ အတွင်းရေးမှူးသည် မဲစနစ်ဖြင့် ဆောင်ရွက်၍ အဆုံးအဖြတ်ပေးရမည်။

၁၆။ ကောင်စီဝင်အဖြစ် ဦးစွာ ပထမရွေးချယ်ခြင်းခံရသူ ၁၁ ဦး၏ စာရင်းကို အတွင်းရေးမှူးက ပြုစု၍ လက်မှတ်ရေးထိုးပြီး နည်းဥပဒေ ၇ အရ တာဝန်ပေးအပ်ထားသည့် အဖွဲ့ထံ တင်ပြရမည်။ ယင်းအဖွဲ့ကအတည်ပြုလက်မှတ်ရေးထိုး၍ အတွင်းရေးမှူးက မှတ်တမ်းအဖြစ်ထားရှိပြီး အမြဲတမ်းအတွင်းဝန်ထံ မှတ်တမ်းတစ်စုံပေးပို့ရမည်။ အတွင်းရေးမှူးက အဆိုပါစာရင်းမိတ္တူများကို နိုင်ငံပိုင်သတင်းစာ၌လည်းကောင်း၊ မြန်မာနိုင်ငံပြန်တမ်း၌လည်းကောင်း ထုတ်ပြန်ကြေညာပြီး ယင်းကြေညာချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများ၊ ကောင်စီရုံးခန်းနှင့် အများသိရှိစေရန် သင့်လျော်သည့်နေရာများတွင် ထုတ်ပြန်ကြေညာနိုင်ရန် ပေးပို့ရမည်။

## အခန်း (၃)

## ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ဆောင်ရွက်ခြင်း

၁၇။ ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲ၏ တရားဝင်မှု ရှိ-မရှိ ဆိုသောကိစ္စနှင့်စပ်လျဉ်း၍ အခြားသော ရွေးကောက်တင်မြှောက်ခံသူ တစ်ဦးဦး သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးက ကန့်ကွက်လိုပါက စာဖြင့် လက်မှတ်

ရေးထိုး၍ အတွင်းရေးမှူးထံပေးပို့ရမည်။ ယင်းစာ၌ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကန့်ကွက်ရခြင်းအကြောင်းပြချက်ဖော်ပြလျက် အတွင်းရေးမှူးထံသို့ နည်းဥပဒေ ၁၆ အရ ရွေးကောက်တင်မြှောက်ခံရသူများစာရင်းကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ခုနစ်ရက်အတွင်းပေးပို့ရမည်။ အတွင်းရေးမှူးသည် လက်ခံရရှိသောစာများကို နည်းဥပဒေ ၂၀ အရဖွဲ့စည်းထားသော ကော်မတီထံသို့ တင်ပြရမည်။ ယင်းသို့ ထုတ်ပြန် ကြေညာသည့်နေ့ရက်မှ ခုနစ်ရက် ကျော်လွန်ပြီးနောက် ကန့်ကွက်ပိုင်ခွင့်မရှိစေရ။

၁၈။ ရွေးကောက်တင်မြှောက်ခံရသူများစာရင်းကို ထုတ်ပြန်ကြေညာပြီးနောက် ရက်ပေါင်း ၃၀ အတွင်း မည်သည့်အချိန်၌မဆို နည်းဥပဒေ ၇ အရ တာဝန်ပေးအပ်ထားသည့်အဖွဲ့သည် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးနှင့်ပတ်သက်၍ တရားဝင်မှုရှိ-မရှိဆိုသည့်အချက်ကို နည်းဥပဒေ ၂၀ အရ ခန့်ထားသည့် ကော်မတီထံသို့ စာဖြင့်ရေးသား တင်ပြနိုင်သည်။

၁၉။ အဆိုပါရွေးကောက်တင်မြှောက်ခံရသူများ စာရင်းကို ထုတ်ပြန်ကြေညာပြီးနောက် ရက်ပေါင်း ၄၀ ကုန်ဆုံးချိန်၌ ရွေးကောက်ပွဲပြီးစီးသည်ဟု မှတ်ယူရမည်။ ဆန္ဒမဲလက်မှတ်များကို ဖျက်ဆီးပစ်ရမည်။ သို့ရာတွင် ရွေးကောက်ပွဲ တရားဝင်မှုရှိ-မရှိဆိုသည့် ကန့်ကွက်ချက်နှင့် စပ်လျဉ်းသည့် နည်းဥပဒေ ၁၇

သို့မဟုတ် နည်းဥပဒေ ၁၈ ပါ ကိစ္စအတွက် ဆန္ဒမဲလက်မှတ်များ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ထိန်းသိမ်းထားပြီး နည်းဥပဒေ ၂၀ အရ ခန့်ထားသည့် ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ နည်းဥပဒေ ၁၇ သို့မဟုတ် နည်းဥပဒေ ၁၈ အရ ပေါ်ပေါက်လာသည့်ကိစ္စများကို ဥက္ကဋ္ဌကဦးဆောင်၍ ကောင်စီဝင်နှစ်ဦးပါဝင်သည့်ကော်မတီက ဆုံးဖြတ်ရမည်။ ထိုကော်မတီသည် သင့်သည်ဟုထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်ပိုင်ခွင့်ရှိသည်။ အဆိုပါကော်မတီ၏ ဆုံးဖြတ်ချက်သည် ပေါ်ပေါက်လာသည့် ပြဿနာ၊ လွှဲအပ်ပေးပို့သည့်ကိစ္စရပ်များ သို့မဟုတ် ဤနည်းဥပဒေအရပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုအပေါ် အပြီးသတ်ဆုံးဖြတ်ချက် ဖြစ်သည်။

၂၁။ အကယ်၍ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် တရားဝင်ရွေးချယ်ခြင်းခံရသူ မဟုတ်ဟု အဆိုပါကော်မတီက ဆုံးဖြတ်လျှင် ကောင်စီ၌ ပေါ်ပေါက်လာမည့် လစ်လပ်သည့် ကောင်စီဝင်နေရာအတွက် ဤမှနောက်တွင် ပြဋ္ဌာန်းသည့် အကြောင်းအားလျော်စွာ ပေါ်ပေါက်လာသည့် လစ်လပ်နေရာအတွက် ရွေးချယ်ရမည့်နည်းလမ်းဖြင့် ရွေးချယ်ဖြည့်စွက်ရမည်။

## အခန်း (၄)

## ရာထူးသက်တမ်း သတ်မှတ်ခြင်း

၂၂။ ဤနည်းဥပဒေများအရ ကောင်စီဝင်များစာရင်းကို ထုတ်ပြန်ကြေညာပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ဥက္ကဋ္ဌသည် ပြည်ထောင်စုတရားသူကြီးချုပ်၏ အတည်ပြုချက်ဖြင့် ကောင်စီ၏ ပထမအကြိမ်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။ အဆိုပါအစည်းအဝေး ကျင်းပသည့်နေ့တွင် ယခင်ကောင်စီဝင်များသည်တာဝန်မှနုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ ကောင်စီဝင်များ၏ သက်တမ်းသည် ဤအက်ဥပဒေအရ ဖွဲ့စည်းသည့်ကောင်စီ ပထမအကြိမ်အစည်းအဝေး ကျင်းပသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။ ကောင်စီဝင်တစ်ဦးသည် သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်ရမည်။

၂၄။ ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်း တင်သွင်းသော ကောင်စီဝင်နေရာ လစ်လပ်ပါက ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဖြင့် ဖြည့်စွက်ရမည်။ ကျန်ကောင်စီဝင်နေရာ လစ်လပ်ပါက ကောင်စီ၏ အဆိုပြုချက်ဖြင့်

ဖြည့်တင်းနိုင်သည်။

၂၅။ ရွေးကောက်တင်မြှောက်ထားသည့် ကောင်စီဝင်များ အကြား အကြောင်းအားလျော်စွာ လစ်လပ်နေရာ ပေါ်ပေါက်ပါက ကောင်စီသည် မဲအများဆုံးရသူထဲမှ ရွေးချယ်ရမည်။

၂၆။ နည်းဥပဒေ ၂၄ သို့မဟုတ် ၂၅ အရ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် သက်ဆိုင်ရာကောင်စီဝင်၏ ကျန်ရှိသည့်သက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

၂၇။ ကောင်စီဝင်တစ်ဦးသည် ကောင်စီအစည်းအဝေး တက်ရောက်ရန် သုံးကြိမ်ဆက်တိုက် အကြောင်းမဲ့ပျက်ကွက်ခဲ့လျှင် ထိုသူသည် တာဝန်မှနုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူ ရမည်။

## အခန်း (၅)

## အစည်းအဝေးများ ကျင်းပခြင်းနှင့် အစည်းအဝေး အထမြောက်ခြင်း

၂၈။ ကောင်စီအစည်းအဝေးများကို ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ အတွင်းရေးမှူးက စီစဉ်ကျင်းပရမည်။

၂၉။ အတွင်းရေးမှူးသည် ကောင်စီအစည်းအဝေးများ ကျင်းပရန် အကြောင်းကြားစာများကို အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

၃၀။ ကောင်စီအစည်းအဝေးများ၌ ကောင်စီဝင် ၁၈ ဦး တက်ရောက်ပါက အစည်းအဝေး တရားဝင်အထမြောက်သည်။

## အခန်း (၆)

## ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရာထူးသက်တမ်း သတ်မှတ်ခြင်း

၃၁။ ကောင်စီသည် ရွေးကောက်တင်မြှောက်ခံရသည့် ကောင်စီဝင်များထဲမှ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် အတွင်းရေးမှူး တစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။ ၎င်းတို့၏ ရာထူး သက်တမ်းသည် ငါးနှစ် ဖြစ်သည်။

၃၂။ (က) ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ရွေးကောက်တင်မြှောက်ခြင်းကို ကောင်စီဝင်များ ရွေးကောက်တင်မြှောက်ပြီးနောက်ကျင်းပသည့် ကောင်စီ၏ ပထမအကြိမ်အစည်းအဝေး၌ ပြုလုပ်ရမည်။

(ခ) ရွေးကောက်တင်မြှောက်ခြင်းကို ကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ လျှို့ဝှက်မဲပေးစနစ်ဖြင့် ပြုလုပ်ရမည်။

(ဂ) ရွေးကောက်တင်မြှောက်ခံရသည့် ကောင်စီဝင်များအားလုံး အစည်းအဝေးသို့ တက်ရောက်ပြီး

ဆန္ဒမဲပေးရမည်။

## အခန်း (၇)

## အထွေထွေ

၃၃။ ကောင်စီဝင် လစ်လပ်မှုရှိသော်လည်း တရားလွှတ်တော်ရှေ့နေများကောင်စီမှာ ဖွဲ့စည်းထားသည်ဟု မှတ်ယူရမည်။

၃၄။ ကောင်စီ၏ ဆုံးဖြတ်ချက်များကို ထုတ်ဖော်ပြောကြား၍ မှတ်တမ်းတင်ခြင်းအားဖြင့် ပြုလုပ်ရမည်။ အစည်းအဝေးတက်ရောက်သည့် ကောင်စီဝင်တစ်ဦးချင်းအနေဖြင့် မဲတစ်မဲပေးပိုင်ခွင့်ရှိသည်။ အစည်းအဝေး၏ဥက္ကဋ္ဌသည်မဲ အရေအတွက်တူညီနေသည့်ကိစ္စတွင် အဆုံးအဖြတ်ပေးသည့် မဲပေးပိုင်ခွင့်ရှိသည်။

၃၅။ ကောင်စီက ဆုံးဖြတ်ခဲ့သည့် အကြောင်းကိစ္စတစ်ရပ်ကို ဆုံးဖြတ်ချက်ချသည့်နေ့မှ ၆ လအတွင်း ပြန်လည်သုံးသပ်ခြင်းသို့မဟုတ် ပြန်လည်တင်ပြခြင်းမပြုလုပ်ရ။ ထို့ပြင် ဤနည်းဥပဒေအတွင်း အကျုံးဝင်သည့်ကိစ္စတစ်ရပ်ရပ်အား ဥက္ကဋ္ဌက ဆုံးဖြတ်ရမည်ဖြစ်ပြီး ၎င်း၏ ဆုံးဖြတ်ချက်မှာ အပြီးသတ်ဖြစ်သည်။

၃၆။ အက်ဥပဒေ၊ ဤနည်းဥပဒေများနှင့် ဆန့်ကျင်မှုမရှိစေဘဲ ကောင်စီသည် သင့်သည်ထင်မြင်သည့်အတိုင်း ကောင်စီ၏ လုပ်ငန်းတာဝန်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် လုပ်ထုံး

လုပ်နည်း၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်။

( ထွန်းထွန်းဦး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ဖ၈ / ပတခ (၃၁၇၈/၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

တရားလွှတ်တော်ရှေ့နေများကောင်စီ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်
တရားသူကြီးချုပ်များ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်
တရားသူကြီးများ

အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး<br>ဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန်<br>မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါ<br>သည်။ |